# တော်လှန်သောအတွေးအခေါ်

ပါရဂူ




http://mmteashop.com

# တော်လှန်သောအတွေးအခေါ်

ပါရဂူ

Typing _ nyisay

PDF _ nyisay

http://mmteashop.com

မှ

စီစဉ်တင်ဆက်သည်

2/20/2012



၁၉၆၅၊ မေလ

ပဉ္စမအကြိမ် ရိုက်နှိပ်ခြင်း

မျက်နှာဖုံးပုံ - ဦးညွှန့်ဝေ

အဘိုး ၂ ကျပ်

ထုတ်ဝေသူ

ဦးလှကြိုင်

လောကစာပေ (၀၂၃၃)

၉၂၊ ၉၆ - လမ်း၊ ကန်တော်ကလေး

ရန်ကုန်မြို့

ရိုက်နှိပ်သူ

မောင်ကျော်ညွှန့်

ရွှေဟသာပုံနှိပ်တိုက် (၀၁၀၀)

၉၂၊ ၉၃ - လမ်း၊ ကန်တော်ကလေး

ရန်ကုန်မြို့

http://mmteashop.com

## နိဒါန်း

ရောဘတ်ဂရင်းန် အင်ဂါဆိုလ်သည် အတွေးရဲသူ အမေရိကန်တဦး ဖြစ်သည်။ သူသည် ဗိုလ်မှူးကြီး တဦးလည်း ဖြစ်သည်။ သူ၏ ရဲရဲတောက် ဟောပြောချက်များနှင့် ဆောင်းပါးများကို စုပေါင်းလျက် စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေထားသည်။ ဤစာအုပ်မှာ ထိုစာအုပ်ထဲမှ အချို့ကို ထုတ်နုတ်ရွေးကောက်လျက် ဘာသာပြန်ထားသည့် စာအုပ်ဖြစ်ပါသည်။

မူရင်း စာရေးသူသည် ဘာသာရေး၊ လူမှုရေး ဆိုင်ရာ ရှေးဟောင်းအစွဲအလမ်း၊ အယူအဆ၊ ဓလေ့ထုံးစံ စသည်တို့ကို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား တော်လှန်ထားသည့်။ သူ၏ အတွေးအခေါ် အယူအဆတို့သည် တော်လှန်ရေးကျသလောက်ပင် သူ၏ စကားလုံးများကလည်း ပြတ်သားလှသည်။ ပြောင်မြောက်လှသည်။ ချက်ကျလှသည်။ ယင်းအချက်ကို စာဖတ်သူ ဤစာအုပ်ဖတ်ပြီးက သိရှိပါလိမ့်မည်။

မူရင်း စာရေးသူသည် သူ့နိုင်ငံ၏ ရှေးရိုး ဓလေ့ထုံးစံကို ဆန့်ကျင်သည်။ သူ့ပတ်ဝန်းကျင်ရှိ အယူဟောင်း အယူဆွေးများကို တိုက်ဖျက်သည်။ သူ့ မိရိုးဖလာ ခရစ်ယန် ဘာသာကို ဝေဖန်သည်။ သို့ရာတွင် သူများချက်သည် အခြားနိုင်ငံများမှ

http://mmteashop.com

ဘာသာရေး လူမှုရေး အဆောက်အအုံကြီးများ၏ အတွင်းသို့လည်း ထိုးဖောက် စိုက်ဝင်သွားသည်။

ခေတ်ပြောင်း တော်လှန်ရေး တရပ်ကို ဆင်နွှဲရာ၌ အတွေးအခေါ် တော်လှန်ရေးသည် အရေးကြီးသော အပိုင်းကဏ္ဍမှ ပါဝင်သည်။ ဆိုရှယ်လစ် လမ်းစဉ်နှင့် ဗီလာ ဖြစ်သည့် အတွေးအခေါ် အယူအဆများကို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား တော်လှန်ထားသော ဤစာအုပ်သည် ဆိုရှယ်လစ်ဗိမာန်ကို တည်ဆောက်နေသည့် ယခုလို အချိန်မျိုး၌ စူးတချောင်း ဆောက်တလက် ဖြစ်နိုင်စရာ ရှိသည်။ ယင်းသို့ ယူဆသည့် အတိုင်း ဤစာအုပ်ကို ဘာသာပြန်လိုက်ရခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ဘာသာပြန်ရာ၌ မူလကျမ်းရင်းမှ ကျွန်တော် ဘာသာပြန် ချင်သည့် အချက်များကိုသာလျှင် ထုတ်နုတ် ရွေးကောက်၍ ဘာသာပြန်ထားပါသည်။ ဘာသာရေး အစွဲအလမ်းများကို အဓိကထားလေသည်။ ကျွန်တော်၏ ဘာသာပြန် ၌ကား ပုဂ္ဂလဓိဋ္ဌာန်ကျသည့် အချက်များကို ဖယ်ထားပါသည်။ မူလ စာအုပ်မှ ကျွန်တော်လိုချင်သည့် ကဏ္ဍများနှင့် ကျွန်တော်လိုချင်သည့် စာပိုဒ်များကိုသာ ယူထားပါသည်။

http://mmteashop.com

## မာတိကာ

၁။ နိဒါန်း

၂။ သစ္စာ သို့မဟုတ် အမှန်တရား

၃။ နတ်ဒေဝတာ

၄။ လွဲမှားသော ယုံကြည်ချက်

၅။ လမ်းနှစ်သွယ်

၆။ တိုးတက်မှု

၇။ ယုံကြည်ကိုးကွယ်မှု ဘာသာတရား

http://mmteashop.com

# သစ္စာ သို့မဟုတ် အမှန်တရား

http://mmteashop.com

မရေတွက်နိုင်သော နှစ်ပရိစ္ဆေဒကာလအတွင်း မိမိ၏ အလိုဆန္ဒ ပြည့်ဝစေရန်အတွက် လူသည် ကြိုးပမ်းအားထုတ်မှု အသေချာအနန္တဖြင့် တဖြည်းဖြည်း တစတစ မိမိ၏ ဉာဏ်ကို တိုးတက် ဖွံ့ထွားအောင် ပြုလုပ်ခဲ့သည်။ မိမိ၏ ရှေ့ခြေထောက်နှစ်ဖက်ကို လက်အဖြစ် ဖန်တီးခဲ့သည်။ မိမိ၏ မှောင်မိုက်နေသော ဉာဏ်ထဲ၌ ဆင်ခြင်စဉ်းစားခြင်းတည်း ဟူသော လရောင်ကို နေရာပေးခဲ့သည်။

သူ၏ လမ်းမ၌ မသိခြင်းသည် အဟန့်အတား ဖြစ်ခဲ့သည်။ ကြောက်ခြင်းသည် အဟန့်အတား ဖြစ်ခဲ့သည်။ မှားယွင်းခြင်းသည် အဟန့်အတား ဖြစ်ခဲ့သည်။ သို့ပင် ဖြစ်စေကာမူ သူသည် ရှေ့သို့ တိုးသွားသည်။ ယထာဘူတ ကျသည့် သစ္စာတရား သို့မဟုတ် အမှန်တရားကို ရရှိ တွေ့သိသည်အထိ ရှေ့သို့ တိုးသွားသည်။ နှစ်ပရိစ္ဆေဒ အသေချာ အနန္တအထိ သူသည် စမ်းတဝါးဝါး လုပ်ခဲ့သည်။ တွားသွားခဲ့သည်။ တစုံတခုနှင့် ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ အပေါ် ခေါင်းထောင်ထသည်။ သူသည် အလင်းရောင် ရှိရာသို့ တိုးသွားရန်အတွက် ခလုတ်ကန်သင်းကို တိုက်ခဲ့ရသည်။ သူ၏ လမ်းသည် ဆူးညောင့်ခလုတ် အပြည့် ရှိသည်။ သူ၏ လမ်း၌ အတားအဆီး အပိတ်အပင် ရှိသည်။ သူသည် ရပ်တန့် နေရသည်။

http://mmteashop.com

သူသည် ဗေဒင်ဆရာများထံမှ ၎င်း၊ ဘုရားသခင် တမန်တော်များထံမှ ၎င်း၊ ပုတ်ရဟန်းများထံမှ ၎င်း၊ ပုရောဟိတ်များ ထံမှ ၎င်း၊ သာသနာ့ ဝန်ထမ်းများထံမှ ၎င်း၊ အလိမ်အညာ အလှည့်ကို ခံသည်။ သူတော်စင်များက သူကို သစ္စာဖောက်သည်။ ဘုရားသခင် တမန်တော်များက သူ့ကို လမ်းမှာအောင်ပြုသည်။ တစ္ဆေသရဲများက သူ့ကို ချောက်လှန့်သည်။ ဘုရင်နှင့် ကေရာဇ်များက သူ့ကို ကျွန်လုပ်သည်။ ယဇ်ပလ္လင်နှင့် ရာဇပလ္လင်များက သူ့ကို လုယက်သည်။

ပညာဟူသော အမည်နာမဖြင့် သူ၏ ဥကျောက်တွင်း၌ အမှားများ၊ အလိမ်အညာများ၊ မဖြစ်နိုင်သည့် အရာများ၊ မကောင်းသည့် အရာများကို ဖြည့်ပေးကြသည်။ ဘာသာတရားဟူသော အမည်နာမဖြင့် သူ့ကို နိမ့်ချခြင်းအား မာန်မာန ထားရန်၎င်း၊ ချစ်ခြင်းအား မုန်းရန်၎င်း၊ သည်းခံခြင်းအား ဂလဲ့စားချေရန် ၎င်း၊ ညွှန်ကြား ဆုံးမကြသည်။

သို့ရာတွင် ကမ္ဘာလောကသည် ပြောင်းလဲနေသည်။ ကျွန်ုပ်တို့သည် ထိုမယဉ်ကျေး မဖွယ်ရာသည့် ဘာသာတရား ကျမ်းဂန်များနှင့် ထိုလူမဆန်သည့် လမ်းစဉ်ဝါဒများကို ငြီးငွေ့လာလေပြီ။

ဘဝ၏ အမှားများနှင့် အမှောင်အတွင်း၌ တောက်နေသည့် အမှန်တရား များကို ကြည့်ရှုခြင်းထက် ပို၍ အရေးကြီးသော အရာမရှိပေ။

အမှန်တရားသည် ကမ္ဘာလောက၏ စိတ်ပိုင်းဆိုင်ရာ ဥစ္စာခနေ ဖြစ်သည်။

အမှန်တရားကို ရှာဖွေခြင်းထက် မြင့်မြတ်သော အလုပ် မရှိပေ။

တိုးတက်ခြင်း၏ တောက်ပနေသော ဗိမာန်၏ အခြေခံ အုတ်မြစ်သည် အမှန်တရား ဖြစ်သည်။ ကိုယ်ထည်သည် အမှန်တရား ဖြစ်သည်။

အမှန်တရားသည် ရှင်လန်း ဝမ်းမြောက်မှုကို မွေးဖွားသည့် မိခင် ဖြစ်သည်။ အမှန်တရားသည် ယဉ်ကျေးအောင် ပြုမူသည်။ မြင့်မြတ်အောင် ပြုမူသည်။

http://mmteashop.com

စင်ကြယ်အောင် ပြုမူသည်။ တစုံတဦးသည် အမြင့်ဆုံးသော ရည်မှန်းချက်ကို ထားခဲ့သော် ထို အမြင့်ဆုံးသော ရည်မှန်းချက်သည် အမှန်တရား၊ သို့မဟုတ် သစ္စာတရားကို ရရှိ သိခြင်းရန်ဟူသော ရည်မှန်းချက်သာလျှင် ဖြစ်လေသည်။

အမှန်တရားသည် လူအား သူတပါး အကျိုးကို သည်ပိုးဆောင်ရွက်ရန် အကြီးမားဆုံးသော စွမ်းအားကို ပေးလေသည်။ အမှန်တရားသည် ဓားလည်း ဖြစ်သည်။ ဒိုင်းလွှားလည်း ဖြစ်သည်။ အမှန်တရားသည် နလုံး၏ စင်ကြယ် မြင့်မြတ်သော အလင်းရောင် ဖြစ်သည်။

အမှန်တရား တခုခုကို ရှာဖွေသူသည် အမိုက်မှောင်တွင်း၌ အလင်းရောင် ဖြန့်သူပင် ဖြစ်လေသည်။

အမှန်တရားကို ရှာဖွေစူးစမ်းခြင်းဖြင့် ရရှိနိုင်သည်။ အတွေ့အကြုံဖြင့် ရရှိနိုင်သည်။ ဆင်ခြင်စဉ်းစားခြင်းဖြင့် ရရှိနိုင်သည်။

လူတိုင်း လူတိုင်းသည် သူ၏ အလိုဆန္ဒအရ၊ သူ၏ အရည်အချင်းအရ ရှာဖွေစူးစမ်းမှု ပြုလုပ်ရာ၌ လွတ်လပ်မှု ရှိသင့်လေသည်။ ကမ္ဘာလောက၏ အကြောင်းအရာသည် သူ့ ရှေ့မှောက်၌ ပွင့်နေရမည် ဖြစ်သည်။ မည်သည့်အကြောင်း အရာကိုမျှ တာဆီး ပိတ်ပင်မထားသင့်ပေ၊ ဖုံးကွယ်မထားသင့်ပေ။ မည်သည့် အကြောင်းအရာကိုမျှ သိရှိ နားလည်ဘို့ရန် အတွက် မကြိုးစားအပ်ဟူ၍ ယူဆရလောက်အောင် "မြင့်မြတ်သည်" ဟူ၍ မထင်မှတ်သင့်ပေ။ လူတိုင်း လူတိုင်းသည် မိမိ၏ လွတ်လပ်သော အကျိုး တရားသို့ အထိရောက်ရှိသင့်ပြီ။ ထိုအကျိုးတရားကို ရိုးသားစွာ တင်ပြရာ၌ လွတ်လပ်မှု ရှိရမည် ဖြစ်လေသည်။

အကြင်သူသည် ရှာဖွေ စူးစမ်းသူ တဦးဦးကို ဤလောက၏ အပြစ်ဒဏ်ဖြင့် ဖြစ်စေ၊ တမလွန်လောက၏ အပြစ်ဒဏ်ဖြင့် ဖြစ်စေ၊ ခြိမ်းခြောက်၏။ ထိုသူသည်

http://mmteashop.com

လူသားတို့၏ ရန်သူ ဖြစ်သည်။ ထိုသူသည် မိမိလူသား မိတ်ဆွေများအား သစ္စာဖောက်သူ ဖြစ်သည်။

စစ်မှန်သော လွတ်မြောက်မှု မရှိဘဲ၊ နတ်နှင့် လူတို့၏ ဘေးအန္တရာယ်မှ လွတ်မြောက်မှု မရှိဘဲ၊ စစ်မှန်သော ရှာဖွေစူးစမ်းမှုကို မပြုနိုင်ပေ။

သို့ဖြစ်၍ ရှာဖွေ စူးစမ်းမှု ဟူသမျှကို၊ စမ်းသပ်မှု ဟူသမျှကို ဆင်ခြင်စဉ်းစားခြင်း အလင်းရောင်အောက်၌သာလျှင် ပြုလုပ်သင့်လေသည်။

လူတိုင်း လူတိုင်းသည် မိမိအပေါ်၌ မိမိအတွင်းရှိ အလင်းရောင်အပေါ်၌ ရိုးသားမှု ရှိသင့်လေသည်။ လူတိုင်း လူတိုင်းသည် မိမိ၏ ဥကျောက်တည်းဟူသော ဓာတ်ခွဲရုံ၌သာလျှင် တကမ္ဘာလုံးတွင် ရှိသော လမ်းစဉ်ဝါဒများကို စမ်းသပ်ကြည့်သင့်လေသည်။ ကျိုးကြောင်း ဆင်ခြင်စဉ်းစားခြင်းနှင့် ကိုက်ညီသော၊ ကျိုးကြောင်း ဆင်ခြင်စဉ်းစားခြင်းနှင့် ကိုက်ညီသော၊ ကျိုးကြောင်း ဆင်ခြင်စဉ်းစား၍ ရသော အမှန်တရားသည်သာလျှင် မိမိ၏ လမ်းညွှန်၊ မိမိ၏ အရှင်သခင် ဖြစ်သင့်လေသည်။

ယင်းသို့သော နည်းအားဖြင့် "အမှန်တရား" ဟူ၍ သိရသော အရာကို ချစ်မြတ်နိုးခြင်းသည် စိတ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာဖြင်လေသည်။ အသိဉာဏ်၏ စင်ကြယ်မြင့်မြတ်မှု ဖြစ်လေသည်။ ယင်းသည်ပင်လျှင် စစ်မှန်သော လူ့ဘဝ ဖြစ်သည်။ ယင်းသည်သာလျှင် လွတ်လပ်ရေး ဖြစ်သည်။

ဘာသာရေး အဖွဲ့အစည်းများ၊ ဘာသာရေး ဝန်ထမ်းများ၊ ဘုရင်များ၊ နတ်ဒေဝတာများ၏ အမိန့်အာဏာဖြင့် မိမိ၏ အသိဉာဏ်ကို လျစ်လျူရှုထားခြင်းသည် ကျွန်ဘဝ၊ သဘောက်ဘဝ ရောက်ခြင်းပင် ဖြစ်လေသည်။

ဆင်ခြင်စဉ်းစားခြင်းသည်၊ မိမိအတွက် မိမိကိုယ်တိုင် ရှာဖွေ စူးစမ်းခြင်းသည် သင့်မြတ်မှန်ကန်သည့် အလုပ်သာလျှင် မဟုတ်ဘဲ လူတိုင်း၏ တာဝန်ဝတ္တရားလည်း ဖြစ်သည်။ အကယ်၍ အကြင် ပုဂ္ဂိုလ် တဦးဦးသည် ထိုသူအား ခြိမ်းချောက်၍ ဖြစ်စေ၊ အတင်း အဓမ္မဖြစ်စေ ထိုသူ၏ လမ်းမ၌ အနှောင့်အယှက် အဟန့်အတား ပြု၏။

http://mmteashop.com

ထိုပုဂ္ဂိုလ်သည် မိမိ၏ လူသား မိတ်ဆွေများအား ကျဆုံးသွားစေရန် အတွက်၊ ကျွန်ဘဝ ရောက်စေရန် အတွက်၊ ဘာမဆို အကုန်လုပ်နေသူ မည်လေသည်။

လူသည် မိမိ၏ အတွင်းသဏ္ဍာန်၌ ရှိသော ယင်းအမှန်သဘောတရားကို အဖိုးအနဂ္ဃ အထိုက်တန်ဆုံးဖြစ်သည့် စိန်ရတနာကဲ့သို့ စောင့်ရှောက် ထိန်းသိမ်းထား သင့်သည်။

မိမိ၏ မျက်မှောက် ရောက်လာသော မည်သည့်ပြဿနာကို မဆို ဘက်လိုက်ခြင်း မရှိဘဲ၊ အဂတိလိုက်စားခြင်း မရှိဘဲ၊ ဆင်ခြင်စဉ်းစားသင့်လေသည်။ လူ၏ ရည်ရွယ်ချက်သည် - တခုတည်းသော ရည်ရွယ်ချက်သည် - အမှန်တရားကို သိမြင်ရရှိရေးပင် ဖြစ်သင့်လေသည်။ အထောက်အထားများကို၊ ကျိုးကြောင်း ဆင်ခြင်တိုင်းထွာမှုများကို ရိုးသားစွာဖြင့် အသိဉာဏ်တည်းဟူသော ချိန်ခွင်ပေါ် တင်လျက် ချိန်ကြည့်သင့်လေသည်။ ချစ်ခြင်း သို့မဟုတ် မုန်းခြင်း၏ ဩဇာ လွှမ်းမနေသော ချိန်ခွင်ပေါ်၌ တင်လျက် ချိန်ကြည့်သင့်လေသည်။ မည်သည့် ဘုရားဟော စကားကိုမျှ၊ မည်မျှလောက် ကြီးကျယ်သည့် အမည်နာမ၊ အစဉ်အလာ၊ ဝါးလမ်းစဉ်ကိုမျှ ဂရုမထားသင့်ပေ။ မိမိ၏ အသိဉာဏ်က အမှန်တရားဟူ၍ လက်မခံသော မည်သည့်အရာကိုမဆို ဂရုမထားသင့်ပေ။

ဘက်လိုက်ခြင်း၊ မာန်မာန ထောက်လွှားခြင်း၊ ရွံ့ရှာ မုန်းတီးခြင်း၊ ပြစ်တင်ရှုပ်ချခြင်းများသည် အမှန်တရားနှင့် တိုးတက်မှုတို့၏ ရန်သူများ ဖြစ်လေသည်။

အမှန်တရားကို တကယ့်တကယ် ရှာမှီးသူသည် "အဟောင်း" ကို "အဟောင်း" ဖြစ်ခြင်းတည်း ဟူသော အကြောင်း တခုတည်းနှင့် လက်မခံပေ။ "အသစ်" ကို "အသစ်" ဖြစ်ခြင်းတည်းဟူသော အကြောင်းတခုတည်းနှင့် လက်မခံဘဲ မနေပေ။ သူသည် တစုံတစ်ယောက်၏ စကားကို ပြောသူ သေဆုံးသွားပြီ ဟူသော အကြောင်း တခုအတွက် သက်သက်နှင့်လည်း ချိုးဖျက်ခြင်း မပြုပေ။ ထိုသူအတွက် ပြောဆိုချက် သို့မဟုတ် စကားတစ်ခု၏ တန်ဖိုးသည် ထိုပြောဆိုချက် ထိုစကား

http://mmteashop.com

မည်မျှ ကျိုးကြောင်းဆင်ခြင် စဉ်းစားမှုနှင့် ပြည့်စုံသည်ဟူသော အတိုင်းအတာ၌သာလျှင် ရှိလေသည်။ ထိုသူသည် စကားကို မည်သူ မည်ဝါ ပြောသည် ဟူသော အချက်ကို မကြည့်ပေ။ စကားကို ပြောသူသည် ဘုရင်တပါးလည်း ဖြစ်နိုင်သည်။ ကျေးကျွန် တဦးလည်း ဖြစ်နိုင်သည်။ အဘိဓမ္မာဆရာ တဦးလည်း ဖြစ်နိုင်သည်။ အစေခံ တဦးလည်း ဖြစ်နိုင်သည်။ ယင်းအတွက်ကြောင့် စကား၏ အမှန်တရား သို့မဟုတ် စကား၏ ကျိုးကြောင်း ဆင်ခြင်စဉ်းစားမှုနှင့် ပြည့်စုံခြင်းသည် တိုးလည်း မတိုးပေ၊ လျော့လည်း မလျော့ပေ။ စကား၏ တန်ဖိုးသည် ပြောသူ၏ ဂုဏ်ထူး သို့မဟုတ် ရာထူးနှင့် အချင်းခပ်သိမ်း ကင်းရှင်းသည်။ လွတ်လပ်သည်။

အလိမ်အညာ အတွက်သာလျှင် ရာထူး ဂုဏ်ထူး၏ အကူအညီ အထောက်အမ လိုလေသည်။

အကြင်သူတို့သည် အသိဉာဏ် ပညာရှိ၏။ တကယ်ရိုးသား၏။ အဆင်ခြင် အစဉ်းအစားနှင့် ပြည့်စုံ၏။ ထိုသူတို့သည် အရေအတွက်အားဖြင့် သို့မဟုတ် အများဆန္ဒအားဖြင့် လွှမ်းမိုး ချုပ်ကိုင်ထား၍ ရသူများ မဟုတ်ပေ။

သူတို့သည် ဤအရာသည်ကား အမှန်တရားဖြစ်၏ဟု မိမိကိုယ်တိုင် တကယ်တန်း ယုံကြည်သည့် အရာများကိုသာလျှင် လက်ခံလေသည်။ သူတို့သည် ရှေးဘိုးစဉ် ဘောင်ဆက်တို့၏ အယူအဆ ဝါဒ လမ်းစဉ်များကိုပင် ဖြစ်စေ မိမိအသိဉာဏ်နှင့် မကိုက်လျှင် မဟာတ်မိလျှင် အလေးမပြု ဂရုမထားကြပေ။

သူတို့သည် အရပ်မျက်နှာ ထက်ဝန်းကျင်၌ အမှန်တရားကို ရှာမှီးကြသည်။ အမှန်တရားကို တွေ့မြင်သော အခါ၌ ဝမ်းပန်းတသာဖြင့် ခံယူကြလေသည်။ ဤကား ရိုးသား၍ အသိဉာဏ်ပညာရှိသည့် ပုဂ္ဂိုလ်တို့၏ တခုတည်းသော လမ်းဖြစ်လေ၏။ ထိုသူတို့အတွက် တခြားလမ်း မရှိပေ။

လူ့ ကြိုးပမ်းမှု ဟူသမျှ၏ ထောင့်အသီးသီး၊ မျက်နှာ အသီးသီးတို့၌ လူသည် အမှန်တရားကို ရှာဖွေခဲ့သည့် ယထာဘူတတရားကို စူးစမ်းခဲ့သည်။ နိုင်ငံရေး

http://mmteashop.com

သမားသည် ကမ္ဘာလောက၏ ရာဇဝင်သမိုင်းကို ဖတ်သည်။ လူမျိုး အသီးသီးတို့၏ လူဦးရေကို တွက်ချက်ကြည့်သည်။ အဘယ့်ကြောင့် ဆိုသော် မိမိ၏ လူမျိုးအား အတိတ်၏ အမှားများမှ ရှောင်ရှား ကင်းလွတ်စေလိုသောကြောင့် ဖြစ်သည်။ ဘူမိဗေဒ ပညာရှင်သည် ဖြစ်ရပ်အမှန်များကို သိရှိ နားလည်ရန်အတွက် ကျောက်ဆောင်များ အကြားသို့ ဝင်သည်။ တောင်များ၏ အပေါ်သို့ တက်သည်။ မီးတောင်များကို ကြည့်သည်။ ကျွန်းကြီး ကျွန်းငယ်များကို ဖြတ်ကျော်သည်။ အဘယ်ကြောင့် ဆိုလျှင် ကမ္ဘာလောက၏ သမိုင်းကို သိရှိနားလည်လိုသောကြောင့် ဖြစ်သည်။ သူသည် အမှန်တရားကို လိုလားသည်။

ဓာတုဗေဒ ပညာရှင်သည် အရာဝတ္ထုများကို အရည်ပျော်စေသည့် ခွက်၊ ပြွန်ချောင်းများဖြင့် အကြိမ်များစွာ စမ်းသပ်မှု ပြုလုပ်ပြီးလျှင် ဓာတ်သတ္တု ပစ္စည်းဝတ္ထုတို့၏ ဂုဏ်အရည်အချင်းကို သိရန်ကြိုးပမ်းသည်။ သဘာဝက ဖုံးကွယ် ထားသည့် အရာကို ဖေါ်ထုတ်ရန် အားထုတ်သည်။

စက်မှု ပညာရှင်ကြီးများသည် သဘာဝ ကြိယာ တန်ဆာများဖြင့် သဘာဝ၏ အပေါ်၌ အနိုင်ယူလိုကြသည်။ သဘာဝ၏ စွမ်းရည်သတ္တိကို အသုံးချလိုကြသည်။ သူတို့သည် အမှန်တရားကို အလိုရှိကြသည်။

ဆေးဆရာနှင့် ခွဲစိပ်ကုသသည့် ဆရာဝန်များသည် စူးစမ်းမှု၊ စမ်းသပ်မှု၊ ဆင်ခြင်တိုင်းထွာမှုများ၏ အကူအညီကို ယူကြသည်။ သူတို့သည် လူ့ ကိုယ်ခန္ဓာကို အသွေး၊ အသား၊ အဆီ၊ အကြောတို့ကို ဥဏ္ဏောက်၏ အံ့သြဖွယ် အကြောင်း အရာများကို သိအောင် လုပ်ကြသည်။ သူတို့သည် အမှန်တရားမှတပါး အခြား မည်သည့် အရာကိုမျှ အလိုမရှိပေ။

သိပ္ပံပညာ လေ့လာလိုက်စားသူ အားလုံးသည် ယင်းကဲ့သို့သာ ပြုလုပ်ကြသည်။ သူတို့သည် အရပ်ထက်ဝန်းကျင်၌ အမှန်တရားများကိုသာလျှင် ရှာဖွေနေကြသည်။ သူတို့သည် မိမိတို့ ရရှိသည့် အမှန်တရားကို ကမ္ဘာလောကအား ပေးဝေကြသည်မှာ အလွန်အရေးပါသည့် အကြောင်းတရပ် ဖြစ်သည်။

http://mmteashop.com

အကယ်၍ လူအတွက် အမှန်တရားကို ရရှိခြင်းသည် ကောင်းသော အရာ ဖြစ်လျှင် - အကယ်၍ လူအတွက် ရိုးသားစွာ ကြံစည် စဉ်းစား၍ ရည်ရည်မွန်မွန် ပြုမူဆက်ဆံခြင်းသည် ကောင်းသော အရာ ဖြစ်လျှင် - ထိုနည်းလမ်းဖြင့် ရရှိသည့် အမှန်တရားကို သိမြင်ခြင်းသည် အခြားသူများ အတွက်လည်း ကောင်းသော အရာ ဖြစ်သည်။

လူတိုင်း လူတိုင်းတွင် မိမိအယူအဆ၊ အတွေးအခေါ်ကို ရိုးသားသွာ တင်ပြရဲသည့် အစွမ်းသတ္တိ ရှိသင့်သည်။ အမှန်တရားကို သိမြင်ရရှိသူနှင့် အမှန်တရားကို တင်ပြသူသည် ပြည်သူ့အကျိုး လူထုအကျိုးကို သည်ပိုးဆောင်ရွက်သူ မည်လေသည်။

ကိုယ့်အယူအဆ၊ ကိုယ့်အတွေးအခေါ်ကို ရိုးသားစွာ တင်ပြရာ၌ အနှောက်အယှက် အဟန့်အတား ပြုလုပ်ကြသူများသည် ယဉ်ကျေးမှု၏ ရန်သူများ ဖြစ်ကြသည်။ အမှန်တရား၏ ရန်သူများ ဖြစ်ကြသည်။ မိမိ၏ အယူအဆကို လွတ်လွတ်လပ်လပ် တင်ပြလိုသော်လည်း အခြားသူများကိုမူ ထိုအခွင့်မျိုး မပေးလိုသည့် ပုဂ္ဂိုလ်ထက် ပို၍ တကိုယ်ကောင်းဆန်သူ၊ အရှက်မဲ့သူ တခြား မရှိပေ။

တချို့သော အကြောင်းအရာများမှာ မည်မျှ "မြင့်မြတ်" သနည်း ဆိုလျှင် ထိုအကြောင်းအရာကို လူ့အနေဖြင့် စူးစမ်း စစ်ဆေးနိုင်ခွင့် မရှိပေ။ ဤသို့ ပြောနေ၍ မပြီးပေ။ ထိုအကြောင်း အရာများကို "မြင့်မြတ်" သည်ဟူ၍ မည်သူ သိမည်နည်း။ အမှန်တရား ဟုတ် မဟုတ်ဟူ၍ ကျွန်ုပ်တို့ မသိနိုင်သည့် အရာတခုခုသည် "မြင့်မြတ်" သည့် အရာ ဖြစ်နိုင်ပါမည်လော။

ရာစုနှစ်များစွာအထိ လွတ်လပ်စွာ ပြောဆိုသော စကားကို ဘုရားသခင် အတွက် စော်ကားချက်ဟု ထင်မှတ်လာခဲ့သည်။ မိမိ၏ အယူအဆကို ရိုးသားစွာ တင်ပြခြင်းထက် ပို၍ "မိစ္ဆာဒိဋ္ဌိ" ဖြစ်သော အရာမရှိဟု ယူဆလာခဲ့ကြသည်။ ခေတ်အဆက်ဆက် အထိ ပညာရှင်တို့၏ နှုတ်သည် အဝတ်နှင့် အချုပ်ခံလာခဲ့ ရသည်။ အမှန်တရားသည် အကြင်မီးရှူးတိုင်များကို ထွန်းညှိ၏။ အကြင်မီးရှူးတိုင်



http://mmteashop.com

များကို ရဲရဲဝံ့ဝံ့ မြောက်ကိုင်သွား၏။ ထို မီးရှူးတိုင်များကို သွေးဖြင့် ငြိမ်းသတ်ခဲ့ကြသည်။

အမုန်တရားသည် အချင်းခပ်သိမ်း စကားကို လွတ်လပ်စွာ ပြောဆိုမှု ဘက်မှာသာ ရပ်သည်။ အမုန်တရားသည် မိမိအား စမ်းသပ်စစ်ဆေးရန် အချင်းခပ်သိမ်း လိုလားသည်။ မိမိအား သိရှိနားလည်ရန် အစဉ်မပြတ် ဆန္ဒရှိသည်။ လွတ်လပ်မှု၊ အတွေးအခေါ် ပြောင်းလဲမှု၊ ရိုးသားမှု၊ စမ်းသပ်စစ်ဆေးမှု၊ ရဲဝံ့မှု ယင်းအရာ အားလုံးသည် အမုန်တရား၏ မိတ်ဆွေများ ဖြစ်သည်။ အမုန်တရား၏ အဖေါ်သဟဲများ ဖြစ်သည်။ အမုန်တရားသည် အလင်းရောင်နှင့် လဟာပြင်ကို နှစ်သက်သည်။ ဆုံးဖြတ်နိုင်ခြင်း အသိဉာဏ်ဖြင့် ဆင်ခြင်စဉ်းစားနိုင်ခြင်းစသော မြင့်မြတ်သည့် စိတ်ပိုင်းဆိုင်ရာ စွမ်းရည်သတ္တိဟူသမျှကို လှုံ့ဆော် အားပေးသည်။ မှုန်နေသော စိတ်ကို ငြိမ်သွားအောင် ပြုလုပ်သည်။ ဘက်လိုက်ခြင်းကို ပပျောက်အောင် ပြုလုပ်သ်။ အသိဉာဏ်တည်းဟူသော ဆီမီးကို ပို၍ တောက်ပအောင် ပြုလုပ်သည်။

အမုန်တရားသည် လူတို့အား တွားသွားရန် မပြောပေ။ မသိနားမလည် သူတို့ထံမှ အရိုအသေ အပူဇော်ကို မမျှော်လင့်ပေ။ ထိတ်လန့် ကြောက်ရွံ့သူများ၏ ထုတိသြဘာပြုခြင်း၊ ရှိခိုးခြင်း၊ ဆုတောင်းပတ္ထနာ ပြုခြင်းတို့ကို မကြားလိုပေ။ လူတိုင်းအား အမုန်တရားက ဤသို့ ပြောကြားလေသည်။

"မိမိအတွက် မိမိကိုယ်တိုင် ဆင်ခြင် စဉ်းစားလော့၊ လွတ်လပ်စွာ နေထိုင်လော့။ မိမိ အယူအဆများကို ရိုးသားစွာ တင်ပြရဲသည့် အကျင့်သိက္ခာနှင့် သူရသတ္တိကို လိုက်ကိုင်ပြုလော့"

ကျွန်ုပ်တို့သည် အမုန်တရား နောက်သို့ အဘယ့်ကြောင့် လိုက်သင့်သနည်း။ အဘယ့်ကြောင့် ရှာဖွေ စူးစမ်းသင့်သနည်း။ အဘယ့်ကြောင့် ဆင်ခြင်စဉ်းစား သင့်သနည်း။ ကျွန်ုပ်တို့သည် အဘယ့်ကြောင့် ရိုးသားသော စိတ်ထားနှင့် ကိုယ်ချင်းစာနာမှု ရှိသင့်သနည်း။ မိမိ၏ အယူအဆ၊ အတွေးအခေါ်များကို

http://mmteashop.com

အဘယ့်ကြောင့် ရိုးသားစွာ တင်ပြသင့်သနည်း။ ယင်းမေးခွန်း အားလုံး၏ အဖြေမှာ တခုတည်းသာလျှင် ဖြစ်သည်။ လူသားတို့၏ ကောင်းကျိုးအတွက် ဟူသော အဖြေဖြစ်သည်။

ဥဏ္ဏောက်ကို စည်ပင်တိုးတက်အောင် ပြုလုပ်သင့်သည်။ ကမ္ဘာလောကသည် လွတ်လွတ်လပ်လပ် ရှိသင့်သည် မျက်စိကန်းယုံကြည်ခြင်းသည် ဂုဏ်အရည်အချင်း မဟုတ်ကြောင်း၊ အသိဉာဏ် တင်းတိမ် ရောင့်ရဲခြင်း မဖြစ်သမျှ မည်သို့သော ပြဿနာမျှ ဆုံးဖြတ်ချက် ကျလိမ့်မည် မဟုတ်ကြောင်းကို ကမ္ဘာလောကသည် သင်ကြားသင့်သည်။

ယင်းသို့ ပြုလုပ်လျှင် လူသည် ဘဝ၏ များစွာသော အနှောင့်အယှက်တို့ကို အနိုင်ရပေလိမ့်မည်။ များစွာသော ရောဂါတိုကို ပျောက်ကင်းအောင် လုပ်နိုင်ပေလိမ့်မည်။ သို့မဟုတ် ထိုရောဂါတို့မှ ကင်းရှင်းအောင် နေနိုင်ပေလိမ့်မည်။ ဆင်းရဲဒုက္ခ လျော့ပါးသွားပေလိမ့်မည်။ အသက် ရှည်လာပေလိမ့်မည်။ ဘဝကို မြင့်မြတ်အောင် စိမ်းလန်းစိုပြေအောင် လုပ်နိုင်ပေလိမ့်မည်။ ထောင့်အမျိုးမျိုး နယ်အသီးသီး၌ မိမိ၏ အလိုဆန္ဒကို ပြည့်ဝအောင် လုပ်နိုင်ပေလိမ့်မည်။ အားလုံးအတွက် အဝတ်အစား နေရာအိမ် ရရှိစေရန် အစီအမံကို စီမံဖန်တီး ပေးနိုင်ပေလိမ့်မည်။ ထိတ်လန့်ကြောက်ရွံ့ခြင်း တည်းဟူသော အဆိပ်ပြင်းသည့် မြွေနှင့် လွဲမှားသော ယုံကြည်ခြင်း တည်းဟူသော ရက်ခိုက် ဘီလူးတို့ကို သုတ်သင်ပစ်နိုင်ပေလိမ့်မည်။ ပညာရှိသူ၊ လွတ်လပ်သူ၊ ရိုးသားသူ ငြိမ်းအေးသူ ဖြစ်လာပေလိမ့်မည်။ မမှန်သော စကားများကို "မြင့်မြတ်သည်" ဟူ၍ ထင်မှတ်တော့မည် မဟုတ်ပေ။ တခြားဘဝ တစ်ခုခုအတွက် ဤဘဝ၏ စွန့်လွှတ်ခြင်းမျိုးကို ပြုတော့မည် မဟုတ်ပေ။ နတ်ဒေဝတာများကို ချစ်ခြင်းထက် လူလူချင်း ချစ်လာကြ ခင်လာကြပေလိမ့်မည်။

လူသည် မိမိသင့်လျော်သည်ဟု ထင်သည့် အရာကိုသာလျှင် ပြုလုပ်ပေလိမ့်မည်။ တမလွန်လောက၌ တခုခု ရရှိရန် ဟူသော မျှော်လင့်ချက်ဖြင့် မဟုတ်ဘဲ ဤလောက၌ ရွှင်လန်းစွာ နေထိုင်နိုင်ရန်အတွက် ပြုလုပ်ပေလိမ့်မည်။ လူသည် တခုတည်းသော သဘာဝသည်သာလျှင် စစ်မှန်သော "ဘုရားပေဟာ" ဖြစ်သည်ဟု

http://mmteashop.com

သိမြင်လာပေလိမ့်မည်။ လူသည် မိမိကိုယ်တိုင် ကြိုးစားအားထုတ်လျက် ကြယ်တာရာနှင့် မိုးတိမ်တို့ ပြောကြားသည့် ဝတ္ထုတို့ကို ဖတ်တတ်အောင် သင်ကြားသင့်သည်။ ကျောက်တုံး၊ ပထဝီ မြေကြီး၊ ပင်လယ်သမုဒ္ဒရာ၊ ရှုမြှောင်၊ မိုး၊ မီး၊ သစ်ပင် ပန်းပင်၊ အပွင့် - ဘဝ၏ ရှိရှိသမျှ အသွင်အမျိုးမျိုးနှင့် ကမ္ဘာလောက၏ ရှိရှိသမျှသော အရာဝတ္ထု၊ အစွမ်းသတ္တိတို့ ပြောကြားသည့် အရာဝတ္ထုများကို ဖတ်တတ်အောင် သင်ကြားသင့်သည်။

ယင်းဝတ္ထုတို့ကို ဖတ်တတ်လျှင်၊ ယင်းမှတ်တမ်းတို့ကို နားလည်လျှင် လူသည် - မိမိကိုယ်ကိုသာလျှင် ယုံကြည်အားကိုးသင့်ကြောင်း၊ အဘယ်ကြောင့် ဆိုလျှင် သဘာဝမှအပ အခြား ဘာမှမရှိကြောင်း မိမိကိုယ်တိုင်သည် သာလျှင် မိမိ၏ "ဘုရားသခင်" ဖြစ်ကြောင်း သိရှိလာပေလိမ့်မည်။

ဘာသာရေး ကျောင်းတကျောင်း၌ ဆရာ တဦးဦးသည် ထိုဘာသာတရား၏ ဝါဒနှင့် မကိုက်ညီသော အကြောင်းအရာ တခုခုကို တွေ့မြင် သိရှိလျှင် ထိုအကြောင်းအရာကို ဖုံးကွယ်သော်လည်း ထားရ ပေလိမ့်မည်။ သို့တည်းမဟုတ် လက်မခံဘဲသော်လည်း နေရပေလိမ့်မည်။ သို့မဟုတ် လက်မခံဘဲသော်လည်း နေရပေလိမ့်မည်။ သို့တည်းမဟုတ် လက်မခံဘဲသော်လည်း နေရပေလိမ့်မည်။ အမှန်တရားကို လိုလား နှစ်သက်ခြင်းသည် အပြစ်ဖြစ်လျက် ကြောက်ခြင်း တပတ်ရိုက်ခြင်းသည် ကြီးကျယ်သော ဂုဏ်ထူးဝိသေသ ဖြစ်နေသည်။

ဘာသာရေး ဝါဒနှင့် မညီညွတ်သော အကြောင်းအရာကို မှန်ကန်သော်လည်း "အမှား" ဟု ပြော၍ စွန့်ပယ် ပစ်ရမည်။ ထိုအကြောင်းအရာကို ပြောသူအား "မိစ္ဆာဒိဋ္ဌိ" ဘွဲ့ ပေးကြသည်။

ခေတ်တိုင်း ခေတ်တိုင်း၌ အယူသီး ဘာသာရေးသမားများသည် သိပ္ပံပညာအား ရန်ငြိုးထားကြသည်။ သူတို့သည် နက္ခတ်ပညာ တတ်ကျွမ်းသူ ပုဂ္ဂိုလ်များအား ရာဇဝင်ကောင်များ အသွင်ကဲ့သို့ ကဲ့ရဲ့ ရှုပ်ချကြသည်။ ဘူမိဗေဒ ပညာရှင်များအား သူသတ်သမားများကဲ့သို့ ထင်မှတ်ကြသည်။ သူတို့သည်

http://mmteashop.com

ဆေးဆရာဝန်များအား ဘုရားသခင်၏ ရန်သူဟု အောက်မေ့ကြသည်။ အကြောင်းမူကား ဆေးဆရာဝန်တို့သည် ဘုရားသခင်၏ ရေးသားထားချက်ကို ပြောင်းလဲပစ်ရန် ကြိုးစားကြသောကြောင့် ဖြစ်၏။ ပါဏိဗေဒ ပညာရှင်၊ မနုဿဗေဒ ပညာရှင်၊ ရှေးဟောင်း ကမ္ဘည်းကျောက်စာ ပညာရှင်၊ မြို့ဟောင်း မြို့ပျက်များကို လေ့လာသူ သုတေသီ - ထိုပုဂ္ဂိုလ်များအား အယူသီး ဘာသာရေးသမားများသည် မလိုမုန်းထားသည့် အကြည့်ဖြင့် ကြည့်ကြသည်။ အကြောင်းမူကား ဓမ္မကျမ်းဂန်နှင့် မညီသောအကြောင်း တစုံတရာကို ထိုပုဂ္ဂိုလ်များ ဖေါ်ထုတ်မှာ စိုးရိမ်ကြသောကြောင့် ဖြစ်သည်။

ဘာသာရေး ဆရာသည် "ဘာသာရေးကျောင်း" မှ အပြင်အပသို့ ထွက်သောအခါ အမှန်တရားကို မရှာမှီးပေ။ သူ့ထံ၌ ဘုရားသခင် မှခပါင်၍တော်ထွက် စကားရှိသည်။ ထို ဘုရားဟော စကားနှင့် ကိုက်ညီသည့် ယုံကြည်ကိုးကွယ်မှု ရှိသည်။ ထို ဘုရားဟော စကားဘက်မှနေ၍ တိုက်ရန်မှာ သူ၏ တာဝန်ဝတ္တရား ဖြစ်သည်။ ဘုရားဟော စကားနှင့်ငြင်း၊ ဘုရားဟော လမ်းစဉ် ဝါဒနှင့်ငြင်း၊ ဆန့်ကျင်သည့် ဆင်ခြင် စဉ်းစားချက် များကို သူ ဖတ်လည်း မဖတ်ပေ။ နားလည်း မထောင်ပေ။ မိမိ၏ အယူအဆနှင့် ဆန့်ကျင်သည့် အကြောင်းအရာ ဟူသမျှကို သူသည် လက်ခံလိမ့်မည် မဟုတ်ပေ။

အယူသီး ဘာသာရေးသမားများသည် ကျွန်ုပ်တို့၏ ဤရာစုနှစ်တွင် ပေါ်ထွန်း ကြသည့် အာဇာနည် ယောက်ျားမြတ် အားလုံးအား အမနာပ ပြောလာခဲ့ကြသည်။ သူတို့သည် ဘူမိဗေဒ ပညာရှင်ကြီး လိုက်လ်ကို မကောင်းပြောကြသည်။ အကြောင်းမူကား ထိုပုဂ္ဂိုလ်ကြီးသည် ကမ္ဘာလောကအား မှန်သော အကြောင်း အရာကို ပြောပြသောကြောင့်တည်း။ သူတို့သည် အမျိုးဇာတ်နှင့် ပတ်သက်၍ အကြောင့်ကြဆုံး ပုဂ္ဂိုလ်ကြီး တဦး ဖြစ်သည့် ဟမ်ဗိုလ်တ်အား ရွံမုန်းကြသည်။ သူတို့သည် အကြီးကျယ်ဆုံးသော သဘာဝ ပညာရှင်လည်း ဖြစ်သူ၊ နက်နက်နဲနဲ တွေးခေါ်မြော်မြင်သူလည်း ဖြစ်သူ၊ ကမ္ဘာလောက၏ အံ့ဩဖွယ် အကောင်းဆုံးသော အမှန်တရားကို လမ်းထွင်သူလည်း ဖြစ်သူ ဒါဝင်ကို ပြောင်လှောင် သရော်ကြသည်။

http://mmteashop.com

သူတို့သည် သိပ္ပံပညာတိုင်းနှင့်၊ ဆင်ခြင်တွေးခေါ်သူတိုင်းနှင့် ဆန့်ကျင်ဘက် ပြုကြသည်။ ရာစုနှစ်ပေါင်းများစွာ အထိ မိမိတို့၏ စွမ်းရည် သတ္တိကို အဆင်ခြင် အစဉ်းစားနှင့် ပြည့်စုံသည့် "တိုးတက်မှု" ကို ပိတ်ပင် တားမြစ်ရာ၌သာလျှင် အသုံးချကြသည်။

သူတို့သည် ကျောင်းအို ကျောင်းပျက် အိမ်အို အိမ်ပျက်ထဲ၌ နေလျက် အလင်းရောင်ကို ကြောက်လန့်သည့် လင်းနို့များ ဖြစ်ကြသည်။ ဇီးကွက်များ ဖြစ်ကြသည်။ မိမိ၏ အယူအဆကို ရိုးသားစွာ တင်ပြသူအား သူတို့သည် "မိစ္ဆာဒိဋ္ဌိ" ဟု သမုတ်၍ ကဲ့ရဲ့ရှုပ်ချကြသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်၏ ပါးစပ်ကို ပိတ်ထားရန် အတွက် သူတို့သည် အစွမ်းရှိသမျှ လုပ်ကိုင် ဆောင်ရွက်ကြသည်။

အယူသီးသော ဘာသာတရားတိုင်းသည် မမှန်သောတရားတည်း ဟူသော အုတ်မြစ်ပေါ်၌ အခြေစိုက်ထားသည်။ အယူသီး ဘာသာရေး သမားတိုင်းသည် မသိသည့်အရာကို ကျေညာလျက် သိသည့် အရာကိုမူ လက်မခံပေ။

မျက်ကန်း ယုံကြည်ခြင်းသည် သူတောင်းစား၏ အလုပ်ဖြစ်သည်။ ဓားပြ၏ အလုပ်ဖြစ်သည်။ လူဆိုးတို့၏ အလုပ် ဖြစ်သည်။

သိပ္ပံပညာသည် အများအကျိုးကို သည်ပိုးဆောင်ရွက်သည်။

လွဲမှားသော ယုံကြည်ချက်ကြောင့် လူတို့ သွေးချောင်းစီးခဲ့သည်။

သိပ္ပံပညာမှ အလင်းရောင် ရရှိသည်။

ဘုရားသခင်သည် စိတ်ကူးယဉ် တခုဖြစ်သည်။ တွေးတောမှန်းဆထားသည့် အရာတခု ဖြစ်ပေလိမ့်မည်။ မည်သူမျှ၊ မည်သည့် လူအစုအဝေးမျှ "ဘယ်တုန်းကနှင့် ဘယ်ကစ၍ ..." ဟူသော အဖြေကို မပေးနိုင်ပေ။ လူ၏ အသိဉာဏ်သည် ဘဝ၏ လျှို့ဝှက်ချက်ကို မသိ နားမလည်နိုင်ပေ။ ပဋိသန္ဓေနေခြင်း၏ ရှေ့သို့လည်း မရောက်နိုင်ပေ။ သေခြင်း၏ နောက်သို့လည်း လှမ်းမမြင်နိုင်ပေ။ အားလုံးသော

http://mmteashop.com

တာဝန်ဝတ္တရားများ၊ အားလုံးသော နီတိကျင့်ဝတ်များ၊ အားလုံးသော အသိပညာများ၊ အားလုံးသော အတွေ့အကြုံများသည် ဤဘဝအတွက်သာ ဖြစ်သည်။ ဤကမ္ဘာလောက အတွက်သာ ဖြစ်သည်။ ဤကမ္ဘာလောက အတွက် ဖြစ်သည်။

ကျွန်ုပ်တို့သည် လူများ ရှိသည်ကို သိသည်။ မိန်းမများ ရှိသည်ကို သိသည်။ ကလေးများ ရှိသည်ကို သိသည်။ ရှင်လန်း ဝမ်းမြောက်မှုသည် အဓိကအားဖြင့် လူ၏ အကျင့်စာရိတ္တပေါ်၌ အခြေတည်သည်ကို ကျွန်ုပ်တို့ သိသည်။

နတ်ဒေဝတာ အားလုံးသည် စိတ်ကူးယဉ် အယောင်ဆောင်မှုသာ ဖြစ်သည်ကို ကျွန်ုပ်တို့ နားလည်သည်။ ဘုရားသခင် တကယ် မရှိသည်ကို ကျွန်ုပ်တို့ နားလည်သည်။

ကမ္ဘာလောကသည် ခေတ်သစ်တခုအတွင်းသို့ ဝင်လာလေပြီ။ ကျွန်ုပ်တို့သည် အသုံးဝင်သည့် ဘာသာတရားကို ယုံကြည်ကိုးကွယ်တတ်ဘို့ သင်ကြားနေလေပြီ။

ကျွန်ုပ်တို့၏ ဘုရားသခင် တမန်တော်မှာ တောများကို ခုတ်ထွင် ရှင်းလင်းသူများ ဖြစ်ကြသည်။ ပထဝီမြေကြီးကို ထွန်ယက်သူများ ဖြစ်ကြသည်။ မြစ်များ ချောင်းများကို ဖြတ်၍ သံတံတားခင်းသူများ ဖြစ်ကြသည်။ မီးရထားလမ်းနှင့် တူးမြောင်းများ ဖောက်လုပ်သူများ ဖြစ်ကြသည်။ သင်္ဘောကြီးများနှင့် အခြား ရေနွေးငွေ့များဖြင့် သွားသည့် ယာဉ်များကို တီထွင်ကြသူများ ဖြစ်ကြသည်။ ကြေးနန်းနှင့် ကြိုးမဲ့ ကြေးနန်ကို တီထွင် ပြုလုပ်သူများနှင့် မိမိ၏ ရှာဖွေ စူးစမ်းမှု၊ ကြိုးပမ်း အားထုတ်မှုဖြင့် လျှပ်စစ်မီးကို ထွန်းလင်းစေသူများ ဖြစ်ကြသည်။

ကျွန်ုပ်တို့၏ ဘုရားသခင်တမန်တော်မှာ ရက်ကန်းကို တီထွင်ပြုလုပ်လျက် ကမ္ဘာလောကအား အဝတ်ပေးသူများ ဖြစ်ကြသည်။ စာပုံနှိပ်စက်များကို တီထွင် ပြုလုပ်လျက် တကမ္ဘာလုံးအား ကဗျာ၊ ဝတ္ထု၊ သိပ္ပံပညာကျမ်းဂန်များဖြင့် ဖြည့်တင်း ပေးသည့်၊ မမွေးရသေးသည့် ကလေးသူငယ်များ အတွက်ပင် ဉာဏ်ပညာကို

http://mmteashop.com

ထိန်းသိမ်းထားနိုင်စေသည့် ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ကျွန်ုပ်တို့အတွက် အသုံးဝင်သည့် သစ်သားနှင့် သံထည်ပစ္စည်းများကို ထုတ်လုပ်၍ ရသည့် စက်အားလုံးကို တီထွင် ပြုလုပ်သူများ ဖြစ်ကြသည်။ အာကာသ ကောင်းကင်ပြင်ကို တဖက်အစွန်းမှနေ၍ အခြားတဖက်အစွန်းအထိ စူးစမ်းလေ့လာလျက် နက္ခတ်တာရာတို့၏ လမ်းကြောင်းကို ရှာဖွေ ကြသူများ ဖြစ်ကြသည်။ မြင့်မားသော တောင်ကြီးများနှင့် နက်ရှိုင်းသော သမုဒ္ဒရာကြီးများ၌ ကမ္ဘာလောက၏ အကြောင်းကို ဖတ်သောသူများ ဖြစ်ကြသည်။ ရောဂါဝေဒနာကို အနိုင်ယူလျက် လူ၏ အသက်ကို ရှည်စေသူများ ဖြစ်ကြသည်။

ကျွန်ုပ်တို့၏ ဘုရားသခင် တမန်တော်မှာ ကမ္ဘာလောကအား အလင်းရောင်ပေးသည့် အဘိဓမ္မာဆရာကြီးများနှင့် သဘာဝပညာရှင်ကြီးများ ဖြစ်ကြသည်။ ကျွန်ုပ်တို့အား ကဗျာ အဖွဲ့အနွဲ့များဖြင့် ကြည်နူးစေသည့် ကဗျာဆရာများ ဖြစ်ကြသည်။ ပန်းချီကားတွင် စကားသွင်းပေးသည့် ပန်းချီဆရာများနှင့် ကျောက်တုံးတွင် အသက်ထွင်းပေးသည့် ပန်းပုဆရာများ ဖြစ်ကြသည်။ ကမ္ဘာလောကအား မိမိတို့နှင့် အတူတကွ ဆွဲဆောင်ခေါ်ငင်သွားသည့် စကားပြောတရားဟော ဆရာများ ဖြစ်ကြသည်။ မိမိတို့၏ ဘဝကို သီချင်းဂီတ၌ အပ်နှင်းထားကြသည့် သီချင်းဂီတဆရာများ ဖြစ်ကြသည်။ ကုန်ပစ္စည်းများကို ထုတ်လုပ်သည့် စက်မှုလက်မှု ပညာရှင်များ ဖြစ်ကြသည်။ တရားဘက်မှနေ၍ တိုက်ခိုက်ကြသည့် စစ်သည်တပ်သားများ ဖြစ်ကြသည်။

သိပ္ပံပညာ၏ အောင်မြင်ခြင်းများသည်သာလျှင် ကျွန်ုပ်တို့၏ "တန်ခိုးပြာဋိဟာ" များ ဖြစ်ကြသည်။ သဘာဝနှင့် စပ်လျဉ်း၍ မှန်သော အကြောင်း များကို ရေးသားထားသည့် ကျမ်းစာအုပ်များသည်သာလျှင် ကျွန်ုပ်တို့၏ "ဓမ္မကျမ်းဂန်" များ ဖြစ်ကြသည်။

အဏုမြူတိုင်း၌၊ ကြယ်တာရာတိုင်း၌၊ အရာဝတ္ထုတိုင်း၌ ရှိသော၊ အသက်ရှင်နေသော၊ တိုးပွားနေသော၊ စဉ်းစားဆင်ခြင်သော၊ မြော်လင့်တတ်သော၊ ဒုက္ခခံနိုင်သော စွမ်းရည်သတ္တိသည်သာလျှင် ဘုရားသခင် ဖြစ်လေသည်။

http://mmteashop.com

ဘုရားသခင်ကို ကျွန်ုပ်တို့ နားလည်၍မရပေ။ သဘာဝ၏ စည်းရိုး အပြင်ဘက်သို့ ကျွန်ုပ်တို့ ထွက်၍ မရပေ။ တာဝန်ဝတ္တရားဟူသမျှကို လိုက်နာ ဆောင်ရွက်ခြင်းသည် ဤကမ္ဘာလောက၌သာလျှင် ဖြစ်သင့်လေသည်။ ကျွန်ုပ်တို့သည် မေတ္တာထားရမည်။ ကြိုးပမ်းအားထုတ်ရမည်။ သည်းခံရမည်။ အလုပ်လုပ်ရမည်။ ကျွန်ုပ်တို့သည် ရဲဝံ့စွန့်စားရမည်။ အနာဂတ်ကာလ၌ လူ့ အဆက်အနွယ် တခုလုံး ချမ်းသာသုခနှင့် ပြည့်ဝမှု ရှိစေရန် မျှော်လင့်ချက် ထားရမည်။ မိမိ၏ အတွင်း သန္တာန်၌ ရှိသော အမှန်တရား သို့မဟုတ် သစ္စာတရားကို ကာကွယ် စောင့်ရှောက်ရမည်။

♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠

http://mmteashop.com

# နတ်ဒေဝတာ

http://mmteashop.com

လူမျိုးတိုင်း လူမျိုးတိုင်းသည် "နတ်" တဦးဦးကို မွေးဖွားကြသည်သာလျှင် ဖြစ်သည်။ ယင်း "နတ်" သည် ယေဘုယျအားဖြင့် မိမိအား မွေးထုတ်လိုက်သူများ အတိုင်းသာလျှင် ဖြစ်သည်။ ထို လူမျိုး မုန်းသော သူများကို ထိုနတ်ကလည်း မုန်းသည်။ ထို လူမျိုး ချစ်သော သူများကို ထိုနတ်ကလည်း ချစ်သည်။

အားလုံးသော နတ်တို့သည် ရှိခိုးခြင်း၊ ဆုတောင်းပတ္တနာပြုခြင်း၊ ပူဇော်ပသခြင်းများကို လိုလားကြသည်။ များစွာသော နတ်တို့သည် ယဇ်ပူဇော်ခြင်းကို နှစ်သက်ကြသည်။ အပြစ်ကင်းသူ၏ အသွေးအသားများမှာမူ ထိုနတ်များအတွက် ရနံ့ကြိုင်သင်းနေသော နတ်သုဓာပင် ဖြစ်နေသည်။ "ပုရောဟိတ်" များ အများအပြား ရှိရန် နတ်အားလုံးက လိုလားကြသည်။ ပုရောဟိတ်များ၏ ဆန္ဒမှာ သူတို့အား လူများက ကျွေးမွေးပေးကမ်းရန် ဖြစ်သည်။ ယင်း ပုရောဟိတ်တို့၏ အကြီးမားဆုံးသော အလုပ်မှာ မိမိတို့ နတ်၏ ဘုန်းတော်ဘွဲ့ကို သီဆိုကျူးရင့်ရန်နှင့် မိမိတို့ နတ်က အခြား နတ်အားလုံးအား တပြိုင်နက်တည်း အနိုင်ရရှိစေရန် ဖြစ်လေသည်။

http://mmteashop.com

ယင်း နတ်များကို ဖန်ဆင်းကြပုံမှာလည်း ပုံအမျိုးမျိုး ဖြစ်သည်။ တဦးထက် ပို၍ တဦးက အရုပ်ဆိုးသည်။ အချို့ နတ်၌ လက်ပေါင်း တထောင်ရှိသည်။ အချို့နတ်မှာ ဦးခေါင်း တရာရှိသည်။ အချို့ နတ်၏ လည်ပင်း၌ မြွေအရှင်များကို ပန်းကုံးလုပ်ဆွဲထားသည်။ အချို့နတ်၏ လက်ထဲ၌ ဓားနှင့် ဒိုင်းလွှားရှိသည်။ အချို့နတ်၌ အတောင်ရှိသည်။ အချို့ နတ်မှာ ကိုယ်ထင် မမြင်ရပေ။ အချို့နတ်ကား ကိုယ်လုံးတီး ဖြစ်၏။ အချို့နတ်မှာ ကာမဂုဏ်ရာဂ များသည်။ အချို့နတ်ကား မိုက်ကန်းသည်။ အချို့နတ်မှာ နောက်ဘက် ကျောကုန်းကိုသာလျှင် တွေ့ရသည်။ အချို့နတ်မှာ တခါတရံ လူဖြစ်သွားသည်။ အချို့မှာ တခါတရံ ဟင်္သာ ဖြစ်သွားသည်။ အချို့မှာ တခါတရံ နွားဖြစ်သွားသည်။ အချို့မှာ တခါတရံ ဝမ်းဘဲ ဖြစ်သွားသည်။ အချို့နတ်သည် ရုပ်ဆင်းလှသည့် လူသား ကညာပျိုကိုလည်း ချစ်ကြသည်။ အချို့မှာ အိမ်ထောင်ရှိကြသည်။ အချို့မှာ အိမ်ထောင် မရှိကြ။ အချို့နတ်၌ သားသမီးလည်း ရှိသည်။ ထို သားသမီးများလည်း မိမိတို့၏ မိဘအတိုင်း အပူဇော် အပသ ခံများ ဖြစ်ကြသည်။

ထို နတ်ဒေဝတာများ အနှစ်သက်ဆုံးမှာ ဘုရားတရား မယုံသူ ဘာသာမဲ့ တရားမဲ့ "မိစ္ဆာဒိဋ္ဌိ" တို့ အသတ်ခံရခြင်း ဖြစ်သည်။ ထိုနတ် ဒေဝတာများ ဒေါသ အထွက်ဆုံး ပုဂ္ဂိုလ်မှာ နတ်ဒေဝတာတို့ ရှိသည် ဆိုသည်ကိုမျှပင် မယုံကြည်သည့် လူ ဖြစ်သည်။

မည်သည့် လူမျိုးမှ နတ်မဆင်းရဲပေ။ ယုတ်စွာ့အဆုံး နတ် အချို့အဝက်မှု ရှိကြသည်ချည်း ဖြစ်၏။ ထို နတ်များကို အလွယ်တကူ ပြုလုပ်နိုင်ခြင်း၊ ထိုနတ်များကို ပြုလုပ်ရာ၌ စရိတ်ကျဉ်းခြင်းများကြောင့် များသော အားဖြင့် နတ်ဈေးသည် စည်စည်ကားကား ဖြစ်နေလျက် နတ်ပြည်၌မှု နတ်များ ကြိတ်ကြိတ်တိုးနေကြသည်။

ယင်း နတ်များထဲက နတ်တဦးဦးကိုမျှ လူတွေက မပူဇော် မပသနိုင်လျှင် သို့မဟုတ် နတ်တပည့် ဖြစ်သည့် "ပုရောဟိတ်" များ အဝတ်အစား မပေးကမ်းနိုင်လျှင် ထိုနတ်သည် လူများအား များသောအားဖြင့် ရောဂါဘေးအားဖြင့်၎င်း၊ ဒုဗ္ဘိက္ခန္တရကပ် အားဖြင့်၎င်း၊ အပြစ်ဒဏ်ပေးသည်။ ပုရောဟိတ်တို့သည် အခါခပ်သိမ်း



http://mmteashop.com

ထိုဘေးဥပါဒ်များ အကြောင်းကို ကြိုတင်ညွှန်ကြားခြင်း အားဖြင့် မိမိတို့၏ တာဝန် ဝတ္တရားများကို ထမ်းရွက်ကြရုံသာလျှင် မဟုတ်ဘဲ ထိုဘေးဥပါဒ်များ ပေါ်ပေါက် လာသည့် အခါ ယင်း ဖြစ်ရခြင်း၏ တခုတည်းသော အကြောင်းမှာ ၎င်းတို့အား လုံလုံလောက်လောက် မပေးကမ်းခြင်းပင် ဖြစ်သည်ဟုလည်း အခိုင်အမာ ပြောဆိုကြသည်။

လူမျိုးများ အမျိုးမျိုး အပြားပြား ရှိသကဲ့သို့ နတ်တို့လည်း အမျိုးမျိုး အပြားပြား ရှိသည်။ ကြီးမားသော စွမ်းပကားနှင့် ပြည့်စုံသည့် လူမျိုးကြီးတို့၏ နတ်သည် စွမ်းပကားနှင့် ပြည့်စုံသည် ကြီးကျယ်သည်။ အားအစွမ်းနည်းသည့် လူမျိုးငယ်တို့၏ နတ်သည် အားအစွမ်းနည်းသည်။ သေးငယ်သည်။ ထိုနတ်များထဲက နတ်တိုင်း နတ်တိုင်းသည် မိမိတို့ကို ကိုးကွယ် ပသသူများအား ဤလောကနှင့် တမလွန်လောကတို့၌ ချမ်းသာသုခ မြော်လင့်ချက် ပေးကြသည်။ ထိုနတ်တို့အား လုံးလုံး မယုံကြည်လျှင်၎င်း၊ သို့မဟုတ် အမြင့်ဆုံး အမြတ်ဆုံး မမှတ်ထင်လျှင်၎င်း၊ ထိုသူအား အပြစ်ဒဏ်ဖြင့် ခြိမ်းချောက်ကြသည်။ နတ်ဒေဝတာ တဦးဦးကိုမျှ မယုံကြည်ခြင်းသည် ကြီးကျယ်သော ပြစ်မှုဖြစ်လေသည်။

သင်သည် လူ့အသွေးဖြင့် မိမိ၏ အမည်ကို မှဲ့စွန်းထင်အောင် ပြုလုပ်လျှင်၎င်း၊ ပြုံးရွှင်နေသည့် ကလေးသူငယ် တဦးဦးအား သူ့မိခင်၏ ရင်ထဲ၌ပင် လည်မျိုကို ညှစ်လျှင်၎င်း၊ သင့်ကို ချစ်နေသော သင့်ကို ယုံ၍ ပုံအပ်သော မိန်းမပျိုတဦးအား သစ္စာဖောက်လျှင်၎င်း၊ ယင်းကဲ့သို့သော အပြုအမူများကို ပြုလုပ်စေကာမူ အားလုံးအတွက် ယင်းပြစ်မှု အားလုံးအတွက် သင့်ကို ခွင့်လွှတ်နိုင်ကြသည်။ သို့ရာတွင် သင်သည် အကယ်၍ ထိုနတ်ဒေဝတာတို့ ရှိသည်ဆိုသည်ကို ငြင်းပယ်လျှင် မူကား၊ ထိုနတ်ဒေဝတာတို့ကို မယုံကြည်လျှင်မူကား သင့်ကို သည်းခံနေလိမ့်မည် မဟုတ်ပေ။

ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်များ၌ နတ်လုပ်သည့် စက်ရုံများသာလျှင် ရှိသည်မဟုတ်။ သူတို့သည် ရက်ကွဲ့ကျ် ဘီလူးများကိုလည်း ဖန်တီးပြုလုပ်ကြသည်။ များသောအားဖြင့် နိမ့်ကျသော နတ်များသည်သာလျှင် ရက်ကွဲ့ကျ်ဘီလူး ဖြစ်ကြသည်။

http://mmteashop.com

ယင်း ရက္ခိုက် ဘီလူးများသည် လူတို့အပေါ်တွင် ကိုယ်ချင်းစာနာ ငဲ့ညှာထောက်ထားမှု ရှိလေသည်။ ရက္ခိုက်ဘီလူးများနှင့် စပ်လျဉ်း၍ အံ့ဩဖွယ်အချက် တခုမှာ - အားလုံးသော လူမျိုးတို့၏ အစဉ်အလာ၌၊ အားလုံးသော နတ်ဒေဝတာ အစဉ်အလာ၌၊ အားလုံးသော ယုံကြည်ကိုးကွယ်မှု ဘာသာတရား၌၊ ယင်း ရက္ခိုက်ဘီလူးတို့သည် နတ်များထက် သနားကရုဏာ ပိုရှိကြသည်။ လူသားတို့၏ ဂုဏ်အင်္ဂါနှင့် ပိုမိုပြည့်စုံကြသည်။

လူသည် ယေဘုယျအားဖြင့် နတ်တို့ကို မိမိ၏ ပုံသဏ္ဌာန် အတိုင်းသာလျှင် ပြုလုပ်ဖန်တီးသည်။ မိမိ၏ လက်၊ ခြေ၊ ဦးခေါင်း၊ မျက်စိ၊ နား၊ နှာခေါင်းများကို တပ်ပေးသည်။ လူမျိုးတိုင်းသည် မိမိတို့၏ နတ်ဒေဝတာများအား မိမိတို့၏ ဘာသာ စကားဖြင့်ပင် ခေါ်ဝေါ်ကြသည်။ နီဂရိုးတို့၏ နတ်သည် အသားမဲသည်။ ဆံပင်ကောက်သည်။ မွန်ဂိုလူမျိုးတို့၏ နတ်သည် အသားရောင်ဝါသည်။ မျက်လုံးပုံစံမှာ ဗာဒံသီးနှင့် တူသည်။ ရဟူဒီ လူမျိုးတို့သည် ရုပ်ပုံကို မဆွဲတတ်ကြပေ။ အကယ်၍ ဆွဲတတ်လျှင် ၎င်းတို့၏ "ဇေဟိုဝါဟ်" သည် မုတ်ဆိတ်ရှည်ရှည်၊ မျက်နှာသွယ်သွယ်၊ ကျက်တူရွေး နှာခေါင်းနှင့် ဆင်သည့် နှာခေါင်းမျိုးရှိသည်ကို တွေ့ရလိမ့်မည်။ "ဂျေယာလ်" သည် ဂရိတ်(က်) လူမျိုး ပုံစံလုံးလုံး ဖြစ်သည်။ "ဗိုဝေ" သည် ရောမ လွှတ်တော် အဖွဲ့ဝင် တဦးဦး၏ ပုံအတိုင်း ဖြစ်သည်။ အီဂျစ် နတ်တို့သည် ၎င်းတို့ကို ဖန်ဆင်းသည့် အီဂျစ်လူမျိုးတို့၏ မျက်နှာအနေအထားအတိုင်း တည်သည်။ ငြိမ်သည်။ မြောက်ပိုင်းတိုင်းပြည်များမှ နတ်များသည် ပူနွေးသော သိုးမွေး အဝတ်များကို အထပ်ထပ် ဝတ်ရုံထားကြသည်။ အခြားတိုင်းပြည် အချို့မှ နတ်များကမူ အဝတ်မပါ ဗလာကိုယ်ချည်း ဖြစ်ကြသည်။ အိန္ဒိယပြည်မှ နတ်များကမူ ဆင်များကို စီးကြသည်။ အချို့ကျွန်းများမှ နတ်များသည် ရေကူးကျင်လည်သူများ ဖြစ်ကြသည်။ မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းမှ နတ်များသည် ငါးကြီးဆီကို အလွန်ကြိုက်ကြသည်။ လူမျိုးတိုင်းလိုလိုပင် နတ်တို့၏ ရုပ်တုကို ဖြစ်စေ သို့မဟုတ် အရုပ်ကို ဖြစ်စေ ထုလုပ်ရေးခြယ်ထားကြသည်။ အဆင့်အတန်းနိမ့်သည့် လူများက ထိုနတ်ရုပ်များအား နတ်ဒေဝတာဟူ၍ ထင်မှတ်ကြသည်။ ထို နတ်ဒေဝတာများအား ပူဇော် ပသကြသည်။ ဗလိနတ်စာ ကျွေးကြသည်။

http://mmteashop.com

အချို့သော တိုင်းပြည်များ၌ ယခုထက်တိုင်ပင် အကယ်၍ ပူဇော်ပသခြင်း ပြုလုပ်ပြီးနောက် မိမိတို့၏ အလိုဆန္ဒပြည့်ဝခြင်း မရှိလျှင် လူတို့သည် မိမိတို့ ပူဇော်ပသသည့် နတ်များအား ထုနက်ရိုက်ပုတ်လျက် အမနာပ ပြောဆိုကြသည်။ "ဟဲ့ တိရစ္ဆာန်ကောင်၊ နင့်ကို ဒီလောက်ကောင်းမွန်ခမ်းနားတဲ့ နတ်ကွန်းမှာထားတယ်။ ရွှေနဲ့ မွမ်းမံထားတယ်။ စားကောင်းသောက်ဖွယ်ကို ကျွေးတယ်။ ဆီမီး ပူဇော်ပသတယ်။ အဲဒါလောက် လုပ်ထားတောင်မှ နင်ဟာ ကျေးဇူးယုတ်ကန်းတယ်။ ငါတို့ တောင်းတာကို မပေးဘူး" ယင်းသို့ ရေရွတ်ပြီးလျှင် နတ်ရုပ်ကို အောက်သို့ ဆွဲချပစ်သည်။ ထိုအတွင်း အကယ်၍ မိမိတို့ လိုလားတောင်းတသည့် အရာ ပြည့်ဝသွားလျှင် ထိုသူများသည် ထိုနတ်ရုပ်ကို ထူမပြီးလျှင် ဆေးကြောလျက် တဖန် နတ်စင်နတ်ကွန်း၌ ထားပြီး ကိုးကွယ်ကြပြန်၏။ ထိုနတ်ရုပ်၏ ရှေ့၌ ပျပ်ဝပ်ပြီးလျှင် ကန်တော့ကြသည် - "ကျွန်ုပ်တို့ အလောတကြီး လုပ်မိတာ မှန်ပါတယ်။ သင်ကလဲ ကျွန်ုပ်တို့ရဲ့ အလိုဆန္ဒ ပြည့်ဝအောင် တော်တော်နဲ့ လုပ်မပေးဘူး။ သင်ဘာဖြစ်လို့ အရိုက်အနက်ခံရသလဲ။ အကယ်၍ သင်ပြီးခဲ့တာတွေကို မေ့ပစ်လိုက်ရင် ကျွန်ုပ်တို့ သင့်ကို ရှေ့ကထက် ပိုပြီး ပူဇော်ပသမယ် ...."

လူသည် မည်သည့်အခါမျှ နတ်မဆင်းရဲခဲ့ပေ။ နတ်မချို့တဲ့ခဲ့ပေ။ မည်သည့် အရာကိုမဆို ပူဇော်သည်။ ညစ်ညမ်းသည့် တိရစ္ဆာန်ကိုအထိ ပူဇော်သည်။ လူသည် မီးကို ပူဇော်သည် မြေကြီးကို ပူဇော်သည်။ လေကို ပူဇော်သည်။ ရေကို ပူဇော်သည်။ အလင်းရောင်ကို ပူဇော်သည်။ ကြယ်တာရာများကို ပူဇော်သည်။ ရာစုနှစ်ပေါင်းများစွာ အထိ မြွေသတ္တဝါကြီးများ၏ ရှေ့၌ ပျားပျားဝပ်ကြသည်။ လူရိုင်းများသည် တခါတရံ လူယဉ်ကျေးများထံမှ ရရှိသည့် ပစ္စည်းများကို နတ်ဒေဝတာအဖြစ် သတ်မှတ် ကြသည်။ "တို့ဒ်" လူမျိုးတို့သည် နွား၏ လည်ပင်း၌ ဆွဲထားသည့် "ခလောက်" ကို ပူဇော်ကြသည်။ "ကိုတ်" လူမျိုးတို့သည် ခွက်နှစ်ခွက်ကို တစ်ခွက်ကို "လင်"၊ တခွက်ကို "မယား" ဟု အမှတ်ထားလျက် ပူဇော်ကြသည်။

ကာယဗလအရာ၌ ယောက်ျားသည် မိန်းမထက် သာသည် ဖြစ်၍ ယေဘုယျအားဖြင့် နတ်ကြီးများမှာ "ယောက်ျား" များသာလျှင် ဖြစ်ကြ၏။ အကယ်၍

http://mmteashop.com

မိန်းမက ယောက်ျားထက် ကာယဗလ ကြီးမားသည် ဆိုလျှင် နတ်တို့သည် မိန်းမ ဖြစ်ဘို့ ရှိလေသည်။

မိမိ လက်လှန်းမှီရာထက် ပို၍ လူသည် မစဉ်းစားလည်း မစဉ်းစားပေ။ မစဉ်းစားလည်း မစဉ်းစားတတ်ပေ။ မိမိ မမြင်ဘူး မတွေ့ဘူးသည့်၊ မိမိ မသိဘူးသည့်၊ မိမိနှင့် လုံးဝ ကွဲပြားခြားနားသည့် အရာဝတ္ထုမျိုးကို လူသည် မကြံဆ မတွေးတော တတ်ပေ။ မိမိ မြင်ဘူး တွေ့ဘူးသော၊ မိမိ ကြားဘူးသော၊ မိမိကြုံဘူးသော၊ အခြားသော ဣန္ဒြေများဖြင့် မိမိ သိဘူးသော အရာဝတ္ထုကို လူသည် ချဲ့ထွင် ပစ်နိုင်သည်။ ချုံ့ပစ်နိုင်သည်။ ခွဲခြားပစ်နိုင်သည်။ ပုံပျက်ပန်းပျက် ဖြစ်အောင် လုပ်နိုင်သည်။ လှအောင် လုပ်နိုင်သည်။ အဆင့်အတန်း မြင့်လာအောင် လုပ်နိုင်သည်။ နစ်ခုကို လေးခုဖြစ်အောင် လုပ်နိုင်သည်။ ထိုအရာ ဝတ္ထုများကို တခုနှင့်တခု ချိန်ထိုးနိုင်သည်။ သို့ရာတွင် အသစ် စက်စက် ဖြစ်သော အရာကိုမူ တခုမျှ မလုပ်နိုင်ပေ။ လူသည် အစွမ်းသတ္တိ ထင်ရှား ရှိသည်ကို ကြည့်လျက် တစုံ တဦးအား အားလုံးသော အစွမ်းသတ္တိနှင့် ပြည့်စုံသူအဖြစ် ဖန်တီးနိုင်သည်။ "အသက်" အကြောင်းကို သိသလောက် သိပြီးမှ "အနန္တကာလ သို့မဟုတ် ထာဝရ ကာလ" အကြောင်းကို ပြောနိုင်သည်။ ဝိဉာဉ် သို့မဟုတ် စိတ်အကြောင်းကို အနည်းအကျဉ်း သိပြီးမှ "မြတ်သော ဝိဉာဉ်တော်" (ဘုရားသခင်) အကြောင်းကို ပြောနိုင်သည်။ ဒေါသ အကြောင်း သိပြီးမှသာ "တစ္ဆေသရဲ" အကြောင်းကို စဉ်းစား တွေးတောနိုင်သည်။ မိမိ၏ အမိုက်မှောင် အပြည့်ရှိသော ဘဝ၌ ရွှင်လန်းမှု ရောင်ခြည်ကို အနည်းအကျဉ်း ဖြစ်ဖြစ် တွေ့ရမှ "နတ်ပြည်" အကြောင်းကို ပြောနိုင်သည်။ ဆင်းရဲဒုက္ခ၏ အသွင်အပြင်များစွာကို တွေ့မှ သာလျှင် "ငရဲ" ၏ အကြောင်းကို ပြောနိုင်သည်။

ထိုသို့ ဖြစ်သော်လည်း ယင်းစဉ်းစားစိတ်ကူးခြင်း ဟူသမျှ၏ အခြေခံ အုတ်မြစ်မှာ တခုတည်းသာလျှင် ဖြစ်လေသည်။ ကျန် လျှမ်းလျှမ်းတောက် အဆောက်အဦးကိုမူ လူသည် မိမိ၏ စက္ခုစသော ဣန္ဒြေတို့ဖြင့် သိဘူးသော အရာဝတ္ထုကို ချဲ့၍သော်၎င်း၊ ပုံပျက်ပန်းပျက်ဖြစ်အောင် လုပ်၍သော်၎င်း၊ လှအောင် လုပ်၍သော်၎င်း၊ ကောင်းအောင် လုပ်၍သော်၎င်း၊ တခုကို လေးခုလုပ်၍သော်၎င်း၊

http://mmteashop.com

တည်ဆောက်ထားခြင်း ဖြစ်လေသည်။ ဥပမာအားဖြင့် - ကျားကို သိမ်းငှက်၏ အတောင်ပံတပ်ပေးသကဲ့သို့ ဖြစ်၏ မြင်းအမြီး တပ်ပေးသကဲ့သို့ ဖြစ်၏။ ဆင်နှာမောင်း တပ်ပေးသကဲ့သို့ ဖြစ်၏။ ကျွန်ုပ်တို့သည် မိမိ၏ စိတ်ကူးဖြင့် ကြောက်မက်ဖွယ် ကောင်းသော "ဘီလူးသဘက်" တကောင်ကို ဖန်ဆင်း၏. သို့သော်လည်း ထိုဘီလူးသဘက်၏ အင်္ဂါကြီးငယ်များ၌မူ အမှန်စင်စစ်အားဖြင့် ထင်ရှားရှိသော အင်္ဂါကြီးငယ်များသာလျှင် ဖြစ်၏။ လူတို့ ဖန်ဆင်း ပြုလုပ်သည့် အားလုံးသော နတ်ဒေဝတာ များမှာ ဤနည်းအတိုင်း ဖြစ်၏။

လူသည် သဘာဝမှ - (စိတ်ကူးကြံစည်ရာ၌ပင် ဖြစ်စေ) လွန်၍ မသွားနိုင်ပေ။ သဘာဝမှ အပေါ်သို့လည်း မတက်နိုင်ပေ။ အောက်သို့လည်း မကျနိုင်ပေ။

လူသည် မသိ နားမလည်မှုကြောင့် အလုံးစုံသော သဘာဝသည် "နာမ်သတ္တိ" တခုခုမှ ဖြစ်ပေါ်လာသည် ဟူ၍၎င်း၊ အလုံးစုံသော သဘာဝသည် ထို "နာမ်သတ္တိ" နှင့် တိုက်ရိုက် ဆက်သွယ်မှု ရှိသည် ဟူ၍၎င်း၊ ထင်မှတ်ခဲ့သည်။ ယင်း "နာမ်သတ္တိ" နှင့် မိတ်ဖွဲ့ ထားရန်မှာ အားလုံးသော ဘာသာတရားများ၏ ရည်ရွယ်ချက် ဖြစ်ခဲ့သည်။ ယခုလည်း ဖြစ်နေသည်။ ကြောက်ရွံ့သည့် အတွက်ကြောင့်သော်၎င်း၊ အကူအညီ တောင်းရန် အတွက်ကြောင့်သော်၎င်း၊ ထို "နာမ်သတ္တိ" က ပေးသည်ဟု အထင်ရှိသော အကျိုးအားနိသင် အတွက် ကျေးဇူးတင်ရှိကြောင်း ပြလိုသည့် အတွက်ကြောင့်သော်၎င်း၊ လူသည် ဒူးထောက်လျက် ရှိခိုးဦးနှိမ်သည်။ ထို "နတ်သတ္တိ" အမျက်ထွက် သွားသည်ဟု အထင်ရှိလျှင် ထို နာမ်သတ္တိအား ရှိခိုးပူဇော်လျက် စိတ်ပြေသွားစေရန် ကြိုးစားသည် လျှပ်စီးလက်ခြင်းနှင့် မိုးချုန်းခြင်းသည် လူအား ကြောက်လန့်စေသည်။ မီးတောင်များ၏ ရှေ့မှောက်၌ လူသည် ဒူးထောက်ခဲ့သည်။ ကြောက်မက်ဖွယ် သားရဲ တိရစ္ဆာန်များဖြင့် ပြည့်နှက်၍ နေသော တောများသည်၎င်း၊ မထောက်မီသည့် ချောက် ကမ္ဘာထဲ၌ တွားသွားနေသော မြွေနဂါးများသည်၎င်း၊ တောက်ပနေကြသော ကြယ်တာရာ တို့သည်၎င်း၊ ထိတ်လန့်ဖွယ် နေကြတ်ခြင်းနှင့် လကြတ်ခြင်းတိုးသည် ၎င်း၊ အထူးအားဖြင့် အခါခပ်သိမ်း ဦးခေါင်းပေါ်၌ ခွစီးနေသော သေခြင်းသည်၎င်း၊

http://mmteashop.com

၎င်းတို့သည် မမြင်အပ်သည့် အစွမ်းသတ္တိများ၏ လက်ထဲက ကစားစရာများသာလျှင် ဖြစ်ကြ၏ ဟူ၍ လူတို့အား ယုံကြည်ယူဆစေခဲ့သည်။ ထွေပြား ဆန်းကြယ်၏ ဟူ၍ လူတို့အား ယုံကြည်ယူဆစေခဲ့သည်။ ထွေပြား ဆန်းကြယ်သော ကြောက်မက်ဖွယ် ရောဂါ ဝေဒနာများသည်၎င်း၊ အပူဖျား အအေးဖျားများသည်၎င်း၊ ရူးသွပ်ခြင်းသည်၎င်း၊ သွက်ချာပါဒ ဖြစ်ခြင်းသည်၎င်း၊ ညဉ့်အမှောင်သည်၎င်း၊ အိပ်မက်ဆိုးများသည်၎င်း၊ ၎င်းတို့၏ နောက်၌ တန်ခိုးရှင် နာနာဘာဝ တစ္ဆေသရဲများ ရှိနေသည်ဟူ၍ လူတို့အား အထင်ရှိစေခဲ့သည်။ ယင်း နာနာဘာဝ တစ္ဆေသရဲများသည် ညီတူညာတူ အစွမ်းသတ္တိ ရှိကြသည် မဟုတ် ဟူ၍၎င်း၊ ကြီးသူများက ငယ်သူများအပေါ် သြဇာ ရှိသည် ဟူ၍၎င်း၊ လူတို့ ယုံကြည်ကြသည်။ သို့ဖြစ်၍ အစွမ်းသတ္တိ ပိုကြီးမားသူ နာနာဘာဝများ၏ မေတ္တာကို ခံယူရရှိနေလျှင် မိမိတို့ အတွက် စိုးရိမ်စရာ မရှိ၊ လုံခြုံမှု ရှိသည်ဟု လူတို့ အထင်ရှိကြသည်။ ယင်း ရည်ရွယ်ချက် ပြည့်ဝစေရန်အတွက် လူသည် ရှိခိုးခြင်း ဖြစ်သည်။ ပူဇော်ခြင်း ဖြစ်သည်။ ပသခြင်း ဖြစ်သည်။ ယဇ်တင်ခြင်း ဖြစ်သည်။ လူ၏ တောနေ အရိုင်းဘဝ၌ ယေဘုယျအားဖြင့် ယင်း အယူအဆ များသည်သာလျှင် ခေတ်စားပျံ့နှံ့၍ နေခဲ့လေ၏။

မမာမကျန်းဖြစ်ခြင်းနှင့် စိတ်ဂယောင်ချောက်ချား ဖြစ်ခြင်းများသည် နာနာဘာဝ တစ္ဆေသရဲများ ဖမ်းစားခြင်း ဖြစ်သည်ဟု လူမျိုး အသီးသီးမှ လူများသည် ခေတ်အဆက်ဆက်အထိ ယူဆလာခဲ့ကြသည်။ နှစ်ပရိစ္ဆေဒ ထောင်ပေါင်းများစွာသော ကာလအထိ ယင်းနာနာဘာဝ တစ္ဆေသရဲများအား ခြောက်လှန့်နှင်ထုတ် ပစ်ခြင်းသည် သာလျှင် တခုတည်းသော ဆေးဝါး ကုသခြင်း ဖြစ်လာခဲ့လေသည်။ ပုရောဟိတ်များက အသံကျယ်စွာဖြင့် အော်ဟစ်ခဲ့ကြသည်။ သူတို့သည် တံပိုးကို မှုတ်ကြပေလိမ့်မည်။ စည်ကို တီးကြပေလိမ့်မည်။ စည်းကို တီးကြပေလိမ့်မည်။ အလွန်တရာကြောက်မက် ထိတ်လန့်ဖွယ်ကောင်းသည့် ဂါထာမန္တာရားများကို ဟစ်အော် ရွတ်ဆိုကြပေလိမ့်မည်။ အကယ်၍ ယင်းသံကုန် ဟစ်ကြွေးခြင်းတည်း ဟူသော ဆေးဝါးကုစားမှု အောင်မြင်ခြင်း မရှိလျှင် အစွမ်းသတ္တိ ပိုကြီးမားသည့် နာနာဘာဝများ၏ အကူအညီကို တောင်းခံ ပေလိမ့်မည်။

http://mmteashop.com

ယင်း နာနာဘာဝ ဖုတ်ပြိတ္တာများအား ကျေနပ်မှု ရရှိစေရန်သည် အလွန် အရေးကြီးသော အကြောင်းအရာ ဖြစ်သည်ဟု ယူဆကြသည်။ လူရိုင်းဘဝနှင့် ရှိစဉ်တုန်းက သနားစရာ လူသားခများသည် ပစ္စည်းတစုံတရာကို ဆက်သ ပေးကမ်းလျှင် လူတို့၏ စိတ်နှလုံး ပျော့ပျောင်း နူးညံ့သွားသည်ဟု ယူဆပြီးလျှင် ယင်း နာနာဘာဝ ဖုတ်ပြိတ္တာများအား မိမိတို့၏ အနှစ်သက်ဆုံး အရာဝတ္ထုများကို ဆက်သကြသည်။ မိမိတို့၏ နှလုံး ကွဲသွားချင် ကွဲသွားပေစေ သူတို့သည် မိမိတို့၏ သားချစ်သမီးချစ်များ၏ အသွေးကိုပင် ထို နာနာဘာဝ ဖုတ်ပြိတ္တာများအား တင်ကြလေသည်။ လူသည် မိမိနှင့် ကွဲပြား ခြားနားသော နတ်ဒေဝတာ တဦးဦးကို မကြံဆ မတွေးတော တတ်ပေ။ သို့ဖြစ်၍ သူသည် သဘာဝအရ ကိုယ်ချင်းစာနာလျက် ဤမျှ ကြီးကျယ်သော စိတ်နှလုံး မချမ်း မသာဖြစ်ခြင်း၊ ပူဆွေးသောက ရောက်ခြင်းအားဖြင့် မိုးပေါ်က နတ်သည် အနည်းနှင့် အများ ကေန်မုချ စိတ်ထိခိုက်သွားစရာ ရှိသည်ဟု တွေးတော စဉ်းသားလေသည်။

ထိုခေတ်က လူရိုင်းများ၏ အခြေအနေသည် ယခုခေတ် လူယဉ်ကျေးများ အတိုင်းပင် ဖြစ်သည်။ အုပ်စု တစ်စု သို့မဟုတ် လူတန်းစား တခုသည် အခြား အုပ်စုတစု သို့မဟုတ် လူတန်းစား တခု၏ ထိတ်လန့်ကြောက်ရွံ့ခြင်းဖြင့် အသက်မွေး ဝမ်းကျောင်း ပြုလုပ်သည်။ အချို့သော လူများသည် နတ်ဒေဝတာများအား ကျေနပ်မှု ရရှိစေရန် တာဝန်ယူကြသည်။ တပြိုင်နက်တည်းမှာပင် သူတို့သည် လူများအား ထိုမမြင်အပ်သည့် အစွမ်းသတ္တိများနှင့် ပတ်သက်၍ လိုက်နာရမည့် တာဝန် ဝတ္တရားများကိုလည်း ညွှန်ကြား ပြောပြကြသည်။ ယင်းသည်ပင်လျှင် ပုရောဟိတ်က သူသည် နတ်ဒေဝတာတို့၏ အမျက်ဒေါသမှ အားကိုးရာမဲ့ လူများအား ကာကွယ် စောင့်ရှောက်သူ ဖြစ်သည်ဟု ပြောသည်။ ပုရောဟိတ်သည် နတ်ပြည် တရားရုံး၌ လူ၏ ရှေ့နေ ဖြစ်လေသည်။ လူသည် မိမိ၏ အစေခံသာလျှင် ဖြစ်သည့် ပုရောဟိတ်၏ ရှေ့၌ ဒူးထောက်လေသည်။ ပုရောဟိတ်ကမူ လူအများအား ဩဇာ လွှမ်းမိုးစေပြီးလျှင် အအဖြစ်အောင် လုပ်လေသည်။ ကျွန်ဖြစ်အောင် လုပ်လေသည်။ လူညွှန့်တုံးအောင် လုပ်လေသည်။

http://mmteashop.com

လူသည် တောနေ လူရိုင်းဘဝမှ တဖြည်းဖြည်း ကျွတ်လွတ်သော အခါ သစ်သားရုပ်နှင့် ကျောက်ရုပ်အား ယုံကြည်ကိုးကွယ် မှုသည်လည်း တစ တစ နည်းပါးသွားလေ၏။ ယင်းအစား နတ်တန်ခိုး နတ်အစွမ်း သတ္တိများက နေရာယူကြသည်။ အသိဉာဏ် အတော်အသင့် တိုးတက်မှု ရှိလာသော အခါ လူသည် ထိုသေးငယ်သော နတ်တန်ခိုး နတ်သတ္တိများကို တနေရာ ဖယ်ထားပြီးလျှင် အမြင့်မြတ်ဆုံးသော အနန္တတန်ခိုးတော်ဟု ယူဆသည့် အစွမ်းသတ္တိတခုကို ယုံကြည် ကိုးကွယ် ပြန်လေသည်။ ယင်း အစွမ်းသတ္တိကို သဘာဝ၏ အထက်မှ အရာ၊ သဘာဝမှ အပဖြစ်သော အရာဟု ထင်မှတ်ယူဆလျက် ယင်း အစွမ်းသတ္တိမှ အကူအညီ ရရှိလိုသည့် မျှော်လင့်ချက်ဖြင့် ပူဇော်ခြင်း၊ ရှိခိုးခြင်းကို ပြုလုပ်လေသည်။ ယင်း အစွမ်းသတ္တိမှ မည်သို့သော အကူအညီမျိုးမျှ မရရှိသည်ကို သိရသော အခါ အကြောင်းနှင့် ကင်း၍ တည်ရှိသော မည်ကဲ့သို့သော အရာမျိုးကိုမျှ ဆင်ခြင်စဉ်းစား၍ မရရှိသော အခါ လူသည် မိမိ ပတ်ဝန်းကျင် ကမ္ဘာလောကအား စူးစမ်း စစ်ဆေးစ ပြုလာခဲ့လေသည်။ ထိုအခါ မိမိကိုယ်ကို အားကိုးလာလေ၏။ မိမိခြေထောက်ဖြင့် ရပ်တည်လာလေ၏။

လူတို့သည် ဆင်ခြင် စဉ်းစားခြင်း၊ စူးစမ်း ရှာဖွေခြင်းများ စတင် လုပ်လာကြလေသည်။ တဖြည်းဖြည်း တစတစနှင့် နတ်ဒေဝတာများကို ကမ္ဘာမြေပေါ်မှ ဖယ်ထုတ်စ ပြုလာကြသည်။ နတ်များသည် တခါတရံ၌သာလျှင် လူများ၏ အရေးအခင်းတို့၌ ဝင်စွက်ကြသည်။ များစွာသော အရေးအခင်းများ၌မူ ငါတို့ လွတ်လပ်မှု ရှိကြသည် - ဟု ဘာသာရေး ပုဂ္ဂိုလ်များစွာတို့သည် ယုံကြည် ယူဆလာကြသည်။ သင်္ဘောများ၊ မီးရထားများ တီထွင်မှုကြောင့် နိုင်ငံ တစ်နိုင်ငံမှ ထွက်သော ကုန်ပစ္စည်းများကို အခြားတနိုင်ငံသို့ လွယ်လင့်တကူ ပို့နိုင်သော အခါတွင် နတ်များသည် လူများအား ဒုဗ္ဘိက္ခန္တရကပ် ဆိုက်စေလျက် သေကြေပျက်စီးအောင် မပြုလုပ်ကြတော့ပေ။ တခါတရံတွင်မူ သူတို့သည် သူငယ်တဦးဦး၏ အသက်ကို နှုတ်ယူကြသည်။ အသယ့်ကြောင့် ဆိုလျှင် မိဖကိုယ်တိုင်က မိမိတို့၏ သားကို ယဇ်ပူဇော်ပသ လိုက်ကြသောကြောင့် ဖြစ်၏။ ပုလိပ်ရောဂါ၊ ကျောက်ရောဂါများကို ယခုထက်တိုင် "နတ်တိုက် ရောဂါ" ဟု ထင်မှတ်ကြတုန်း ရှိသည်။ သို့ရာတွင် ဝဲနာ

http://mmteashop.com

ယားနာ စသော အနာရောဂါများကိုမူ သဘာဝ အကြောင်းများကြောင့် ဖြစ်ပေါ်ခြင်း ဖြစ်၏ဟု ယူဆကြလေ၏။

အကျိုး ဖြစ်ပေါ်လာခြင်းသည် အကြောင်းကြောင့် ဖြစ်သည်။ အကယ်၍ အကြောင်း တခုခုသည် အကျိုး တစုံတရာကို မဖြစ်ပေါ်စေလျှင် အကြောင်းမဟုတ် နိုင်ပေ။ အကျိုးတိုင်း အကျိုးတိုင်းသည်လည်း တဖန် အကြောင်း ဖြစ်ရပြန်သည်။ သို့ဖြစ်၍ သဘာဝ၌မည်သည့် အခါမျှ "နောက်ဆုံး အကြောင်း" မရှိပေ။ အကြောင်းမူကား ထို နောက်ဆုံး အကြောင်းဟု ခေါ်သည့် အရာသည်ပင် အကျိုးတခုခုကို ဖြစ်ပေါ်လိမ့်မည် ဖြစ်ပြီး ထိုအကျိုးမှာလည်း အမှန်မုချ အကြောင်း တဖန် ဖြစ်လိမ့်မည် ဖြစ်သောကြောင့်တည်။ အကျိုးတိုင်း အကျိုးတိုင်းသည် တချိန်မဟုတ် တချိန် အကြောင်းတခု ဖြစ်ရပေလိမ့်မည်။ အကြောင်းတိုင်း အကြောင်းတိုင်းသည်လည်း အကျိုးတခု ဖြစ်ရပေလိမ့်မည်။ သို့ဖြစ်၍ ပထမဆုံးသော အကြောင်းဟူ၍ မည်သည့် အခါမျှ မရှိနိုင်ပေ။ နောက်ဆုံး အကျိုးကဲ့သို့ ပထမဆုံး အကြောင်းလည်း မရှိနိုင်ပေ။

ကမ္ဘာလောကမှ အပ မည်သည့် အရာမျှ မရှိပေ။ ကမ္ဘာလောက၏ အတွင်း၌ သဘာဝထက် လွန်ကဲသည့် မည်သည့် အရာမျှ မရှိပေ။ မည်သည့် အရာမှ ရှိလည်း မရှိနိုင်ပေ။

ယင်း အမှန်သဘောတရားကို သဘော ပေါက်လာသည်နှင့် တပြိုင်နက်၊ လက်ခံလာသည်နှင့် တပြိုင်နက် ဘုရားသခင် တဦးဦးအား ယုံကြည် ကိုးကွယ်ခြင်းသည် မဖြစ်နိုင်တော့ပေ။ ထိုအချိန်မှ စ၍ လူသည် စိတ်ကူးထဲက ဘုရားသခင် တဦးဦးအား ကျေနပ်နှစ်သိမ့်စေသည့် ကြိုးပမ်းအားထုတ်မှုများကို ငြီးငွေ့ သွားပြီးလျှင် မိမိ၏ ရှိသမျှ အချိန်နှင့် ရှိသမျှ အစွမ်းသတ္တိကို ဤကမ္ဘာလောက၏ အကြောင်းအရာများ၌ သာလျှင် အသုံးချပေလိမ့်မည်။ ဆုတောင်း ပတ္တနာ ပြုခြင်းအားဖြင့် မိမိ အလိုဆန္ဒ ပြည့်ဝရန် ဟူသော မျှော်လင့်ချက်ကို စွန့်ပယ်ပစ် ပေလိမ့်မည်။ အနာဂတ် နိုင်ငံမှ မရေရာမှုသည် ပျောက်ကွယ်သွားပြီးနောက် လူသည် သဘာဝအပေါ်၌ အနိုင်ရရှိသော တချပြီး တခု အောင်မြင်မှုများကြောင့် အားတက်သရော ဖြစ်လာပြီးလျှင် လွဲမှားသော အယူအဆများကို ယုံကြည်

http://mmteashop.com

လက်ခံသူများ မည်သည့် အခါမျှ မရရှိသည့် ကြီးကျယ်သော အောင်မြင်မှုကို ရရှိပေလိမ့်မည်။

လူသားတို့၏ အရေးအခင်း၌ မည်သည့် အနန္တတန်ခိုးရှင်က အနှောင့်အယှက် ပြုလုပ်နိုင်လိမ့်မည် မဟုတ်ပေ။ ဘုရားသခင်သည် လူမျိုးအသီးသီး သို့မဟုတ် ပုဂ္ဂိုလ်တဦးစီ၏ လုံခြုံရေး ပျက်စီးရေးကို ပြုလုပ်သည်ဟူ၍ ယုံကြည်ကြတော့မည် မဟုတ်ပေ။ ဘာသာတရား အစဉ်အလာနှင့် ဘက်လိုက်မှုများမှ လွတ်ကင်းသည့် သိပ္ပံပညာသည် အမြင့်ဆုံးသော နေရာကို ရရှိသွားပေလိမ့်မည်။ လူ၏ အသိဉာဏ် သည် အနှောင်အဖွဲ့မှ လွတ်ကင်းသွားပြီးလျှင် အသစ် အသစ်များကို ရှာဖွေ စူးစမ်းပေလိမ့်မည်။ ထို့နောက် မိမိ ရရှိသည့် အကျိုးအာနိသင်ကို အကြောက်အရွံ့ ကင်းမဲ့စွာ ကြေညာရဲပေလိမ့်မည်။

အကယ်၍ အနန္တ တန်ခိုးရှင်သည် ပုဂ္ဂိုလ်အသီးသီး လူမျိုး အသီးသီးတို့၏ ကံကြမ္မာကို ဖန်တီးသည် ဟူသော အချက်ကို လက်ခံလိုက်လျှင် ရာဇဝင်သမိုင်း တခုလုံးသည် သွေးချင်းချင်းနီသည့် ရက်စက်ကြမ်းကြုတ်သော ပြဇာတ်တခု အသွင် အဖြစ် ပြောင်းလဲသွားတန်ရာသည်။ တခေတ်ပြီး တခေတ် - ခေတ်အဆက်ဆက်၌ အင်အားရှိသူက အင်အားမဲ့သူကို ဖနှောင့်ဖြင့် နင်းချေသည်။ စိတ်ထား ယုတ်မာလျက် အညာတာ မဲ့သူများသည် ရိုးသားသူများအား ကျွန်လုပ်ခဲ့ကြသည်။ လူ့သမိုင်း တလျောက်၌ မည်သည့် ဘုရားသခင်ကမျှ ဘယ်တုန်းကမှ မည်သူ့ကိုမျှ အကူအညီ မပေးခဲ့ပေ။

ယခု အခါတွင် လူသည် ဘုရားသခင်တဦးဦးထံမှ မျှော်လင့်ချက်ကို မထားသင့်တော့ပေ။ ဘုရားသခင်၌ ကြားနိုင်သည့် နားမရှိ ဟူ၍ရှင်း၊ တစုံတဦးအား အကူအညီ ပေးနိုင်သည့် လက်မရှိဟူ၍ရှင်း၊ အောက်မေ့သင့်လေသည်။ ပစ္စုပ္ပန်သည် အတိတ်၏ မချွတ်ဖြစ်လာရမည့် အသီးအပွင့် ဖြစ်သည်။ မည်သည့် အရာမျှ ရှောင်တခင် ဖြစ်ပေါ်မလာပေ။ ဖြစ်ပေါ်လည်း မလာနိုင်ပေ။

http://mmteashop.com

အကယ်၍ ကမ္ဘာလောက၏ အဆိုးများ ပျောက်ပျက်သွားမည် ဆိုလျှင် ထိုအဆိုးများကို လူကသာလျှင် ဖျောက်ဖျက်ခြင်း ဖြစ်ပေလိမ့်မည်။ အကယ်၍ ကျေးကျွန်သည် ကျေးကျွန်အဖြစ်မှ လွတ်မြောက်သွားသည် ဆိုလျှင် ထိုကျေးကျွန်တို့အား လူကသာ ကျေးကျွန်ဘဝမှ လွတ်မြောက်အောင် ပြုလုပ်ခြင်း ဖြစ်ပေလိမ့်မည်။ အကယ်၍ အသစ် အသစ် ဖြစ်သော အမှန်တရားကို တီထွင်ပြုလုပ်သည် ဆိုလျှင် လူကသာ တီထွင်ပြုလုပ်ခြင်း ဖြစ်ပေလိမ့်မည်။ အကယ်၍ အဝတ်ချို့တဲ့သူ အဝတ်ရလျှင်၎င်း၊ အစားချို့တဲ့သူများ အစားရလျှင်၎င်း၊ အကယ်၍ အလုပ်သမား အတွက် သူနှင့် ထိုက်တန်သည့် လုပ်ခရလာလျှင်၎င်း၊ အကယ်၍ လွဲမှားသော ယုံကြည်ချက်များမှ လွတ်မြောက်မှု ရရှိလျှင်၎င်း၊ အကယ်၍ ခိုကိုးရာမဲ့သူများ အတွက် ကာကွယ် စောင့်ရှောက်မှု ဖြစ်ပေါ်လာလျှင်၎င်း၊ ယင်း အရာအားလုံးသည် လူ၏ အလုပ်များသာလျှင် ဖြစ်ပေလိမ့်မည်။ အနာဂတ်၏ အောင်ပွဲဟူသမျှသည် လူ၏ ကြိုးပမ်းမှုကြောင့်သာလျှင် ဖြစ်ပေလိမ့်မည်။

ယင်းသို့ ဖြစ်သော်လည်း လူသည် ယခုအထိ သဘာဝမှ အပ ဖြစ်သော၊ သဘာဝမှ သီးခြား ကင်းလွတ်သော အစွမ်းသတ္တိ တခုခု ရှိသည်ဟု ယုံကြည်နေတုန်း ရှိသေးသည်။ သူသည် ရှိခိုးပူဇော်ခြင်း၊ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ ဆုတောင်းပတ္ထနာ ပြုခြင်း၊ ယဇ်ပူဇော်ခြင်းများဖြင့် ထိုအစွမ်းသတ္တိထံမှ အကူအညီကို ရရှိရန်အတွက် ကြိုးပမ်း အားထုတ်လေသည်။ မှော်အတတ်ပညာ အားလုံးသော ထိတ်လန့်ကြောက်ရွံ့ဖွယ် အရာများမှာ သဘာဝ၏ စည်းမျဉ်း ဥပဒေများမှ အချင်းခပ်သိမ်း လွတ်၍ နေသော သဘာဝမှ အပဖြစ်သည့် အလွန်နိမ့်ကျသော သဘော ရှိသော သက်ရှိ တဦးဦး ရှိသည်ဟူ၍ ယုံကြည်ခြင်း၏ အကျိုးတရားပင် ဖြစ်လေသည်။ ယင်းသို့အားဖြင့် အားလုံးသော ဘာသာတရားတို့၌ ရှိသော လွဲမှားသော ယုံကြည်ချက်၏ အခြေခံသည်လည်း အစွမ်းသတ္တိ နှစ်မျိုး တည်ရှိမှုကို ယုံကြည်လေသည်။ အစွမ်းသတ္တိ နှစ်မျိုးမှာ - အလိုရှိလျှင် ရှိသလို ကမ္ဘာလောက၌ ပြောင်းလဲမှုကို ပြုလုပ်နိုင်စွမ်းရှိသည် ဆိုသော အစွမ်းသတ္တိနှင့် ကောင်းသော အစွမ်းသတ္တိ နှစ်မျိုးထဲက တမျိုးအား ကျေနပ်မှု ရရှိစေရန်နှင့် ကျန်တမျိုး၏ အမျက်ဒေါသမှ လွတ်ကင်းရန်အတွက် လူသားတို့၏ ကြိုးပမ်းအားထုတ်ခြင်း

http://mmteashop.com

ရာဇဝင်သမိုင်းမှ တပါး အခြား ဘာတခုမျှ မဟုတ်ပေ။ အစွမ်းသတ္တိ နှစ်မျိုးလုံးပင် လူတို့၏ နှလုံးထဲ၌ ကြောက်ရွံ့ ထိတ်လန့်ခြင်းကို ဖြစ်ပေါ်စေသည်မှ တပါး အခြား မည်သည့် အရာကိုမျှ မပြုလုပ်ပေ။ တစ္ဆေသရဲ၏ ထိတ်လန့်ဖွယ် အပြုံးနှင့် ဘုရားသခင်၏ အမျက်သည် ညီတူညီမျှပင် ကြောက်မက်ဖွယ် ကောင်းလေသည်။

လူသည် မိမိကိုယ်ကို မိမိ ယုံကြည်တတ်ဘို့ သင်ကြားသင့်လေသည်။ ဓမ္မကျမ်းဂန်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် ခိုက်ခိုက်တုန်နေရသည့် အချက်ကို မကာကွယ်နိုင်ပေ။ အိမ်၊ မီး၊ အဝတ်များသည်သာလျှင် အချမ်းကို အကာအကွယ် ပေးနိုင်ပေလိမ့်မည်။ အငတ်ဘေးမှ အကာအကွယ် ပြုရန်အတွက် ဘာသာတရား၏ အဆုံးအမ သိန်းသန်းများစွာထက် ထွန်တတုံးက ပို၍ အသုံးဝင်ပေသည်။ ကမ္ဘာဦးမှစ၍ ရှိခိုး ဆုတောင်းလာသည့် ဆုတောင်းပတ္တနာ ဟူသမျှသည် သာမန် ဆေးတခွက် လောက် အနာရောဂါများကို ပျောက်ကင်းအောင် မစွမ်းဆောင်နိုင်ပေ။

မပြတ်မသား မြင်ရသော ရှေးအတိတ်ကာလ၌ လူသည် ပြောမပြနိုင် လောက်သည့် ဆင်းရဲဒုက္ခကို ခံစားခဲ့ရသည်။ ဆင်းရဲဒုက္ခ အများဆုံးခံရသူများမှာ အားနည်းသူ ရိုးသားသူများ ဖြစ်ကြသည်။ မိန်းမတို့အား အဆိပ်ရှိသည့် တိရစ္ဆာန်များ အသွင်ကဲ့သို့ ဆက်ဆံပြုမူကြသည်။ ကလေး သူငယ်များအား အဆိပ်ရှိသည့် ပိုးမွှား အသွင်ကဲ့သို့ ခြေထောက်ဖြင့် နင်းချေကြသည်။ သားငယ်ကလေးများကို မြွေများအား ဆက်သကြသည်။ လူမျိုးများစွာတို့သည် ရာစုနှစ်များစွာအထိ ကျွန်ဘဝဖြင့် နေခဲ့ကြ ရသည်။ ယင်းအဖြစ်မျိုးများသည် နေရာ အနှံ့အပြားတွင် ရှိခဲ့ပြီး မည်မျှများပြား သနည်းဆိုလျှင် စကားဖြင့် ထုတ်ဖေါ်ပြေပြခြင်းငှာပင် မစွမ်းနိုင်ပေ။ ယင်းအချိန်ကာလ တလျှောက်၌ ဒုက္ခသယ်များသည် ဆုတောင်းပတ္တနာပြုခဲ့ကြသည်။ အငတ်ဘေး တွေ့ကြုံနေရသူများသည် တောင်းခံခဲ့ကြသည်။ သို့ရာတွင် "နတ်" သည် အခါခပ်သိမ်းပင် နားပင်းနေခဲ့သည်။ မျက်စိကန်းနေခဲ့သည်။

နတ်သည် လူအတွက် ဘာများအသုံး ဝင်သနည်း။

http://mmteashop.com

လူ၏ ဉာဏ်ကျောက်အား အနှောင်အဖွဲ့မှ ပထမဦးဆုံး လွတ်အောင် ပြုလုပ်သည့် အရာများကာ ကမ္ဘာပေါ်ရှိ ကမ္ဘာ့နိယာမတရားများ၊ အခြေအနေများ၊ အချိန်ကာလ တိုင်းတာမှု တီထွင်ချက်များပင် ဖြစ်ဘို့ ရှိလေသည်။ ကမ္ဘာလောက၌ ဖြစ်ပျက်သည့် အဖြစ်အပျက်များသည် လူနှင့် မလွဲမသွေ ဆက်စပ်မှု ရှိသည် ဟူသော အချက်ကို လူသည် သံသယ ရှိလာသည်။ မိမိ ဘာလုပ်လုပ် နက္ခတ် တာရာ ဂြိုဟ်သွား ဂြိုဟ်လာများမှာ သူ့ အတိုင်းပင်း ရှိသည်ကို သိမြင်လာသည်။ သူ့ အချိန်နှင့် သူသာလျှင် နေကြတ်ခြင်း လကြတ်ခြင်းများ ဖြစ်ပေါ်လျက် ကြယ်တံခွန် များမှာလည်း သူ့ အချိန်နှင့် သူကျမှသာလျှင် မြင်ရလေသည်။ သို့ဖြစ်၍ နေကြတ်ခြင်း၊ လကြတ်ခြင်း၊ ကြယ်တံခွန်ကို မြင်ရခြင်းများသည် သူနှင့်ငင်း၊ သူ၏ အကျင့်စာရိတ္တနှင့်ငင်း၊ မည်သို့မျှ မပတ်သက် မဆက်သွယ်ဟု ယုံကြည်လာလေသည်။ ထိုအရာများကြောင့် သူသည် မည်သို့မျှလည်း အကျိုးမယုတ်၊ မည်သို့မျှလည်း အကျိုးမရှိဟူ၍ သဘော ပေါက်လာသည်။ ယင်းသို့ အားဖြင့် ထိုအရာများအား ကြောက်ရွံ့ထိတ်လန့်သည့် စိတ်သည် ကွယ်ပျောက်သွားလေသည်။ အစာရေစာ ငတ်မွတ် ခေါင်းပါးခြင်းသည် ဘုရားသခင်၏ အမျက်ဒေါသကြောင့် မဟုတ်ဘဲ လူ၏ နမော်နမဲ့ နိုင်ခြင်း၊ မသိနားမလည်ခြင်း တို့ကြောင့် သာလျှင် ဖြစ်ပေါ်ခြင်း ဖြစ်၏ဟု သိမြင်လာလေသည်။ အနာရောဂါသည် တစ္ဆေသရဲများကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ဟူ၍လည်း အသိတရား ဝင်လာလေသည်။ အနာရောဂါများသည် သဘာဝအကြောင်းများ ကြောင့်သာလျှင် ဖြစ်ပေါ်လာခြင်း ဖြစ်၍ သဘာဝ နည်းဥပါယ်များဖြင့်သာလျှင် ကုစား၍ ရနိုင်သည်ဟူသော အချက်ကို စုံစမ်းသိရှိလာသည်။ ဆုတောင်း ပတ္ထနာ ပြုခြင်းသည် ဆေးဝါး တခုခု မဟုတ်ဟူသော အချက်ကို နားလည်လာသည်။ ဆင်းရဲဒုက္ခ အပြည့်ရှိသော အတွေ့အကြုံများ၏ အကျိုးအာနိသင်ကြောင့် နတ်ဒေဝတာသည် မိမိအတွက် ဘာမျှ အသုံးမဝင်ဟူသော အချက်ကို လူသည် လက်ခံလာလေသည်။ နောက်ဆုံး၌ မိမိ၏ အကျင့်စာရိတ္တသည် ကောင်းကင် တခွင်၌ ဖြစ်ပျက်သည့် ထူးခြား ဆန်းကြယ်သည့် အဖြစ်အပျက်များနှင့် မပတ်သက် မဆက်နွယ်ဟူသော အချက်ကို သူသည် သိမြင် နားလည်လာလေ၏။ သူ

http://mmteashop.com

ဘယ်လောက်ပင် ဆိုးဆိုး မှန်တိုင်း၏ အကြောင်း မဖြစ်နိုင်ပေ။ ဘယ်လောက်ပင် ကောင်းကောင်း မည်သည့် မှန်တိုင်းကိုမျှလည်း မတားဆီး မပိတ်ပင်နိုင်ပေ။

ရာစုနှစ် များစွာ စဉ်းစား ဆင်ခြင်လာခဲ့ပြီးသည့် နောက်မှ ပုရောဟိတ် တဦးဦး ပါးစပ်လှုပ်ရုံမျှနှင့် မြေလျှင် လှုပ်မလာနိုင်ဟူသော အချက်ကို လူသည် နားလည် သဘောပေါက်လာခဲ့သည်။ တခါတရံ လူကောင်းသူကောင်းများ အပေါ်၌ မိုးကြိုးခပြီး လူဆိုးသူဆိုးများက လွတ်သွားသည်ကို လူသည် တအံ့တသြ တွေ့ရသည်။ အခါခပ်သိမ်း အမှန်တရားက အနိုင်မရသည်ကိုလည်း လက်ခံလာရသည်။ ဘာသာမဲ့ တရားမဲ့ "မိစ္ဆာဒိဋ္ဌိ" တဦးဦးသည် အလွန်တရာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နေသည်ကိုလည်း တခါတရံ တအံ့တသြ တွေ့ရသည်။ မိမိဂါထာမန္တာန်ကို ရွတ်ဖတ် သရဇ္ဈာယ်ခြင်းကြောင့် ကမ္ဘာလောက၌ တစုံတခု ပြောင်းလဲမှု ရှိနိုင်သည်ဟူသော အချက်ကိုလည်း သံသယ ရှိလာလေသည်။ ဘာသာတရားနှင့် တရားမျှတမှု နှစ်ခု၌ ကြီးမားသော ခြားနားချက်ကိုလည်း တွေ့လာလေသည်။ ဘုရားသခင် တခုတည်းကိုသာ ကိုးကွယ်ကြသူများ တဦးနှင့်တဦး ခုတ်ထစ်သတ်ဖြတ် ကြသည်ကိုလည်း မြင်လာလေသည်။ နောက်ဆုံးတွင် ကမ္ဘာလောက၏ အဖြစ်အပျက်များ၌ ဘုရားသခင် တဦးဦး၏ မည်ကဲ့သို့သော စွက်ဖက်မှုမျှ မရှိဟူ၍ ရဲရဲဝံ့ဝံ့ တွေးတော စဉ်းစားလာလေ၏။ လူသည် အချက်အလက်အချို့ကို သိမြင်လာသည်။ ထိုအချက်အလက်များသည် သူ၏ ဘိုးစဉ်ဘောင်ဆက်က ယုံကြည် လာခဲ့သော လွဲမှားသော ယုံကြည်ချက်များနှင့် မည်သည့်နည်းနှင့်မျှ မကိုက်ညီ နိုင်ဟူသည့် အချက်ကို သဘောပေါက်လာလေသည်။ အချို့ အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဓမ္မကျမ်းဂန်များ၌ ပြောပြထားသည့် အချက်အလက်များ မှန်ကန်မှု မရှိကြောင်း သိရသော အခါ ထိုဓမ္မကျမ်းဂန်များ အပေါ် ယုံကြည်မှု လျော့ပါး သွားလေသည်။ အချို့သော အကြောင်းအရာများနှင့် စပ်လျဉ်း၍ ပုရောဟိတ်များ သို့မဟုတ် သာသနာ့ ဝန်ထမ်းများ အပေါ် ရှိသေလေးစားမှု နည်းပါးသွားလေသည်။ ဤကား စိတ်လွတ်လပ်မှု၏ အစပင် ဖြစ်လေသည်။

http://mmteashop.com

ဘာသာတရား သို့မဟုတ် ယုံကြည်ကိုးကွယ်မှု၏ အစွမ်းသတ္တိသည် အကြင်မျှလောက် လျော့ပါး အားနည်းသွား၏။ ထိုမျှလောက်ပင် လူ၏ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုသည် လူ့အနေဖြင့် မည်မျှလောက် လွဲမှားသော ယုံကြည်ချက် အဟောင်းကို ပယ်စွန့်လျက် အမှန်တရားသစ်ကို လက်ခံသနည်း ဟူသော အတိုင်းအတာ ပေါ်၌ အခြေတည်နေပေသည်။ ဘာသာတရားသည် လူအား မည်သည့် အခါကမျှ ယင်းကဲ့သို့သော ပြောင်းလဲမှုမျိုးကို မပြုလုပ်စေခဲ့ပေ။ ထိုသို့ မပြုလုပ်ရန် စွမ်းအားရှိသမျှ အသုံးချလျက် ပိတ်ပင် တားမြစ်ခြင်းကိုပင် ပြုလုပ်ခဲ့လေသည်။

ကမ္ဘာပေါ်၌ ဘာသာတရားအတွက် ဖြစ်ပွားခဲ့သော စစ်ပွဲများကြောင့်၊ ထိုစစ်ပွဲများတွင် စီးဆင်းခဲ့သော သွေးချောင်းများကြောင့် ဘာသာတရားသည် နာခေါင်း ရှုံ့စရာ ဖြစ်လာခဲ့လေသည်။ မိမိကို ယုံကြည် ကိုးကွယ်သူများအား တခြားသူများအပေါ် စိုးမိုးအုပ်ချုပ်ခွင့်ကို ပေးသော ဘာသာတရား အပေါ်၌ ဆင်ခြင် အစဉ်းစားနှင့် ပြည့်စုံသူများသည် စိတ်ဒွိဟ ဖြစ်လာကြလေသည်။

ခေတ် အဆက်ဆက်အထိ ကြောက်မက် ထိတ်လန့်ဖွယ်ကောင်းသော တိုက်ပွဲကြီးတခု ဖြစ်လာခဲ့လေသည်။ တဖက်တွင် အဆင်ခြင် အစဉ်းစားနှင့် ပြည့်စုံသည့် သူရသတ္တိရှိသူ ယောက်ျား မိန်းမ အချို့ ရှိလျက် အခြားတဖက်၌မူ ထုထယ်ကြီးမားသော အသိဉာဏ် ခေါင်းပါးသည့် ဘာသာရေး လူထုကြီး ရှိနေသည်။ ယင်းနှစ်သင်း နှစ်ပက္ခ၏ အကြားတွင် ဖြစ်ပွားသော စစ်ပွဲကြီး ဖြစ်လေသည်။ ယင်းစစ်ပွဲသည် အမှန်စင်စစ်အားဖြင့် သိပ္ပံပညာနှင့် ယုံကြည်ကိုးကွယ်မှု၏ အကြားတွင် ဖြစ်ပွားသော စစ်ပွဲကြီးပင် ဖြစ်လေသည်။ လူနည်းစုများက လူ၏ ဆင်ခြင်တွေးခေါ်မှုကို ကိုယ့်ကိုယ်ကို အားကိုးမှုကို၊ တရားမှုကို၊ လွတ်လပ်မှုကို၊ အသိဉာဏ်ကို၊ ဤမျက်မှောက် လောက၌ ရှိသော ချမ်းသာ သုခကို ဦးစားပေးကြသည်။ လူများစုတို့ကမူ လွဲမှားသော ယုံကြည်ချက်ကို၊ ကြောက်ရွံ့ ထိတ်လန့်ခြင်းကို၊ တန်ခိုးပြာဋိဟာများကို၊ အဆန်းတကြယ် ဖြစ်ခြင်းများကို၊ ကျေးကျွန် အဖြစ်ကို၊ မသိနားမလည်ခြင်းကို၊ အနာဂတ်တွင် ခံစားရသည့်

http://mmteashop.com

ဆင်းရဲဒုက္ခများကို ဦးစားပေးကြသည်။ လူနည်းစုက "စဉ်းစားဆင်ခြင်ပါ" ဟု ပြောသည်။ လူများစုက "ယုံကြည်ပါ" ဟု ပြောသည်။

လူတို့ "အတိတ်" ဟု ခေါ်သည့် အဆုံးမရှိသော သုသာန် သချိုင်း၌ ဘာသာတရားများနှင့် ၎င်းတို့၏ နတ်ဒေဝတာများသည် အားလုံးလိုလိုပင် မြေမြှုပ်သင်္ဂြိုဟ်ခြင်း ခံခဲ့ကြလေပြီ။ အိန္ဒိယပြည်၏ ရှေးဟောင်း ဘာသာရေး အဆောက်အဦများသည် အပျက်အစီး အယိုအယွင်းမျှသာလျှင် ကျန်ရှိကြတော့သည်။

မိုးပေါ်က နတ်ဒေဝတာတို့၏ အကြောင်း အတ္ထုပ္ပတ်များသည် တခုပြီးတခု တိမ်မြုပ်သွားကြလေပြီ။ ကြောက်ရွံ့ထိတ်လန့်ဖွယ် ကောင်းသည့် "သရဲတစ္ဆေ" များလည်း တဦးပြီး တဦး ပျောက်ကွယ်သွားကြလေပြီ။ ၎င်းတို့၏ နေရာ၌ မှန်သော အရာများသည် တခုပြီးတခု ရောက်ရှိလာခဲ့လေပြီ။ သဘာဝမှ အပဖြစ်သော အရာဟု ထင်မှတ်ခြင်း ခံရသည့် အရာသည် တနည်း တဖုံအားဖြင့် ချုပ်ငြိမ်းသွားလေပြီ။ ယခုအခါတွင် သဘာဝနှင့် စပ်ဆိုင်သော အရာသည်သာလျှင် ထင်ရှားရှိနေသည်။ နတ်ဒေဝတာတို့သည် ယခုအခါတွင် ထွက်ပြေးကြလေပြီ။ လူသာလျှင် ကျန်ရှိလေတော့သည်။

လူပုဂ္ဂိုလ်များ ကဲ့သို့ပင် လူမျိုးတို့သည်လည်း နုပျိုသည့် အချိန်တွင် နုပျိုသည်။ ကြီးရင့်ရမည့် အချိန်တွင် ကြီးရင့်လာသည်။ ဇရာပိုင်းသို့ ရောက်လာရမည့် အချိန်တွင် ဇရာပိုင်းသို့ ရောက်လာသည်။ ဘာသာတရားများသည် ထိုနည်း အတိုင်းပင် ဖြစ်သည်။ အနိစ္စသဘောတရား၏ ယင်း ဥပဒေ နိယာမ၌ မည်ကဲ့သို့သော ချွင်းချက်မျှ မရှိပေ။ အကြင်လူမျိုးတို့သည် အကြင် နတ်ဒေဝတာတို့ကို ဖန်ဆင်း ပြုလုပ်၏။ ထိုလူမျိုးတို့နှင့်တကွ ထိုနတ်ဒေဝတာတို့၏ ပျက်စီး ပျောက်ကွယ်ခြင်း သည်လည်း မချွတ် ဖြစ်ရမည့် အရာ ဖြစ်လေသည်။ ထိုနတ်ဒေဝတာများကို လူတို့က မွေးဖွားခဲ့သည် လူတို့နှင့် အတူတကွ သာလျှင် ထိုနတ်ဒေဝတာ တို့သည်လည်း ဇာတ်သိမ်းသွားရမည် ဖြစ်လေသည်။ တနေ့ထက် တနေ့ ဘာသာရေးဆိုင်ရာ စိတ်ကူးများ၏ အရောင်သည် မှေးမှိန် ဖြော့တော့လာလေပြီ။ ဘာသာတရားဆိုင်ရာ

http://mmteashop.com

ကျမ်းဂန်များနှင့် ဝါဒအယူအဆတို့၏ ရှေးဟောင်း "ဝိဉာဉ်" သည် တစတစနှင့် ချုပ်နေလေပြီ။

ဆင်ခြင်စဉ်းစားခြင်း၊ မျက်စိဖွင့်ကြည့်ခြင်း၊ စူးစမ်း စစ်ဆေးခြင်းဟူသော သိပ္ပံပညာ၏ ယင်း "သုံးပွင့်ဆိုင်" သည် ချမ်းသာသုခအတွက် ကြိုးပမ်း အားထုတ်ခြင်းသည် သာလျှင် တခုတည်းသော ဘာသာတရားဖြစ်ကြောင်း၊ ချမ်းသာသုခနှင့် ပြည့်စုံဘို့ရန် အချိန်အခါသည်လည်း ယခု အချိန် အခါပင် ဖြစ်ကြောင်း၊ ထို့ပြင် ချမ်းသာသုခနှင့် ပြည့်စုံဘို့ရန်အတွက် တခုတည်းသော နည်းလမ်းမှာလည်း တခြား ပုဂ္ဂိုလ်များအား ချမ်းသာသုခနှင့် ပြည့်စုံအောင် ပြုမူခြင်းပင် ဖြစ်ကြောင်းများကို ကျွန်ုပ်တို့အား ညွှန်ပြ သင်ကြားလေသည်။ ကျွန်ုပ်တို့သည် ယင်းယုံကြည်ချက်ကို ရင်မှာ ပိုက်လျက် အားရ ကျေနပ်စွာဖြင့်ပင် အသက်ရှင်နေနိုင်သည်။ သေနိုင်သည်။ အကယ်၍ တချိန်ချိန်၌ သဘာဝမှ အပဖြစ်သော သဘာဝမှ သီးခြားကင်းလွတ်သည့် တစုံတခုသော အစွမ်းသတ္တိ၏ တည်ရှိမှုသည် ထင်ရှား သိသာလာမည် ဆိုပါမူ ထိုအစွမ်းသတ္တိ၏ ရှေ့မှောက်၌ ဒူးထောက်ရန်အတွက် ကျွန်ုပ်တို့၏ အထံ၌ အချိန်များစွာရှိလေသည်။ ထိုအချိန် ထိုကာလအထိမူ ကျွန်ုပ်တို့သည် မတ်မတ်ပင် ရပ်နေရပေလိမ့်မည်။

ဘာသာ မရှိ တရားမရှိဟု အခေါ်ခံရသူများသည် မည်သည့် အခါ၌မဆို လူ၏ အခွင့်အရေး အတွက် တိုက်ပွဲဝင်လာခဲ့ကြသည်။ သူတို့သည် အခါခပ်သိမ်း လွတ်လပ်မှုနှင့် တရားမှုဘက်မှ ရဲရဲဝံ့ဝံ့ ထောက်ခံအားပေးသူများ ဖြစ်ကြသည်။ သို့ရာတွင် သူတို့အား အဖျက်သမားများသာ ဖြစ်သည်ဟူ၍၎င်း၊ အသစ်တီထွင် ဖန်တီးသူများ မဟုတ်ဟူ၍၎င်း၊ ဘာသာရေး သမားများက အစဉ် မပြတ် ပြစ်တင် ရှုပ်ချလာခဲ့ကြလေသည်။

တရံရောအခါက ဆရာဝန်တဦးသည် ခြေမသန်သူ တဦးအား အစွမ်းရှိသမျှ အကူအညီ ပေးလိုသည့် ဆန္ဒ ပေါ်လာသေး၏။ ထိုဆရာဝန်သည် ရောဂါ၏ ဇစ်မြစ်၊ ရောဂါ ဝေဒနာ ပျောက်ကင်းစေသည့် ဆေးအစွမ်း၊ ကိုယ်ကာယ လေ့ကျင့်ခန်း၊ လေ၊ အလင်းရောင်အပြင် တခြားကျန်းမာရေး အကြောင်းများနှင့် စပ်လျဉ်း၍ ကျွမ်းကျင်စွာ



http://mmteashop.com

ညွှန်ကြား ပြောပြလေသည်။ သူ၏ စကားများသည် မည်မျှ ထိရောက်သနည်း၊ မည်မျှ စဉ်းစားစရာများနှင့် ပြည့်ဝနေသနည်း။ မည်မျှ လေးနက်မှန်ကန် နေသနည်း ဟူမှု ခြေမသန်သူသည် လန့်ဖြတ်လျက် အော်လေတော့သည် - "ကျွန်ုပ် ချိုင်းထောက်ကို လုမယူပါနဲ့။ ကျွန်ုပ် ချိုင်းထောက်ကို အမှီသဟဲ ပြုပြီး သွားနေရတယ်။ ချိုင်းထောက်မရှိရင် ကျွန်ုပ် ဒုက္ခ ရောက်ရပါလိမ့်မယ်" ထိုအခါ ဆရာဝန်က ပြန်ပြော၏ - "ကျုပ် သင့်ချိုင်းထောက်ကို လုယူမလို့ မဟုတ်ပါဘူး။ ကျုပ် သင့်ရောဂါဝေဒနာကို ပျောက်ကင်းသွားအောင် ကုမလို့ပါ။ သင့်ရောဂါဝေဒနာ သက်သာပျောက်ကင်းသွားတဲ့ တနေ့ကျရင် သင့်ချိုင်းထောက်ကို သင်ကိုယ်တိုင်ပဲ လွှင့်ပစ်ပါလိမ့်မယ်။

"ဘာသာမဲ့ တရားမဲ့ ပုဂ္ဂိုလ်" များ၏ ဆန္ဒမှာ ကောင်းကင်ပြင်မှ ယုတ္တိ ယုတ္တာမရှိသည့် ဉာဏ်နီ ဉာဏ်နက်များ၏ နေရာတွင် ပထဝီမြေကြီးပေါ်မှ အမှန်တရားများ ရောက်လာစေလိုခြင်းသာလျှင် ဖြစ်လေသည်။ လွဲမှားသော ယုံကြည်ချက်များ၏ နေရာတွင် "သိပ္ပံပညာ" ၏ လျှမ်းလျှမ်းတောက် အောင်မြင်ချက်များ ရောက်လာစေလိုခြင်းသာလျှင် ဖြစ်လေသည်။ ဘာသာရေး အစဉ်အလာများ၏ နေရာ၌ လွတ်လပ်သော တွေးခေါ်ယူဆချက်များ ရောက်လာစေလိုခြင်းသာလျှင် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် အကြောင်းအရာ ဟူသမျှကို သိရှိနားလည် ပြီးပြီ ဟူ၍၎င်း၊ ကျွန်ုပ်တို့၏ အယူအဆများသည် လုံးဝ ဥဿုံ မှန်ကန်မှု ရှိသည် ဟူ၍၎င်း၊ ကျွန်ုပ်တို့ မပြောလိုပေ။ ကျွန်ုပ်တို့သည် လူ၏ တိုးတက်မှုကို အဆုံးအပိုင်း အခြားမရှိဟု ထင်မှတ် ယူဆသည်။ ကျွန်ုပ်တို့သည် သဘာဝနှင့် သဘာဝ အစွမ်း သတ္တိ၏ အပိုင်းအခြား မရှိသော ချည်ထုံး ချည်ခင်ကို မဖြေရှင်းနိုင်ပေ။ အနုမြူမှုန် တမှုန်၏ ရာဇဝင်သမိုင်းသည် ကမ္ဘာလောက တခုလုံး၏ ရာဇဝင် သမိုင်းလောက်ပင် သိဘို့ မလွယ်သည့် အရာဖြစ်လေသည်။ ရေတစက်သည် သမုဒ္ဒရာ တစင်းလုံးနှင့် ညီမျှစွာပင် အံ့ဩဖွယ် အပြည့်ရှိနေသည်။ သစ်ရွက်တစ်ရွက်သည် တတောလုံးနှင့် ညီမျှစွာပင် ထို့ပြင် သဲတပွင့်သည် ကြယ်တာရာတခုလုံးနှင့် ညီမျှစွာပင် အံ့ဩဖွယ် အပြည့် ရှိနေသည်။

http://mmteashop.com

ကျွန်ုပ်တို့သည် အနာဂတ်ကို ချုပ်နှောင်ရန် ကြိုးစားနေသူများ မဟုတ်။ ပစ္စုပ္ပန်ကို အနှောင်အဖွဲ့မှ လွတ်မြောက်စေရန် ဆန္ဒပြင်းထန်နေသူများသာ ဖြစ်လေသည်။ ကျွန်ုပ်တို့သည် မိမိ သားသမီးများ အတွက် ထိတ်တုံးကို ပြုလုပ်နေသူများ မဟုတ်။ ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်များ ကျွန်ုပ်တို့အတွက် ပြုလုပ်ခဲ့သော ထိတ်တုံးများကို ချိုးဖြတ်ပစ်လိုသည့် ဆန္ဒ ပြင်းထန်နေသူများသာ ဖြစ်လေသည်။ ကျွန်ုပ်တို့သည် တတ်သိနားလည်လိုခြင်း၊ စူးစမ်း ရှာဖွေခြင်း၊ ဆင်ခြင်စဉ်းစား ခြင်းများကို ထောက်ခံ အားပေးသူများ ဖြစ်လေသည်။ ကျွန်ုပ်တို့ အနေဖြင့် မိမိတို့ ယခု ရောက်ရှိနေသော အဆင့် မိမိတို့ ယခု ရရှိနေသည့် အကျိုး အာနိသင်ဖြင့် ကျေနပ် အားရမှု မရှိသေးခြင်းသည် ယင်းအချက်၏ သက်သေ သာဓက ဖြစ်လေသည်။

လွဲမှားသော ယုံကြည်ချက် ယူဆချက်များက တံတိုင်း ကာရံထားသော နေရာ၌၊ အပာန့်အတား ပြုလုပ်ထားသော နေရာ၌ သိပ္ပံပညာသည် ဆင်ခြင် စဉ်းစားခြင်း တံခါးကို ဖွင့်ပေးလေသည်။ ကျွန်ုပ်တို့သည် အကြောင်းအရာ ဟူသမျှကို စူးစမ်း လေ့လာပြီးပြီ ဟူ၍ငြင်း၊ ပြဿနာ ဟူသမျှကို ဖြေရှင်း ပြီးပြီဟူ၍ငြင်း၊ မပြောလိုပေ။ သို့ရာတွင် နတ်ဒေဝတာများကို ကြောက်ရွံ့ ထိတ်လန့်ခြင်းထက် လူအများအား ချစ်ခင်ခြင်းက ပို၍ ကောင်းမြတ်သည် ဟူ၍ကား ကျွန်ုပ်တို့ ယုံကြည်လေသည်။ ယုံကြည်ချက် တခု ဝါဒတခုကို တရားသေ ဆုပ်ကိုင် ထားခြင်းထက် ကိုယ်တိုင်ကိုယ်ကျ ဆင်ခြင်စဉ်းစားခြင်း၊ စူးစမ်း ရှာဖွေခြင်းက ပို၍ မြင့်မြတ်သည်။ ဂုဏ် ရှိသည်။ လူသည် ကောင်းကင်က အသက်ဦးဆံပိုင် စွမ်းရည် သတ္တိပိုင်ရှင် တဦးဦးအား ပူဇော်နေသမျှ ကာလပတ်လုံး ပထဝီ မြေပြင်ပေါ်၌ မည်ကဲ့သို့သော လွတ်လပ်မှုကိုမျှ ရရှိနိုင်လိမ့်မည် မဟုတ်ပေ။ ကျွန်ုပ်တို့သည် ကိုယ့်တသက်တာ၌ ဘာမဆို လုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ချက် မထားပေ။ သို့ရာတွင် ကောင်းသော အလုပ်ကို လုပ်နိုင်သလောက် ကျွန်ုပ်တို့ လုပ်လိုသည်။ လူသားတို့၏ တိုးတက်ရေးအတွက် အကျိုးပြုမည့် မည်သည့် အလုပ်ကိုမဆို ပြုလုပ် ဆောင်ရွက်လိုသည့် ဆန္ဒ ကျွန်ုပ်တို့တွင် ရှိသည်။ နတ်ဒေဝတာ သို့မဟုတ် သဘာဝမှ အပဟု ယူဆရသည့် အခြားအစွမ်းသတ္တိ တခုခုသည် ကျွန်ုပ်တို့၏ ရည်မှန်းချက်

http://mmteashop.com

မဟုတ်ပေ။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ လူ၏ ရှင်လန်း ချမ်းမြေ့သော နေရေးထိုင်ရေးပင် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် အနာဂတ်၏ ကြီးကျယ်သော ဗိမာန်ကြီးအတွက် အုတ်မြစ်ကို ချလိုပေသည်။ သို့ရာတွင် ထိုဗိမာန်မှာ နတ်တို့၏ ဗိမာန်မဟုတ်။ လူတို့၏ ဗိမာန်သာ ဖြစ်သည်။ ထိုဗိမာန်၌ လူသား၏ ဘာသာတရားကို တည်ထောင် ဖန်တီးရ ပေလိမ့်မည်။ ကျွန်ုပ်တို့သည် ထိုနေ့ ထိုရက် ဆောလျင်စွာ ရောက်ရှိလာရန်အတွက် အပတ်တကုတ် ကြိုးစား အားထုတ်နေကြသည်။ ထိုနေ့ ထိုရက်၌ လူ့လောက လူ့ဘောင်တွင် တဖက်တွင် ကုဋေသိန်းသန်း ချမ်းသာကြွယ်ဝသူများ ရှိပြီး အခြားတဖက်၌ ဘုန်းတောင်းယာစကားများ ရှိနေခြင်းမျိုးကို တွေ့ရတော့မည် မဟုတ်ပေ။ အမှန်တရားသည် အရောင်မှိန်နေတော့မည် မဟုတ်ပေ။ လွဲမှားသော ယုံကြည်ချက်များ၏ ဦးထိပ်ပေါ်၌ သရဖူတွေ့နေတော့မည် မဟုတ်ပေ။ လူ့လောကအတွက် အသုံးဝင်မည့် အရာများ အတွက် သာလျှင် နေရာရှိသော၊ စူးစမ်း ဆင်ခြင်ခြင်းသည်သာလျှင် ကမ္ဘာလောက၏ ဥကျောက်တည်းဟူသော သီဟာသန ပလ္လင်ပေါ်မှာ တင့်တယ် စမ္ပာယ်လျက် မင်းတကာတို့ထက် မင်း နတ်တကာတို့ထက် နတ် ဖြစ်နေမည် ဖြစ်သော ထိုအချိန် ထိုကာလကိုသာလျှင် ကျွန်ုပ်တို့ စောင့်စား နေပေသည်။

ရာစုနှစ် များစွာအထိ ကမ္ဘာပေါ်၌ နတ်ဒေဝတာများ တန်ခိုးကြီးမား လာခဲ့သည်။ ထို နတ်ဒေဝတာတို့သည် လူ့အသိဉာဏ်တည်း ဟူသော သိန်းငှက်ကို အမှောင်ထဲက လင်းနို့အသွင် ဖန်တီးခဲ့ကြသည်။ ယင်းကဲ့သို့သော အခြေအနေ၌ တိုးတက် ဖြစ်ပေါ်လာရန် မလွယ်ကူပေ။

ကြောက်ရွံ့ခြင်းသည် ဥကျောက်ကို အ,စေသည်။ ထုံထိုင်းစေ၏။ တိုးတက်ခြင်းသည် ရဲရင့်ခြင်း၏ သားသမီး ဖြစ်သည်။ ကြောက်ရွံ့ခြင်းသည် ယုံကြည်၏။ ရဲရင့်ခြင်းသည် စူးစမ်း၏။ ကြောက်ခြင်းသည် မြေကြီးပေါ်၌ ပျားပျား ဝပ်လျက် ဆုတောင်းပတ္တနာပြုလုပ်၏။ ရဲရင့်ခြင်းသည် မတ်မတ်ရပ်လျက် ဆင်ခြင် စဉ်းစား၏။ ကြောက်ရွံ့ခြင်းသည် တောနေ လူရိုင်းအသွင် ဖြစ်၏။ ရဲရင့်ခြင်းသည်

http://mmteashop.com

ယဉ်ကျေးခြင်း၏ အသွင် ဖြစ်၏။ ကြောက်ရွံ့ခြင်းသည် မှော်ပညာ မှော်အတတ်နှင့် တစ္ဆေသရဲတို့၌ အယုံအကြည် ရှိ၏။ ကြောက်ရွံ့ခြင်းသည် "ယုံကြည် ကိုးကွယ်မှု ဘာသာတရား" ဖြစ်၏။ ရဲရင့်ခြင်းသည် သိပ္ပံပညာ ဖြစ်၏။

လွန်ခဲ့သည့် အနှစ် သုံးရာအတွင်း၌ လူ့သမိုင်းတွင် အံ့သြလောက်အောင် ပြောင်းလဲ တိုးတက်လာခဲ့သည်။ လူအချို့၏ တီထွင် ပြုလုပ်မှုတို့ကြောင့်၎င်း၊ လူအချို့၏ ရဲဝံ့သော တွေးခေါ် ဆင်ခြင်မှုများနှင့် ပြောကြားချက် များကြောင့်၎င်း၊ ဆန်းသစ်သော အကြောင်းအရာများကို သိမြင် လာကြသောကြောင့်၎င်း၊ ယင်းသို့ ပြောင်းလဲ တိုးတက်လာခြင်း ဖြစ်လေသည်။

ထို့ပြင် သတိပြုသင့်သည့် အချက်တခုမှာ - အဆိုးတိုင်းတွင် ပျက်စီးရမည့် မျိုးစေ့ဗီဇလည်း တွယ်ကပ်ပါလာသည်။ မမှန်သော တရားသည် အချင်းခပ်သိမ်း အသက်ရှင်နေဘို့ရန်မှာ မလွယ်ကူပေ။ မမှန်သော တရားသည် မှန်ကန်သော အဖြစ်အပျက်၊ မှန်ကန်သော အကြောင်းအရာများနှင့် မည်သည့် အခါမှ ညီညွတ်နီးနှောခြင်း မဖြစ်နိုင်ပေ။ မမှန်သော တရားသည် အခြား မမှန်သော တရား တခုခုနှင့်သာလျှင် ညီညွတ် နီးနှောခြင်း ဖြစ်နိုင်ပေသည်။ မမှန်သော တရား၏ အသက်ရှင်နေရေးမှာ အချိန်ကာလ အတိုင်းအတာနှင့်သာ ဖြစ်သည်။ တခုတည်းသော သစ္စာ သို့မဟုတ် အမှန်တရားသည်သာလျှင် ပျက်စီး ယိုယွင်းခြင်း မရှိဘဲ တည်မြဲနေမည် ဖြစ်သည်။

၁၄၄၁ ခုနှစ်တွင် စာပုံနှိပ်စက် ပေါ်လာလေသည်။ ထိုအချိန်အထိ အတိတ်သည် အုတ်ဂူများ၌ တစုံတခု ရေးထိုးထားခြင်း မရှိသော ကျယ်ပြောလှသည့် သင်္ချိုင်းကြီး တခုသာ ဖြစ်ခဲ့သည်။ အကြင် ဉာဏ်ကျောက်တို့သည် လူတို့၏ အတွေးအခေါ်များကို မွေးထုတ်၏။ ဉာဏ်ကျောက်တို့သည် လူတို့၏ အတွေးအခေါ်များကို မွေးထုတ်၏။ ထိုဉာဏ်ကျောက်တို့နှင့် တကွ ထို အတွေးအခေါ်များ သည်လည်း၊ ပျောက်ကွယ် ဆုံးပါး သွားသလောက်ပင် ဖြစ်ခဲ့ရသည်။ စာပုံနှိပ်စက်သည် အတွေးအခေါ် အယူအဆများ၌ အတောင်ပံ တပ်ပေးသည်။ အတွေးအခေါ် အယူအဆများကို ထိန်းသိမ်း စောင့်ရှောက်ထားသည်။ စာပုံနှိပ်စက်သည်



http://mmteashop.com

လူများအတွက် မိမိတို့၏ နောင်လာနောင်သားများအား အတွေးအခေါ် အယူအဆ တည်းဟူသော ဥစ္စာခနေ၏ အမွေစား အမွေခံ အဖြစ် ဖန်တီးပေးစေခဲ့သည်။

လူတို့သည် စာဖတ်သော အခါ၌ ဆင်ခြင်စဉ်းစားမှု ပြုလာကြသည်။ ဆင်ခြင်စဉ်းစားမှု ပြုသော အခါ တိုးတက်မှု ဖြစ်လာကြသည်။ စာပုံနှိပ်စက် တီထွင် အောင်မြင်ခြင်းသည် တိုးတက်မှု လမ်းကြောင်း၌ ကြီးကျယ်သော ခြေလှမ်းတလှမ်း ဖြစ်သည်။

အကြောင်းမှန် အဖြစ်အပျက်မှန် ဟူသမျှကို သိမြင်ခြင်းသည် လူ၏ လွဲမှားသော ယုံကြည်ချက်များနှင့် မိုးပေါ်မှ နတ်ဒေဝတာများကို ဖယ်ရှား နှင်ထုတ်ပစ်လေသည်။ ချည်စက်ဟူသမျှသည်၎င်း၊ စပါးရိတ်စက် ဟူသမျှသည်၎င်း၊ မီးသင်္ဘော ဟူသမျှသည်၎င်း၊ မီးရထား စက်ခေါင်း ဟူသမျှသည်၎င်း၊ အခြား အင်ဂျင်စက် ဟူသမျှသည်၎င်း၊ ပုံနှိပ်စက် ဟူသမျှသည်၎င်း၊ သံကြိုးရုံ ဟူသမျှသည်၎င်း၊ သိပ္ပံပညာနှင့် တိုးတက်မှုကို ဖြန့်ဖြူးသူများ ဖြစ်ကြသည်။ စက်ရုံ ဟူသမျှသည်၎င်း၊ လူ၏ အသုံးအဆောင်ပစ္စည်း ဟူသမျှ လူကို မြင့်တင်သည့် ပစ္စည်း ဟူသမျှကို ထုတ်လုပ်သည့် အဆောက်အဦ မှန်သမျှသည်၎င်း၊ ဘုရားရှိခိုးကျောင်းများ ဖြစ်ကြသည်။ စာသင်ကျောင်း ဟူသမျှသည် နတ်ကွန်း နတ်ဗိမာန်များ ဖြစ်ကြသည်။

ကမ္ဘာလောက၌ ပညာသင်ကြားခြင်းသည်သာလျှင် အကြီးကျယ်ဆုံးသော ပြောင်းလဲမှုကို ပြုလုပ် ဆောင်စွမ်းသော အရာ ဖြစ်လေသည်။

တစုံတဦးအား သင်ပုန်းကြီး သင်ပေးခြင်းသည် တော်လှန်ရေး တခုကို ဖိတ်ခေါ်ခြင်းပင် ဖြစ်လေသည်။

စာသင်ကျောင်း တခုကို ဆောက်လုပ်ခြင်းသည် ရဲတိုက်တခုကို ဖန်တီးခြင်းပင် ဖြစ်လေသည်။

http://mmteashop.com

စာကြည့်တိုက် ဟူသမျှသည် လက်နက်တိုက်များ ဖြစ်လေသည်။ ထိုလက်နက်တိုက်၌ "တိုးတက်ရေး" အတွက် လက်နက် ခဲယမ်း မီးကျောက် အပြည့်ရှိလေသည်။

ကျွန်ုပ်သည် တီထွင်သူများအား ကျေးဇူးတင်ပါ၏။ အကြောင်းအရာသစ်များကို ရှာဖွေ စူးစမ်းသူများနှင့် ဆင်ခြင် တွေးခေါ်သူများအား ကျေးဇူးတင်ပါ၏။ ကျွန်ုပ်သည် ကိုလမ်ဗတ် (Colambus) နှင့် မေဂျလင် (Magelean) တို့ကို ကျေးဇူးတင်ပါ၏။ ဂယ်လီလီယို (Galilao)၊ ကိုပါနိကပ်စ် (Copernicus)၊ ကပ်ပလာ (Kapler)၊ ဒေဆာတက်စ် (Deseartes)၊ နယူတန် (Newton)၊ လက်ပလက်စ် (Laplas) တို့ကို ကျေးဇူးတင်ပါ၏။ လော့က် (Locke)၊ ဟျူမ် (Home)၊ ဘေကွန် (Bacon)၊ ရှိတ်စပီးယား (Shakespeare)၊ ကန့်တ် (Kant)၊ ဖစ်ချေ (Fichhe)၊ လက်ဘနစ် (Leibnity)၊ ဂေသေ (Gaethe) တို့ကို ကျေးဇူးတင်ပါ၏။ ကျွန်ုပ်သည် ဖုလတန် (Fulton)၊ ဗတ်တ်စ် (Vatts)၊ ဗော်လတာ (Voltn)၊ ဂေါလဗင်နီ (Galbani) တို့ကိုရင်း၊ လျှပ်စစ်ကို လူ့တမန်အဖြစ် ဖန်တီးကြသည့် ဖရင့်ကရင် (Franklin)၊ မိုရိစ် (Morse) တို့ကိုရင်း၊ ကျေးဇူးတင်ပါ၏။ ကမ္ဘာလောကကို အဝတ်အထည်ဖြင့် ဖုံးလွှမ်းပေးသည့် အထည် စက်ကို တီထွင်သော ဥကျောက်ရှင် ကရွန်ပတန် (Crompton) နှင့် အာကရိုက် (Arkwright) တို့ကိုရင်း၊ ကျေးဇူးတင်ပါ၏။ ကမ္ဘာလောကကို တီထွင်သော ဥကျောက်ရှင် ကရွန်ပတန် (Crompton) နှင့် အာကရိုက် (Arkwright) တို့ကို ကျေးဇူးတင်ပါ၏။ ဘုရားရှိခိုး ကျောင်းများ၏ ချွတ်ယွင်းချက်များကို ဆန့်ကျင်ကန့်ကွက်သည့် အတွက် လူသားကို ကျွန်ုပ် ကျေးဇူးတင်ပါ၏။ သို့ရာတွင် တပြိုင်နက်တည်းမှာပင် လွတ်လပ်မှု၏ ရန်သူ ဖြစ်ခြင်းကြောင်း သူ့ကို ရှုတ်ချသည်။ ကျွန်ုပ်သည် သောမတ်စ်ပင်ကို ကျေးဇူးတင်ပါ၏။ အကြောင်းမူကား လူသည် လွတ်လပ်ရေးကို စွဲမြဲစွာ ယုံကြည်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်သည် ရာစုနှစ်တဝက်တိတိ အထိ ဥရောပတိုက်၏ ဥကျောက်ဘုရင် ဖြစ်ခဲ့သည့် ဗော်လတဲယားကို ကျေးဇူးတင်ပါ၏။



http://mmteashop.com

ကျွန်ုပ်သည် ရဲရဲဝံ့ဝံ့ ဆင်ခြင်တွေးခေါ်သူ သူရဲကောင်းများကို ကျေးဇူး တင်ပါ၏။ ၎င်းတို့သည် လွဲမှားသော ယုံကြည်ချက် သံကြိုးများကို ဖြတ်တောက်ခဲ့ သူများ ဖြစ်ကြသည်။ ယခုလည်း ဖြတ်တောက်နေကြသည်။

လူ၏ ချမ်းသာရေးသည်သာလျှင် တခုတည်းသော ကောင်းသော အလုပ် ဖြစ်သည်။ မည်သည့် အရာဝတ္ထုမဆို လူအား ချမ်းသာသင့်လျော် ကောင်းမြတ်သည်။ တန်ဖိုး ရှိသည်။ လူ၏ ကိုယ်နှင့် စိတ် တိုးတက်မှုအတွက် အကြောင်းဖြစ်သော အရာဝတ္ထု ဟူသမျှသည်၎င်း၊ ကျွန်ုပ်တို့အား ကောင်းသော အိမ်၊ ကောင်းသော အဝတ်၊ ကောင်းသော အစားအစာ၊ ကောင်းသော ရုပ်ရှင်၊ ကောင်းသော ဂီတ၊ ကောင်းသော ဉာဏ်၊ ကောင်းသော စိတ်ကို ပေးသော အရာဝတ္ထု ဟူသမျှသည်၎င်း၊ ကျွန်ုပ်တို့အား ကောင်းသော ဇနီးမောင်နှံ၊ ကောင်းသော ကလေးသူငယ်၊ ကောင်းသော နိုင်ငံသား အဖြစ် ဖန်တီးပြုလုပ်သော အရာဝတ္ထုဟူသမျှသည်၎င်း၊ ယင်း အရာဝတ္ထုအားလုံး စုပေါင်းလျက် မွေးဖွားသော အရာကို "တိုးတက်မှု" ဟု ကျွန်ုပ် ခေါ်သည်။

လူသည် သဘာဝ၏ အဆီးအတား အနှောင့်အယှက်များအပေါ်၌ အကြင်မျှလောက် အနိုင် ရရှိ၏။ ထိုမျှလောက်ပင် အောင်မြင်မှု ရရှိလေသည်။ ယင်းလုပ်ငန်းသည် လုပ်အား အားဖြင့်၎င်း၊ အဆင်ခြင် အစဉ်းစား သို့မဟုတ် အကြံဉာဏ် အားဖြင့်၎င်း၊ ထိုနှစ်မျိုး အားဖြင့်သာလျှင် အောင်မြင် ပြီးမြောက်နိုင်သည်။ လုပ်အားသည်သာလျှင် အားလုံး၏ အခြေခံဖြစ်သည်။ လုပ်အား မရှိဘဲနှင့်၊ ကြီးမားသော လုပ်အား မရှိဘဲနှင့် တိုးတက်မှု မဖြစ်နိုင်ပေ။

လုပ်အား အားဖြင့် ထုတ်လုပ် ရရှိသော ပိုလျှံသည့် ကြေးငွေဓန ဖြင့်သာလျှင် စာသင်ကျောင်းနှင့် တက္ကသိုလ်ကျောင်းတိုက်များ တည်ဆောက်ရသည်။ တည်တံ့ အောင် ပြုလုပ်ရသည်။ ယင်း ကြေးငွေဓနမှသာလျှင် ပန်းချီဆရာသည် မိမိ၏ ပန်းချီကားများအတွက်၎င်း၊ ပန်းပုဆရာသည် မိမိ၏ လုပသော ရုပ်တုများအတွက်၎င်း၊ ကဗျာဆရာသည် မိမိ၏ ကဗျာဂီတအတွက်၎င်း၊ အခကြေးငွေ ရရှိသည်။ ပိုလျှံသည့် ကြေးငွေဓနသည်သာလျှင် ကျွန်ုပ်တို့အား စာအုပ်များကို ပေးလေသည်။

http://mmteashop.com

မည်သည့် အရာကို တိုးတက်မှု အစစ်အမှန်ဟု မှတ်ယူရမည် ဆိုသည့် အချက်နှင့် ပတ်သက်၍ ဝိဝါဒ ကွဲပြား နေသည်ကို ကျွန်ုပ်သိသည်။ များစွာသော လူတို့သည် ယခုခေတ် အတွေးအခေါ် အယူအဆများကို အားလုံးသော ချမ်းသာခြင်းနှင့် အားလုံးသော ကောင်းခြင်းကို ဖျက်ဆီးပစ်သည့် အဖျက်အဆီးများဟု ယူဆကြသည်။ များစွာသော လူတို့သည် အတိတ်ကိုသာလျှင် ပူဇော်ကြသူများ ဖြစ်သည်။ သူတို့သည် ရှေးဟောင်းကို ရှေးဟောင်း ဖြစ်သည်ဟူသော အကြောင်း တခုတည်းနှင့် ပူဇော်ကြသည်။ ရှေးခေတ်က ဘုရင်မျိုးမရှိ ဟူ၍၎င်း၊ တရားဓမ္မမျိုး မရှိဟူ၍၎င်း၊ လက်မှုပညာသည်မျိုး မရှိဟူ၍၎င်း၊ တရားဟော ဆရာမျိုးမရှိဟူ၍၎င်း၊ ကဗျာဆရာမျိုး မရှိဟူ၍၎င်း၊ နီတိကျမ်းတတ်မျိုး မရှိဟူ၍၎င်း၊ သူတို့က ပြောကြသည်။ နှစ်ပေါင်း နှစ်ထောင်က စ၍ ဖုံအလိမ့်လိမ့်ကပ်နေသည့် အရာနှင့် တူသော အရာကို သူတို့ ကြည့်မမြင်ကြပေ။ အခြား တချို့ ပုဂ္ဂိုလ်များကမူ ခေတ်ပေါ်ကို ခေတ်ပေါ် ဖြစ်ခြင်း တည်းဟူသော အကြောင်းတခုအတွက် သက်သက်နှင့် မြတ်နိုးကြသည်။

ကျွန်ုပ်တို့သည် မိမိတို့ ဘိုးဘေးဘီဘင်များ၏ ကြီးကျယ်မှုနှင့် ရဲရင့်မှုများ အတွက် ၎င်းတို့အား ကျေးဇူးအထူး တင်ထိုက်ပေသည်။ သို့ရာတွင် တပြိုင်နက် တည်းမှာပင် တစုံတခုသော အကြောင်းအရာကို မိမိတို့ ဘိုးဘွားဘီဘင်များ ပြောကြား ထားခဲ့သည့် အကြောင်းအရာဖြစ်သည်ဟူသော အကြောင်းတခုအတွက် သက်သက်နှင့် လက်မခံဘဲနေသည့် လွတ်လပ်မှုမျိုးလည်း ကျွန်ုပ်တို့တွင် ရှိသင့်ပေသည်။

လုပ်အားကို တိုးတက်မှု၏ အခြေခံဖြစ်သည်ဟု ယူဆခြင်းနှင့် အတူ လုပ်သားသည် လွတ်လပ်သော လူသားဖြစ်သည်ဟူသော အမှန်တရားလည်း ဆက်စပ်၍ နေပေသည်။

အချိန်နည်းနည်းနှင့် အလုပ်များများ လုပ်နိုင်ရေးသည်သာလျှင် လွတ်လပ်သော လုပ်အား၏ အကြီးမားဆုံးသော ပြဿနာ ဖြစ်လေသည်။

ကျေးကျွန်သည် အချိန်များများတွင် အလုပ်နည်းနည်း လုပ်လေသည်။

http://mmteashop.com

လုပ်အား လွတ်လပ်လျှင် ကျွန်ုပ်တို့သည် ငွေကြေးဓနကို ရရှိလိမ့်မည်။ အတွေးအခေါ် လွတ်လပ်လျှင် ကျွန်ုပ်တို့သည် အမှန်တရားကို ရရှိလိမ့်မည်။ နတ်ဒေဝတာများကို ယုံကြည်သူများသည် ကမ္ဘာမြေပြင်ပေါ်၌ သူတို့သာလျှင် ပညာရှိသည်။ သီလ ရှိသည်ဟု ကြွေးကြော်ခဲ့ကြသည်။ သူတို့သည် မိမိတို့က ဆုလာဘ် ရရှိမည် ဖြစ်ပြီး။ မယုံကြည်သူများက အပြစ်ဒဏ် ရရှိလိမ့်မည်ဟု ယူဆကြသည်။

ယင်း ဘာသာရေးသမားများသည် ဆဲ့ကိုးရာစုနှစ်၌ စိတ်နှလုံးနှင့် ဉာဏ်ကို ကျေနပ်မှု ရရှိအောင် ပြုနိုင်ကြပါသလောဟု ကျွန်ုပ် မေးလိုလှသည်။ လူ့အပေါင်းသည် ယင်း ဘာသာရေး သမားများအား ယုံကြည်ပါသလော။

ဘာသာရေးသမားများသည် အမှန်တရား အသစ်ကို ကြိုဆို လက်ခံကြပါသလော။ မိမိတို့၏ ဆန့်ကျင်ဘက်များအား စိတ်ကောင်း နှလုံးကောင်းဖြင့် ဆက်ဆံကြပါသလော။ ၎င်းတို့သည် ရှာဖွေစူးစမ်းသည့် အလုပ်ကို ပြုလုပ်ကြပါသလော။ ၎င်းတို့သည် ကျွန်ုပ်တို့အား ရှေ့သို့ တွန်းပို့ပါသလော။ သို့မဟုတ် နောက်သို့ တုတ်ဆွဲထားပါသလော။

ဘာသာတရား တခုခုသည် ဒုက္ခရောက်နေသည့် သစ္စာဝါဒီ သို့မဟုတ် အမှန်သမား တဦးဦးအား ကာကွယ် စောင့်ရှောက်ဘူးပါသလော။

ဘာသာတရား တခုခုသည် ကြီးကျယ်သော ပြုပြင် ပြောင်းလဲမှု တခုခုကို စတင် လုပ်ခဲ့ဘူးပါသလော။

ဘာသာတရား တခုခုသည် စစ်ကို ဆန့်ကျင်ခဲ့ဘူးပါသလော။

ယုံကြည် ကိုးကွယ်မှု ဘာသာတရားသည် တစုံတဦးအား တခုခု မလုပ်ရန် မတားမြစ် မပိတ်နိုင်ဟု ကျွန်ုပ်တွေးတောခဲ့သည်။ ထိုအချက်နှင့် ပတ်သက်သော ကျွန်ုပ်၏ တွေးတောချက် ယူဆချက်သည် ပြောင်းလဲသွားပြီး ယုံကြည် ကိုးကွယ်မှု ဘာသာတရားသည် သူ့အား တကယ်မဟုတ်သော အယောင်ဆောင် အပြစ်ကို

http://mmteashop.com

မကျူးလွန်ရန်နှင့် တကယ် မဟုတ်သော အယောင်ဆောင် စည်းကမ်း သတ်မှတ်ချက်ကို မဖောက်ဖျက်ရန်မှ တားမြစ် ပိတ်ပင်နိုင်သည်။

လူတစ်ယောက်သည် အခြား လူတစ်ယောက်အား လုပ်ကြံ သတ်ဖြတ်သည်။ ထိုအမှုနှင့် ပတ်သက်၍ သက်သေ ထင်ရှားသည် ဖြစ်၍ သတ်သူသည် မိမိ အပြစ်ကို ဖြောင့်ချက်ပေးလေသည်။

အဘယ်ကြောင့် သတ်သနည်းဟု သူ့ကို မေးလေသည်။

"ငွေလိုချင်လို့"

"ရရဲ့လား"

"ဟုတ်ကဲ့"

"ဘယ်လောက် ရသလဲ"

"ဆဲ့ငါးဆင့်"

"အဲဒီ ပိုက်ဆံကို ဘာလုပ်ပစ်သလဲ"

"သုံးပစ်တယ်"

"ဘာအတွက် သုံးပစ်သလဲ"

"အရက် သောက်ပစ်တယ်"

"သေသူထံမှာ ဘာပစ္စည်းတွေ တွေ့သေးသလဲ"

"ပေါင်မုံ့နဲ့ အသားထည့်ထားတဲ့ ချိုင့်လဲ တွေ့တယ်"

"အဲဒါကို ဘာလုပ်ပစ်သလဲ"

http://mmteashop.com

"ပေါင်မုန့်ကို စားပစ်လိုက်တယ်"

"အသားကို ဘာလုပ်ပစ်သလဲ"

"လွှင့်ပစ်လိုက်တယ်"

"ဘာဖြစ်လို့လဲ"

"အဲဒီနေ့က သောကြာနေ့မို့လို့"

အသိဉာဏ်နှင့် ယှဉ်၍ အမိန့် ဩဇာကို နာခံခြင်းသည် နားလည်မှုနှင့် ပြည့်စုံသည့် လက်ခံသော သဘောတူခြင်းမျှသာ ဖြစ်လေသည်။ မိမိနားလည်သည့် သိသည့် အကြောင်းအရာကို လက်ခံ သဘောတူခြင်းသည် သိသည့် အကြောင်းအရာကို လက်ခံသဘောတူခြင်းသည် သခင်၏ အလုပ် ဖြစ်သည်။ ကျွန်တဦး တယောက်၏ အလုပ်မဟုတ်။ ယင်းအချက်သည် လူအား အထက်သို့ မြှင့်တင်လေသည်။ အောက်သို့ တွန်းမချပေ။

မိမိ လွတ်လပ်စွာ နေရန်အတွက် သူတပါးအားလည်း လွတ်လပ်ရေး ပေးရမည် ဟူသော အချက်ကို သူလည်း နားလည် သဘောပေါက်လေပြီ။ အရှင်သခင် ဖြစ်သူသည် ကျွန်လည်း ဖြစ်သည်။ ဟူသော အချက်ကိုလည်း သဘောပေါက် လာလေပြီ။ အစိုးရ စနစ်သည် ပြည်သူလူထုက ပြည်သူ လူထုအတွက် ဖန်တီးပြုလုပ်သည့် စနစ် ဖြစ်သင့်သည် ဟူ၍၎င်း၊ အားလုံး၏ အခွင့်အရေးသည် ညီတူညီမျှ ဖြစ်သင့်သည် ဟူ၍၎င်း၊ အားလုံး၏ အခွင့်အရေးသည် ညီတူညီမျှ ဖြစ်သည်ဟူ၍၎င်း၊ မည်သူမျှ ဘုရားသခင်ထံမှ မည်ကဲ့သို့သော အခွင့်အရေးမျိုးမျှ မရရှိ ဟူ၍၎င်း၊ မိန်းမ၏ အဆင့်အတန်းသည် ယောကျ်ားနှင့် တန်းတူ ရည်တူဖြစ်သည် ဟူ၍၎င်း၊ လူသည် ဓမ္မသစ်ကျမ်းဂန်များ မပေါ်ခင်ကပင် ရှိခဲ့သည် ဟူ၍၎င်း၊ ယုံကြည်ကိုးကွယ်မှု ဘာသာတရားသည် အတွေးအခေါ်၏ တခုသော အခြေအနေ၊ တခုသော အဆင့်မျှသာ ဖြစ်သည် ဟူ၍၎င်း၊ အားလုံးသော အယူဝါဒများသည် လူများ ဖန်တီး ပြုလုပ်သည့် အရာများသာ ဖြစ်သည် ဟူ၍၎င်း၊ အားလုံးသည် သဘာဝနှင့်

http://mmteashop.com

ပတ်သက်သည့် အရာများသာ ဖြစ်သည် ဟူ၍၎င်း၊ တန်ခိုးပြာဋိဟာ သို့မဟုတ် ဆန်းဆန်းပြားပြား အဖြစ်အပျက်သည် မဖြစ်နိုင်သည့် အရာသာ ဖြစ်သည် ဟူ၍၎င်း၊ ကျွန်ုပ်တို့သည် ကမ္ဘာလောက၏ အစနှင့် အဆုံးကို ဘာမျှ မသိဟူ၍၎င်း၊ မသိအပ် မသိရသည့် အရာများနှင့် ပတ်သက်၍ ကျွန်ုပ်တို့အားလုံးသည် ညီတူညီမျှပင် မသိကြဟူ၍၎င်း၊ လူအားလုံး၌ ဆင်ခြင်စဉ်းစားနိုင်ခွင့် ရှိသည် ဟူ၍၎င်း၊ လူသည် သိမြင် သဘောပေါက်လာလေပြီ။

မှန်ကန်သော တရားဓမ္မသည် လွတ်လပ်မှု ရှိသင့်လေသည်။ ဉာဏ်ကောက် အပြည့်အဝ လွတ်မြောက်မှု မရှိဘဲနှင့် မှန်ကန်သော တရားဓမ္မ မဖြစ်နိုင်ပေ။ ကျေးကျွန်သည် ဦးညွတ်တတ်သည်၊ တွားသွားတတ်သည်။ သို့ရာတွင် မပူဇော် တတ်ပေ။ မချစ်ခင်တတ်ပေ။

မှန်ကန်သော တရားဓမ္မသည် လွတ်လပ်သော၊ ကျေးဇူးသိတတ်သော နှလုံး၏ မွှေးရနံ့ ဖြစ်သည်။ မှန်ကန်သော တရား ဓမ္မသည် ရာဂ ဒေါသ အစရှိသော သဘောတရားများကို အသိဉာဏ်၏ လက်အောက်ခံ ဖြစ်စေလေသည်။ မှန်ကန်သော တရားဓမ္မသည် ဝါဒတခုခု မဟုတ်ပေ။ အကျင့် စာရိတ္တ ဖြစ်လေသည်။ အယူအဆ တခုခု မဟုတ်ပေ။ ဘဝဖြစ်လေသည်။

အကယ်၍ အယူအဆ တခုခု ဝါဒ တခုခုသည် စူးစမ်း စစ်ဆေးခြင်းကို ထိတ်လန့် ကြောက်ရွံ့ပြားအံ့။ ထို အယူအဆ ထိုဝါဒအတွက် လူ၏ ဉာဏ်ကောက်ထဲ၌ နေရာ မထားသင့်ပေ။

ကျွန်ုပ်သည် အားလုံးသော အမှန်တရားကို ပြောပြနိုင်သည်ဟု မဝါကြွားလိုပေ။ လွတ်လပ်ရေးဘက်မှ ရှေ့နေလိုက်ခြင်းစာ ဖြစ်ပေသည်။ ကျွန်ုပ်သည် ကျွန်ဘဝ၏ ကြီးလန့်စာစား ရသည့် အချက်များကို ရှုတ်ချသည်။ ကျွန်ုပ်သည် လူတို့၏ နှလုံးသားအတွက် အလင်းရောင်နှင့် လေကောင်းလေသန့်ကို အလိုရှိသည်။ ကျွန်ုပ်သည် သံကြိုးများကို ဖယ်ရှားပစ်လော့ ဟူ၍၎င်း၊ ထိတ်တုံးများကို ဖြတ်တောက် ပစ်လော့ ဟူ၍၎င်း၊ ခြေလက်အင်္ဂါတို့ကို လွတ်မြောက်အောင် လုပ်လော့ ဟူ၍၎င်း၊

http://mmteashop.com

ဉာဏ်ကောက်ကို လွတ်လပ်အောင် လုပ်လော့ ဟူ၍ရင်း၊ ပြောနေခြင်း ဖြစ်သည်။ ကျွန်ုပ်သည် စဉ်းစားနိုင်ခွင့်၊ ဆင်ခြင်နိုင်ခွင့်၊ ရှာဖွေစူးစမ်းနိုင်ခွင့် ရရှိရေးအတွက် တိုက်ခိုက် နေခြင်း ဖြစ်သည်။ သို့မှသာ အနာဂတ်သည် လူ၏ ရိုးသား တည့်မတ်သည့် အဆင်ခြင် အစဉ်းစား အတွေးအခေါ်များဖြင့် ကြွယ်ဝနေပေလိမ့်မည်။ ကျွန်ုပ်သည် လူတိုင်း လူတိုင်းအား တိုးတက်ရေး တပ်မတော်၏ တပ်သား ဖြစ်ကြပါရန် အနူးအညွတ် တိုက်တွန်း တောင်းပန်ပါသည်။

ကျွန်ုပ်သည် အခြား တစုံတယောက်၏ အခွင့်အရေးကို မကျူးကျော် မတိုက်ခိုက်။ အတွေးအခေါ် လွတ်လပ်မှု လမ်းကြောင်း၌ အခွန်အကောက် ရုံးစိုက်ခွင့် သင့်မှာ မရှိ။ သင် ယုံကြည်လိုသည်ကို ယုံကြည်ပါ။ ဖြန့်ဖြူးလိုသည်ကို ဖြန့်ဖြူးပါ။ ထားလို သမျှ ဘာသာရေး စည်းကမ်းချက်များကို ထားပါ။ ကိုယ့်နည်းနှင့် ကိုယ့် လွတ်လပ်ရေးကို အပြည့်အဝ အသုံးပြုပါ။ သို့ရာတွင် အခြား ပုဂ္ဂိုလ်များအားလည်း ထိုအခွင့်အရေးမျိုးကို ပေးဘို့ မပျက်ကွက်ပါနှင့်။

အကယ်၍ သင်၏ ဝါဒ သင်၏ အယူအဆများသည် ကျွန်ုပ်၏ လွတ်လပ်ရေး၌ အနှောင့်အယှက် အဟန့်အတား မဖြစ်ဘူး ဆိုလျှင် ကျွန်ုပ်သည် သင်၏ ဝါဒကိုရင်း၊ သင်၏ အယူအဆကိုရင်း၊ ကျူးကျော် တိုက်ခိုက်လိမ့်မည် မဟုတ်ပါ။ အကယ်၍ သင်၏ ဝါဒ သင်၏ အယူအဆများသည် ဆင်ခြင်စဉ်းစားခြင်းကို ဘေးရန် ဟု ယူဆလျှင်ရင်း၊ သံသယ ရှိခြင်း၊ စူးစမ်းခြင်းသည် အပြစ်ဖြစ်၏ဟု ယူဆလျှင်ရင်း၊ ထိုသို့ ဖြစ်ပါမူကား ကျွန်ုပ်သည် သင်၏ ဝါဒ၊ သင်၏ အယူအဆများကို အစအဆုံး ဆန့်ကျင်ဘက်ပြုရလိမ့်မည်။ အကြောင်းမူကား ယင်း အရာများသည် လူ၏ ဉာဏ်ကောက်ကို ကျွန်ဘဝ ရောက်အောင် ပြုလုပ်မည် ဖြစ်သောကြောင့်တည်း။

ကျွန်ုပ်တို့သည် မသိအပ် မသိရသည့် လောက တခုခုကို မြှော်ကိုးလျက် အမှန်ထင်ရှားရှိသည့် လောကကို အဘယ့်ကြောင့် စွန့်လွှတ် ရမှာနည်း။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို အဘယ့်ကြောင့် ကျွန်ပြုရမှာနည်း။ ကျွန်ုပ်တို့သည် မိမိ၏ လက်ဖြင့် မိမိ၏ ခြေကို အဘယ့်ကြောင့် ခြေထိပ်ဖြင့် ခတ်ထားရမှာနည်း။

h t t p : / / m m t e a s h o p . c o m

ကျွန်ုပ်သည် အလင်းရောင်ကို အလိုရှိသည်။ ပွင့်သောလောကကို အလိုရှိသည်။ အခါအခွင့်ကို အလိုရှိသည်။ ကျွန်ုပ်သည် ပုဂ္ဂလိက လွတ်လပ်ရေး အတွက် တိုက်ခိုက်၏။ လွတ်လပ်စွာ တွေးခေါ်ခွင့် ရရှိရေးအတွက် တိုက်ခိုက်၏။ အနှောင်အဖွဲ့မှ လွတ်မြောက်သည့် အနာဂတ်အတွက် တိုက်ခိုက်၏။

လူသည် ထို နတ်ဒေဝတာများထက် ကြီးကျယ်သည်။ လူသား အဖြစ်သည် အားလုံးသော အယူအဆ အားလုံးသော ဝါဒထက်ငင်း၊ အားလုံးသော ကျမ်းဂန်စာအုပ်ထက်ငင်း၊ မြင့်မြတ်သည်။ လူသား အဖြစ်သည် မဟာသမုဒ္ဒရာကြီး တခု ဖြစ်သည်။ ထို အယူအဆ ထိုဝါဒ ထိုကျမ်းဂန်များကား တနေ့တမျှသော လှိုင်းတံပိုးမျှသာ ဖြစ်ကြ၏။ လူသား အဖြစ်သည် ပြန့်ကျယ်သော ကောင်းကင်ပြင် ဖြစ်သည်။ ထိုဘာသာရေး အယူအဆ ဝါဒများကား အမြဲတစေ ပြောင်းလဲနေသော တိမ်လွှာ တိမ်ခိုးများသာ ဖြစ်ကြသည်။ သူတို့သည် တနေ့ကျလျှင် လွင့်ပါးသွားရမည် မုချ ဖြစ်သည်။

♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠

http://mmteashop.com

# လွဲမှားသော ယုံကြည်ချက်

http://mmteashop.com

မည်သည့် အရာကို လွဲမှားသော ယုံကြည်ချက်ဟု ခေါ်သနည်း။

အထောက်အထား ပမာဏ မရှိဘဲနှင့် ယုံကြည်ခြင်းကိုရင်း၊ လျှို့ဝှက်ချက် တခုကို အခြား လျှို့ဝှက်ချက်ဖြင့် ရှင်းလင်း ပြောပြခြင်းကိုရင်း၊ ကမ္ဘာလောက၌ ဖြစ်ပေါ်လာသည့် အရာဝတ္ထု မှန်သမျှ ရုတ်တရက် ရှောင်တခင် ဖြစ်ပေါ်လာခြင်း ဖြစ်သည်ဟု ယုံကြည်ခြင်းကိုရင်း၊ အကျိုးနှင့် အကြောင်း၏ ဆက်သွယ်မှု အမှန်တရားအား လျစ်လျူရှုခြင်းကိုရင်း၊ သဘာဝသည် တစုံတစ်ခုသော အတွေး၊ တစုံတခုသော ရည်ရွယ်ချက် သို့မဟုတ် စီမံကိန်း အားလျော်စွာသာလျှင် ပြုမူသည်ဟု ယူဆခြင်းကိုရင်း၊ နာမ်ကြောင့် ရုပ် ဖြစ်ပေါ်ခြင်းဖြစ်ပြီး ရုပ်အပေါ်၌ နာမ်၏ စိုးမိုးခြင်း ရှိသည်ဟု ယူဆခြင်းကိုရင်း၊ ရုပ်ဝတ္ထုမှ သီးခြားဖြစ်သော အစွမ်းသတ္တိအား သို့မဟုတ် အစွမ်းသတ္တိ ကင်းသော ရုပ်ဝတ္ထုအား ယုံကြည်ခြင်းကိုရင်း၊ ကမ္မဖိဒ္ဓိတန်ခိုး၊ ဂါထာမန္တရား မှော်ပညာ၊ အိပ်မက်၊ တဘောင်စနည်း၊ ရွှေပေလွှာများအား ယုံကြည်ခြင်းကိုရင်း၊ သဘာဝမှ အပဖြစ်သော စွမ်းရည် သတ္တိအား ယုံကြည်ခြင်း ကိုရင်း၊ လွဲမှားသော ယုံကြည်ချက်ဟု ခေါ်လေသည်။

http://mmteashop.com

လွဲမှားသော ယုံကြည်ချက်၏ အုတ်မြစ်သည် မသိနားမလည်ခြင်း ဖြစ်သည်။ အဝိဇ္ဇာ ဖြစ်သည်။ ၎င်း၏ နံရံများမှာ မျက်ကန်း ကြည်ညိုခြင်းများဖြင့် ပြုလုပ်ထားသည်။ ၎င်း၏ အမိုးမှာ အချည်းနှီးသော မျှော်မှန်းချက်ဖြင့် ပြုလုပ်ထားသည်။ လွဲမှားသော ယုံကြည်ချက်သည် အဝိဇ္ဇာ၏ သားသမီး ဖြစ်သည်။ ဆင်းရဲဒုက္ခ၏ မိခင် ဖြစ်သည်။

များသော အားဖြင့် ဥက္ကောက်တိုင်း၌ လွဲမှားသော ယုံကြည်ချက် အနည်းနှင့်အများ ရှိနေတတ်သည်။

မိန်မတစ်ဦး၏ လက်ထဲမှာ ခွက်သုတ်သည့်အဝတ် လွတ်ကျသွားသည်။ "ဧည့်သည် တယောက်ယောက်တော့ လာနေပြီ" ဟု ထိုမိန်မသည် ရုတ်တရက် ပြောလိုက်သည်။

အဝတ်လွတ်ကျခြင်းနှင့် ဧည့်သည် လာခြင်း မည်သို့မျှ မဆိုင်ကြောင်းကို လူတိုင်းလိုလို လက်ခံကြလိမ့်မည် ဖြစ်သည်။ လွတ်ကျသော အဝတ်သည် ဧည့်သည် တဦးဦးအား ခရီးသွားချင်သည့် စိတ် ဖြစ်ပေါ်လာစေရန် အထူးအားဖြင့် အဝတ် လွတ်ကျသည့် အိမ်သို့ လာလိုသည့်ဆန္ဒ ဖြစ်ပေါ်လာစေရန် မစွမ်းနိုင်ပေ။ အဝတ် လွတ်ကျခြင်းနှင့် ဧည့်သည်လာခြင်း၌ မည်ကဲ့သို့ ဆက်စပ်မှု မျိုးမှ မရှိပေ။

လူတယောက်သည် မိမိ၏ လက်ဝဲဘက်၌ လမင်းကို တွေ့လိုက်ရ၏။ "နိမိတ် မကောင်းဘူး" ဟု သူသည် ရုတ်တရက် ပြောလိုက်မည် ဖြစ်လေသည်။

လမင်းကို လက်ဝဲဘက် သို့မဟုတ် လက်ျာဘက်၌ မြင်ရခြင်း မမြင်ရခြင်းသည် လမင်းအား မည်ကဲ့သို့သော အကျိုးသက်ရောက်မှုမျိုးကိုမျှ မဖြစ်စေနိုင်ပေ။ လမင်းကို မြင်ရခြင်း မမြင်ရခြင်းသည် ကမ္ဘာပေါ်ရှိ မည်သည့် အရာဝတ္ထုကိုမျှလည်း အကျိုးသက်ရောက်မှု တစုံတခု မဖြစ်စေနိုင်ပေ။ လက်ဝဲဘက်မှာ မြင်ရခြင်းကြောင့် မည်သည့် အရာဝတ္ထုအပေါ်၌ မည်သည့် အကျိုး သက်ရောက်မှုမျိုးမျှ ဖြစ်လိမ့်မည် မဟုတ်ပေ။ အကယ်၍ လမင်းကို လက်ျာဘက်၌ မြင်ရသည် ဖြစ်စေကာမူလည်း

http://mmteashop.com

သဘာဝ၏ အရာဝတ္ထု ဟူသမျှသည် ယခင်အတိုင်းပင် ဖြစ်နေပေလိမ့်မည်။ လမင်းကို လက်ဝဲဘက်မှာ မြင်ရခြင်းကြောင့် မြင်ရသူ တစုံတယောက် ထိခိုက်သည်ကိုလည်း ကျွန်ုပ် မတွေ့ရပေ။

ထောင်ပေါင်း များစွာသော လူတို့သည် ရက်ရာဇာ ပြဿဒါးနှင့် ပတ်သက်၍ ၎င်း၊ အရေအတွက်နှင့် ပတ်သက်၍၎င်း၊ အမှတ်အသားနှင့် ပတ်သက်၍၎င်း၊ စိန်ကျောက်နှင့် ပတ်သက်၍၎င်း၊ ယုံကြည်ကြကုန်သည်။

များစွာသော လူတို့သည် သောကြာနေ့ကို ခရီးသွားရန် အတွက် ဖြစ်စေ၊ မင်္ဂလာဆောင်ရန်အတွက် ဖြစ်စေ၊ သို့မဟုတ် အလုပ်တခု စတင် လုပ်ကိုင်ရန် အတွက် ဖြစ်စေ၊ မကောင်းသောရက် သို့မဟုတ် ပြဿဒါးရက် တစ်ရက်အဖြစ် အသိအမှတ် ပြုကြလေသည်။ ယင်းသို့ အသိအမှတ် ပြုခြင်း၏ အကြောင်းပြချက်မှာ သောကြာနေ့သည် မကောင်းသောနေ့ ဖြစ်သည် ဟူသော အကြောင်းမျှသာလျှင် ဖြစ်ပေ၏။

သောကြာနေ့တွင် ရေကြောင်းခရီး ထွက်ခြင်းသည် အခြားသော နေ့များတွင် ခရီးထွက်ခြင်းထက် ပင်လယ်လေနှင့် ပင်လယ်လှိုင်းများ၌ ပို၍ ထူးခြားမှုကို ဖြစ်စေလိမ့်မည် မဟုတ်ပေ။ သောကြာနေ့ကို မကောင်းသောနေ့အဖြစ် အသိအမှတ် ပြုခြင်း၏ တခုတည်းသော အကြောင်းမှာ သောကြာနေ့ကို မကောင်းသော နေ့အဖြစ် အသိအမှတ် ပြုခြင်းပင် ဖြစ်လေသည်။

ထိုနည်းအတိုင်းပင် လူဆဲ့သုံးယောက်စု၍ စားသောက်လျှင် ဘေးအန္တရာယ် ရှိသည်ဟု များစွာသော လူတို့သည် ယုံကြည်ကြသည်။ အကယ်၍ ဆဲ့သုံးဟူသော ဂဏန်းသင်္ချာသည် ဘေးအန္တရာယ် ရှိလျှင် နှစ်ဆဲ့ခြောက်သည် နှစ်ဆပို၍ ဘေးအန္တရာယ် ရှိသင့်ပေသည်။

ဆဲ့သုံးယောက်ထဲက တယောက်သည် တနှစ်အတွင်းမှာ မုချ သေလိမ့်မည်ဟု ပြောစမှတ် ပြုကြသည်။ ဆဲ့သုံးနှင့် လူတိုင်း လူတိုင်း၏ အနာရောဂါ

http://mmteashop.com

မည်ကဲ့သို့သော ဆက်စပ်မှု ရှိသနည်း။ အကယ်၍ ကျွန်ုပ်တို့သည် ဂဏန်း အရေအတွက်ကို သတိပြုမည် ဆိုလျှင် ဆဲ့သုံးယောက် အစား ဆဲ့လေးယောက်စု၍ စားသောက်ခဲ့သော် ထိုဆဲ့လေးယောက်ထဲက တယောက်ယောက်သည် တနှစ် အတွင်း၌ သေဆုံးရန် ပို၍ အလားအလာ ရှိပေသည်။

ဆားပုလင်း လဲသွားလျှင် နိမိတ် မကောင်းပေ။ သို့ရာတွင် ချဉ်ရည်ပုလင်း လဲသွားလျှင်မူ ဘာမျှ ကိစ္စမရှိ။ ဘာကြောင့် ဆားက ဤမျှ ရက်စက်၍ ချဉ်ရည်က ဤမျှ သဘောကောင်းနေရသနည်း။

ရုပ်ရှင်ရုံသို့ ပထမဦးဆုံး ဝင်သူသည် မျက်စိစွေစောင်းနေသူ ဖြစ်ခဲ့လျှင် ရုပ်ရှင်ကြည့် ပရိသတ် အလာနည်းပြီး ထိုပွဲမှာ အရှုံးကို ရင်ဆိုင် ရလိမ့်မည်။ ပုဂ္ဂိုလ် တဦးဦး၏ စွေစောင်းနေသော မျက်စိသည် ရုပ်ရှင်ကြည့် ပရိသတ်၏ အလိုဆန္ဒကို မည်သို့လျှင် အပြောင်းအလဲ ပြုလုပ်နိုင်မည်နည်း။ ကျွန်ုပ်တို့ သိရသမျှ ဆိုလျှင် ထိုအကြောင်းနှင့် အကျိုး၌ မည်ကဲ့သို့သော ဆက်စပ်မှုမျှ မရှိပေ။

တချို့ စိန်ကျောက်ကို လက်စွပ်မှာ တပ်ဝတ်လျှင် ဝတ်သူသည် ကံမကောင်းပေ။ အခြား စိန်ကျောက်တချို့ကို ဝတ်လျှင်မူ ဝတ်သူသည် ကံမကောင်းပေ။ အခြား စိန်ကျောက်တချို့ကို ဝတ်လျှင်မူ ကံကောင်းသည်။ အကျိုးပေးသည်။ ယင်း စိန်ကျောက်များသည် လူ၏ အနာဂတ်ကို မည်သို့လျှင် အကျိုးသက်ရောက်မှု ဖြစ်စေနိုင်မည်နည်း။ ယင်း စိန်ကျောက်များကြောင့် လူတို့၏ ကြိုးပမ်း အားထုတ်မှု မည်ကဲ့သို့ မအောင်မမြင် ဖြစ်နိုင်သည် ဆိုသည်ကို မည်သူမျှ မပြောနိုင်ပေ။

ယင်းသို့ အားဖြင့် ထောင်ပေါင်း များစွာသော အတိတ်ဆိုး၊ နိမိတ်ဆိုး၊ အတိတ်ကောင်း၊ နိမိတ်ကောင်း ယုံကြည်ချက်များနှင့် ကံကောင်း မကောင်း သို့မဟုတ် လာဘ်ကောင်း မကောင်း ယုံကြည်ချက်များ ရှိကြလေသည်။ သို့ရာတွင် အသိဉာဏ်ရှိသူ အဆင်ခြင် အစဉ်းစားနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်များကမူ ယင်း ယုံကြည်ချက်များ အားလုံးအား လွဲမှားသော ယုံကြည်ချက်မှ ယုံကြည်ချက်များ

http://mmteashop.com

အားလုံးအား လွဲမှားသော ယုံကြည်ချက်မှ တပါး အခြား ဘာမျှ မဟုတ်ဟုပင် ထင်မြင်ယူဆကြလေ၏။

ဆက်ပြောပါဦးရစေဦး -

နေကြတ်ခြင်း လကြတ်ခြင်းများသည် ရောဂါန္တရကပ်နှင့် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်မည့် ရှေ့ပြေး အတိတ် နိမိတ် ဖြစ်သည် ဟူ၍၎င်း၊ ကြယ်တံခွန်များသည် ဘုရင်တို့၏ နတ်ရွာစံ ကံကုန်ခြင်း၊ လူမျိုးတို့၏ တိမ်ကော ပျက်စီးခြင်း၊ စစ် သို့မဟုတ် ပုလိပ်ရောဂါ ဖြစ်ခြင်းများကို ကြိုတင် ညွှန်ပြသည် ဟူ၍၎င်း၊ ရာစုနှင့် များစွာ အထိ ယုံကြည်ယူဆ လာခဲ့ကြသည်။ အာကာသ ကောင်းကင်ပြင်မှ ထူးခြားသော အရာများသည် ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များ၏ စိတ်နှလုံးထဲတွင် ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်ပေါ်စေခဲ့သည်။ သူတို့သည် ဒူးထောက်ပြီးလျှင် ဆုတောင်း ပတ္ထနာပြုခြင်း၊ ဗလိနတ်စာ ကျွေးခြင်းများဖြင့် ထို ဘေးအန္တရာယ်မှ လွတ်မြောက်ရန် အစွမ်းကုန် ကြိုးပမ်း အားထုတ်ခဲ့ကြလေသည်။

အာကာသ ကောင်းကင်ပြင်မှ ယင်းအမှတ် လက္ခဏာများသည် လူမျိုးတို့၏ အနာဂတ်နှင့်၎င်း၊ ပုဂ္ဂိုလ် တဦးချင်း၏ အနာဂတ်နှင့်၎င်း၊ ပုဂ္ဂိုလ် တဦးချင်း၏ အနာဂတ်နှင့်၎င်း၊ မည်သို့မျှ မပတ်သက်၍ ယခုအခါတွင် ကျွန်ုပ်တို့ နားလည် လာကြလေပြီ။ အကယ်၍ ကမ္ဘာ မြေပြင် ပေါ်၌ လူတယောက်မျှ မရှိလျှင်လည်း အာကာသ ကောင်းကင်ပြင်က ထိုအမှတ် လက္ခဏာများ၊ ထိုနေကြတ်ခြင်း လကြတ်ခြင်းများ ထိုကြယ်တံခွန်များ၊ ထိုကြွေသော ကြယ်တာရာ များသည် ယခုအတိုင်းပင် ဖြစ်ပေါ်နေလိမ့်မည် ဆိုသည်ကို ယခုအခါတွင် ကျွန်ုပ်တို့ သိလာကြလေပြီ။ နေကြတ်ခြင်း လကြတ်ခြင်းသည် သူ့ အချိန်နှင့် သူ ဖြစ်သည် ဟူ၍၎င်း၊ နေကြတ်သည့် အချိန်ကို ကြိုတင် သိမြင်နိုင်သည် ဟူ၍၎င်း၊ ယခု ကျွန်ုပ်တို့ နားလည်လာကြလေပြီ။

အချိန်အတန်ကြာ ကာလက အဓိပ္ပာယ် မရှိသည့် အရာဝတ္ထုအချို့သည် ရောဂါဝေဒနာ သယ်များ၏ အနာရောဂါကို ပျောက်ကင်းစေသည်ဟု ယုံကြည်

http://mmteashop.com

ယူဆခဲ့ကြသည်။ ထိုအရာဝတ္ထုများကား ဘုရားရှင် အချို့၏ အရိုး၊ ညစ်ညစ်ပတ်ပတ် နေထိုင်ကြသည့် တရားရှင် အချို့၏ ညစ်ပတ်သော အဝတ်စုတ် အဝတ်ပြဲ၊ အာဇာနည် အချို့၏ ဆံပင်၊ တရားရှင်အချို့၏ သွား၊ ခြေသည်း၊ လက်သည်း ထို့ပြင် မြင့်မြတ်သည်ဟု ယူဆကြသည့် အခြားများစွာသော ပစ္စည်း ဝတ္ထုများ ဖြစ်ကြလေ၏။

အရိုး၊ အဝတ်စုတ်၊ သစ်သား အစ သို့မဟုတ် ဆံပင်ထည့်ထားသော သေတ္တာတခုကို နမ်းလိုက်ရုံမျှဖြင့် ရောဂါသယ်များ၏ ရောဂါဝေဒနာသည် ပျောက်ကင်း သွားလေသည်။ သို့ရာတွင် စည်းကမ်းချက် တခုတော့ ရှိသည်။ ထိုသေတ္တာကို မနမ်းခင် ဖြစ်စေ နမ်းပြီးမှ ဖြစ်စေ ထိုသေတ္တာထဲ၌ "အလှူ" အတွက် တခုခုထည့်ရလေသည်။

အရိုး၊ အဝတ်စုတ် သို့မဟုတ် သစ်သားအစ၏ အစွမ်းသတ္တိသည် လျှို့ဝှက်သော နည်းအားဖြင့် သေတ္တာထဲမှ အပြင်သို့ ထွက်လာပြီးလျှင် ယုံကြည်သူ ရောဂါ ဝေဒနာသယ်၏ ကိုယ်ကာယထဲ ရောက်သွားလျက် တကယ့်တကယ် ရောဂါဝေဒနာကို ဖြစ်စေသည့် အစိမ်းသရဲများကို နှင်ထုတ်ပစ်လေသည်။

ယင်းအရိုး၊ အဝတ်စုတ်နှင့် အခြား မြင့်မြတ်သည့်၊ အရာဝတ္ထုတို့၏ အစွမ်းသတ္တိကို ယုံကြည်ခြင်းသည် အခြား ယုံကြည်ချက် တခုမှ ပေါက်ပွား ဖြစ်ပေါ်လာခြင်း ဖြစ်လေသည်။ ထိုယုံကြည်ချက်ကား တစ္ဆေသရဲအား ရောဂါဝေဒနာ ဟူသမျှကို ဖန်တီးသူ ဟူ၍ ယင်းမှတ်ခြင်း ဖြစ်လေသည်။ လူတို့၏ ရောဂါဝေဒနာသည် ထိုတစ္ဆေသရဲများ ဖမ်းစားသောကြောင့် ဖြစ်ခြင်း ဖြစ်၏ဟု ယူဆခဲ့ကြသည်။ ယင်း ယူဆချက်မှာ နေရာ အနှံ့ အတော်ပင် ပျံ့နှံ့နေလေ၏။ ကျွန်ုပ်တို့ ခေတ်၌ပင် သိန်းသန်း များစွာသော လူတို့သည် မြင့်မြတ်သည့် အရိုးစသည်တို့ကို ယုံကြည်ကြ တုန်းပင် ဖြစ်၏။

သို့ရာတွင် ယခုခေတ်၌ အဆင်ခြင် အစဉ်းစားနှင့် ပြည့်စုံသူ မှန်သမျှ တစ္ဆေသူရဲ ရှိသည်ကို မယုံကြည်တော့ပေ။ ထို့ပြင် တစ္ဆေသရဲများသည် ရောဂါဝေဒနာကို ဆောင်ကြဉ်းလာနိုင်သည် ဆိုသည်ကိုလည်း မယုံကြည်တော့ပေ။

http://mmteashop.com

သို့ဖြစ်၍ အဆင်ခြင် အစဉ်းစားနှင့် ပြည့်စုံသူမှန်သမျှ မြင့်မြတ်သော အရိုး၊ အဝတ်စုတ်၊ သစ်သား။ အစအန၊ ဆံပင် စသည်တို့သည် ရောဂါ ဝေဒနာကို ဖယ်ရှား ပျောက်ကင်း စေနိုင်သည်ဟူသော အချက်ကိုလည်း မယုံကြည်တော့ပေ။

ယခုခေတ် အဆင်ခြင် အစဉ်းစားနှင့် ပြည့်စုံသူတို့သည် တရားရှင် တဦးဦး သို့မဟုတ် သိဒ္ဓိပေါက်သူ တဦးဦး၏ အရိုး၌ တိရစ္ဆာန် တကောင်ကောင်၏ အရိုးထက် ပို၍ ထူးခြားမှု မရှိဟူ၍၎င်း၊ သူတောင်းစား၏ အဝတ်စုတ်၌ မည်ကဲ့သို့သော ခြားနားချက် မရှိဟူ၍၎င်း၊ မြင်း၏ ခေါင်းမွေးသည် တရားရှင် အာဇာနည် တဦး၏ ခေါင်းမွေးလောက်ပင် ရောဂါသယ် တဦး၏ အနာရောဂါကို ပျောက်ကင်း စေနိုင်သည်ဟူ၍၎င်း၊ သိရှိ နားလည်ကြသည်။ တရားရှင် သို့မဟုတ် သိဒ္ဓိပေါက်သူတို့၏ ပစ္စည်း အကျန် အကြွင်းကို အသုံးချသော သူတို့သည် များသော အားဖြင့် မရိုးသားသော သူများ ဖြစ်ကြသည်။ ထိုအရာများကို ယုံကြည်သော သူတို့သည် များသော အားဖြင့် ထုံထိုင်းသူ အ သူများ ဖြစ်ကြသည်။

ယင်း အင်းအိုင်ခလှဲ့ လက်ဖွဲ့များ၊ ဂါထာမန္တရားများ၊ တစ္ဆေသရဲများအား ယုံကြည်ခြင်းသည် စင်းနေသည့် လွဲမှားသော ယုံကြည်ချက်သာလျှင် ဖြစ်လေသည်။

ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်များသည် ယင်း ဘာသာရေးအမှတ် လက္ခဏာ အရာဝတ္ထုများကို အနာရောဂါများအား ဖယ်ရှား၊ ပျောက်ကင်း စေသည့် ဆေးများ ဖြစ်၏ဟု ယူဆခြင်း မဟုတ်ပေ။ တစ္ဆေသရဲ စသည်တို့သည် ထိုမြင့်မြတ်သည့် အရာဝတ္ထုများအား ကြောက်လန့်ကြသည်ဟု ထင်မှတ် ယူဆခြင်း ဖြစ်လေသည်။ တရားရှင် သို့မဟုတ် သိဒ္ဓိပေါက်သူ တဦးဦး၏ အရိုးသည် တစ္ဆေသရဲများအား ထိတ်လန့် ကြောက်ရွံ့ စေသည်။ ဂါထာမန္တန်ဖြင့် မန်းမှုတ်ထားသည့် ရေဖြင့် လူတဦးဦးကို ပက်ဖြန်းလိုက်လျှင် တစ္ဆေသရဲစသည်များသည် လျှင်မြန်စွာ အိမ်ဝင်းအတွင်းမှ ထွက်သွားကြလေသည်။ ယင်းသို့လျှင် ထိုတစ္ဆေသရဲ စသည်တို့သည် ဘာသာရေး ခေါင်းလောင်းသံကိုင်း၊ မြင့်မြတ်သော ဖရောင်းတိုင် သို့မဟုတ် ဆေးဖရောင်းတိုင်၏ အလင်းရောင်ကိုင်း၊ ထိတ်လန့်ကြောက်ရွံ့ကြသည်။ ဤသို့ ယုံကြည်ခဲ့ကြသည်။

http://mmteashop.com

ထိုခေတ်အခါများက ပုရောဟိတ်များသည် ငွေတည်းဟူသော ငါးကို မျှားသည့် တံငါများ ဖြစ်ကြသည်။ သူတို့သည် ယင်း "မြင့်မြတ်" သည့် ဘာသာရေး အမှတ် လက္ခဏာ အရာဝတ္ထုများကို ငါးမျှားချိန်၌ တပ်သည့် ငါးစာသဖွယ် အသုံးပြုကြလေသည်။

ရှေ့ခြေတလှမ်း တိုးလိုက်ကြဦးစို့ -

ကျွန်ုပ်တို့၏ ဘိုးစဉ် ဘောင်ဆက်များသည် တန်ခိုး ဣဒ္ဓိပါဒ်တို့ကို ယုံကြည်ကြလေသည်။ အဖြစ်အပျက်များ၌ မည်ကဲ့သို့သော သဘာဝအကြောင်းမျှ မရှိ။ တစ္ဆေသရဲတဦးဦး စိတ်ရှိသလို ဖြစ်ရ ပျက်ရမည်။ သရဲစီးနေသူ တဦးဦးက ခြေလက် တစုံတရာကို လှုပ်လိုက်ရုံမျှဖြင့်၎င်း၊ တစုံတရာကို ရွတ်လိုက်ရုံမျှဖြင့်၎င်း၊ အဖြစ်အပျက်တခုခုသည် ဖြစ်ပျက်ရလေသည်။ သဘာဝ အကြောင်းများထဲက မည်သည့် အကြောင်းကိုမျှ မယုံကြည်။

တန်ခိုး ဣဒ္ဓိပါဒ်ဟူသည်မှာ သဘာဝ စည်းမျဉ်းဥပဒေနှင့် မညီညွတ်သော မဆက်စပ်သော အရာကို ပြုလုပ်ပြခြင်း ဖြစ်လေသည်။ အကယ်၍ တစုံတယောက် သည် အလယ် မျဉ်းကြောင်းသည် အနားမျဉ်းကြောင်း၏ တဝက်သာရှိသော အပိုင်းတခုကို ဆွဲပြနိုင်လျှင် ဂျော်မထရီ၏ တန်ခိုး ဣဒ္ဓိပါဒ် ဖြစ်ပေလိမ့်မည်။ အကယ်၍ တစုံတဦးသည် လေးနှင့်လေးပေါင်းလျက် ကိုးလုပ်ပြနိုင်လျှင် ဂဏန်း သင်္ချာ၏ တန်ခိုးဣဒ္ဓိပါဒ် ဖြစ်ပေလိမ့်မည်။

အကယ်၍ တယောက်ယောက်သည် ကျောက်ခဲတခဲကို လေထဲ လွှင့်ပစ်လိုက်လျှင် ထိုကျောက်ခဲသည် ပထမစက္ကန့်၌ ဆယ်ပေခန့်တွင် ကျပြီး။ ဒုတိယ စက္ကန့်တွင် ငါးပေခန့်မှာ ကျအောင် လုပ်နိုင်ခဲ့သော် ရူပဗေဒ၏ တန်ခိုးဣဒ္ဓိပါဒ် ဖြစ်ပေလိမ့်မည်။ အကယ်၍ တစုံတယောက်သော သူသည် ဟိုက်ဒရိုဂျင်၊ အောက်ဆီဂျင်၊ နိုက်ထရိုဂျင် ဓာတ်အားများကို ပေါင်း၍ ရွှေဖြစ်အောင် ပြုလုပ်နိုင် ခဲ့သော် ဓာတုဗေဒ၏ တန်ခိုး ဣဒ္ဓိပါဒ် ဖြစ်ပေလိမ့်မည်။ အကယ်၍ နိုင်ငံတနိုင်ငံ၏ ပါလီမန်လွှတ်တော်က ဆင့်ငါးဆယ် ရှိသော ငွေ၏ တန်ဖိုးကို ဥပဒေပြဋ္ဌာန်းလျက်

http://mmteashop.com

တစ်ခေါ်လာ အဖြစ် ကြေညာလိုက်လျှင် ဘောဂဗေဒ တန်ခိုး ဣဒ္ဓိပါဒ်တခု ဖြစ်ပေလိမ့်မည်။ မျဉ်းကြောင်း လေးကြောင်း ရှိသော တြိဂံကို ပြုလုပ်ခြင်းသည် အလွန်ထူးခြား ဆန်းကြယ်သည့် တန်ခိုးဣဒ္ဓိပါဒ်ပင် ဖြစ်ပေလိမ့်မည်။ အကယ်၍ မှန်၏ ရှေ့၌ ရပ်နေကြသော လူတို့၏ မျက်နှာကို မှန်ထဲမှာ မမြင်ရဘဲ နောက်ဘက်မှ ရပ်နေသူတို့၏ မျက်နှာကို မှန်ထဲမှာ မြင်ရလျှင် ယင်းသည်လည်း တန်ခိုးဣဒ္ဓိပါဒ် တခု ဖြစ်ပေလိမ့်မည်။ အခြား စကားလုံးဖြင့် ပြောရလျှင် သဘာဝ စည်းမျဉ်း ဥပဒေများနှင့် ဆန့်ကျင်ဘက်အားဖြင့် သို့မဟုတ် သဘာဝ စည်းမျဉ်း ဥပဒေတို့ကို လျစ်လျူရှုလျက် တစုံတခုကို ပြုလုပ်ခြင်းသည် တန်ခိုးဣဒ္ဓိပါဒ် ကို ပြခြင်းပင် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် သဘာဝ၏ တမျိုးတည်းသော အသွင် တမျိုးတည်းသော သဘောကို ယုံကြည်လေသည်။ အားလုံးသော အရာဝတ္ထု ရှိသော လှုပ်ရှားမှုနှင့် တန်ပြန်လှုပ်ရှားမှု ဟူသမျှတို့သည် သဘာဝ၏ စည်းမျဉ်းဥပဒေ အရသာလျှင် ဖြစ်လေသည်။ တူသော အခြေအနေများသည် အခါခပ်သိမ်းပင်လျှင် တမျိုးတည်းသော အရာဝတ္ထုကို ဖြစ်ပေါ်ပေါက်ဖွားစေလိမ့်မည်။ နောင်ကိုလည်း ထိုနည်းအတိုင်းပင် ဖြစ်ပေါ် ပေါက်ဖွားစေလိမ့်မည်။ အားလုံးသော အဖြစ်အပျက်များသည် သဘာဝ၏ သားသမီး အဆက်အနွယ်မျာ ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်လေသည်။

ယခုအခါတွင် အသိဉာဏ် ပညာနှင့် ပြည့်စုံသည့် မည်သူမဆို တန်ခိုးပြာဋိဟာ သို့မဟုတ် တန်ခိုးဣဒ္ဓိပါဒ် တခုခုကို ပြုလုပ်၍ ရသည်ဟူ၍ မယုံကြည်ပေ။ နောင် အနာဂတ်တွင် ပြုလုပ်၍ ရလိမ့်မည် ဟူ၍လည်း မယုံကြည်ပေ။

တန်ခိုးဣဒ္ဓိပါဒ်ကို ယုံကြည်ခြင်းတည်းဟူသော အပင်သည် မသိနားမလည်ခြင်း သို့မဟုတ် အဝိဇ္ဇာမြေပေါ်၌ သာလျှင် ပေါက်လာနိုင်ပေသည်။

အဆင်ခြင် အစဉ်းစား ရှိသော အသိဉာဏ်ပညာနှင့် ပြည့်စုံသော သူသည် တစ္ဆေသရဲ ရှိသည် ဆိုသည်ကို မယုံကြည်ပေ။ တစ္ဆေသရဲနှင့် နာနာဘာဝ ဖုတ်ပြိတ္တာများသည် အသိဉာဏ် ပညာမရှိသော ထိတ်လန့်ကြောက်ရွံ့သော လူတို့၏

http://mmteashop.com

စိတ်အတွင်းက မွေးဖွားသော သားသမီးများ ဖြစ်ကြသည်ဟု နားလည်လေသည်။ အကျိုးဆုတ်ယုတ် ပျက်ပြားစေတတ်သည့် ယင်း စိတ်ကူးယဉ်ချက်များကို မည်သို့ မည်ပုံ ပြုလုပ် ဖန်တီးသည် ဆိုသည်ကိုလည်း သိလေသည်။ ယုံကြည် ကိုးကွယ်မှု ဘာသာတရား အားလုံး၌ ယင်း နာနာဘာဝများ မည်ကဲ့သို့သော နေရာကို ရရှိထားသည် ဆိုသည်ကိုလည်း သိလေသည်။ ယင်း နာနာဘာဝများအား ယုံကြည်ခြင်းသည် ရာစုနှစ် များစွာအထိ နေရာရာ အနှံ့ ပျံ့နှံ့ နေခဲ့လေသည်။

ယင်း ယုံကြည်ချက်များ၏ နောက်၌ မည်ကဲ့သို့သော အထောက် အထား ပမာဏမျှ မရှိပေ။ ယင်း ယုံကြည်ခြင်းများ၌ မည်ကဲ့သို့သော အခြေခံမျှ မရှိပေ။

ဘာသာတရား ပြဌာန်းသော ရှေးခေတ်အခါက ကမ္ဘာမြေကြီးအား ပုဂံပြား အသွင်ကဲ့သို့ ပြားသည့် အရာဟူ၍ ထင်မှတ်ယူဆခဲ့ကြသည်။ အပေါ်တွင် ဘုရားသခင်၏ ဘုံဗိမာန်ရှိသည်။ အောက်ဘက်တွင် တစ္ဆေသရဲများ၏ နေရာ ရှိသည်။ ဘုရားသခင်နှင့် နတ်ဒေဝတာများက အိမ်၏ အပေါ်ထပ်တွင် နေကြသည်။ ဖုတ် ပြိတ္တာ တစ္ဆေသရဲများက အောက်ထပ်တွင် နေကြသည်။ လူများကမူ အလယ်ထပ်တွင် နေကြသည်။

ထိုခေတ်အခါက နတ်ပြည် ဘယ်မှာ ရှိသည် ဆိုသည်ကို လူတို့ သိကြလေသည်။ သူတို့သည် နတ်ပြည်မှ အသံဗလံများကို ကြားနေရသလိုပင် ဖြစ်သည်။ ငရဲပြည် ဘယ်မှာ ရှိသည် ဆိုသည်ကိုလည်း သူတို့ သိကြသည်။ ငရဲပြည်မှ တစာစာ ဟစ်ကြွေး နေသံများကို ကြားနေရသလိုပင် ဖြစ်သည်။ ကန့်မီးလျှံမှ မီးညွန့်များ၏ အနံ့ကို ရနေသကဲ့သို့ပင် ဖြစ်သည်။ သူတို့သည် မီးတောင်များအား မီးခိုးထွက်သည့် ခေါင်းတိုင်ဟု ထင်မှတ်ကြသည်။

ဘုရားသခင်သည် ကမ္ဘာလောကရှိ လူများအား မြော်လင့်ချက်ပေး၍၎င်း၊ ခြိမ်းခြောက်၍၎င်း၊ ဆုနှင့် အပြစ်ဒဏ်ကို ပေး၍၎င်း၊ အုပ်ချုပ်ကွပ်ကဲလေသည်။ သူ၏ ဆုသည်၊ အနန္တ ဖြစ်သကဲ့သို့ သူ၏ အပြစ်ဒဏ်ကလည်း အနန္တ ဖြစ်လေသည်။ လူ၏ ဉာဏ်ကျောက်အား တော်မတော် သင့်မသင့် ခြင့်ချိန် စဉ်းစားနိုင်အောင်

http://mmteashop.com

တိုးတက်လာစေရန် ဘုရားသခင်က မလိုလားပေ။ ဘုရားသခင်သည် လူအား နလပိန်းတုံး အဖြစ်ဖြင့် နေရန်နှင့် အမိန့်အာဏာကို လိုက်နာ ဆောင်ရွက်စေရန်သာ ညွှန်ကြား ဆုံးမသည်။ အမိန့်အာဏာကို လိုက်နာ ဆောင်ရွက်သည့်အတွက် လူတို့အား အနန္တ သုခပေးမည်ဟု ဘုရားသခင်က ပြောပြသည်။ ဘုရားသခင်သည် တုပ်ပျပ် ရိုကျိုးသူများ၊ ဒူးထောက်သူများ၊ တွားသွားသူများအား ချစ်ခင်လေသည်။ သံသယ ရှိသူများ၊ စဉ်းစား ဆင်ခြင်သူများ၊ တွေးခေါ်သူ အဘိဓမ္မာ ဆရာများအား ရွံမုန်း လေသည်။

သို့ရာတွင် ထိုနတ်ပြည်နှင့် ထိုငရဲ ပြည်သည် အဘယ်မှာ ရှိသနည်း။ ကမ္ဘာမြေကြီး၏ အပေါ်၌ နတ်ပြည် မရှိဟူ၍၎င်း၊ ကမ္ဘာမြေကြီး အောက်၌ ငရဲပြည် မရှိဟူ၍၎င်း၊ ယခုအခါတွင် ကျွန်ုပ်တို့ သိရှိ နားလည်ကြလေပြီ။ အဝေးကြည့် မှန်ပြောင်းသည် ရှေးဟောင်း နတ်ပြည်ကို စခန်းသိမ်း ပစ်လိုက်လေပြီ။ မိမိဝန်ရိုးကြောင်းကို ပတ်၍ လည်နေသော ကမ္ဘာမြေကြီးသည် ရှေးဟောင်း ငရဲ၏ မီးလျှံများကို ငြိမ်းသတ် ပစ်လိုက်လေပြီ။ ဘာသာရေးသမားများ၏ ယင်းဒေသ၊ ယင်း စိတ်ကူးယဉ်ကမ္ဘာများသည် ပျောက်ကွယ်သွားကြလေပြီ။ နတ်ပြည် ဘယ်မှာ ရှိသည် ဆိုသည်ကို မည်သူမျှ မသိပေ။ မည်သူမျှ သိသည် ဟုလည်း မကြွားကြတော့ပေ။ ငရဲပြည် ဘယ်မှာ ရှိသည် ဆိုသည်ကို မည်သူမျှ မသိပေ။ မည်သူမျှလည်း သိသည်ဟု မကြွားကြတော့ပေ။ ယခု အခါတွင် နတ်ပြည်နှင့် ငရဲပြည်ဟူသည်မှာ နေရာ ဌာနများ၏ အမည်မဟုတ်၊ စိတ်အခြေအနေများ၏ အမည် နာမများ ဖြစ်ကြသည်ဟု ဘာသာရေးသမားများက ပြောစပြုလာကြလေသည်။

အကြင်သူတို့သည် အထောက်အထား ပမာဏကို ဆင်ခြင် စဉ်းစား၏။ အမှန်တရားကို သိရှိနားလည်လို၏။ ထိုသူတို့သည် အတိတ်နိမိတ်များကို ဂရုမစိုက်ကြတော့ပေ။ တန်ခိုး ဣဒ္ဓိပါဒ်များကို ဂရုမစိုက်ကြတော့ပေ။ ပြဿဒါး ရက်ရာဇာများကို ဂရုမစိုက်ကြတော့ပေ။ ဂါထာမန္တာန်များကို ဂရုမစိုက်ကြတော့ပေ။ နေကြတ်ခြင်း လကြတ်ခြင်း စသည်များကို ဂရုမစိုက်ကြတော့ပေ။ နတ် စုန်း ကဝေ တစ္ဆေ သရဲနှင့် ဘုရားသခင်ကို ဂရုမစိုက်ကြတော့ပေ။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များသည်

http://mmteashop.com

သူတော်ကောင်းများအား ကာကွယ် စောင့်ရှောက်လျက် လူဆိုး လူမိုက်များအား အပြစ်ဒဏ်ပေးသော သာမည သို့မဟုတ် ဝိသေသ ဖြစ်သည်။ နတ်တန်ခိုး နတ်စွမ်းရည် တခုခုကို မယုံကြည်ကြပေ။ လူသား၏ ရာဇဝင် တလျှောက်လုံး၌ ဆုတောင်း ပတ္ထနာ တခုတလေမျှ ဘယ်တုန်းကမျှ အကျိုးရှိခဲ့သည်ဟုလည်း မယုံကြည်ပေ။ ဗလိနတ်စာ ကျွေးခဲ့ခြင်း ဟူသမျှသည် အချည်းနှီး အလဟဿပင် ဖြစ်ခဲ့သည် ဟူ၍၎င်း၊ ဆီမွှေးနံ့သာ ထွန်းညှိခြင်း ဟူသမျှသည် အချည်းနှီး အလဟဿသာလျှင် ကောင်းကင်ပြင်၌ ပျံ့လွင့်သွားသည် ဟူ၍၎င်း၊ ယုံကြည်ယူဆကြလေသည်။ ကမ္ဘာလောက ဖြစ်ပေါ်လာမှုသည် ပိုးမွှား တိရစ္ဆာန်များအတွက် မဟုတ်သကဲ့သို့ လူသားများ အတွက်လည်း မဟုတ်ဟူ၍လည်း ယုံကြည်လေသည်။ နေရာတကာ၌ အကောင်းအတွက် အစီအစဉ်နှင့် အဆိုးအတွက် အစီအစဉ်ကို တွေ့မြင်ရသည်။ နေရာတကာ၌ အပြုလည်း ရှိ၏။ အဖျက်လည်း ရှိ၏။ အရာဝတ္ထု ဟူသမျှသည် စောင့်ရှောက် ကာကွယ်သော ချစ်ခင်ခြင်းဖြင့်၎င်း၊ ဖျက်ဆီးသတ်ဖြတ်သော မုန်းတီးခြင်းဖြင့်၎င်း၊ ရံ၍ နေလေသည်။ သဘာဝသည် လက်တဖက်ဖြင့် ပြုလုပ်လျက် တခြား လက်တစ်ဖက်ဖြင့် ဖျက်ဆီးသည်။ သဘာဝ၏ လက်ထဲ၌ ဓားလည်း ရှိသည်။ ဒိုင်းလွှားလည်း ရှိသည်။ အသက်ရှင်ခြင်း ဟူသမျှသည် သေခြင်းဆီသို့ ရှေ့ရှုသွားနေကြသည်။ သေခြင်း ဟူသမျှသည် အသက်ရှင်ခြင်းဆီသို့ ပြန်လာကြသည်။

အသက်ရှင်ခြင်းနှင့် သေခြင်းလှိုင်းတံပိုး သို့မဟုတ် ရေအလျဉ်ကို ကြည့်လိုက်လျှင် အခါခပ်သိမ်း ကပြနေသည့် ဇာတ်ကောင် အနေနှင့်သာ တွေ့ရလိမ့်မည်။ ထို ပြဇာတ်ကြီး၌ ဇာတ်ကောင်များသည် မိမိတို့ အခန်းကို ကပြပြီးလျှင် ပျောက်ကွယ်သွားကြသည်။ ထိုပြဇာတ်ကြီး၌ အသိဉာဏ် ရှိသူ မရှိသူ အားလုံးပင် မိမိ အခန်းကို ကပြကြရလေသည်။ ယခင်က အလေ့အကျင့် အတွေ့အကြုံ မရှိဘဲနှင့်လည်း ကပြရလေသည်။ ပြဇာတ်၏ ဇာတ်လမ်း သို့မဟုတ် ဦးတည်ချက်ကို အသိရဘဲနှင့်လည်း ကပြရလေသည်။ အခန်းများသည် တခုပြီးတခု ပြောင်းလဲသွားသည်။ အချို့ဇာတ်ကောင်များသွားပြီး အချို့ဇာတ်ကောင်များ ရောက်လာကြသည်။ အရပ် ထက်ဝန်းကျင်၌ လျို့ဝှက်ချက်များဖြင့်သာလျှင် ပြည့်နက်



http://mmteashop.com

နေသည်။ ကန့်လန့်ကာ တခု ပွင့်သွားသောအခါ ထိုကန့်လန့်ကာ၏ နောက်၌ အခြားကန့်လန့်ကာတခု ကာရံထားသည်။ အားလုံးသော အရာဝတ္ထုတို့သည် ညီတူညီမျှပင် အံ့သြဖွယ် အပြည့် ရှိနေသည်။ ရေတစက်သည် ပင်လယ်သမုဒ္ဒရာတခုကဲ့သို့ပင် အံ့သြဖွယ် အပြည့်ရှိသည်။ သဲတပွင့်သည် ကမ္ဘာလောက တခုလုံးကဲ့သို့ရင်း၊ ပန်းချီဆေးခြယ်ထားသည့် တောင်ပံများ ရှိသော လိပ်ပြာ တစ်ကောင်သည် အားလုံးသော သက်ရှိ သတ္တဝါများကဲ့သို့ရင်း၊ ဥတလုံးသည် ကောင်းကင်တခွင်ရှိ အားလုံးသော ကြယ်တာရာများကဲ့သို့ရင်း၊ အံ့သြဖွယ် အပြည့် ရှိနေသည်။

မြေကြီးဖြင့် ရစ်ထွေးလျက် ရှိသော အလွန်တရာ သေးငယ်သည့် အစေ့တခုသည် အသိဉာဏ်ပညာနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တဦးထက်ပင် မိမိ၏ လျှို့ဝှက်ချက်ကို ဖုံးကွယ်ထားလေသည်။ ကမ္ဘာတစ်ခုလုံး၏ အသိဉာဏ်သည် မြက်တပင်၏ အကြောင်းကို ရှင်းလင်း ပြောမပြနိုင်ပေ။ သစ်ရွက်ငယ် တရွက် လှုပ်ခြင်း၏ အကြောင်းကို ရှင်းလင်း ပြောမပြနိုင်ပေ။ သို့ပင် ဖြစ်သော်လည်း အလွန်တရာ သေးငယ်သည့် အရာဝတ္ထု၏ ရှေ့၌ အအ အဆွံ ဖြစ်နေကြသည့် ပုရောဟိတ်၊ ပုတ်ရဟန်းတို့သည် ကမ္ဘာလောက၏ ဖြစ်ခြင်း ပျက်ခြင်းနှင့်ပတ်သက်၍ လုံးဝဥဿုံ သိရှိနားလည်နေကြသည်။ သူတို့သည် စိတ်ဆန္ဒ တချက် ပေါ်လာရုံမျှဖြင့် အားလုံးကို စီမံဖန်တီးနိုင်သည့် ဘုရားသခင်၏ အကြောင်းကို သိရှိနေကြသည်။ ဘုရားသခင်၏ အစီအမံ၊ ဘုရားသခင်၏ နောက်ဆုံးပိတ် ရည်ရွယ်ချက်နှင့် ပတ်သက်၍လည်း သိရှိနေကြသည်။ သူတို့အဖို့ အားလုံးသော လျှို့ဝှက်ချက်များ ဟာလာဟင်းလင်း ပွင့်လင်း၍ နေသည်။ အကယ်၍ ဟာလာဟင်းလင်း ပွင့်လင်း၍ မနေသော လျှို့ဝှက်ချက်ရှိလျှင် စက္ခုစသော ဣန္ဒြေတို့ဖြင့် တိုက်ရိုက် ထိတွေ့၍ရသော အရာဝတ္ထုများ၏ လျှို့ဝှက်ချက်သာလျှင် ဖြစ်လေသည်။

သို့ရာတွင် ရိုးသားသောလူသည် သိသည် နားလည်သည်ဟု မဝါကြွားပေ။ သူတို့သည် ပွင့်လင်းသည်။ ရိုးသားသည်။ မိမိတို့ မသိသည်ကို ဝန်ခံကြသည်။ "ကျွန်ုပ်တို့ မသိပါ" ဟူ၍ ပြောကြသည်။

http://mmteashop.com

ကျွန်ုပ်တို့သည် ကိုယ်မသိသည့် အရာကို အဘယ့်ကြောင့် ပူဇော်ရမည်နည်း။ ကိုယ် မသိသည့် အရာ၏ ရှေ့မှောက်၌ အဘယ်ကြောင့် ဒူးထောက်ရမည်နည်း။ စိတ်ကူးဖြင့် မှန်းဆအပ်သည့် အရာ၏ ရှေ့မှောက်၌ အဘယ်ကြောင့် ပျားပျားဝပ်နေရမည်နည်း။

အမှန်စင်စစ်မှာ နာနာဘာဝနှင့် နတ်ဒေဝတာများသည် သိမြင်ခြင်းဘောင်၏ အပြင်ဘက်က သတ္တဝါများ ဖြစ်ကြသည်။ ကျွန်ုပ်တို့၏ စက္ခုစသော ဣန္ဒြေများမှ အပဖြစ်သော၊ ကျွန်ုပ်တို့၏ ဆင်ခြင် စဉ်းစားခြင်းမှ အပ ဖြစ်သော သတ္တဝါများ ဖြစ်ကြသည်။

လူသည် စဉ်းစား ဆင်ခြင်သင့်သည်။ မိမိ၏ ဣန္ဒြေများကို အသုံးချသင့်သည်။ ရှာဖွေ စူးစမ်းသင့်သည်။ မစဉ်းစား မဆင်ခြင်တတ်သော သူသည် လူ့အတွက် ဘာမျှ အသုံးမဝင်ပေ။ တမင်တကာ မစဉ်းစား မဆင်ခြင်ဘဲ နေသောသူသည် မိမိကိုယ်ကို သစ္စာဖောက်သူ မည်လေသည်။ စဉ်းစား ဆင်ခြင်ဘို့ရန် ထိတ်လန့် ကြောက်ရွံ့သော သူသည် လွဲမှားသော ယုံကြည်ချက်၏ ကျေးကျွန် ဖြစ်လေသည်။

လွဲမှားသော ယုံကြည်ချက်ကြောင့် ကျွန်ုပ်တို့ မည်ကဲ့သို့သော ထိခိုက်မှုများ ဖြစ်ခဲ့သနည်း။ ရှေးဟောင်း ပုံပြင်နှင့် ဒဏ္ဍာရီများကို ယုံကြည်သောကြောင့် ကျွန်ုပ်တို့ မည်ကဲ့သို့သော နစ်နာဆုံးရှုံးမှုများ ဖြစ်ခဲ့သနည်း။

တိတ် နိမိတ် တဘောင် စနည်းနှင့် တန်ခိုး ဣဒ္ဓိပါဒ် များကို ယုံကြည်သောကြောင့်၎င်း၊ အင်းအိုင်ခလဲ့ လက်ဖွဲ့နှင့် မှော်အတတ်ကို ယုံကြည်သောကြောင့်၎င်း၊ နာနာဘာဝနှင့် နတ်ဒေဝတာများကို ယုံကြည်သောကြောင့်၎င်း၊ ငရဲနှင့် နတ်ပြည်ကို ယုံကြည်သောကြောင့်၎င်း၊ လူသည် အရူး ဖြစ်ခဲ့ရသည်။ ကမ္ဘာလောက တခုလုံးသည် အရူးထောင် ဖြစ်ခဲ့ရသည်။ လူ၏ စဉ်းစား ဆုံးဖြတ်တတ်သည့် အသိဉာဏ် တခုလုံးသည် ဆုံးပါး ပျက်စီးသွားခဲ့ရသည်။ အကြောင်းအကျိုး၏ ဆက်သွယ်မှု သို့မဟုတ် သဘာဝ၏ ညီညွတ်ပေါင်းစပ်မှု သဘောတရားသည် ဆုံးပါးပျက်စီး သွားခဲ့ရသည်။ လူသည် တထိတ်ထိတ် တလန့်လန့်နှင့် နေရသော ကျွန်ဖြစ်ခဲ့ရသည်။

http://mmteashop.com

လွဲမှားသော ယုံကြည်ချက်ကြောင့် သဘာဝသည် တိုးတက်မှု လမ်းမကို မညွှန်ပြခဲ့ရပေ။ သဘာဝသည် မမြင်ရ မသိရသည့် အစွမ်းသတ္တိတို့၏ လက်ထဲက ကစားစရာ ဖြစ်ခဲ့ရသည်။ အကြောင်းသည် မည်သည့် အကျိုးကိုမျှ မမွေးဖွားရပေ။ အကျိုးသည် မိမိ၏ သဘာဝ အကြောင်းများနှင့် အချင်းခပ်သိမ်း ကင်းလွတ် ခဲ့ရသည်။ စူးစမ်း တွေးခေါ်ခြင်းသည် ရာဇပလ္လင် လက်လွတ်ခဲ့ရသည်။ ၎င်း၏ နေရာ၌ လွဲမှားသော ယုံကြည်ချက်က အဘိသိက်ခံယူလေသည်။

စိတ်နလုံးသည် ကျောက်သား ဖြစ်သွားသည်။ ဥကျောက်သည် အခေါင်းအပေါက် ဖြစ်သွားသည်။

မမြင်ရ မသိရသည့် အရာ၏ ကာကွယ် စောင့်ရှောက်မှုကို ရရှိရေးအတွက် ဖြစ်သော အချည်းနှီးသော ကြိုးပမ်း အားထုတ်မှုများကြောင့် လူ၏ စွမ်းရည်သတ္တိသည် အလွဲသုံးစား ဖြစ်ခဲ့ရသည်။ ရာဇဝွေ စမ်းသပ်မှု၊ စိတ်၏ ကြိုးပမ်းမှု၊ စူးစမ်း စစ်ဆေးမှုများ၏ နေရာ၌ မျက်ကန်း ယုံကြည်မှု၊ ဓလေ့ထုံးစံ၊ ပူဇော်မှု၊ ယဇ်ပူဇော်မှု၊ ဆုတောင်း ပတ္ထနာ ပြုမှုများကဲ့သို့သော အရာများ ရောက် ရှိလာသည်။ တိုးတက်မှုသည် မဖြစ်နိုင်သည့်အရာ ဖြစ်သွားခဲ့လေသည်။

လွဲမှားသော ယုံကြည်ချက်သည် လွတ်လပ်မှု၏ ရန်သူ ဖြစ်သည်။ အချင်းခပ်သိမ်းပင် လွတ်လပ်ရေး၏ ရန်သူ ဖြစ်နေပေလိမ့်မည်။

လွဲမှားသော ယုံကြည်ချက်သည် အားလုံးသော နတ်ဒေဝတာများကိုင်း၊ အားလုံးသော ဖုတ်ပြိတ္တာ နာနာဘာဝများကိုင်း၊ အားလုံးသော တစ္ဆေသရဲများကိုင်း၊ အားလုံးသော ရက္ခိုက်ဘီလူးများကိုင်း၊ မွေးဖွားခဲ့လေသည်။ လွဲမှားသော ယုံကြည်ချက်သည် ကျွန်ုပ်တို့အား အနာဂတ် ဟောကိန်း ထုတ်သူများ ဘုရားသခင့် တမန်တော်များကို ပေးလေသည်။ ကောင်းကင်ပြင်ကို အံ့သြဖွယ်ရာ တန်ခိုးများဖြင့် ဖြည့်ပေးလေသည်။ အကျိုးအကြောင်း ကွင်းဆက်ကို ဖြတ်တောက်ပစ်သည်။ လူသားရာဇဝင် သမိုင်းကို အလိမ်အညာများဖြင့် ဖြည့်ပေးလေသည်။ မှားသော ယုံကြည်ချက်သည် အားလုံးသော ပုတ်ရဟန်း၊ ပုရောဟိတ်များကို မွေးဖွားခဲ့သည်။

http://mmteashop.com

အားလုံးသော ရသေ့ရဟန်းများကို ဖန်ဆင်းခဲ့လေသည်။ လွဲမှားသော ယုံကြည် ချက်သည် လူများအား တိရစ္ဆာန်နှင့် ကျောက်တုံး ကျောက်ခဲ၏ ရှေ့မှောက်ကို ဒူးထောက် ဦးညွှတ်စေခဲ့သည်။ လူများအား မြွေနှင့် သစ်ပင်ကို ပူဇော်စေခဲ့သည်။ လူတို့၏ ဉစ္စာနှင့် ခွန်အားကို လိမ်လည် လှည့်ဖြားယူခဲ့သည်။ လူများအား မိမိတို့၏ သားသမီး ကလေးငယ်များကို အထိ သတ်လျက် ယဇ်နတ် ပူဇော်စေခဲ့သည်။ လွဲမှားသော ယုံကြည်ချက်သည် အားလုံးသော ဘုရားကျောင်းများ၊ ဗလီများ၊ ဘုရားရှိခိုးကျောင်းများကို တည်ထောင် ဖန်ဆင်းခဲ့သည်။ ကမ္ဘာလောကအတွင်း၌ ဂါထာမန္တရားများ၊ အင်းအိုင် ခလဲ့ လက်ဖွဲ့များ ဖြည့်တင်းပေးခဲ့ လေသည်။ လွဲမှားသော ယုံကြည်ချက်သည် တပါးသူများအား အဆုံးအပိုင်းအခြား မရှိ ဆင်းရဲဒုက္ခ ရောက်ရှိစေနိုင်သည့် စည်းကမ်း နည်းလမ်းများကို တီထွင် ဖန်တီးခဲ့သည်။ လူပေါင်း သိန်းသန်းများစွာကို မီးလောင်တိုက် သွင်းခဲ့သည်။ လွဲမှားသော ယုံကြည်ချက်သည် အရူးစကားကို ရွှေပေလွှာဟု ထင်မှတ်စေခဲ့သည်။ ရိုးသား ဖြောင့်မတ်သူများအား အကျဉ်းထောင်တွင်းသို့ သွတ်သွင်းခဲ့သည်။ အတွေးအခေါ်သမားများအား ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ သူရဲကောင်းများအား သုတ်သင်သတ်ဖြတ် ပစ်ခဲ့သည်။ စကား၏ လွတ်လပ်မှုကို ဖျက်ဆီးပစ်ခဲ့သည်။ လွဲမှားသော ယုံကြည်ချက်သည် ကျွန်ုပ်တို့အား ဆုတောင်းပတ္ထနာ ပြုခြင်းများကို သင်ကြားပေးခဲ့သည်။ တုတ်ပျပ်ဝပ်လျှိုး၍ ရှိခိုးခြင်းများကို သင်ကြားပေးခဲ့သည်။ လွဲမှားသော ယုံကြည်ချက်သည် ကျွန်ုပ်တို့အား သာယာပျော်ရွှင်မှုများမှ မျက်နှာလွှဲခြင်း၊ ကိုယ်ကာယကို ညှင်းပန်းနှိပ်စက်ခြင်း၊ မြူမှုန်များ လိမ်းကျံခြင်း၊ သားမယားကို စွန့်ခွာ ထွက်သွားခြင်း၊ မိမိလူသား မိတ်ဆွေများမှ လွတ်ကင်းရာသို့ ထွက်ခွာ သွားခြင်းများကို သင်ကြားပေးခဲ့သည်။ လွဲမှားသော ယုံကြည်ချက်သည် ကျွန်ုပ်တို့အား လူသား မေတ္တာကို အောက်တန်း၌ ထားရန် သင်ကြားခဲ့သည်။ ရသေ့ ရဟန်းများသည် မိဖထက် မြင့်မြတ်သည် ဟူ၍၎င်း၊ ယုံကြည်ခြင်းသည် အဖြစ်အပျက်မှန်ထက် သာလွန်သည်ဟူ၍၎င်း၊ မျက်ကန်း ယုံကြည်ခြင်းသည် နတ်ပြည်၏ လမ်းကြောင်း ဖြစ်သည်ဟူ၍၎င်း၊ ယုံမှား သံသယ ဖြစ်ခြင်းသည် ငရဲပြည်သို့ သွားခြင်း ဖြစ်သည်ဟူ၍၎င်း၊ ယုံကြည်ခြင်းသည် အသိဉာဏ်ထက် မှန်မြတ်သည်ဟူ၍၎င်း၊

http://mmteashop.com

အကြောင်းအရာ တခုခု၏ အထောက်အထား ပမာဏကို ရှာဖွေခြင်းသည် ဘုရားသခင်အား စော်ကားခြင်း ဖြစ်သည်ဟူ၍ရင်း၊ သင်ကြားပေးခဲ့သည်။ လွဲမှားသော ယုံကြည်ချက်သည် တိုးတက်မှု၏ ရန်သူ၊ ပညာရေး၏ ရန်သူ၊ လွတ်လပ်ရေး၏ ရန်သူ ဖြစ်ခဲ့သည်။ ယခုလည်း ဖြစ်သည်။ နောင်လည်း အချင်းခပ်သိမ်း ဖြစ်နေလိမ့်မည်။ လွဲမှားသော ယုံကြည်ချက်သည် မသိရသည့် အရာအတွက် သိရသောအရာကိုရင်း၊ အနာဂတ်အတွက် ပစ္စုပ္ပန်ကိုရင်း၊ အနာဂတ် စိတ်ကူးယဉ် ကမ္ဘာတခုခု အတွက် ယခုမျက်မှောက် ထင်ရှားရှိသော ကမ္ဘာလောကကိုရင်း၊ စွန့်လွှတ်သည်။ ကမ္ဘာလောက တခုလုံး၌ လွဲမှားသော ယုံကြည်ချက်သည် သိပ္ပံပညာ၏ တခု တည်းသော ရန်သူ ဖြစ်သည်။

အမိုက်တိုက် လွှမ်းနေသော ရာစုနှစ် များစွာအထိ ယုံကြည်ကိုးကွယ်မှုသည် လွှမ်းမိုးနေခဲ့သည်။ လွဲမှားသော ယုံကြည်ချက်သည် နေရာ အနှံ့တွင် ပျံ့၍နေခဲ့သည်။ လူနှစ်သောင်း ရှိလျှင် လူနှစ်သောင်းထဲက တစ်ယောက်မျှပင် ရေးတတ် ဖတ်တတ် မရှိပေ။ ယင်း ရာစုနှစ်များ၌ လူတို့၏ ကျောသည် အသိဉာဏ် တည်းဟူသော နေဘက် လှည့်နေလျက် မျက်နှာက မသိ နားမလည်ခြင်းနှင့် လွဲမှားသော ယုံကြည်ခြင်း တည်းဟူသော အမိုက်မှောင်ဘက်လှည့်နေသည်။ ထို အချိန်က တိုးတက်မှုလည်း မရှိပေ။ တီထွင်မှုလည်း မရှိပေ။ အရပ်ထက်ဝန်းကျင်၌ မတရားနှိပ်စက် ညှင်းပန်း ခြင်းများ၊ ပူဇော်ဝတ်ပြုခြင်းများ၊ ဆုတောင်း ပတ္တနာပြုခြင်းများ၊ အပြည့်ဖြစ်နေသည်။ ပုရောဟိတ်များသည် စဉ်းစားဆင်ခြင်ခြင်း၊ ရှာဖွေ စူးစမ်းခြင်း၏ ရန်သူများ ဖြစ်ကြသည်။ သူတို့သည် သိုးထိန်းများ ဖြစ်ကြလျက် လူများက သူတို့၏ သိုးထိန်းများ ဖြစ်ကြသည်။ စဉ်းစား ဆင်ခြင်ခြင်း၊ တတ်သိ နားလည်လိုခြင်း တည်းဟူသော ဝံပုလွေများမှ မိမိတို့၏ သိုးများ လွတ်ကင်း စေရန်သည် သူတို့၏ အလုပ်ဖြစ်သည်။ ပရလောကနှင့် စာလျှင် ဤလောကသည် ဘာမျှ တန်ဘိုး မရှိပေ။ ယခုဘဝတွင် အသက်ရှင်နေရခြင်း၏ တခုတည်းသော ရည်ရွယ်ချက်မှာ တမလွန် လောကအတွက် အသင့်ပြင်ဆင်ခြင်းပင် ဖြစ်လေသည်။ လူတို့၏ ငွေအားနှင့် လုပ်အားသည် ဘုရားရှိခိုးကျောင်းများကို ဆောက်လုပ်ခြင်းနှင့် ဘာသာဝန်ထမ်းများအား ကျွေးမွေးရခြင်း၌ ပြုန်းတီးသွားကုန်ကြသည်။ အမိုက်မှောင်

http://mmteashop.com

လှုပ်ရှားနေသည့် ထိုခေတ် ထိုအချိန်၌ လူသား၏ ကောင်းကျိုးကို မြော်မှန်းလျက် တီထွင်မှု တခုတလေမျှ မပြုလုပ်ခဲ့ပေ။ အသစ်အဆန်းကို တခုမျှ မစူးစမ်း မရှာဖွေခဲ့ပေ။

ထိုအတွင်း တီထွင်မှု တခု ဖြစ်ပေါ်လာသည်ကို တွေ့ရသည်။ ဆဲ့သုံးရာစုနှစ်၌ ရိုဂျာဘေကွန် အမည်ရှိ ခရစ်ယာန် ဘုန်းကြီးတပါးသည် သေနတ် ကျည်ဆံကို တီထွင် ပြုလုပ်သည်ဟု အဆိုရှိလေသည်။ ယင်း တီထွင်ခြင်းသည် ပုဂ္ဂလိက အနေနှင့် တီထွင်ခြင်း ဖြစ်သည်။ ယင်းတီထွင် ပြုလုပ်မှု အတွက် ကျွန်ုပ်တို့သည် ခရစ်ယာန်ဘာသာကို ကျေးဇူးမတင်နိုင်ပေ။ အကြောင်းမူကား ဘေကွန်သည် ဘုရားသခင်အား ယုံကြည်ခြင်းမရှိဘဲ အရာဝတ္ထုပြုသမျှ၌ အသိဉာဏ်ကိုသာလျှင် အဆုံးအဖြတ်ပေးသူ အဖြစ် အသိအမှတ် ပြုထားသောကြောင့် ဖြစ်လေ၏။ ထိုခေတ် ထိုအခါ၌ အသိဉာဏ်နှင့် ပြည့်စုံသူမှန်သမျှ ကြုံရသည့် နည်းအတိုင်း ဘေကွန် သည်လည်း အနှိပ်စက် အညှဉ်းပန်းခံရလေသည်။ ထောင်သွင်း အကျဉ်းကျခံ ရလေသည်။

ယင်းသို့ လူ၏ ပုဂ္ဂလိက အရည်အချင်းသည် နှင်းချေဖျက်ဆီးခြင်း ခံနေရသော်လည်း လူအချို့မှာ တွေးခေါ်စဉ်းစားစ ပြုလာလေ၏။ သူတို့သည် ဤကမ္ဘာလောက၏ အမှုကိစ္စများ၌ စိတ်ပါဝင်စားစ ပြုလာလေ၏။ ဖြစ်ပျက်သည့် အဖြစ်အပျက်များ၏ အကြောင်းကို ရှာဖွေစူးစမ်းစ ပြုလာလေ၏။ မိမိတို့၏ မျက်လုံးကို ကောင်းကင်မှ ရုပ်သိမ်းပြီး ကိုယ့်ပတ်ဝန်းကျင်ကို ကြည့်စပြုလာလေ၏။ သူတို့သည် ဤလောက၌ ချမ်းသာသုခကို အလိုရှိလာကြသည်။ သူတို့သည် ကမ္ဘာမြေကြီးနှင့် နီးစပ်လာကြသည်။ အသိဉာဏ်နှင့် ပြည့်စုံလာကြသည်။

ယင်းသို့ ဖြစ်သဖြင့် မည်ကဲ့သို့သော အကျိုးအာနိသင် ပေါ်လာသနည်းဟူမူ ထိုသူတို့သည် တီထွင်ခြင်း၊ စူးစမ်း ရှာဖွေခြင်း၊ အဖြစ်အပျက်များ၏ အညမည ဆက်သွယ်မှုကို လေ့လာခြင်းများကို စတင်ပြုလုပ်ကြလေ၏။ လူကို ချမ်းသာသုခနှင့် ပြည့်စုံအောင် ပြုလုပ်သည့် အရာသည် မည်သည့်အရာများ ဖြစ်သနည်းဟူ၍၎င်း၊

http://mmteashop.com

လူသား မိတ်ဆွေများ၏ ကောင်းကျိုးကို ပြုသည့် အချက်များသည် မည်သည့် အချက်များ ဖြစ်သနည်း ဟူ၍၎င်း၊ ထိုသူတို့သည် ရှာဖွေ စူးစမ်းလာကြလေ၏။

ခဲစာလုံးများကို တီထွင် ကြ၏။ စက္ကူများကို ဖန်တီးကြ၏။ စာအုပ်များ ပေါ်ပေါက်လာလေသည်။ လူအဆက်တိုင်းသည် မိမိတို့၏ စိတ်ပိုင်းဆိုင်ရာ အမွေပစ္စည်းကို နောင်လာနောင်သား လူ့အဆက်များအတွက် ပေးထားနိုင်သည်အထိ ဖြစ်လာလေ၏။ ရာဇဝင်သမိုင်းသည် ဒဏ္ဍာရီနှင့် ပုံပြင်တို့၏ နေရာကို စတင် ယူလာလေ၏။ အဝေးကြည့် မှန်ပြောင်းကို တီထွင် ပြုလုပ်ကြ၏။ ကြယ်တာရာတို့၏ သွားရာလမ်းကို ရှာဖွေစူးစမ်းမှု ပြုလာကြ၏။ လူသည် ကမ္ဘာ၏ နိုင်ငံသား ဖြစ်လာလေသည်။ ရေနွေးငွေ့ အင်ဂျင်စက်များကို ပြုလုပ် ဖန်တီးကြ၏။ ယခုအခါတွင် ယင်း ရေနွေးငွေ့သည်။ ယင်းကြီးကျယ်သော ကျွန်းကြီးသည် သိန်းသန်း များစွာ ကုဋေများစွာသော လူတို့၏ အလုပ်ကို လုပ်ပေးလေသည်။ မှော်အတတ်ပညာနှင့် မဖြစ်နိုင်သည့် အရာများ တိမ်ကောသွားလျက် ၎င်းတို့၏ နေရာကို ဓာတုဗေဒကၡင်း၊ အသုံးကျသည့် အရာများကၡင်း၊ ယူလေသည်။ ဗေဒင်ပညာသည် နက္ခတ်ပညာ ဖြစ်လာလေသည်။ ကေပလာသည် ကြီးကျယ်သော စည်းကမ်းချက် သုံးခုကို စမ်းသပ် တွေ့ရှိလေသည်။ ဤကား လူသား အသိဉာဏ်၏ ကြီးမားသော အောင်မြင်မှုကြီးတခု ဖြစ်၏။ ကျွန်ုပ်တို့၏ နက္ခတ်တာရာများသည် ကဗျာတစ်ပုဒ် ဖြစ်လာသည်။ သီချင်း ဂီတ တစ်ပုဒ် ဖြစ်လာသည်။ နယူတန်သည် ကျွန်ုပ်တို့အား ပထဝီ မြေကြီး၏ ဆွဲငင်ခြင်းသဘောတရားကို ဂဏန်းသင်္ချာ ဝေါဟာရ စကားလုံးဖြင့် ရှင်းလင်း ပြောပြသည်။ ဟာဗေသည် သွေးအလျဉ်ကို စူးစမ်းသည် ဒရေပါသည် ၎င်း၏ အကြောင်းကို ဖေါ်ထုတ်သည်။ မီးသင်္ဘောများသည် ပင်လယ် သမုဒ္ဒရာများကို အနိုင်ရရှိသည်။ မြေကြီးပေါ်၌ မီးရထား သံလမ်းများကို ဖြန့်ခင်းလိုက်၏။ ဓာတ်ငွေ့ဖြင့် အိမ်တွင်း အိပ်ပြင် အလင်း ရရှိသွား၏။ မီးခြစ်ကို တီထွင်လိုက်သဖြင့် မီးသည် လူ၏ အစေ ဖြစ်လာခဲ့သည်။ ဓာတ်ပုံရိုက်သည့် အတတ်ကို တတ်မြောက်လာကြ၏။ ကြေးနန်းနှင့် ကြိုးမဲ့ ကြေးနန်းများ တီထွင် ပေါ်ပေါက်လာ၏။ လျှပ်စစ်သည် အယူအဆ အတွေးအခေါ်များကို သည်ပိုး ဆောင်ကြဉ်းသူ ခြေမြန်တော် ဖြစ်လာသည်။ လူမျိုးတို့သည် တမျိုးနှင့် တမျိုး အိမ်နီးနားချင်း ဖြစ်လာကြ၏။

http://mmteashop.com

မေ့ဆေးပေးသည့် အချက်အလက်များကို ရှာဖွေ တွေ့ရှိလာ၏။ လူ၏ ဝေဒနာသည် အိပ်မောကျနေခိုက်တွင် ပျောက်ကင်းသွား၏။ ခွဲစိပ် ကုသခြင်းသည် သိပ္ပံပညာတခု ဖြစ်လာသည်။ အသံလှိုင်းကို တနေရာမှ တနေရာသို့ ယူဆောင်သွားလျက် လူ၏ နားသို့ အထိ ပို့ဆောင်ပေးသည့် တယ်လီဖုန်းကို တီထွင် ပြုလုပ်ကြ၏။ လူ၏ စကားကို အမှတ်လက္ခဏာ၏ အသွင်ဖြင့် မှတ်ယူပြီးလျှင် ကျွန်ုပ်တို့အား တဖန် ပြန်ပေးသည့် ဖိုနိဂရပ်စက်ကို တီထွင် ပြုလုပ်ကြ၏။ ညဉ့်ကို နေ့ အဖြစ် ဖန်တီးပေးသည့် လျှပ်စစ် ဓာတ်အား ပေါ်လာ၏။ ထို သိမ်မွေ့သည့် အစွမ်းသတ္တိကို အသုံးပြုသည့် အံ့သြဖွယ်စက်များ ပေါ်လာ၏။ ဘူမိဗေဒ ပညာရှင်သည် ကမ္ဘာလောက၏ ရာဇဝင်သမိုင်းကို ဖတ်သည်။ သစ်ပင်အကြောင်းနှင့် တိရစ္ဆာန်အကြောင်းကို နားထောင်သည်။ ဇီဝဗေဒပညာရှင်သည် ဓမ္မကျမ်းဂန်ထဲက အမှားကို ထောက်ပြသည်။ တစတစ တိုးတက်လာမှု ဝါဒ ပေါ်လာ၏။ ထောင်ပေါင်း များစွာသော လျှို့ဝှက်ချက်များကို ထုတ်ဖေါ်လာကြ၏။ မုန်ဘီဘူးသည် ရောဂါ ပိုးမွှားများကို ရှာဖွေသည်။ ကျွန်ုပ်တို့အား ပုလိပ်ရောဂါ ကာကွယ်နည်းကို သင်ပြသည်။ ယင်း မရေမတွက်နိုင်သည့် တီထွင်ချက်များသည် စိတ်နှလုံး လွတ်လပ်မှု၏ သားသမီးများသာလျှင် ဖြစ်ကြလေ၏။

ဘဝ၏ အမိုက်တိုက်ထဲ၌ လမင်း၏ အလင်းရောင်များ ရှိကြသည်။ ခွက်သုတ်သည့် အဝတ် လွတ်ကျခြင်းသည် ဧည့်သည် အာဂန္တု တယောက်ယောက် လာမည့် အတိတ်နိမိတ် ဖြစ်ချင်ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အထံ၌ မည်သည့် အထောက်အထားမျှ မရှိပေ။ လူသုံးယောက် စုထိုင်ပြီး စားသောက် နေခြင်းသည် စိုးရိမ်စရာ ဖြစ်ချင် ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အထံ၌ မည်သည့် အထောက်အထားမျှ မရှိပေ။ လက်စွပ်တွင် စိန်ကျောက် အချို့ကို တပ်ဝတ်လျှင် အကျိုးပေးလျက် အခြား စိန်ကျောက် အချို့ကို တပ်ဝတ်လျှင် အကျိုးယုတ်ခြင်း ဖြစ်ချင် ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အထံ၌ မည်ကဲ့သို့သော အထောက်အထားမျှ မရှိပေ။ လက်ဝဲဘက်၌ လကို မြင်ရခြင်းသည် တိတ်ဆိုး နိမိတ်ဆိုး ဖြစ်ချင် ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အထံ၌ မည်ကဲ့သို့သော အထောက်အထားမျှ မရှိပေ။ အရိုးဟောင်း၊ အရိုးဆွေးများ၌ဂုဏ်း၊

http://mmteashop.com

"မြင့်မြတ်" သည့် အဝတ်စုတ်နှင့် ဆံပင်တို့၌၎င်း၊ ရုပ်ထုများနှင့် သစ်သား အစအနများ၌၎င်း၊ သံချေးတက်နေသည့် သံစ၌၎င်း၊ ခြောက်ကပ်နေသည့် သွေး၌၎င်း၊ ရောဂါဝေဒနာတို့၏ အနာရောဂါကို ပျောက်ကင်း သက်သာစေသည့် အစွမ်းသတ္တိ တခုခု ရှိချင် ရှိပေလိမ့်မည်။ သို့ရာတွင် ခက်သည်မှာ ကျွန်ုပ်တို့၏ အထံ၌ မည်ကဲ့သို့သော အထောက်အထား မည်ကဲ့သို့သော ပမာဏမျှ မရှိခြင်း ဖြစ်လေသည်။ ကြယ်တံခွန်၊ နေကြတ်ခြင်း၊ လကြတ်ခြင်းများသည် ရှင်ဘုရင်တို့၏ နတ်ရွာစံ ကံကုန်ခြင်း၊ လူမျိုးတို့၏ တိမ်ကော ပျက်စီးခြင်း၊ ချစ်သူ ရောက်လာခြင်းများ၏ တိတ်နိမိတ် ဖြစ်ချင် ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အထံ၌ မည်ကဲ့သို့သော အထောက်အထားမျှ မရှိပေ။ ဓမ္မဟောင်း ဓမ္မသစ်၌ ဖေါ်ပြပါရှိသော တန်ခိုး က္ကန္ဒိပါဒ်များသည် ဖြစ်ချင် ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အထံ၌ မည်သို့သော အထောက်အထားမျှ မရှိပေ။

ထိုနည်းအတိုင်း ကမ္ဘဇိဒ္ဓိရှိသည့် တစ္ဆေသရဲဆိုသည်မှာ ရှိချင် ရှိပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အထံ၌ မည်ကဲ့သို့သော အထောက်အထားမျှ မရှိပေ။ စဉ်းစား ဆင်ခြင်ရဲသည့်၊ မိမိ အယူအဆကို ရဲရဲဝံ့ဝံ့ တင်ပြရဲသည့် လူများအားရင်း၊ ဓမ္မကျမ်းဂန်များကို မယုံကြည်သည့် လူများအားရင်း၊ လွဲမှားသော ယုံကြည်ချက်ကို လက်မခံသည့် သူများအားရင်း၊ စောင့်မျှော်နေသည့် မီးညွှန့် မီးလျှံများ ရှိသော ငရဲပြည်ဆိုသည်မှာ ရှိချင် ရှိပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အထံ၌ မည်ကဲ့သို့သော အထောက်အထားမျှ မရှိဟု ပြောနိုင်သည့် အတွက် အားရ ကျေနပ်လှပေသည်။

သီချင်း ဂီတများကို သီဆို တီးမှုတ်လျက် လှည့်လည် သွားလာကြပြီးလျှင် ငရဲပြည်က ငရဲခံနေရသူများ၏ တစာစာ ဟစ်ကြွေးသံများကို နားအရသာ ခံနေကြသည့် နတ်ဒေဝတာများ ရှိသည့် နတ်ပြည်ဆိုသည်မှာလည်း ရှိချင် ရှိပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အထံ၌ မည်ကဲ့သို့သော အထောက်အထားမျှ မရှိပေ။

http://mmteashop.com

ယင်း အရာအားလုံးသည် အရှူး၏ အိပ်မက်၊ အရှူး၏ စိတ်ကူးယဉ်မှုသာ ဖြစ်သည်။

အရာဝတ္ထု အားလုံး၏ အပေါ်၌ အုပ်ချုပ်သော၊ အရာဝတ္ထု အားလုံးကို ကွက်ကဲသော သဘာဝမှ အပ ဖြစ်သည့် အစွမ်းသတ္တိတစုစု ရှိချင် ရှိပေလိမ့်မည်။ သို့ရာတွင် ယင်းကဲ့သို့သော အစွမ်း သတ္တိ၏ တည်ရှိမှုသည် အထောက်အထား ပမာဏ အားဖြင့် မထင်ရှားပေ။

ကျွန်ုပ်တို့သည် ယင်း နတ်ဒေဝတာ၊ ယင်း တစ္ဆေသရဲ၊ ယင်း နတ်ပြည်၊ ယင်း ငရဲပြည့်တို့ မည်ကဲ့သို့ ဖြစ်ပေါ်လာသည် ဆိုသည်ကို အတိအကျ သိရှိသည်။ ကျွန်ုပ်တို့သည် ဘုရားသခင် မှခပါ၌ထွက် ကျမ်းဂန်များ၏ ရာဇဝင်သမိုင်းကိုရင်း၊ ဘာသာတရားများ ဖြစ်ပေါ်မှု ရာဇဝင်သမိုင်းကိုရင်း၊ သိရှိပေသည်။ ကျွန်ုပ်တို့သည် လွဲမှားသော ယုံကြည်ချက်၏ မျိုးစေ့ ဗီဇကို မည်ကဲ့သို စိုက်ပျိုးခဲ့သည် ဆိုသည်ကိုရင်း၊ ထို မျိုးစေ့ဗီဇသည် မည်ကဲ့သို့ အပင်အဖြစ် ကြီးထွားလာသည် ဆိုသည်ကိုရင်း၊ သိရှိသည်။ အသိဉာဏ် တည်းဟူသော အလင်းရောင်အောက်၌ ကျွန်ုပ်တို့သည် အကျိုးရှိသည့် အရာကို အကျိုးယုတ်သည့် အရာမှရင်း၊ လွဲမှားသော ယုံကြည်ချက်ကို အမှန်တရားမှရင်း၊ ခွဲခြားမှု ပြုလုပ်နိုင်ပေသည်။

ကျွန်ုပ်တို့သည် သဘာဝအရ ဖြစ်ပျက်မှုများကို ယုံကြည်သည်။ အကြောင်းနှင့် အကျိုး၏ မပြတ်သော အစဉ်အဆက်ကို ယုံကြည်သည်။ ကျွန်ုပ်တို့သည် သဘာဝ၏ အပြင်ဘက်၌ မည်ကဲ့သို့သော အရာဝတ္ထု၏ တည်ရှိမှုကိုမျှ လက်မခံပေ။ ကျွန်ုပ်တို့သည် ဆီမီးထွန်းခြင်း၊ ရှိခိုးဝတ်ပြုခြင်း၊ ကြေးစည်ခေါင်းလောင်း တီးခြင်း၊ ဓမ္မဂီတရွတ်ဖတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ ဆုတောင်းပတ္ထနာပြုခြင်းများကို ပြုလုပ်ခြင်းဖြင့်ရင်း၊ အကျင့် ကျင့်ခြင်းအားဖြင့်ရင်း၊ ကျေနပ်နှစ်သိမ့်စေနိုင်သည့် ဘုရားသခင်မျိုးကို မယုံကြည်ပေ။

ကျွန်ုပ်တို့သည် တစ္ဆေသရဲ ဖုတ်ပြိတ္တာ နာနာဘာဝတို့ကိုရင်း၊ ငရဲကိုရင်း၊ မကြောက်ပေ။ ကျွန်ုပ်တို့သည် ထို ဘုရားသခင်၊ ထိုကောင်းကင်ဘုံ ကိုယ်ကာယ၊ ထို

http://mmteashop.com

အနာဂတ်ဟောကိန်း၊ ထိုသူ တပါး၏ စိတ်အကြံကို သိခြင်း စသည်များသည် အားလုံးပင် လိမ်လည် လှည့်ဖျားသော အတတ်ပညာများသာ ဖြစ်သည်ဟု ယုံကြည်သည်။

သိန်းသန်းများစွာ ကုဋေများစွာသော လူတို့သည် ဘဝ၏ ပြဿနာကို ဖြေရှင်းရန်အတွက်၊ အနာဂတ်၏ လျှို့ဝှက်ချက်ကို စုံစမ်း ထောက်လှမ်းရန်အတွက် မဖြစ်နိုင်သည့် အရာများ၏ နောက်သို့ လိုက်နေကြသည်ကို၎င်း၊ သဘာဝမှ အပဖြစ်သော အစွမ်း သတ္တိ တစုံတခုထံမှ အကူအညီ ရရှိရန်အတွက် ကြိုးပမ်း အားထုတ်နေကြသည်ကို၎င်း၊ ကျွန်ုပ်တို့ သိကြသည်။ သူတို့၏ ကြိုးပမ်း အားထုတ်ချက် ဟူသမျှ အချည်းနှီး အလဟဿ သာလျှင် ဖြစ်သည်ဟုလည်း ကျွန်ုပ်တို့ သိကြသည်။

ကျွန်ုပ်တို့သည် သဘာဝဆိုင်ရာ အရာများကို ယုံကြည်သည်။ အိမ်နှင့် မီးဖိုချောင်၊ သားသမီးနှင့် မိတ်ဆွေများကို ယုံကြည်သည်။ ကမ္ဘာလောက၏ တကယ်ရှိသော အရာဝတ္ထုများကို ယုံကြည်သည်။ ကျွန်ုပ်တို့သည် တကယ်ရှိသော အဖြစ်အပျက်ကို၎င်း၊ အသိဉာဏ်ကို၎င်း၊ ဥဏျောက်၏ စည်ပင် ဖွံ့ထွားခြင်းကို၎င်း၊ ယုံကြည်သည်။ ကျွန်ုပ်တို့သည် လွဲမှားသော ယုံကြည်ချက်များကို အဝေးသို့ လွှင့်ပစ်သည်။ သိပ္ပံပညာကို ကြိုဆိုသည်။ ကျွန်ုပ်တို့သည် အမှားများကို၎င်း၊ မမှန်သော တရားကို၎င်း၊ အဝေးသို့ ချောက်ထုတ်ပစ်သည်။ အမှန်တရားကို တွယ်ကပ်ထားသည်။ ကျွန်ုပ်တို့သည် မသိအပ်သည့် အရာကို ရာဇပလ္လင်ပေါ်မှာ တင်ပြီး မိမိ၏ မသိနားမလည်ခြင်း၏ ဦးခေါင်းပေါ်၌ မကိုဋ်ကို ဆောင်းမပေးပေ။ ကျွန်ုပ်တို့သည် အသိဉာဏ်တည်းဟူသော နေမင်းကို ကျောခိုင်းလျက် ကိုယ့်အရိပ်ကို ဘုရားသခင်ဟု အမှတ်မမှားပေ။ ကျွန်ုပ်တို့သည် ကိုယ့်သခင်ကို ဖန်ဆင်းပြီး သူ ခတ်ထားသည့် လက်ထိပ် ခြေထိပ်များကို ကျေးဇူး တင်ရှိစွာဖြင့် ဝတ်မထားပေ။

ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကို ကျွန်မလုပ်ပေ။ ကျွန်ုပ်တို့သည် မည်သူ၏ ခေါင်းဆောင်မှုလည်း လုပ်ဘို့မလိုပေ။ မည်သူ၏ နောက်လိုက်မှုလည်း လုပ်ဘို့ မလိုပေ။ လူတိုင်း လူတိုင်း မိမိကိုယ်ကို သစ္စာ စောင့်သိဘို့ရန်၊ မိမိ၏ ရည်မှန်းချက်ကို

http://mmteashop.com

သစ္စာစောင့်သိဘို့ရန် ကျွန်ုပ်တို့ လိုလားသည်။ လူသည် အမြောက်ကိုလည်း မလိုလား သင့်ပေ။ အချောက်ကိုလည်း ဂရုမထားသင့်ပေ။ ကျွန်ုပ်တို့သည် ပထဝီ မြေအပြင်ပေါ်၌လည်း သက်ဦးဆံပိုင် တဦးဦးကို မလိုလားပေ။ အာကာသ ကောင်းကင်ပြင်၌လည်း သက်ဦးဆံပိုင် တဦးဦးကို မလိုလားပေ။

ကျွန်ုပ်တို့ သိရသည်မှာ လွဲမှားသော ယုံကြည်ချက်သည် ကျွန်ုပ်တို့၏ သန္တာန်၌ ကြောက်လန့်ခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ ငိုက်မျည်းခြင်းကို ဖြစ်ပေါ် စေခဲ့သည်။ မျက်စိကန်း ကြည်ညိုခြင်းနှင့် အယူသီးခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ ကျွန်ုပ်တို့အား ဖုန်းတောင်းယာစကာ ဖြစ်အောင် လုပ်ခဲ့သည်။ ဆင်းရဲအောင် လုပ်ခဲ့သည်။ ကျွန်ုပ်တို့အား ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ဆုတောင်း ပတ္တနာပြုခြင်းကို ပေးခဲ့သည်။ အနာရောဂါနှင့် သေခြင်းကို ပေးခဲ့သည်။

ကျွန်ုပ်တို့၏ အထံ၌ ရှိသော အဖိုးတန်အရာဟူသမျှ သိပ္ပံပညာ၏ ပေးကမ်းချီးမြှင့်ချက် ဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိရှိသည်။ တခုတည်းသော သိပ္ပံပညာ သည်သာလျှင် ယဉ်ကျေးအောင် လုပ်သည့် အရာ ဖြစ်လေသည်။ သိပ္ပံပညာသည် ကျွန်များကို ကျွန်ဘဝက လွတ်အောင် လုပ်သည်။ အဝတ် မရှိသူများအား အဝတ်ပေးသည်။ အစာချို့တဲ့ သူများအား အစာပေးသည်။ အသက်ကို ရှည်အောင် လုပ်သည်။ သိပ္ပံပညာသည် ကျွန်ုပ်တို့အား အိမ်များကို ပေးသည်။ ပန်းချီကားများကို ပေးသည်။ စာအုပ်များကို ပေးသည်။ မီးသင်္ဘော ပေးသည်။ မီးရထားပေးသည်။ ကြေးနန်းကို ပေးသည်။ ကြိုးမဲ့ကြေးနန်းကို ပေးသည်။ မမောမပန်းဘဲနှင့် မရေမတွက်နိုင်သည့် ဘီးများကို လှည့်ပေးသည့် အင်ဂျင်စက်များကို ပေးသည်။

သိပ္ပံပညာသည်သာလျှင် အစစ်အမှန် လွတ်မြောက်မှု ပေးသူ ဖြစ်သည်။ သိပ္ပံပညာသည် ရိုးသားခြင်းကို လိမ်လည် လှည့်ဖြားခြင်းထက် တန်ဖိုးထားလိမ့်မည်။ ဖြောင့်မှန်ခြင်းကို မျက်စိကန်း ယုံကြည်ခြင်းထက် တန်ဖိုးထားလိမ့်မည်။ သိပ္ပံ ပညာသည် အယူသီးခြင်း၏ အသွင်အပြင် အားလုံးကို ဖျက်ဆီး ပစ်လိမ့်မည်။ စဉ်းစား ဆင်ခြင်ခြင်း ကင်းမဲ့သည့် ယုံကြည်ခြင်းထက် အဆင့်ခြင် အစဉ်းစားနှင့် ပြည့်စုံသည့် တတ်သိ နားလည် လိုခြင်းကို ပို၍ တန်ဖိုးထားလိမ့်မည်။ သိပ္ပံပညာသည်

http://mmteashop.com

ကျွန်ုပ်တို့အား၊ ပုရောဟိတ်များ၊ ရသေ့ရဟန်းများ အစား အဘိဓမ္မာဆရာများ၊ ဆင်ခြင်တုံသမားများ၊ လွတ်လပ်ရေး ရှာမှီးသူများကို၊ ဖျောက်ဖျက် ပစ်လိမ့်မည်။ ယင်းအရာအားလုံးထက် သာသော မြင့်သော မြတ်သော အချက်မှာ - သိပ္ပံပညာသည် ကမ္ဘာလောက တခုလုံးအား လွတ်လပ်အောင် လုပ်လိမ့်မည်။

♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠

http://mmteashop.com

# လမ်းနှစ်သွယ်

http://mmteashop.com

လမ်းနှစ်သွယ် ရှိသည်။ တလမ်းမှာ သဘာဝအတွင်းက လမ်းဖြစ်လျက် အခြားတလမ်းမှာ သဘာဝ အပြင်ဘက်က လမ်းဖြစ်သည်။

လမ်းတလမ်းမှာ ကျွန်ုပ်တို့ နေထိုင်လျက်ရှိသော ကမ္ဘာလောကအတွက် အသက်ရှင်ရန် ဖြစ်သည်။ ရှာဖွေ စူးစမ်းမှုဖြင့် မိမိ၏ ဥကျောက်ကို စည်ပင် ဖွံ့ထွားအောင် လုပ်ရန်ဖြစ်သည်။ ကျွန်ုပ်တို့အား အိမ်ကို ပေးသည့်၊ အဝတ်ကို ပေးသည့်၊ အစားကို ပေးသည့်၊ အနုပညာနှင့် သိပ္ပံပညာအားဖြင့် ဥကျောက် ဝတ်မွတ်ခြင်းကို ဖြေဖျောက်ပစ်သည့် တီထွင်ချက်များနှင့် သဘာဝ၏ အစွမ်းသတ္တိများကို အသုံးချရန် ဖြစ်သည်။

အခြား တလမ်းမှာမူ ကျွန်ုပ်တို့ မြော်မှန်း တောင့်တလျက် ရှိသော၊ ကျွန်ုပ်တို့ မည်သို့မျှ မသိရသော ကမ္ဘာလောကအတွက် အသက်ရှင်ရန် ဖြစ်သည်။ ထိုကမ္ဘာလောကအတွက် ယခု မျက်မှောက်ဘဝကို စွန့်လွှတ်ရန် ဖြစ်သည်။ ဆုတောင်း ပတ္ထနာပြုခြင်းနှင့် အခြား ဘာသာရေး အပြုအမူများဖြင့် ကောင်းကင်ပြင် မိုးတိမ်တိုက် အထက်၌ စမ္ပာယ်နေသော တစုံတဦးထံမှ အကူအညီ တောင်းရန် ဖြစ်သည်။ အကာအကွယ်ယူရန် ဖြစ်သည်။

http://mmteashop.com

လမ်းတလမ်းမှာ ဆင်ခြင်စဉ်းစားရန် ဖြစ်သည်။ စူးစမ်းရှာဖွေရန် ဖြစ်သည်။ မျက်စိဖွင့်ကြည့်ရန် ဖြစ်သည်။

အခြား လမ်းတလမ်းမှာမူ ယုံကြည်ရန်ဖြစ်သည်။ နာယူရန် ဖြစ်သည်။ နောက်လိုက်ရန် ဖြစ်သည်။ မိမိ၏ ဣန္ဒြေများကို အထောက်အထား ပမာဏဟု သဘောမထားရန် ဖြစ်သည်။ “ငါ ဘာမဆို သိသည်” ဟု အရှက်မဲ့စွာ ပြောတတ်သူများ၏ ရှေ့၌ ဦးညွှတ်ရန် ဖြစ်သည်။

လမ်းတလမ်းမှာ မိမိ၏ လူသား မိတ်ဆွေများအတွက်၊ မိမိ၏ သားမယား အတွက် အသက်ရှင်ရန် ဖြစ်သည်။ ကျွန်ုပ်တို့ ချစ်ခင်နေသူများအား ချမ်းသာသုခနှင့် ပြည့်ဝအောင် ပြုလုပ်ရန် ဖြစ်သည်။ ကျွန်ုပ်တို့ ချစ်ခင်နေသူများအား ဘဝ၏ ဆင်းရဲဒုက္ခမှ လွတ်မြောက်အောင် ကယ်တင်ရန် ဖြစ်သည်။

အခြား လမ်းတလမ်းမှာမူ တစ္ဆေသရဲများ၊ နတ်ဒေဝတာများ၊ ပုရောဟိတ်များ အတွက် အသက်ရှင်ရန် ဖြစ်သည်။ ၎င်းတို့ကသာ တမလွန်လောက၌ အကျိုး ဖြစ်ပေါ်စေနိုင်သည် ဟူသော မျှော်လင့်ချက်နှင့် ဖြစ်သည်။

လမ်းတလမ်းမှာ စဉ်းစား တွေးခေါ်ခြင်းကို ရာဇပလ္လင်ပေါ် တင်ရန် ဖြစ်သည်။ တကယ် ဖြစ်ပျက်သော အဖြစ်အပျက်များကိုသာ ယုံကြည်ရန်ဖြစ်သည်။

အခြား လမ်းတလမ်းမှာမူ မျက်စိကန်း ယုံကြည်ခြင်း၏ ဦးခေါင်းပေါ်၌ သရဖူဆောင်းပေးရန် ဖြစ်သည်။ ယုံကြည်ခြင်းဖြင့် အသက်ရှင်နေရန် ဖြစ်သည်။

လမ်းတလမ်းမှာ အတွင်းသန္တာန်မှ အလင်းရောင် အတိုင်း သွားရန် ဖြစ်သည်။ အသိဉာဏ်ကို အလင်းရောင်ပေးသည့် ဆီမီးဖြင့် လမ်းကို ရှာရန် ဖြစ်သည်။ စက္ခု သောတ စသော ဣန္ဒြေများဖြင့် ထိုလမ်းကို မှတ်ကျောက်တင်ကြည့်ရန် ဖြစ်သည်။

အခြား လမ်းတလမ်းမှာ ထိုမြင့်မြတ်သည့် ဆီမီးကို ငြိမ်းသတ်ပစ်ရန်နှင့် အခြား ပုဂ္ဂိုလ်များ၏ နောက်သို့ မျက်စိမှိတ်လိုက်ရန် ဖြစ်သည်။

http://mmteashop.com

လမ်းတလမ်းမှာ ရိုးသားသော လူဖြစ်အောင် လုပ်ရန်ဖြစ်သည်။ အခြား ပုဂ္ဂိုလ်များအား မိမိ၏ အယူအဆများကို တင်ပြရန် ဖြစ်သည်။ မတ်မတ်ရပ်နေရန် ဖြစ်သည်။ အကြောက်အလန့် ကင်းအောင် လုပ်ရန် ဖြစ်သည်။ စိတ်ကူးထဲက နတ်ပြည်နှင့် ငရဲပြည်ကို အမှုမထားရန် ဖြစ်သည်။

အခြား လမ်းတလမ်းမှာမူ မြေကြီးပေါ်၌ တွားသွားရန် ဖြစ်သည်။ မိမိကိုယ်တိုင် အသုံးမပြုရဲသည့် လွတ်လပ်မှုကို တခြား ပုဂ္ဂိုလ်များအား လက်လွှတ် ဆုံးရှုံးသွားအောင် ပြုလုပ်ရန် ဖြစ်သည်။

ဒုတိယလမ်းကို သွားကြသော လွဲမှာသော အရပ်မျက်နှာကို ရှေ့ရှုကြသည့် ပုဂ္ဂိုလ်များအား ကျွန်ုပ် ရွံမုန်းသည်ဟု အသင် မမှတ်ပါနှင့်။

ကျွန်ုပ်တို့၏ ဘိုးစဉ်ဘောင်ဆက်များသည် သဘာဝမှ အပ ဖြစ်သော အစွမ်းသတ္တိ တခုခုကို ယုံကြည်ကြသည်။ ဗလိနတ်စာ ကြွေးလျှင်၎င်း၊ ဆုတောင်း ပတ္ထနာ ပြုလျှင်၎င်း၊ အကျင့် ကျင့်လျှင်၎င်း၊ ထို အစွမ်းသတ္တိသည် နေကို ပေးသည်။ မိုးကို ပေးသည်။ သီးနှံထွက်အောင် လုပ်သည်ဟု သူတို့ ယုံကြည်ကြသည်။ ထို အစွမ်းသတ္တိသည် ဤကမ္ဘာလောက၌ အသက်ရှင်အောင် လုပ်သည်။ နောင်တမလွန်ဘဝ၌ အဆုံးအပိုင်းအခြား မရှိသော ရွှင်လန်းမှုကို ပေးသည်ဟုလည်း သူတို့ ယူဆကြသည်။ သူတို့အတွက် ဘုရားသခင်သည် အမျက်ထွက်လွယ်၍ ထိတ်လန့် ကြောက်ရွံ့ဖွယ် အပြစ်ဒဏ်ကို ပေးတတ်သည့် သက်ဦးဆံပိုင်တဦး ဖြစ်လေသည်။ သူတို့သည် အစွမ်းသတ္တိအရာ၌ ဘုရားသခင်ထက် မညံ့သော၊ လိမ်လည်လှည့်ဖြားခြင်း၊ အတတ်ပညာ၌မူ ဘုရားသခင်ထက် သာချင်သာမည် ဖြစ်သည့် သရဲသဘက်ကိုလည်း ယုံကြည်ကြသည်။ ယင်းနှစ်ဦး၏ အလယ်၌ လူ၏ စိတ်နှလုံးသည် ကြောင်၏ လက်သည်းနှစ်ခုထဲက ကြွက်ပမာ ဖြစ်နေလေသည်။

ယင်း ဘုရားသခင် နှစ်ဦးအား လူသည် ထိတ်လန့် ကြောက်ရွံ့သည်။ ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်တို့သည် ဘုရားသခင်ကိုလည်း ကြည်ညိုရုံသာလျှင် ကြည်ညိုသည် မဟုတ်၊ သရဲသဘက်ကိုလည်း ရွံ့မုန်းရုံသာလျှင် ရွံ့မုန်းသည် မဟုတ်။

http://mmteashop.com

သူတို့သည် နှစ်ဦးလုံးအား ကြောက်ရွံ့ကြသည်။ သူတို့သည် တမလွန် လောက၌ ဘုရားသခင်၏ အရေးပေးခြင်းကို ခံလိုကြသည်။ သူတို့သည် ဤလောက၌ သရဲသဘက်၏ အရေးပေးခြင်းကိုလည်း ခံလိုကြသည်။ သဘာဝသည် ယင်းနှစ်ဦးလုံး၏ ကျွန် ဖြစ်သည်ဟု သူတို့ ယုံကြည်ကြသည်။ သူတို့၏ အမြင်၌ ရေကြီးခြင်း၊ လေကြီးမုန်တိုင်း တိုက်ကျခြင်း၊ ရောဂါဘယ ဖြစ်ခြင်း၊ လျှောင် လှူပ်ခြင်းများသည် အပြစ်ဒဏ် အဖြစ်ဖြင့် ပို့လိုက်သည့် အရာများ ဖြစ်လျက် ကောင်းသော အရာဟူသမျှမှာ ဆုလာဘ် အဖြစ်ဖြင့် ပို့လိုက်သည့် အရာများ ဖြစ်လေသည်။

အရာဝတ္ထု ဟူသမျှသည် သဘာဝမှ အပဖြစ်သော အစွမ်းသတ္တိတို့၏ လက်အောက်ခံ ဖြစ်သည်။ နေကြတ်ခြင်းနှင့် လကြတ်ခြင်းတို့သည် လူတို့ ကျူးလွန်သည့် ပြစ်မှုများ၏ အကျိုးတရား ဖြစ်သည်ဟု ယူဆကြသည်။ ထူးခြားသော အဖြစ်အပျက် ဟူသမျှသည် တန်ခိုးပြာဋိဟာများ ဖြစ်ကြသည်။ သိပ္ပံပညာ၏ အမည်နာမမျှပင် မရှိပေ။ လူတို့သည် ရှာဖွေ စူးစမ်းခြင်းလည်း မပြုပေ။ စဉ်းစား ဆင်ခြင်လည်း မပြုပေ။ ကြောက်သဖြင့် တုန်လှုပ်၍သာ နေကြသည်။ ယုံကြည် ကိုးစား၍သာ နေကြသည်။

ထိုနောက်တွင်ကား လူအချို့မှာ မျက်စိဖွင့်၍ ကြည့်စပြုလာကြလေ၏။ ဆင်ခြင် တွေးတောစ ပြုလာကြလေ၏။

နေကြတ်ခြင်းနှင့် လကြတ်ခြင်းတို့သည် သူ့အချိန်နှင့် သူ့အချိန်ခြားလျက် ဖြစ်ကြသည်ဟူသော အကြောင်းကို သိလာကြလေ၏။ ယင်းသို့ မဖြစ်ပေါ်မီ မည်သည့် အချိန်၌ ဖြစ်ပေါ်နိုင်သည် ဆိုသည်ကိုလည်း ကြိုတင် သိရှိလာလေ၏။ ယင်းသို့ သိရှိသဖြင့် လူတို့၏ အလုပ်ကိစ္စနှင့် နေကြတ်ခြင်းများသည် တခုနှင့် တခု မည်သို့မျှ မပတ်သက်ကြောင်း ထင်ရှားပြတ်သားလာလေ၏။ လျှောင်လှူပ်ခြင်း၊ လေကြီးမုန်တိုင်း ကျခြင်းတို့မှာ သဘာဝ အကြောင်းတို့ကြောင့် ဖြစ်ခြင်းဖြစ်လျက် လူတို့၏ အလုပ်ကိစ္စနှင့် ၎င်းတို့ မည်သို့မျှ ပတ်သက် ဆက်သွယ်ခြင်း ရှိမည်မဟုတ်ဟူ၍ အချို့သော လူများသည် သံသယ ဖြစ်လာကြလေ၏။

http://mmteashop.com

အချို့သော လူများသည် နတ်ဒေဝတာများ ရှိသည်ဟူသော အချက်ကိုင်၊ လူတို့၏ အဖြစ်အပျက်များနှင့် နတ်ဒေဝတာတို့ ဆက်စပ်မှု ရှိသည်ဟူသော အချက်ကိုင်၊ သံသယ ဖြစ်လာကြလေ၏။ နက္ခတ်ပညာနှင့် ပတ်သက်၍င်၊ ကြယ်တာရာတို့၏ အရေအတွက်နှင့် ပတ်သက်၍င်၊ ဂြိုဟ်တို့၏ အသွားအလာနှင့် ပတ်သက်၍င်၊ ထိုဂြိုဟ်များအနက် များစွာတို့မှာ ပထဝီ မြေကြီးထက် ကြီးမားပုံ အကြောင်းကိုင်၊ ပထဝီ မြေကြီးနှင့် ပတ်သက်၍င်၊ အရာဝတ္ထုများ၏ တစတစ တိုးတက်လာပုံ အကြောင်းကိုင်၊ သစ်ပင်တို့၏ ကြီးထွားလာခြင်းနှင့် ၎င်းတို့၏ အမျိုးအစားများ အကြောင်းကိုင်၊ ကျွန်းကြီး ကျွန်းငယ်များ ဖြစ်ပေါ်လာပုံ အကြောင်းကိုင်၊ မရေမတွက်နိုင်သော ရာစုနှစ်များအတွင်း ၎င်းတို့ ဖြစ်ပေါ်လာရေး၌၊ မီး၊ ရေ၊ လေတို့ ပါဝင်သည့် အခန်းကဏ္ဍနှင့် ပတ်သက်၍င်၊ အရာဝတ္ထုများ၏ အချင်းချင်း ဆက်သွယ်ရေးနှင့် ပတ်သက်၍င်၊ သိရှိလာကြပြီးလျှင်၊ နေ၏ နက္ခတ်များထဲ၌ ပထဝီ မြေကြီး၏ နေရာကို သတ်မှတ် ဆုံးဖြတ်ပြီးလျှင်၊ အတွေ့အကြုံအားဖြင့်င်၊ ရှာဖွေ စူးစမ်းခြင်း အားဖြင့်င်၊ ဓာတုဗေဒ ပညာ၏ လျှို့ဝှက်ချက် အချို့ကို ဖေါ်ထုတ်ပြီးလျှင်၊ စာပုံနှိပ်စက် တီထွင်ခြင်းအားဖြင့် အချက်အလက်များ၊ အယူဝါဒများ၊ အယူအဆများကို ထိန်းသိမ်းခြင်း ဖြန့်ဖြူးခြင်းများကို အချို့သော သံကြိုးများကို ချိုးဖြတ်ပစ်ရာ၌၊ သဘာဝ၏ အထက်က ရှိနေသော အစွမ်းသတ္တိ တခုခု၏ အခွင့်အရေးကို လျှော့ပစ်ရာ၌၊ အသိဉာဏ် တည်းဟူသော နေမင်းဘက်ကို မျက်နှာပြုရာ၌ အောင်မြင်ထမြောက်မှု ရှိလာကြလေ၏။ တဖြည်းဖြည်း တစတစနှင့် ရှာဖွေစူးစမ်းသူ သုတေသီများနှင့် ဆင်ခြင်တုံသမားများ၏ ဦးရေသည် တိုးတက် များပြားလာလေသည်။ တဖြည်းဖြည်း တစတစနှင့် မှန်ကန်သော အချက်အလက်များ စုဆောင်းမိ လာကြလေသည်။ သိပ္ပံပညာ ပေါ်ပေါက်လာလေသည်။ ရှေးဟောင်း ယုံကြည်ချက် များသည် အဓိပ္ပာယ် မရှိသလို ဖြစ်လာလေသည်။ သဘာဝ၏ အထက်က ရှိနေသော အစွမ်းသတ္တိသည် နောက်သို့ အတန်ငယ် ဆုတ်သွားပြီးလျှင် လူတို့၏ အမှုကိစ္စ၌ ဝင်စွက်ခြင်း အလုပ်ကို ရပ်ဆိုင်းပစ်လိုက်လေသည်။

http://mmteashop.com

စာသင်ကျောင်းများကို တည်ထောင်လာကြ၏။ ကလေး သူငယ်များကို ပညာသင်ပေးကြ၏။ စာအုပ်များကို ရိုက်နှိပ် ထုတ်ဝေကြ၏။ ဆင်ခြင်တုံသမား အတွေးအခေါ်သမားများ၏ ဦးရေ တိုးတက်များပြား လာလေ၏။ သဘာဝမှ အပဖြစ်သော အစွမ်းသတ္တိ တစုံတခုကို ယုံကြည်မှုသည် နေ့စဉ်နှင့်အမျှ လျော့ပါးလာလေ၏။ လူသည် မိမိကိုယ်တိုင် မိမိ၏ အုပ်ထိန်းသူ ဖြစ်သည်ဟူသော ယုံကြည်ချက်သည် နေ့စဉ်နှင့်အမျှ တိုးပွားလာလေ၏။ မယဉ်ကျေးမှု၊ လွဲမှားသော ယုံကြည်ချက်တည်းဟူသော အမိုက်မှောင်ထဲမှ သဘာဝ အရုဏ်ဦး ပေါ်လာလေ၏။ ဉာဏ်ကျောက်သည် လွတ်လပ်မှု လေကို တွေ့ထိလာသည်။ လူသည် မိမိ၏ အစွမ်းသတ္တိကို အိပ်မက် မက်လာ လေသည်။ အရပ် ထက်ဝန်းကျင်၌ စူးစမ်း ရှာဖွေမှု၊ တီထွင်မှု၊ ရဲရဲဝံ့ဝံ့ ဆင်ခြင် စဉ်းစားမှုများကို တွေ့မြင်လာလေ၏။ ဘာသာတရားသည် သိပ္ပံပညာ၏ မိတ်ဆွေများကို ရန်သူ သဘောထားစပြုလာလေ၏။ အယူသီးများသည် ထိုပုဂ္ဂိုလ်များအား နှိပ်စက်ညှင်းပန်းရန်အတွက် ထိတ်တုံးများနှင့် မီးပုံများ၏ အကူအညီကို ယူလာကြလေ၏။

ဆင်ခြင်တုံသမား အတွေးအခေါ် သမားများအား မိစ္ဆာဒိဋ္ဌိဟူ၍၎င်း၊ ဘုရားမဲ့ တရားမဲ့ဟူ၍၎င်း၊ သမုတ်လျက် ကဲ့ရဲ့ ရှုပ်ချကြလေ၏။ လွဲမှားသော ယုံကြည်ချက် ရှိသူများသည် ရှာဖွေ စူးစမ်းခြင်း ဆင်ခြင် တွေးခေါ်ခြင်းများကို တိုက်ခိုက် ဖျက်ဆီးရန်အတွက် စုရုံးကြလေသည်။ ရာစုနှစ်များစွာအထိ ယင်းတိုက်ပွဲသည် ဆက်၍ ဖြစ်လာခဲ့လေသည်။ သဘာဝ၏ အပြင်ဘက်က အရာကို ယုံကြည် ကိုးကွယ်သူများ မပြုလုပ်သော နှိပ်စက် ညှင်းပန်းမှု ဟူ၍ မရှိပေ။ မကျူးလွန်သော ပြစ်မှုဟူ၍ မရှိပေ၊ သို့ဖြစ်လင့် ကစား သဘာဝ၏ တပည့်သား မြေးများ၏ ဦးရေသည် တိုးပွားများပြားလာလေသည်။ ဘာသာတရား၏ အင်အားသည် ဆုတ်ယုတ် လာလေသည်။ ယခုအခါတွင် နားလည်မှု ရှိသည့် ကမ္ဘာလောက တခုလုံးသည် သဘာဝ၏ ဘက်သားများ ဖြစ်လာလေပြီ၊ တိုက်ပွဲမှာမူ ဆက်လက်ဖြစ်ပွားနေတုန်းပင် ရှိသေးသည်။ သဘာဝ အပြင်ဘက်က အရာသည် တရှုံးထဲ ရှုံးနေသည်။ သဘာဝဘက်သားက အင်အား ရှိသထက် ရှိလာလေသည်။ နှစ်ပေါင်း

http://mmteashop.com

များစွာကြာသောအခါ၌ သိပ္ပံပညာသည် လွဲမှားသော ယုံကြည်ချက်ကို နေရာအနှံ့အပြား၌ နလံမထူနိုင်အောင် အလဲထိုးပေလိမ့်မည်။

ယင်းသို့ အားဖြင့် ရာစုနှစ်များစွာသော အချိန်ကာလမှ စ၍ ဘဝနှင့် စပ်လျဉ်း၍ နှစ်မျိုးနှစ်စားသော အမြင် သို့မဟုတ် အဘိဓမ္မာသည် ရှိလာခဲ့သည်။ တမျိုးမှာ တဏှာကို ကုန်ခန်းစေသော လမ်းစဉ် ဖြစ်သည်။ အလိုဆန္ဒကို လျော့နည်းစေသော လမ်းစဉ် ဖြစ်သည်။ မိမိထက် မြင့်သည့် အစွမ်းသတ္တိ တစုံတခု အပေါ်၌ လုံးဝ မှီခိုနေသည့် လမ်းစဉ် ဖြစ်သည်။ အခြား တမျိုးမှာကား အာသာဆန္ဒကို သင့်လျော်သော နည်းဖြင့် ပြည့်ဝစေသော လမ်းစဉ် ဖြစ်သည်။ အလိုဆန္ဒကို တိုးပွားစေသော လမ်းစဉ် ဖြစ်သည်။ အားထုတ်မှု၊ လိမ္မာမှု၊ တီထွင်မှုနှင့်တကွ မိမိ၏ အစွမ်းသတ္တိအပေါ်၌ ရပ်တည်နေသည့် လမ်းစဉ် ဖြစ်သည်။ ဘာသာတရား ခေါင်းဆောင်များသည် ဘဝအဘိဓမ္မာနှင့် ပတ်သက်၍ ညွှန်ကြား ဟောပြောခဲ့ကြသည်။ သူတို့သည် ဉစ္စာဓနနှင့် ပျော်ရွှင်ချမ်းမြေ့မှုများကို ရှုံ့မုန်းကြသည်။ အနုပညာနှင့် တေးဂီတတို့၏ ရန်သူများ ဖြစ်ကြသည်။ ကောင်းသော အဝတ်၊ ကောင်းသော အစား၊ ကောင်းသော အိမ်ဂေဟာကို မနှစ်သက်ကြပေ။ သူတို့သည် ဤလောက၏ ဆင်းရဲဒုက္ခနှင့် ပရလောက၏ ချမ်းသာသုခအကြောင်းကို ဖြန့်ဖြူး ကြသည်။ သူတို့သည် ပြည့်စုံသူ၊ လုံးလ ရှိသူ၊ ဘဝ၏ အရသာကို ခံစားသူများအား နာခေါင်းရှုံ့ကြသည်။ သူတို့သည် လက်ဖြန့် တောင်းခံသူ အတွက် နတ်ပြည် နတ်လောက၌ နေရာကို သတ်မှတ်ရာထား ထားကြသည်။

ယခုအခါတွင် ယင်းဘဝ အဘိဓမ္မာ၏ အရှိန်အဝါသည် ဆုတ်ယုတ် ကျဆင်းနေလေပြီ။ ယခုအခါ၌ များစွာသော လူတို့မှာ ဤလောက ဤဘဝ၌ ချမ်းသာသုခနှင့် ပြည့်စုံသည်ကို လိုလားကြသည်။ များစွာသော လူတို့မှာ အစားအစာကို အလိုရှိကြသည်။ နေစရာအိမ်ကို အလိုရှိကြသည်။ ဝတ်စရာ အဝတ်ကို အလိုရှိကြသည်။ စာအုပ်ကို အလိုရှိကြသည်။ ရုပ်ရှင်ကားကို အလိုရှိကြသည်။ အားလုံးသော ပျော်စရာ ရွှင်စရာကို အလိုရှိကြသည်။ သူတို့သည် ဉာဏ်၏ အစွမ်းသတ္တိကို တိုးပွား စည်ပင်အောင် ပြုလုပ်ရေး၌ ယုံကြည်မှု ရှိကြသည်။

http://mmteashop.com

သဘာဝ၏ အစွမ်းသတ္တိတို့ကို ချုပ်ကိုင်ပြီးလျှင် ၎င်းတို့အား မိမိ၏ ကျွန်အဖြစ် ပြုလုပ်ရေး၌ စိတ်ဝင်စားမှု ရှိကြသည်။

ယခုအခါတွင် ကမ္ဘာပေါ်ရှိ အဆင်ခြင် အစဉ်းစားနှင့် ပြည့်စုံသော သူများသည် မိမိကိုယ်ကာယကို ညှဉ်းဆဲသူတို့၏ ညွှန်ကြားချက်ကို၊ မိမိကိုယ်ကာယကို ညှင်းဆဲသူတို့၏ အဘိဓမ္မာကို အထင်မကြီးကြတော့ပေ။ သူတို့သည် အငတ်ခံ၍ သေခြင်းနှင့် ကိုယ့်ကိုယ်ကို ညှဉ်းဆဲခြင်းတို့အား အကျင့်သိက္ခာဟူ၍ မထင်ကြတော့ပေ။ ချမ်းသာသုခနှင့် ပြည့်စုံစွာ နေထိုင်ခြင်းသည်ပင်လျှင် တခုတည်းသော ကုသိုလ်ကောင်းမှု ဖြစ်သည်ဟူ၍၎င်း၊ ချမ်းသာသုခနှင့် ပြည့်စုံစွာ နေထိုင်ဘို့ အချိန်မှာ ယခုအချိန်သာလျှင် ဖြစ်သည်။ ဤကမ္ဘာလောက၌သာလျှင် ဖြစ်သည်ဟူ၍၎င်း၊ ယုံကြည်ကြလေသည်။ သူတို့သည် သဘာဝမှ အပဖြစ်သော အစွမ်း သတ္တိတခုခုက ပေးသည့် အပြစ်ဒဏ်ကိုသော်၎င်း၊ ဆုလာဘ်ကိုသော်၎င်း၊ မယုံကြည်ကြတော့ပေ။ သူတို့သည် အလုပ်နှင့် အလုပ်၏ အကျိုးအာနိသင်တို့ကို ယုံကြည်သည်။ မကောင်းသော အလုပ်၏ အကျိုးအာနိသင်မှာ မကောင်းဟူ၍ ယူဆသည်။ ကောင်းသော အလုပ်၏ အကျိုးအာနိသင်မှာ ကောင်း၏ဟူ၍ ယူဆသည်။

လူသည် မည်ကဲ့သို့ နေထိုင်လျှင် ချမ်းသာသုခနှင့် ပြည့်စုံသည် ဟူသော အချက်ကို လေ့လာစုံစမ်းပြီးလျှင် ထိုနည်းအတိုင်း နေသင့်သည်ဟု သူတို့ ယုံကြည်သည်။ သူတို့သည် လျှောင်လှုပ်ခြင်းများ၊ လေမုန်တိုင်းကျခြင်းများ၊ မီးတောင်ပေါက်ကွဲခြင်းများ နေကြတ်ခြင်း၊ လကြတ်ခြင်းများသည် လူတို့၏ အလုပ်ကိစ္စများနှင့် မည်သို့မျှ အပေးအယူမရှိဟု ယုံကြည်ကြသည်။ သဘာဝမှ အပဖြစ်သော မည်သည့် အစွမ်းသတ္တိကိုမျှ သူတို့ မယုံကြည်ကြပေ။ သူတို့သည် ယခုအခါတွင် မိမိကိုယ်ကို မည်သည့် ကောင်းကင်ဘုံ ဘုရင်တဦးဦး၏ ကျွန်ဟူ၍လည်း မအောက်မေ့တော့ပေ။ အစေခံဟူ၍လည်း မအောက်မေ့တော့ပေ။ တပည့်တပန်းဟူ၍လည်း မအောက်မေ့တော့ပေ။ များစွာသော အဆိုးများကို အသိဉာဏ်အားဖြင့်သာလျှင် ဖယ်ရှား ဖျောက်ဖျက် ပစ်နိုင်သည်ဟု သူတို့နားလည်ကြသည်။ သို့ဖြစ်၍ သူတို့သည်

http://mmteashop.com

ဥကျောက်၏ စည်ပင်ဖွံ့ထွားရေးကို ယုံကြည်ကြလေသည်။ စာသင်ကျောင်းသည် သူတို့၏ ဘုရားရှိခိုးကျောင်း ဖြစ်သည်။ တက္ကသိုလ်ကျောင်းသည် သူတို့၏ ဝတ်ကျောင်း ဖြစ်လေသည်။

ထိုနည်းအတိုင်းပင် ကမ္ဘာလောက၌ အချိန်အတန်ကြာမှစ၍ အုပ်ချုပ်ရေးနှင့် ပတ်သက်၍လည်း ဝါဒနှစ်မျိုး ရှိလာခဲ့လေသည်။ တမျိုးမှာ ဘာသာရေးနှင့် ပတ်သက်သည့် ဝါဒဖြစ်၍ အခြား တမျိုးမှာ လူ့လောကနှင့် ပတ်သက်သည့် ဝါဒ ဖြစ်သည်။

ဘုရင်သည် ဘုရားသခင်ထံမှ ဘုရင့် အမိန့်အာဏာကို လိုက်နာ စောင့်ထိန်းရန် ဖြစ်သည်။ ပုရောဟိတ်တို့၏ အယူအဆများမှာလည်း ဘုရားသခင်ထံမှ တိုက်ရိုက်ရရှိသော အယူအဆများ ဖြစ်သည်။ လူတို့၏ အလုပ်မှာ ထိုအယူအဆ များကို ယုံကြည်ရန် ဖြစ်လေသည်။

ယခုအခါ၌ ဘာသာရေးဆိုင်ရာ အစိုးရများသည် တဖြည်းဖြည်း တိမ်ကော ပျောက်ကွယ်သွားလေပြီ။ ပြည်သူလူထု အစိုးရများက ဘာသာရေးဆိုင်ရာ အစိုးရများ၏ နေရာကို တစတစ ယူနေကြလေပြီ။ လူသည် ရှေးယခင်ကထက် ကြီးမားလာလေပြီ။ နတ်ဒေဝတာများက တဖြည်းဖြည်း မှေးမှိန်သွားလေပြီ။ ယင်း ဘုရားသခင်နှင့် ပတ်သက်သည့် အစိုးရများ၏ အခြေခံမှာ လူများစုတို့၏ ကြောက်ရွံ့ခြင်း၊ မသိနားမည်ခြင်းနှင့် လူနည်းစုတို့၏ ကောက်ကျစ်စဉ်းလဲခြင်း၊ အရှက်မဲ့ခြင်း၊ အကျင့်ယုတ်ခြင်းများ ဖြစ်ကြပေသည်။ ပြည်သူလူထု အစိုးရမှာမူ များစွာသော လူတို့၏ အသိဉာဏ်၊ ရိုးသားမှု၊ ရဲဝံ့မှုတို့မှ ဖြစ်ပေါ် ပေါက်ဖွားလာခြင်း ဖြစ်လေသည်။

လူသည် ဘုရားသခင်၏ အကူအညီ မပါဘဲနှင့် မိမိတို့ကိုယ်ကို မိမိတို့ အုပ်ချုပ်နိုင်သည် ဟူသော အချက်ကို ကျွန်ုပ်တို့ တွေ့မြင်ရလေပြီ။ ယုံကြည်ကိုးကွယ်မှု ဘာသာတရားသည် အထောက်အထား ပမာဏဖြင့် ထင်ရှားသောအရာ

http://mmteashop.com

မဟုတ်ကြောင်းကို ကျွန်ုပ်တို့ တွေ့မြင်ရလေပြီ။ လူသည် အကြောင်း တစုံတခုအား အထောက်အထား ပမာဏ မရှိဘဲနှင့် မယုံကြည်သင့်ပေ။

ယုံကြည်လွယ် ရှိသူများသည် ကောင်းသော လူများ မဟုတ်ကုန်။ ကမ္ဘာလောက၌ ယုတ်ညံ့သော လူအချို့သည် ယုံကြည်လွန်းသော လူများ ဖြစ်ကြသည်။ ဆုကရက်ကို အဆိပ်ကျွေးသော ပုဂ္ဂိုလ် အားလုံးသည် ယုံကြည်ကြသူများ ဖြစ်ကြသည်။ ယေရှုခရစ်ကို ကားစင်တင်သည့် ရဟူဒီများသည်လည်း ဘုရင်းသခင်ကို ယုံကြည်သူ ကိုးကွယ်သူများ ဖြစ်ကြသည်။

ထိုနည်းအတိုင်းပင် ရောဂါဝေဒနာ၏ အကြောင်း၊ ရောဂါ ဝေဒနာ၏ ကုစားရေးနှင့် ပတ်သက်၍လည်း အယူဝါဒ နှစ်မျိုး ရှိလေသည်။ တမျိုးမှာ ဘာသာရေး ဆိုင်ရာ အယူဝါဒ ဖြစ်လျက် နောက်တမျိုးက သိပ္ပံပညာဆိုင်ရာ အယူဝါဒ ဖြစ်လေသည်။

ဘာသာရေး ဆိုင်ရာ ဝါဒအရ ရောဂါဝေဒနာတို့၏ အကြောင်းမှာ လူတို့၏ ကိုယ်ကာယ အတွင်းသို့ ဝင်ရောက်နိုင်သည့် ဆိုးသော ဝိဉာဏ်များ ဖြစ်ကြသည်။ နာနာဘာဝ တစ္ဆေသရဲများ ဖြစ်ကြသည်။ ဘုရားသခင့် တမန်တော်များ၊ သိဒ္ဓိပေါက်သူများ၊ ပုရောဟိတ်များသည် ယင်း ဆိုးသော ဝိဉာဉ်များကို နှင်ထုတ်ပစ်နိုင်သည်။

သဘာဝ အကြောင်းများနှင့် ၎င်းတို့၏ အရှိန်အဝါများ အကြောင်းကို မည်သို့မျှ မသိနားမလည်ကြပေ။ အကြောင်းအရာ ဟူသမျှသည် အံ့သြဖွယ် အပြည့် ရှိနေသည်။ လျှို့ဝှက်ချက် အပြည့် ရှိနေသည်။ ပုရောဟိတ်များသည် လိမ်လည် လှည့်ဖြားသူများ ဖြစ်ကြသည်။ လူတွေက မျက်စိကန်း ယုံကြည်သူများ ဖြစ်ကြသည်။

တဖြည်းဖြည်း ရောဂါဝေဒနာနှင့် ပတ်သက်၍၎င်း၊ အခြား အယူဝါဒတခုက ဥကျောက်ထဲတွင် နေရာယူစ ပြုလာလေ၏။ အချို့ပုဂ္ဂိုလ်များသည် ဆိုးသော ဝိဉာဏ်နှင့် ပတ်သက်သည့် အယူဝါဒကို စွန့်ပစ်လိုက်ကြလေ၏။ သူတို့သည် မိမိတို့၏ စိတ်နှလုံးထဲ၌ ရောဂါ ဝေဒနာသည် သဘာဝ အကြောင်းများကြောင့် ဖြစ်သည်

http://mmteashop.com

ဟူ၍၎င်း၊ ထိုရောဂါ ဝေဒနာများ အနက်က များစွာသော ရောဂါ ဝေဒနာများမှာ သဘာဝဆိုင်ရာ ကုစားနည်းများဖြင့် ပျောက်ကင်းအောင် ကုစားနိုင်သည် ဟူ၍၎င်း၊ ယုံကြည်သော အယူဝါဒကို နေရာပေးကြလေသည်။

အစ ပထမ၌ ဆေးဆရာသည် အသိအမြင် အင်မတန် နည်းသေးသည်။ သို့ရာတွင် တဖြည်းဖြည်း ပုရောဟိတ်အား ရောဂါသယ်၏ အိပ်ရာနေရာမှ နှင်ထုတ်ပစ်လေသည်။ နောက်ဆုံး၌ အချို့ပုဂ္ဂိုလ်များသည် မိမိတို့၏ ကိုယ်ကာယနှင့် ပတ်သက်၍ ဆေးဆရာဝန်ကိုသာ အားကိုးအားထား ပြုနိုင်သည်ဟူသော အသိဉာဏ် ဝင်လာကြလေသည်။ သို့ရာတွင် မိမိတို့၏ စိတ်နှလုံးမှာမူ ပုရောဟိတ်တို့၏ လက်ထဲမှာသာလျှင် လုံခြုံစိတ်ချရသည်ဟု အယူရှိကြလေ၏။ ယခုအခါတွင် ရောဂါဝေဒနာနှင့် ပတ်သက်သော ဘာသာရေး အတတ်ပညာ၌ တန်ခိုးနှင့် သဘာဝ အပြင်ဘက်က အရာများအတွက် နေရာမရှိတော့ပေ။ အချို့နိုင်ငံများ၌ ယခုထက်တိုင်ပင် ရုပ်ထုများဖြင့်၎င်း၊ ဆုတောင်း ပတ္ထနာ ပြုခြင်းဖြင့်၎င်း၊ မြင့်မြတ်သည့်ရေ သို့မဟုတ် ရေမန်းဖြင့်၎င်း၊ ရသေ့ရဟန်း သို့မဟုတ် သိဒ္ဓိပေါက်သူတို့၏ အရိုးဖြင့်၎င်း၊ ရောဂါဝေဒနာကို ကုစားတုန်း ရှိကြသေးသည်။ သို့ရာတွင် ပုရောဟိတ်များ၊ ပုတ်ရဟန်းများ ကိုယ်တိုင် နေထိုင်မကောင်း ဖြစ်လျှင်ကား ဆေးဆရာများဖြင့် ကုသကြလေ၏။

ရောဂါဝေဒနာနှင့် ပတ်သက်သည့် သိပ္ပံပညာ အယူအဆသည် ဘာသာရေး ဆိုင်ရာ အယူအဆ၏ အပေါ်၌ အကြီးအကျယ် အနိုင်ယူလိုက်လေပြီ။ ယခုအခါ၌ အဆင်ခြင် အစဉ်းစားနှင့် ပြည့်စုံသူ မှန်သမျှ ဆိုးသော ဝိဉာဉ်များ သို့မဟုတ် နာနာဘာဝများသည် လူ၏ ကိုယ်ခန္ဓာအတွင်း၌ ဝင်ရောက်နိုင်သည်ဟူသော အချက်ကို မယုံကြည်တော့ပေ။ ဆိုးသော ဝိဉာဉ်များ သို့မဟုတ် နာနာဘာဝများသည် လူတို့၏ အမှုကိစ္စ၌ ဝင်ရောက်စွက်ဖက်နိုင်သည်ဟူ၍လည်း မယုံကြည်တော့ပေ။ ယခုအခါ၌ အဆင်ခြင် အစဉ်းစားနှင့် ပြည့်စုံသူ မည်သူမဆို ဆိုးသော ဝိဉာဉ် သို့မဟုတ် နာနာဘာဝ ရှိသည်ဆိုသည့် အချက်မျှကိုပင် မယုံကြည်တော့ပေ။

http://mmteashop.com

အကယ်၍ လူ၏ အရိုး၌ အံ့ဖွယ်လက္ခဏာ သို့မဟုတ် ရောဂါဝေဒနာ ပျောက်ကင်း စေတတ်သည့် ဂုဏ်အရည်အချင်း ရှိသည် ဆိုလျှင် လူအားလုံး၏ အရိုး၌ တသဘောတည်း ရှိသင့်လေသည်။ အချို့သော ပုရောဟိတ်များ၊ သူတော်စင်များသည် မြင့်မြတ်သည့် အရိုး သို့မဟုတ် အရာဝတ္ထု တစုံတခုကို ဖူးတွေ့လိုသည့် သို့မဟုတ် ထိုအရာဝတ္ထုများ ထည့်ထားသည့် သေတ္တာကို ဖြစ်စေ ကြုတ်ကို ဖြစ်စေ နမ်းလိုသည့် မျက်ကန်း ယုံကြည်သူများထံမှ ငွေ သိန်းပေါင်းများစွာ ရရှိကြလေသည်။

အကယ်၍ ယင်း သူတော်စင်များ ကိုယ်တိုင် နေထိုင် မကောင်း ဖြစ်လျှင် မူကား ၎င်းတို့သည် ထိုအရိုး သို့မဟုတ် မြင့်မြတ်သည့် အရာဝတ္ထုများကို တို့လိမ့်မည် မဟုတ်။ ဆေးဆရာဝန် တဦးဦးနှင့်သာလျှင် ကုသပေလိမ့်မည်။

ကျွန်ုပ် အဖြစ်အပျက်တခုကို ပြောပြပါမည် -

သူတော်စင် တဦး၏ အရိုးကို ဌာပနာလျက် ဆောက်လုပ်ထားသော ဘုရားကျောင်း တဆောင် ရှိလေသည်။ ထို ဘုရားကျောင်း၏ အကြီးအကဲမှာ ရသေ့အိုကြီးတပါး ဖြစ်လေသည်။ ဌာပနာထားသည့် အရိုးများ၌ အနာရောဂါ ပျောက်ကင်း စေတတ်သည့် အစွမ်းသတ္တိ ရှိသည်ဟု ကောဠာဟဠ ဖြစ်နေသည်။ သဒ္ဓါတရား ရှိသူများ အပြင်ဘက်မှ လက်ဖြင့် အပေါက်ထဲသွင်းလျက် ထိတို့နိုင်အောင် အရိုးများကို ဂူတွင်း၌ ဌာပနာထားလေသည်။ ရောဂါအမျိုးမျိုး စွဲကပ်နေသူ ဝေဒနာရှင်များစွာတို့သည် ထိုနေရာသို့ လာရောက်လျက် အရိုးကို ထိတို့ကြလေသည်။ ထိုအရိုးကို ထိရသဖြင့် အကျိုးများစွာ ရှိသည်ဟူ၍၎င်း၊ ယူဆသည့် များစွာသော လူတို့သည် ကျေးဇူးတင်ရှိစွာဖြင့် ထိုရသေ့အိုကြီးအား အလှူငွေ အများအပြား လှူဒါန်းသွားကြလေ၏။ တနေ့တွင် ရသေ့အိုကြီးသည် မိမိ တပည့်လုလင်အား အမိန့်ရှိလေသည် - "တပည့်၊ အလုပ်အကိုင် သိပ်မကောင်းလှဘူး။ ဒီငွေ့ ပရိသတ် လောက်တော့ ငါတယောက်တည်းနဲ့ တာဝန်ယူနိုင်တယ်။ မင်း ကိုယ့်ဟာကိုယ် နေရာတခုကို ရှာရင် ကောင်းလိမ့်မယ်။ ငါ မင်းကို မြည်းအဖြူတကောင်နဲ့ ငွေကြေး အနည်းငယ်အပြင် ဆုမွန်ကို ပေးလိုက်မယ်။ သွားပေတော့ ...."

http://mmteashop.com

ထို လုလင်သည် မြည်းကို စီးလျက် ထွက်သွားလေ၏။ နေ့ရက် အတန်ငယ် ကြာသောအခါ သူ့တွင် ပါလာသော ငွေကြေးများ တပြားမျှ မကျန်တော့ပေ။ မြင်းဖြူမှာလည်း သေဆုံးသွားလေ၏။ ထိုအခါ လုလင်သည် အကြံတခု ရလာလေ၏။ သူသည် မြည်းသေကို လမ်းဘေးတွင် မြှုပ်ပြီးလျှင် ခရီးသွား ခရီးလာတို့၏ ရှေ့၌ လက်ဖြန့်လျက် အလွန်တရာ လေးနက် တည်ကြည်စွာဖြင့် ပြောလေ၏ - "ဟောဒီ အပြစ်ကင်းစင်သူရဲ့ အရိုးကို ဌာပနာပြီး ဘုရားကျောင်းငယ် ဆောက်လုပ်လိုတဲ့အတွက် ကျွန်ုပ်ကို ငွေကြေး အနည်းအကျဉ်း လှူဒါန်းကြပါရန် တောင်းပန်ပါတယ်"

သူသည် ခရီးသွား ခရီးလာတို့၏ အထံမှ အလှူငွေ ရရှိသည် ဖြစ်၍ ဘုရားကျောင်း တဆောင် ဆောက်နိုင် သွားလေသည်။ ထောင်ပေါင်း များစွာသော လူတို့သည် ထို အပြစ်ကင်းသူ၏ အရိုးကို ထိတို့ရန် ရောက်လာကြလေသည်။ လုလင်သည် သူဌေး ဖြစ်သွားလေသည်။ သို့ဖြစ်၍ အစေခံ အလုပ်အကျွေး များစွာနှင့် ထယ်ထယ်ဝါဝါ နေနိုင်လာခဲ့လေ၏။

တနေ့သ၌ ထိုလုလင်သည် မိမိ၏ ဆရာဟောင်း သမားဟောင်းကို သွားတွေ့လိုသည့် ဆန္ဒ ပေါ်လာလေသည်။ နောက်လိုက် နောက်ပါ ခြွေရံများစွာကို ခေါ်ခဲ့ပြီးလျှင် သူသည် မိမိ နေခဲ့ဘူးသည့် ဘုရားကျောင်းဟောင်း ရှိရာသို့ လာခဲ့လေသည်။ ထိုနေရာသို့ သူရောက်လာသောအခါ ရသေ့အိုသည် တံခါးဝ၌ ထိုင်နေသည်။ ရသေ့အိုသည် လုလင်နှင့် လုလင်နောက်က ပါလာသည့် နောက်လိုက် နောက်ပါ များအား တအံ့တသြ ကြည့်ရှုနေသည်။ လုလင်သည် ရသေ့အို၏ အနီးသို့ ကပ်လာလျက် မိမိ မည်သူ ဖြစ်ကြောင်း ပြောပြလေ၏။ ရသေ့အိုက ပြောလေသည် -

"သင် ဘယ်မှာနေသလဲ။ တယ်အောင်မြင် နေပါကလား။ ဘယ်နည်း ဘယ်ပုံ ဒါလောက် အောင်မြင် နေတယ်ဆိုတာ ပြောပြပါအုံး ...."

လုလင်က ပြန်ဖြေသည် -

http://mmteashop.com

"အရွယ်အိုရင် အကြံဉာဏ်လဲ တုံးတာပဲ၊ ပျိုရွယ်တဲ့ လူတွေမှာသာ အကြံဉာဏ်သစ် ရှိတယ်။ ကျွန်ုပ် သင့်ကို အကြောင်းစုံ ပြောပြပါမယ်။ လူတွေ ရှင်းသွားအောင် စောင့်ပါအုံး ...."

ထိုနေ့ ညတွင် လုလင်သည် သူ့ အကြောင်းစုံကို ရသေ့အိုအား ပြောပြလေသည်။ မြည်း မည်သို့ သေပုံ၊ ထိုမည်းသေကို မည်သို့ မြှုပ်ရပုံ၊ ငွေကြေးကို အလှူခံပြီး - ထို "အပြစ် ကင်းစင်" သူ၏ အရိုးကို ဌာပနာလျက် မည်သို့မည်ပုံ ဘုရားကျောင်း ဆောက်ရပုံ၊ ထိုအရိုးကို ထိတို့သည့်အတွက် ရောဂါ ဝေဒနာ ပျောက်သွားကြသူများက မည်သို့မည်ပုံ ကြေးငွေများ ပေးလှူကြပုံတို့ကို ဉသံ လုံးဝ ပြောပြလေ၏။

သူ့ အကြောင်းကို ပြောပြပြီးသောအခါ လုလင်၏ မျက်နှာပေါ်၌ ကျေနပ်အားရသည့် အပြုံးပေါ်နေသည်။ လုလင်က ဆက်ပြောလေသည် - "အရွယ်အိုရင် အကြံဉာဏ်လဲ တုံးတာဘဲ။ ပျိုရွယ်တဲ့ လူတွေမှာသာ အကြံသစ် ဉာဏ်သစ် ရှိတယ်"

ရသေ့အိုသည် သူ၏ တုန်တုန်ယင်ယင် ဖြစ်နေသည့် လက်ကို တပည့်ဖြစ်သူ၏ ခေါင်းပေါ် တင်လိုက်ပြီး ပြောလေ၏ - "ဒါလောက်လဲ အပြောကြီး မနေပါနဲ့ တပည့်၊ မင်း ငယ်ငယ်က နေသွားတဲ့၊ မင်းကိုယ်တိုင် အံ့ဩစရာတွေကို တွေ့သွားတဲ့၊ ဒါလောက် ရောဂါဝေဒနာသယ်တွေ ရောဂါဝေဒနာ ပျောက်ကင်းသွားတာကို မင်းကိုယ်တိုင် တွေ့မြင်သွားတဲ့ ဟောဒီ ဘုရားကျောင်းဟာလဲ မင်းမြည်းရဲ့ အမေဖြစ်တဲ့ မြည်းမရဲ့ စင်ကြယ်မြင့်မြတ်တဲ့ အရိုးကိုဘဲ ဌာပနာပြီး ဆောက်လုပ်ထားတဲ့ ဘုရားကျောင်း ဖြစ်တယ်"

အကျင့်စာရိတ္တနှင့် ပတ်သက်၍လည်း ဝါဒနှစ်မျိုး အယူအဆနှစ်မျိုး ရှိလေသည်။ ဝါဒ တမျိုးမှာ ဘုရားသခင်၏ အာဏာကို တော်၏ မတော်၏ဟု စဉ်းစားဆင်ခြင်ခြင်း မရှိဘဲ လိုက်နာခြင်း ဖြစ်လေသည်။ ထို အယူအဆ သမားများ၏ အလိုအရ ဘုရားသခင်၏ အလိုဆန္ဒသည်သည်လျှင် အကျင့် စာရိတ္တ၏ မူလ မြစ်ဖျားခံရာ ဖြစ်သည်။ ဘုရားသခင်က တားမြစ်ပိတ်ပင်ထားသည့် အလုပ်ဖြစ်ခြင်း

http://mmteashop.com

ကြောင့် မကောင်းမှု အကုသိုလ် ဖြစ်သည်။ မကောင်းမှု အကုသိုလ် ဖြစ်ခြင်းကြောင့် ဘုရားသခင်က ပိတ်ပင်တားမြစ်ခြင်း မဟုတ်ပေ၊ ယင်း အယူအဆ ယင်း ဝါဒသည် လူအား ဆင်ခြင် စဉ်းစားရန် မပြောပေ။ အမိန့်အာဏာကို လိုက်နာရန်သာ ပြောသည်။ ယင်း အယူအဆ ယင်း ဝါဒသည် စူးစမ်း တွေးခေါ်မှုကို မလိုလားပေ။ အပြစ်ဒဏ်ဖြင့် ခြိမ်းချောက်သည်။ ဆုလာဘ်ဖြင့် မြှော်လင့်ချက် ပေးသည်။ ဘုရားသခင်သည် ဘုရင်တပါး ဖြစ်သည်။ သူ၏ အလိုဆန္ဒသည်သာလျှင် တရားမှု ဖြစ်သည်။ လူသည် သူ၏ ကျွန်ဖြစ်သည်။ သပေါက် ဖြစ်သည်။

ဘုရားသခင် ရှိသည် ဆိုသည်ကို မယုံကြည်လျှင် အကျင့်စာရိတ္တဆိုသည်မှာ မဖြစ်နိုင်တော့ ဟူ၍၎င်း၊ ကမ္ဘာမြေ အပြင်ပေါ်မှ အကျင့် စာရိတ္တ ကွယ်ပျောက်သွားလိမ့်မည် ဟူ၍၎င်း၊ လူအချို့က ယူဆကြ၏။

အခြားဝါဒ တမျိုးမှာ ကောင်းမှု မကောင်းမှု သို့မဟုတ် ကုသိုလ် အကုသိုလ်ကို ရုပ်ဝတ္ထု၏ အသွင်အားဖြင့်သာလျှင် သတ်မှတ် ပိုင်းခြားသည်။ အချို့ အလုပ်များမှာ လူကို ချမ်းသာသုခနှင့် ပြည့်စုံစေသည် သို့မဟုတ် လူ၏ ချမ်းသာသုခကို တိုးပွားစေသည်။ အခြားသော အလုပ်များမှာမူ ပူပန်သောက ရောက်စေလေသည်။ ဆင်းရဲ ဒုက္ခကို ဖြစ်ပေါ်စေလေသည်။ ချမ်းသာ သုခကို ဖြစ်ပေါ်စေသည့် အလုပ်ဟူသမျှသည် ကောင်းမှု ဖြစ်လေသည်။ ကျန်အလုပ် ဟူသမျှမှာမူ မကောင်းမှုလည်း ဖြစ်ပေသည် သို့မဟုတ် ကောင်းမှုလည်း မဟုတ် မကောင်းမှုလည်း မဟုတ်သည့် အရာသော်လည်း ဖြစ်ပေမည်။ ကောင်းမှု မကောင်းမှု သို့မဟုတ် ကုသိုလ် အကုသိုလ်သည် ဘုရားသခင် တဦးဦးထံမှ ဘုရားဟော ကျမ်းစာအရ သိရှိရသည့် အရာမဟုတ်ပေ။ သူ ကိုယ်တိုင် မိမိ၏ အသိ မိမိ၏ အတွေ့အကြုံအရ သိရှိရသည့် အရာများ ဖြစ်လေသည်။ အကျင့် စာရိတ္တ၌ သဘာဝမှ အပဖြစ်သော အရာ မရှိပေ။ အကျင့်စာရိတ္တသည် ပရလောကနှင့် ဖြစ်စေ သို့မဟုတ် အနတ္တ တန်ခိုးသတ္တိ တခုခုနှင့် ဖြစ်စေ အပေးအယူမရှိပေ။ ဤလောကရှိ ကျွန်ုပ်တို့၏ အမူအကျင့်နှင့်သာ ဆက်စပ်သည်။ ကျွန်ုပ်တို့ အပေါ်တွင် ဖြစ်စေ သို့မဟုတ် အခြား

http://mmteashop.com

ပုဂ္ဂိုလ်များ၏ အပေါ်တွင် ဖြစ်စေ သက်ရောက်သော အကျိုးအရသာလျှင် ထိုအမူအကျင့်၏ သဘော သို့မဟုတ် အသွင်ကို ပိုင်းခြား သတ်မှတ်လေသည်။

ဘုရားသခင် တဦးဦး၏ အမိန့်နှင့် ကိုက်ညီခြင်း သို့မဟုတ် ဆန့်ကျင်ခြင်း ဟူသော တွက်ကိန်းဖြင့် အလုပ် တခုခု၏ အကောင်းအဆိုးကို သတ်မှတ် ဆုံးဖြတ်ခြင်းသည် စင်းနေသည့် လွဲမှားသော ယုံကြည်ချက် ဖြစ်လေသည်။ အကျိုးတရားကို အလုပ်တခုခု၏ မှတ်ကျောက်အဖြစ် သတ်မှတ်ခြင်းသည် သိပ္ပံနည်း ကျသည့် တက္ကဗေဒနှင့် ညီညွတ်သည်။

သဘာဝ အပြင်ဘက်က လမ်းစဉ်ဝါဒအရ အလုပ်၏ သဘာဝ အကျိုးတရားကို မဆင်ခြင် မစဉ်းစားအပ်ပေ။ မကြည့်အပ်ပေ။ တားမြစ် ပိတ်ပင် ထားသည့် အလုပ် ဖြစ်လျှင် မကောင်းမှု အကုသိုလ် ဖြစ်သွားရပြီး ခွင့်ပြုထားသည့် အလုပ် ဖြစ်လျှင် ကုသိုလ် ကောင်းမှု ဖြစ်သွားရလေသည်။ ကက်သလစ် အယူဝါဒအရ သောကြာနေ့ အသားစားခြင်းသည် ကြီးကျယ်သည့် အပြစ်ဒဏ် ခံရမည့် မကောင်းမှု အကုသိုလ်ကြီး ဖြစ်လေသည်။ သို့ပင် ဖြစ်သော်လည်း အကျိုးတရား၏ အမြင်ဖြင့် ကြည့်လျှင် သောကြာနေ့ အသားစားခြင်း၏ အကျိုးတရားမှာ အခြားနေ့ တနေ့နေ့၌ အသားစားခြင်း၏ အကျိုးတရားနှင့် ကွဲပြားခြားနားမှု မရှိနိုင်ပေ။ သို့ဖြစ်၍ ယုံကြည် ကိုးကွယ်မှု ဘာသာတရားများက ဘုရားသခင်၏ အလိုဆန္ဒကို မယုံကြည်ခြင်းသည် အပြစ်ဖြစ်သည်ဟု ညွှန်ကြား ဩဝါဒ ပေးခြင်း ဖြစ်လေသည်။

အကယ်၍ အနန္တတန်ခိုးရှင် ဘုရားသခင် ရှိသည်ဟုပင် ထားပါဦး။ သဘာဝ အမြင်အရ သင့်လျော်ကောင်းမွန်သော အလုပ်ကို ဘုရားသခင်သည် မသင့်လျော် မကောင်းမွန်သည့် အလုပ်အဖြစ် မပြောင်းလဲနိုင်ပေ။ မကောင်းသော အကျိုးသက် ရောက်စေသည့် အလုပ်တခုခုကိုလည်း ကောင်းသော အလုပ် ဖြစ်အောင် မပြုလုပ်နိုင်ပေ။ အနန္တတန်ခိုး သတ္တိရှင် ဘုရားသခင်တဦးသည် တကယ့် အဖြစ်အပျက် အမှန်တရားကို မပြောင်းလဲနိုင်ပေ။ အလုပ်တခု၏ သဘာဝ အကျိုးတရားကို တိုးလည်း မတိုးနိုင်ပေ။ လျော့လည်း မလျော့နိုင်ပေ။

http://mmteashop.com

ဤ ကမ္ဘာလောက၌ မည်သည့် အရာမျှ ရှောင်တခင် ဖြစ်မလာပေ။ မော်ပညာလည်း မရှိပေ။ တန်ခိုးပြာဋိဟာလည်း မရှိပေ။ အဖြစ်အပျက် မှန်သမျှ၏ နောက်၌၊ အယူအဆမှန်သမျှ၏ နောက်၌ သင့်လျော်သော၊ သဘာဝအရ ဖြစ်သော၊ မရှိမဖြစ်သော အကြောင်းတရား ရှိသည်သာလျှင် ဖြစ်ပေ၏။

ဘုရားသခင်ဟု ခေါ်သည့် ပုဂ္ဂိုလ်တဦးဦး၏ အလိုဆန္ဒကို အကျင့်စာရိတ္တ၏ အခြေခံ ပြုလုပ်ရန် ကြိုးပမ်းချက်သည် ကမ္ဘာလောကအတွင်း၌ ဆင်းရဲဒုက္ခဖြင့်၎င်း၊ မကောင်းမှုဖြင့်၎င်း၊ ဖြည့်ပေးခဲ့လေသည်။ ကုဋေကုဋာမျှသော ဉာဏ်ကျောက်တို့၏ အတွင်း၌ ထွန်းလင်းနေသော စဉ်းစားဉာဏ်တည်းဟူသော ဆီမီးကို ငြိမ်းသတ် ပစ်ခဲ့လေသည်။ မရေမတွက်နိုင်သော နည်းလမ်းအားဖြင့် လူသား၏ တိုးတက်မှု လမ်းမ၌ အနှောက်အယှက် အဟန့်အတားကို များစွာ ပြုလုပ်ခဲ့လေသည်။

နှစ်ပရိစ္ဆေဒ ထောင်ပေါင်းများစွာ အထိ လူသည် မဖြစ်နိုင်သည့်အရာကို ယုံကြည်ခဲ့လေသည်။ ထို မဖြစ်နိုင်သည့် အရာ၏ နောက်သို့ လိုက်ခဲ့ကြလေသည်။ ဓာတုဗေဒနှင့် ပတ်သက်၍ အခြားသာမန် ဓာတ်သတ္တုများကို ရွှေအဖြစ် ပြောင်းလဲနိုင်သည့် အရာဝတ္ထု တခုကို မနေမနား ရှာဖွေလာခဲ့ကြသည်။ လော့ဇေကွန်လည်း ယင်းအဓိပ္ပာယ် မရှိသည့် အရာကို ယုံကြည်သူ ဖြစ်လေသည်။ ရာစုနှစ် များစွာအထိ ထောင်ပေါင်းများစွာသော လူတို့သည် ဒန်နှင့်သံကို နောက်ဆုံး၌ ရွှေဖြစ်သည်အထိ ပြောင်းလဲသွားအောင် ကြိုးပမ်း အားထုတ်ခဲ့ကြလေသည်။ သူတို့သည် အရာဝတ္ထုတို့၏ သဘာဝ အစစ်အမှန်ကို မကြံဆ မတွေးတောကြပေ။ အရာဝတ္ထုများသည် တစုံတခုသော မော်အတတ်ပညာအားဖြင့် ဖြစ်ပေါ်လာသည် ဟူ၍၎င်း၊ ထိုတစုံတခုသော မော်အတတ်ပညာ အရပင် ထိုအရာဝတ္ထုများကို ပြောင်းလဲပြီး တခြားအရာဝတ္ထု အဖြစ်ပြုလုပ် ဖန်တီးနိုင်သည် ဟူ၍၎င်း၊ သူတို့ ယူဆကြလေသည်။ သူတို့သည် သဘာဝ အပြင်ဘက်က အရာများကို ယုံကြည်ကြသူများ ဖြစ်လေသည်။ စက်ကြီယာ တီထွင် ပြုလုပ်ရာ၌လည်း လူတို့သည် ထိုနည်းအတိုင်းပင် မပြတ် ရွေ့ရှားခြင်းကို ယုံကြည်ကြသည်။ အကြောင်းတစုံတရာ မရှိဘဲနှင့် အဆက်မပြတ် လည်နေသော စက်ကြီယာမျိုးကို ပြုလုပ်လိုကြသည်။

http://mmteashop.com

ကျွန်ုပ်တို့၏ ဘိုးစဉ်ဘောင်ဆက်များသည် နက္ခတ်ကြယ်တာရာများကို လေ့လာကြသည်။ နက္ခတ်တာရာများကို လေ့လာခြင်းအားဖြင့် လူမျိုးနှင့် ပုဂ္ဂိုလ် တဦးတယောက်၏ ကံအကြောင်းကိုငင်း၊ ဘဝအကြောင်းကိုငင်း၊ သိရှိနိုင်သည်ဟု သူတို့ ယူဆကြသည်။ နေကြတ်ခြင်း၊ လကြတ်ခြင်းကိုငင်း၊ ကြယ်တံခွန်ကိုငင်း၊ ကြယ်တာရာတို့၏ တခုနှင့် တခု ဆက်သွယ်မှုကိုငင်း၊ ကံကြမ္မာနှင့် ကံကြမ္မာ၏ ရှေ့ပြေးနိမိတ် သို့မဟုတ် အကြောင်းဟူ၍ ထင်မှတ်ကြသည်။ ဗေဒင်ပညာကို သိပ္ပံပညာရပ် တရပ်အဖြစ် အမှတ်ထားကြသည်။ ထိုပညာရပ် ကျွမ်းကျင် နားလည်သူများအား စစ်သေနာပတိများကလည်း မေးမြန်းကြသည်။ နိုင်ငံရေး သမားများကလည်း မေးမြန်းကြသည်။ ရှင်ဘုရင်ကြီးများကလည်း မေးမြန်းကြသည်။ ယင်း သိပ္ပံပညာ အမည်ခံပညာကို လေ့လာဆည်းပူးရာ၌ ကုန်ဆုံးခဲ့သည့် အချိန်သမယများ၊ ပြုန်းတီးသွားသည့် ဉာဏ်ပဋိဘာန်များကို စကားဖြင့် ပြောပြ၍ ရနိုင်မည် မဟုတ်ပေ။ ဗေဒင်ပညာကို ယုံကြည်ကြသူများသည် မိမိတို့သည် အကြောင်းနှင့် အကျိုး မည်သို့မျှ ဆက်သွယ်မှု မရှိသော ကမ္ဘာလောက၌ နေသည် ဟူ၍ငင်း၊ အဖြစ်အပျက် ဟူသမျှ မှော်အတတ်ပညာအရ ဖြစ်ရသည့် ကမ္ဘာလောက၌ နေသည်ဟူ၍ငင်း၊ ထင်ကြသည်။

လမ်းနှစ်သွယ် ရှိသည့်အနက် တလမ်းမှာ ကျဉ်းမြောင်းသော လမ်းဖြစ်သည်။ ထိုလမ်းပေါ်၌ ကိုယ်ကျိုးကြည့်သည့် အတ္တဟိတသမားများသည် တကိုယ်တည်း လျှောက်သွားကြသည်။ ထိုလမ်းပေါ်၌ သူတို့၏ သားမယားများပင် မလျှောက် နိုင်ကြပေ။ ထိုလမ်းအား လွဲမှားသော ယုံကြည်ချက်တည်း ဟူသော သဲကန္တာရ လမ်းကျဉ်းဖြစ်လေသည်။ အကယ်၍ ထိုလမ်းပေါ်၌ ပန်းတပွင့်ကို တွေ့လျှင် သင ထိုပန်းကို မကောက်ပါနှင့်။ ယင်း ပန်းကား လောဘဖြစ်သည်။ ယင်းပန်း၏ အရွက်များထဲ၌ မြွေတကောင် ခိုအောင်းနေသည်။ သားမယားနှင့် မိတ်ဆွေ သင်္ဂဟများဘက်သို့ ပြန်လှည့်မကြည့်ပါနှင့်။ ကိုယ့်ကိုယ်ကို လွတ်မြောက်အောင် လုပ်ဘို့သာ သင်စိတ်ကူးပါ။ သင့်ကို ခင်မင်နေသူများ၊ သံယောဇဉ်ရှိသူများ၊ ငရဲတွင် နေရချင် နေရပေစေ၊ သင နတ်ပြည်၌ နေရဘို့ အရေးကြီးသည်။ ယုံကြည်ပါ။ ကိုးကွယ်ပါ။ သင ဆုလာဘ်ရလိမ့်မည်။ လက်ဝဲဘက်ကိုလည်း လှည့်မကြည့်ပါနှင့်။

http://mmteashop.com

လက်ျာဘက်ကိုလည်း လှည့်မကြည့်ပါနှင့်။ ရှေ့သို့သာ တူရူးသွားပါ သင်၏ အတွက်ဟိတ ပြည့်ဝပေလိမ့်မည်။

ထိုလမ်းမှာ ကမ္ဘာမြေကြီးမှ နတ်ပြည် နတ်လောကသို့ သွားသော လမ်းကျဉ်း ဖြစ်သည်။

အခြားလမ်း တလမ်းမှာ ကျယ်ပြန့်သော လမ်းဖြစ်သည်။ ကျွန်ုပ်အား ကျယ်ပြန့်သော လမ်းကို ပေးပါလော့။ ယုတ်စွာ့အဆုံး ကျွန်ုပ်တို့ အားလုံး တပြိုင်တည်း သွားနိုင်လောက်အောင် ကျယ်ပြန့်သည့် လမ်းကို ကျွန်ုပ်အား ပေးပါလော့။ ကျေးငှက်များ သီဆိုကျူးရင့်နေသည့်၊ နေရောင် တောက်ပြောင်နေသည့်၊ စမ်းရေလျှဉ်များ တသွင်သွင် စီးဆင်းနေသည့် ကျယ်ပြန့်သော လမ်းကို ကျွန်ုပ်အား ပေးပါလော့။

လာကြလော့။ ကျွန်ုပ်တို့သည် တကမ္ဘာလုံးနှင့် အတူတကွ ကျယ်ပြန့်သော လမ်းပေါ်တွင် လျှောက်သွားကြစို့။ သိပ္ပံပညာ အနုပညာနှင့်အတူ၊ ပြဇာတ် တေးဂီတနှင့် အတူ ပျော်ရွှင်စေတတ်သည့်၊ ယဉ်ကျေးစေတတ်သည့်၊ ငြိမ်းချမ်းမှုကို ပေးသည့် အရာဝတ္ထု အားလုံးနှင့်အတူ လျှောက်သွားကြစို့။

လာကြလော့။ ကျွန်ုပ်တို့သည် တကမ္ဘာလုံးနှင့် အတူတကွ ကျယ်ပြန့်သော လမ်းပေါ်တွင် လျှောက်သွားကြစို့။ သိပ္ပံပညာ အနုပညာနှင့်အတူ ပြဇာတ် တေးဂီတနှင့် အတူပျော်ရွှင်စေတတ်သည့်၊ ယဉ်ကျေးမှုများ ဖြစ်သည့်၊ ငြိမ်းချမ်းမှုကို ပေးသည့် အရာဝတ္ထုအားလုံးနှင့်အတူ၊ လျှောက်သွားကြစို့။

လာကြလော့။ ကျွန်ုပ်တို့သည် သားမယား မိတ်ဆွေသင်္ဂဟများနှင့်အတူ၊ ဤလမ်းကျယ်ကြီးပေါ်၌ လျှောက်သွားကြစို့။ ဘဝ၏ အရက်ဦးနှင့် ညနေ ဆည်းဆာ၏ ထူးဆန်းသော နေ့ရက်များ၌ ရရှိနိုင်သည့် ပျော်ရွှင်ချင်း ချစ်ခင်ခြင်းတို့နှင့် အတူလျှောက်သွားကြစို့။

http://mmteashop.com

ဤကမ္ဘာလောကသည် လိမ္မော်ပင်ကြီး တပင် ဖြစ်သည်။ ထို အပင်ပေါ်၌ မှည့်ပြီး မှည့်ဆဲ အသီးများ သီးနေကြသည်။ ထို သစ်ပင်၌ ငိုက်ကျနေသော အကိုင်းများ၏ အောက်ဘက်ရှိ အရွက်များသည် တဖြည်းဖြည်း မြေကြီးနှင့် ရောနှောသွား သွားကြသည်။

လိမ္မော်သီး တလုံးတလုံသည် မိမိ၏ ဘဝရှိသည်။ ကျွန်ုပ်တို့သည် ယင်း လိမ္မော်သီးကို ဖျစ်ညှစ်ပြီ ရှိသမျှ အရသာကို ထုတ်ယူရမည်။ သို့မှသာ သေခါနီး ကာလ၌ ကျွန်ုပ်တို့သည် "ငါတို့ ဘဝ အရသာကို သောက်စားပြီးပြီ။ ယခုအခါတွင် ခြောက်ခန်းနေသော အခွံမှတပါး အခြားဘာမျှ မကျန်တော့" ဟု ပြောဆိုနိုင် ပေမည်။

ကျွန်ုပ်တို့သည် ကျယ်ပြန့်သော၊ သဘာဝ အတွင်းက ဖြစ်သော လမ်းပေါ်၌ လျှောက်သွားကြစို့။ ကျွန်ုပ်တို့သည် လူ့အတွက် အသက်ရှင်ကြစို့။

လွဲမှားသော ယုံကြည်ချက်ကြောင့်၎င်း၊ ယုံကြည်ကိုးကွယ်မှု ဘာသာတရား ကြောင့်၎င်း၊ တိရစ္ဆာန်၊ ကျောက်တုံး၊ ဘုရားသခင်ကို ယုံကြည်ပူဇော်မှုကြောင့်၎င်း၊ ကမ္ဘာလောက အနေဖြင့် ခံစားရသော နှိပ်စက်ညှင်းပန်းမှုများ အကြောင်းကို စဉ်းစားလိုက်ရုံမျှဖြင့် လူသည် ရူးသွပ်သွားနိုင်လောက်သည်။ မသိနားမလည်ခြင်း ကြောက်ရွံ့ခြင်း၏ ရှည်လျားလှသော ညဥ့်၏ အကြောင်းကို စဉ်းစားကြည့်စမ်းပါ။ အတိတ်က ဆင်းရဲဒုက္ခများအကြောင်းကို တွေးတောကြည့်စမ်းပါ။ ယခုအခါတွင် ပြန်လာတော့မည် မဟုတ်သည့် နေ့ရက်များအကြောင်းကို ဆင်ခြင်ကြည့်စမ်းပါ။

ကျွန်ုပ်မြင်သည်၊ မှောင်မိုက်နေသော ဂူများအတွင်း၌ မိမိတို့၏ သားကောင်ကို စောင့်မျှော်နေသည့် ခွေနေသော မြွေများကို ကျွန်ုပ်မြင်သည်၊ သူတို့၏ ဟနေသော နှုတ်သီးများကို၎င်း၊ သူတို့၏ သွားရည်တများများ ဖြစ်နေသော လျှာများကို၎င်း၊ သူတို့၏ ဝင်းဝင်းတောက်နေသော မျက်လုံးများကို၎င်း၊ သူတို့၏ ရက်စက်လှသည့် သွားများကို၎င်း၊ ကျွန်ုပ်မြင်သည်။ သူတို့သည် မည်သို့မည်ပုံ နတ်နဂါးကို ကျေနပ် နှစ်သိမ့်မှု ရရှိစေရန်အတွက် မိဖတို့ပေးသည့် ကလေးငယ်အား ပေါက်ပေါက်သတ်သည့်ကို ကျွန်ုပ်မြင်သည်။

http://mmteashop.com

ကျွန်ုပ် မြင်ရပြန်သည်။ ရွှေချထားသည့် ကျောက်သား နတ်ကွန်းများကို ကျွန်ုပ်မြင်ရသည်။ လူအသွေးဖြင့် ခြင်းခြင်းနီနေသော ယဇ်ပလ္လင်များကို ကျွန်ုပ် မြင်ရသည်။ သူငယ်မတို့၏ ရင်ဝကို ဓားချွန်ဖြင့်စိုက်လိုက်သော ပုရောဟိတ်များကို ကျွန်ုပ်မြင်ရသည်။

ကျွန်ုပ် မြင်ရပြန်သည်။ ကလေး သူငယ်များ၏ အသားနှင့် အသွေးကို မီးလျှံထဲတွင် ပူဇော်ကြသည့် တခြား နတ်ကွန်းနှင့် ယဇ်ပလ္လင်များကို ကျွန်ုပ် တွေ့ရသည်။ နွားများ သိုးဆိတ်များ၏ သွေးများစွန်းနေသော တခြား နတ်ကွန်း၊ ပုရောဟိတ် ယဇ်ပလ္လင်များကို မြင်ရသည်။

ကျွန်ုပ်မြင်ရပြန်သည်။ လူ၏ လွတ်လပ်မှုကို စတေးရာ ဖြစ်သည့် တခြား နတ်ကွန်း၊ ပုရောဟိတ်၊ ယဇ်ပလ္လင်များကို မြင်ရသည်။ ဘုရားသခင်၏ ဘုရားကျောင်းကြီးများနှင့် လယ်သမားတို့၏ တဲပုတ်များကို ကျွန်ုပ်မြင်ရသည်။ ဘုရင်များ ပုရောဟိတ်များ၏ လျှမ်းလျှမ်းတောက် အဝတ်အစားများနှင့် ရိုးရိုးသားသား လူများ၏ စုတ်ပြဲညစ်နွမ်းနေသော အဝတ်အစားများကို ကျွန်ုပ်မြင်သည်။

ကျွန်ုပ်မြင်ရပြန်သည်။ ဘုရားသခင်အား ကြည်ညိုကြသူများသည် လူတို့အား ညှင်းဆဲ သတ်ဖြတ်သူများ ဖြစ်သည်။ မြင့်မြတ်သူတို့သည် အချုပ်ခန်းထဲ၌ နေရသည်ကို ကျွန်ုပ်မြင်သည်။ ပြည်နှင်ဒဏ် ပေးခြင်းခံရသော သူများကိုငင်း၊ ခြေဦးတည့်ရာ လျှောက်သွားသူများကိုငင်း၊ အဖက်လုပ်မခံရသူများကိုငင်း၊ အာဇာနည် သူရဲကောင်းအဖြစ် ရောက်ရသူများကိုငင်း၊ မဆိုးမအဖြစ် ရောက်ရသူများကိုငင်း၊ ဒုက္ခိတအဖြစ် ရောက်ရသူများကိုငင်း၊ ကျွန်ုပ်တို့ မြင်ရသည်။

ပုရောဟိတ်များ၊ ပုတ်ရဟန်းများ ကမ္ဘာတခုလုံးကို နင်းချေထားသည်ကိုငင်း၊ လွတ်လပ်ရေးသည် လက်ထိပ် အခတ်ခံနေရသည်ကိုငင်း၊ ကောင်းသော ဂုဏ်အင်္ဂါ တိုင်းသည် အပြစ်တစုံတခု ဖြစ်နေသည်ကိုငင်း၊ အပြစ်တိုင်းသည် ကောင်းသော ဂုဏ်အင်္ဂါ ဖြစ်နေသည်ကိုငင်း၊ အသိဉာဏ်အား ရှုပ်ချသည်ကိုငင်း၊ ကြောင်သူတော်၏ ဦးထိပ်ပေါ်၌ သရဖူဆောင်းထားသည်ကိုငင်း၊ ကျွန်ုပ်မြင်ရသည်။

http://mmteashop.com

ကျွန်ုပ် မြင်ရပြန်သည်။ မြော်လင့်ချက်တည်း ဟူသော အရှေ့ဘက် အရပ်ရှိ ကြည်နူးဖွယ်ကောင်းသော ကောင်းကင်ပြင်၌ အရုဏ်၏ ရွှေပြေး ပထမရောင်ခြည်ကို ကျွန်ုပ် မြင်ရသည်။ ပြာပုံထဲမှရင်း၊ သွေးအလျဉ်ထဲမှရင်း၊ မျက်ရည်အလျဉ်ထဲမှရင်း၊ ထွက်ကြလာသော အတိတ်ကို ဂလဲ့စားချေမည့်၊ အနာဂတ်ကို ဆုမွန်ပေးမည့် သူရဲကောင်းများကို ကျွန်ုပ်မြင်သည်။ ကြောက်မက်ထိတ်လန့်ဖွယ် စစ်ပွဲတခုကို ကျွန်ုပ်မြင်သည်။ ထို စစ်ပွဲ၌ ရာဇပလ္လင်များ ယိမ်းယိုင်သည်ကိုရင်း၊ ယဇ်ပလ္လင်များ ပြိုကျသည်ကိုရင်း၊ လက်ထိပ်ခြေထိပ်များ ကျိုးပြတ်သွားသည်ကိုရင်း၊ အယူအဆများ ပြောင်းလဲသွားသည်ကိုရင်း၊ ကျွန်ုပ်မြင်ရသည်။ အမြင့်ဆုံး အထွတ်အထိပ်ပေါ်၌ မြင့်မြတ်စင်ကြယ်သော အလင်းရောင် ရောက်သွားသည်။ အရုဏ်ရောင် တက်လာသည်။

ကျွန်ုပ် မြင်ရပြန်သည်။ ပင်လယ်ခရီးသည်များ ပင်လယ်သမုဒ္ဒရာကို ဖြတ်သန်း ကျော်လွှားနေကြသည်ကို ကျွန်ုပ်မြင်သည်။ တီထွင်သူများ လီမွှာ ပါးနပ်စွာဖြင့် သဘာဝ အစွမ်းသတ္တိများကို ချုပ်ကိုင် ကွပ်ကဲနေသည်ကို ကျွန်ုပ်မြင်သည်။ ကလေးသူငယ်များအတွက် စာသင်ကျောင်းများ ဖန်တီး ဆောက်လုပ် နေသည်ကို ကျွန်ုပ်မြင်သည်။ ကျောင်းဆရာများ သဘာဝအကြောင်း ပြောပြသူများက ပုရောဟိတ်များ၊ ပုတ်ရဟန်းများ၏ နေရာယူနေကြသည်ကို ကျွန်ုပ်မြင်သည်။ အဘိဓမ္မာဆရာများ ထွန်းကား လာကြသည်။ ဆင်ခြင် တွေးခေါ်သူများသည် မိမိတို့၏ စိတ်ပိုင်းဆိုင်ရာ ဥစ္စာခနေဖြင့် ကမ္ဘာလောကအား ကြွယ်ဝအောင် ပြုနေသည်။ စကားသည် မှန်ကန်သော စကားလုံးများဖြင့် ပြည့်ဝချမ်းသာနေသည်။

ကျွန်ုပ်မြင်ရပြန်သည်။ သို့ရာတွင် ယခုတကြိမ်တွင်မူ အနာဂတ်ကို မြင်ရသည်။ ပုတ်ရဟန်းများ၊ ပုရောဟိတ်များ၊ ဘုရင်များ အားလုံး မြုပ်ကွယ်သွားကြပြီ။ ယဇ်ပလ္လင်များ၊ ရာဇပလ္လင်များ မြေကြီး ဖြစ်သွားကြပြီ။ ကမ္ဘာမြေပြင်နှင့် ကောင်းကင် ပြင်မှ အသက်ဦးဆံပိုင်များ ပျောက်ကွယ်သွားကြပြီ။ နတ်ဒေဝတာများ သေကြေ ပျက်စီးသွားကြပြီ။

http://mmteashop.com

လူသားသည် ဘာသာတရား အသစ်ကို ခံယူစပြုလာကြသည်။ ယင်း ဘာသာတရားကာ ဤကမ္ဘာလောက၏ ဘာသာတရား ဖြစ်သည်။ ယင်း ဘာသာတရားကား ကိုယ်၊ စိတ်၊ ဉာဏ်ကျောက်၏ ဘာသာတရား ဖြစ်သည်။ ကျန်းမာခြင်းနှင့် ရှင်လန်းခြင်း၏ ဘာသာတရား ဖြစ်သည်။

ကျွန်ုပ်သည် ငြိမ်းချမ်းသော ကမ္ဘာလောကတခုကို မြင်သည်။ ထို ကမ္ဘာလောက၌ လုပ်အားအတွက် ဆုလာဘ် အပြည့်အဝ ရရှိသည်။ ထို ကမ္ဘာလော၌ အကျဉ်းထောင်မရှိပေ။ ထိုကမ္ဘာလော၌ ဆင်းရဲသား ကျောမွဲများအား အလုပ်ခိုင်းသည့် အိမ်များ မရှိပေ။ ထိုကမ္ဘာလောက၌ အရူးထောင် မရှိပေ။ ထို ကမ္ဘာလောက၌ ကြိုးစင်တင်မသတ်ပေ။ ထို ကမ္ဘာလောက၌ ရိုးသားသော မိန်းမပျို သူဆင်းရဲသည် မကောင်းမှုနှင့် သေခြင်း နှစ်မျိုးအနက် မည်သည့်အရာကိုမျှ မရွေးရပေ။

ကျွန်ုပ်သည် ကမ္ဘာလောက တခုကို မြင်သည်။ ထိုကမ္ဘာလောက၌ ဘုန်းတောင်းယာစကားများ လက်ဖြန့် မတောင်းခံပေ။ ထိုကမ္ဘာလောက၌ ကပ်စီးနဲသူများသည် အကြင်နာမဲ့သော မျက်လုံးများဖြင့် မျက်စောင်းခဲမကြည့်ပေ။ ထိုကမ္ဘာလောက၌ ချို့တဲ့ခြင်း၏ ကြင်နာဖွယ် ညည်းညူသံ မကြားရပေ။ ထိုကမ္ဘာလောက၌ တရားခံ၏ ညှိုးခြောက်နေသော မျက်နှာကို မတွေ့ရပေ။ ထို ကမ္ဘာလောက၌ မုသားပြောသော နှုတ်ခမ်း မရှိပေ။ ထို ကမ္ဘာလောက၌ အကြင်နာမဲ့သော မျက်လုံးများ မရှိပေ။

ကိုယ် ရောဂါ စိတ်ရောဂါတို့မှ ကင်းသော ပြေပြစ် အချိုးကျသည့် မျိုးရိုးဗီဇတခုကို ကျွန်ုပ်မြင်သည်။ လူ့ဘဝ ရှည်လျားလာသည်ကိုင်း၊ ထိတ်လန့် ကြောက်ရွံ့ခြင်း ပျောက်ကွယ်သွားသည်ကိုင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်း တိုးတက် လာသည်ကိုင်း၊ ချစ်ခြင်း မေတ္တာ လွှမ်းကဲလာသည်ကိုင်း၊ မြင်ရသည်။

တကမ္ဘာလုံးသည် လွတ်လပ်မှု ရှိသည်။ ... လွတ်လပ်မှု ရှိနေပေလိမ့်မည်။

http://mmteashop.com

# တိုးတက်မှု

http://mmteashop.com

စစ်မှန်သော တိုးတက်မှု ဟူသည်မှာ မည်သည့် အရာဖြစ်သနည်းဟူသော ပြဿနာနှင့် စပ်လျဉ်း၍ အယူအဆ အမျိုးမျိုး ရှိသည် ဟူသော အချက်ကို ကျွန်ုပ်သိသည်။ အကြင်အရာကို လူတယောက်သည် တိုးတက်မှုဟု ယူဆ၏။ ထိုအရာကိုပင် အခြား လူတယောက်က ကျဆုံးမှုဟု ယူဆလေသည်။ အချို့ပုဂ္ဂိုလ်များသည် ရှေးဟောင်းကို ရှေးဟောင်းဖြစ်သည့် အကြောင်းတခုတည်းနှင့် ထူးထူးခြားခြား မြတ်နိုးကြသည်။

ထို ပုဂ္ဂိုလ်တို့၏ အဆိုမှာ - ရှေးခေတ်ဟောင်းက ရသေ့ရဟန်းများနှင့် တူသည့် ရသေ့ရဟန်းမျိုး မရှိပေ။ ရှေးခေတ်ဟောင်းက အစိုးရမျိုး မရှိပေ။ အခြား ပုဂ္ဂိုလ်များကမူ ရှေးဟောင်းကို ရွံမုန်းကြသည်။ ခေတ်ပေါ်ကိုသာ ချီးကျူးကြသည်။ ခေတ်ပေါ်ကို ခေတ်ပေါ် ဖြစ်သည့်အကြောင်း တခုတည်းနှင့်ပင် ချီးကျူးကြသည်။ ကျွန်ုပ်အတွက် ပြောရလျှင်မူ - အတိတ်မှ သူရသတ္တိနှင့် ပြည့်စုံသည့် အတွေးအခေါ်သမား ပုဂ္ဂိုလ်ကြီးများ၏ ကျေးဇူးကို သိတတ်သည့် စိတ်လည်း ကျွန်ုပ်တွင် ရှိသည်။ အကြောင်းအရာ တခုခုကို ထိုပုဂ္ဂိုလ်ကြီးများ ပြောခဲ့သည်



http://mmteashop.com

ဆိုသည့် အကြောင်းတခုတည်းနှင့် လက်မခံလိုသည့် စိတ်လည်း ကျွန်ုပ်တွင် ရှိသည်။ တစုံတခုသော အယူအဆကို မှန်သည်ဟု ထင်လျှင် ထို အယူအဆကို အဟောင်းဖြစ်စေ အသစ်ဖြစ်စေ လက်ခံရဲသည့် စိတ်လည်း ကျွန်ုပ်တွင် ရှိသည်။ အမှန်တရားသည် ပျိုသည်ဟူ၍လည်း မရှိ။ အိုသည်ဟူ၍လည်း မရှိ။ ရှေးဟောင်း ဖြစ်သည်ဟူ၍လည်း မရှိ။ ခေတ်ပေါ် ကာလပေါ် ဖြစ်သည်ဟူ၍လည်း မရှိ။ အမှန်တရားသည် ဌာနဟူသမျှ ကာလဟူသမျှအတွက် တမျိုးတည်းသာလျှင် ရှိသည်။ ထာဝစဉ် ကြိုးပမ်း အားထုတ်မှုဖြင့် အမှန်တရားကို စူးစမ်းရှာဖွေသင့်လေသည်။ အမှန်တရားကို စိတ်ပါလက်ပါ လက်ခံသင့်လေသည်။ အမှန်တရားကို အသက်ထက်ပင် ချစ်မြတ်နိုးသင့်လေသည်။ မည်သည့်အခါမျှ မစွန့်ပစ်သင့်ပေ။

လုပ်သားသည် လွတ်လပ်သောလူ ဖြစ်သင့်သည်။ အတွေးအခေါ်သမားသည် လွတ်လပ်သောလူ ဖြစ်သင့်သည်။ ယင်းအချက်နှင့် စပ်လျဉ်း၍ ပြောပြရလျှင် အလွန်ရှေးကျသည့် ခေတ်ကာလဆီသို့ ရောက်သွားဘို့ပင် မလိုပေ။ အလယ်ပိုင်း ခေတ်လောက်က ဉရောပတွင် ဉကျောက် လွတ်လပ်ရေးလည်း မရှိပေ။ ကိုယ်ကာယ လွတ်လပ်ရေးလည်း မရှိပေ။ မည်ကဲ့သို့သော လွတ်လပ်ရေးမျိုးမျှ မရှိပေ။ လုပ်အားကို ရွံမုန်း ရှုပ်ချကြသည်။ လုပ်သားကို တိရစ္ဆာန် တကောင်ထက် ထူးထူးခြားခြား သာလွန်သည်ဟု မအောက်မေ့ကြပေ။ ကမ္ဘာလောကတခွင်၌ အဝိဇ္ဇာကန့်လန့်ကာ ကာရံထားလေသည်။ မျက်ကန်း ယုံကြည်ချက် လွှမ်းမိုးနေလေသည်။ ကောင်းကင်တခွင်၌ နတ်ဒေဝတာများ နာနာဘာဝများဖြင့် ပြည့်နှက်နေလေသည်။ အရာဝတ္ထုဟူသမျှ အံ့ဖွယ်သရဲ ဖြစ်နေသည်။ လူတဦးတယောက်သည် ထူးခြားသော ပုဂ္ဂိုလ်ဖြစ်ရန်အတွက် စစ်သားသော်လည်း လုပ်ရလေသည်။ သို့မဟုတ် ရသေ့ရဟန်းသော်လည်း လုပ်ရလေသည်။ ထိုသူသည် ပါဏာတိပါတနှင့် မုသာဝါဒ နှစ်မျိုးအနက် တမျိုးမျိုးကို ရွေးချယ်နိုင်လေသည်။ တဦးနှင့်တဦး အရောင်းအဝယ် ပြုလုပ်ကြသည့်အစား လူမျိုးတို့သည် မိမိတို့ အလိုရှိသည့် ပစ္စည်းဝတ္ထုကို အတင်းအဓမ္မ လုယက် ယူငင်ကြလေသည်။ ထိုခေတ်က စာဖတ် စာရေးခြင်းကို အလွန်အန္တရာယ်ကြီးမားသည့် အရာဟု ထင်မှတ်ယူဆကြသည်။ အကယ်၍ သာမန် ပုဂ္ဂိုလ် တဦးဦးသည် စာဖတ်ခြင်း စာရေးခြင်းကို သင်ကြား ဆည်းပူးလျှင်

http://mmteashop.com

ထိုပုဂ္ဂိုလ်အား ဘာသာမဲ့ တရားမဲ့ မိစ္ဆာဒိဋ္ဌိဟူ၍ဖြင်း သို့မဟုတ် မော်ဆရာဟူ၍ဖြင်း၊ အသိအမှတ် ပြုကြလေသည်။

ထိုခေတ်အခါက ဖြစ်ပျက်ခဲ့သည့် မသိနားမလည်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လွဲမှားသော ယုံကြည်မှု၊ ဥကျောက်တုံးမှုများ၏ အကြောင်းကို တွေးတော ကြံဆ ကြည့်နိုင်ဘို့ရန်ပင် ကျွန်ုပ်တို့အတွက် မလွယ်ကူပေ။ ယင်းအမိုက်မှောင် အတိပြည့်ဝပြီး သွေးခြင်းခြင်းနီနေသော နှစ်တို့၏ ရာဇဝင်သမိုင်းကို ဖတ်ရသည့် ခဏ၌ ကျွန်ုပ်သည် လူသား၏ ဆိုးရွားပုံနှင့် မိုက်မဲလှပုံကို အံ့သြခြင်း ဖြစ်မိလေသည်။ အရင်းကို စစ်လိုက်လျှင်မူ သူတို့သည် လွတ်လပ်ရေးကို မုန်းကြသည်။ ကိုယ်နှင့်စိတ် လွတ်လပ်မှုကို မြတ်နိုးခြင်း မရှိကြပေ။ သူတို့သည် အချို့သော ပုဂ္ဂိုလ်များအတွက် လွဲမှားသော ယုံကြည်ချက် ခြေကျဉ်းကို ပြုလုပ်ကြသည်။ အခြားတချို့ ပုဂ္ဂိုလ်များအတွက် သံခြေကျဉ်းကို ပြုလုပ်ကြသည်။

ထိုခေတ်အခါက ရှိခဲ့သော အထောက်အထား ဖြစ်သည့် ကျမ်းဂန်များကို မဖတ်ဘဲနှင့်၊ ထိုခေတ်အခါက အတည်ပြုခဲ့သော ဥပဒေများကို မသိဘဲနှင့်၊ ထိုခေတ်အခါက ခေတ်စားခဲ့သည့် ဓလေ့ထုံးစံများကို နားမလည်ဘဲနှင့်၊ ထိုခေတ်အခါက အကြောင်းကို အတိအကျ သိရှိဘို့ရန် မလွယ်ကူပေ။ ဆဲ့ငါးရာစု နှစ်က အင်္ဂလန်တွင် အောက်ပါ ဥပဒေ ပြဋ္ဌာန်း ထားလေသည်။

ဓမ္မကျမ်းဂန်ကို မိမိ၏ အမိဘာသာဖြင့် ဖတ်သူ၏ မြေယာ၊ ကျွဲနွား တိရစ္ဆာန်အပြင် ထိုပုဂ္ဂိုလ်၏ အသက် ကိုယ်ခန္ဓာနှင့် ထိုပုဂ္ဂိုလ်၏ အမျိုး အဆက်အနွယ်ပိုင် ပစ္စည်းဥစ္စာ အားလုံးကို အစိုးရဘဏ္ဍာတော် အဖြစ် သိမ်းယူရမည်။ ဘုရားမဲ့ တရားမဲ့ ပုဂ္ဂိုလ် အဖြစ်ဖြင်း၊ အစိုးရ၏ ရန်သူအဖြစ်ဖြင်း၊ နိုင်ငံ၏ သစ္စာဖောက်အဖြစ်ဖြင်း၊ မှတ်ယူရမည်။

ဥပဒေ အတည်ပြုပြီးသည့် နောက်တနေ့၌ပင် ယင်း ဥပဒေကို ဖောက်ဖျက် ကျူးလွန်သည့် ပြစ်မှုဖြင့် လူပေါင်းသုံးဆဲ့ ကိုးယောက်ကို ကြိုးစင်တင် သတ်လျက် ၎င်းတို့၏ အလောင်းကို မီးသင်္ဂြိုဟ်ပစ်လိုက်လေသည်။

http://mmteashop.com

ဥရောပတိုက် အနှံ့အပြားတွင် ယင်းကဲ့သို့ မတရားသော သွေးစွန်းသော ရက်စက်ကြမ်းကြုတ်သော ဥပဒေများ ခေတ်စားခဲ့လေသည်။ ဆဲ့ခြောက်ရာစုနှစ်က ပြင်သစ်ပြည်တွင် ပုဂ္ဂိုလ်တဦးအား ညစ်ညစ်ပတ်ပတ် စုတ်စုတ်ပဲ့ပဲ့နေသည့် ခရစ်ယာန်ဘုန်းကြီးများအား ဦးညွတ် အရိုအသေ ပြုရန် ငြင်းဆန်သည့် အကြောင်း တခုတည်းနှင့် အရှင်လတ်လတ် မီးသင်္ဂြိုဟ်ပစ်လိုက်လေသည်။ အကြောင်းခြင်းရာ တခုခုနှင့် စပ်လျဉ်း၍ သဘောကွဲလွဲရုံမျှဖြင့် ယောက်ျားများ၊ မိန်းမများ၊ ကလေးသူငယ်များ အပေါ်တွင် ကျူးလွန်ပြုလုပ်ခဲ့သော အကြမ်းဖက်မှုများ၊ နှိပ်စက်ညှင်းပန်းမှုများ၏ ပုံစံနမူနာများကို ကျွန်ုပ် ထုတ်ပြနိုင်သည်။ သို့ရာတွင် သင်သည် ယင်းအချက်များကို ဘာသာရေး အကြမ်းဖက်မှု ရာဇဝင်သမိုင်းကို ဖတ်ကြည့်လျှင် သိရှိနိုင်သည်။

အကြောင်းအရာ တခုမှာ အမှန်တကယ်ပင် အံ့သြလောက်ပါပေသည်။ ထိုခေတ်အခါက ကြောက်မက်ထိတ်လန့်ဖွယ် ကောင်းသည့် အကြမ်းဖက်မှု၊ ညှင်းပန်း နှိပ်စက်မှုအား ဆန့်ကျင်တိုက်ဖျက်သည့် ပြုပြင်ရေးသမားတို့သည် မိမိတို့ လက်ထဲ အာဏာတန်ခိုး ရောက်လာသည်နှင့် တပြိုင်နက် အခြားပုဂ္ဂိုလ်များအား အပိုင်းအခြားမရှိသည့် အကြမ်းဖက်မှု ညှင်းပန်းနှိပ်စက်မှုကို ပြုလုပ်ကြလေသည်။ လူသားသည် ကမ္ဘာလောက၏ မြင့်မြတ်ကြီးကျယ်သူ ပုဂ္ဂိုလ်တဦး ဖြစ်သည်။ သူ့ရဲကောင်း အာဇာနည် တဦးဖြစ်သည်။ သူက ဤသို့ မိန့်ဆိုခဲ့သည် - "လူတိုင်း လူတိုင်းသည် လွတ်လပ်စွာ သင်ကြား ဆည်းပူးနိုင်ခွင့် ရှိသည်။ သို့မှသာ လူသည် မိမိကိုယ်ကို အသက်ရှင်ခြင်းနှင့် သေခြင်းအတွက် အသင့်ဖြစ်အောင် ပြုလုပ်နိုင်ပေလိမ့်မည် .." သို့ပင် ဖြစ်သော်လည်း ကျွန်ုပ်တို့ ယူဆသော "ဘာသာရေး လွတ်လပ်မှု" ဟူသော အနက်အဓိပ္ပာယ်မှာမူ သူ့အတွက် ဘာအဓိပ္ပာယ်မျှ မရှိ ဖြစ်နေသည်။

ဂျွန်နော့စ(က်) သည် လူများစုက သူ့ဘက် မပါမချင်း ဘာသာရေး လွတ်လပ်မှုဘက်သား ဖြစ်ခဲ့လေသည်။ ဂျီနေဗာ၊ ဆွစ်ဇာလန်ရှိ ပါမောက္ခ ကိုက်စတာလီယိုသည် ရိုးရိုးသားသား ကျူးလွန်သည့်အမှားကို အပြစ်မရှိဟု



http://mmteashop.com

ယူဆသည် ပဌမဦးဆုံးသော ခရစ်ယာန် ဘုန်းကြီး ဖြစ်သည်။ ထိုပုဂ္ဂိုလ်၏ အမည်နာမကို မမေ့သင့်ပေ။ သူ၏ မြင့်မြတ်သော အယူအဆများကြောင့် သူသည် အာစရိယ ဘဝကို လက်လွတ်ဆုံးရှုံး သွားခဲ့ရလေသည်။ မိမိအတွက် မိမိကိုယ်တိုင် စဉ်းစား ဆင်ခြင်ပိုင်ခွင့် ရှိသည်ဟူသော အယူအဆ ဝင်လာသူ ရှိလျှင် ထိုသူ့ထံမှ ထိုအယူအဆကို မီးပုံနှင့် ထိပ်တုံး၏ အကူအညီဖြင့် ထုတ်ပစ်ရန် အဆင်သင့် ဖြစ်နေကြသည့် လူများ အသင့်ပင် ရှိနေခဲ့ကြလေသည်။ သတိပြုသင့်သည်မှာ - ထိုခေတ်အခါက အကယ်၍ ပုဂ္ဂိုလ်တဦးဦး၏ အယူအဆကို သာမန်နည်းလမ်းအားဖြင့် ပြောင်းလဲပစ်၍ မရလျှင် ဘာသာရေး အယူသီးများ တီထွင် ပြုလုပ်နိုင်သည့် နှိပ်စက်ညှင်းပန်းနည်း အသစ်အဆန်း ဟူသမျှကို အသုံးပြုကြလေသည်။ မိမိ အယူအဆ မစွန့်သူ ခေါင်းမာသူ ထိုပုဂ္ဂိုလ်များအား သံခွာဖြင့် နင်းချေကြလေသည်။ မီးဖြင့် မြှိုက်ကြလေသည်။ လက်သည်းခွံခွာလျက် အတ်ဖြင့် ထိုးဆွကြလေသည်။ ပြင်သစ်ပြည်၌ ယင်းနှိပ်စက် ညှဉ်းပန်းခြင်းများကို ဆန့်ကျင်တိုက်ဖျက်သူ ပထမဦးဆုံး ပုဂ္ဂိုလ်မှာ မောင်းန်တင်း ဖြစ်လေသည်။ သို့ရာတွင် မသိနားမလည်သူ လူကုဋ္ဌေကုဋ္ဌာတို့၏ အသံရှေ့မှောက်၌ လူတယောက်၏ အသံသည် ဘယ်မှာလျှင် ခရီးရောက်နိုင် မည်နည်း။ အပြောကျယ်သည့် ပင်လယ်သမုဒ္ဒရာထဲ၌ နစ်မြုပ်နေသူ တယောက်၏ အော်ဟစ်သံလောက်သာလျှင် ခရီးရောက်ပေလိမ့်မည်။

ဘာသာရေး လွတ်လပ်မှုအတွက် တိုက်ခိုက်ခဲ့သော ရှည်လျားလှသည့် တိုက်ပွဲ၏ ရာဇဝင် သမိုင်းကို ဖတ်ကြည့်လျှင် ဖတ်သူ၏ စိတ်နှလုံးသည် ထိတ်လန့်ကြောက်ရွံ့ဖွယ်၊ မနှစ်မြို့ဖွယ်များဖြင့် ပြည့်ဝမလာဘဲ မနေပေ။ သိန်းသန်း များစွာသော မိန်းမယောက်ျား ကလေးသူငယ်များသည် - အနည်းဆုံး တကုဋ္ဌေမျှသော လူတို့သည် - ဘာသာရေး အယူသီးမှု ယဇ်ပလ္လင်၌ စတေး အပူဇော် ခံခဲ့ကြရလေသည်။ ထိုလူများ၏ စိတ်နှလုံးသည်လည်း ကျွန်ုပ်တို့၏ စိတ်နှလုံးကဲ့သို့ပင် မြော်လင့်ခြင်း၊ ချစ်ခင်ကြင်နာခြင်း၊ ရည်မှန်းချက် ထားခြင်းများ၏ ဗဟိုဌာန ဖြစ်လေသည်။ သူတို့သည် ကြိုးစင်ပေါ် အတင်ခံကြရလေသည်။ အကျဉ်းခန်းထဲ၌ နေရင်းနေရင်း ဘဝအဆုံးသတ်သွားကြရ လေသည်။ အစာရေစာ အငတ်ခံကြရ လေသည်။ ဓားစာခံ ဖြစ်ခဲ့ကြရလေသည်။ သဲကန္တာရထဲတွင် တဝဲလည်လည်နှင့်

http://mmteashop.com

သေကြေ ပျက်စီးကြရလေသည်။ မှောင်မိုက်နေသော လှိုင်ဂူများထဲ၌ နေရင်း ဆွေးမြေ့သွားကြရလေသည်။ နောက်ဆုံး တနေ့တွင်မူ သူတို့၏ သွေးသည် ဂလဲ့စား ပြန်ချေရန်အတွက် ဟစ်အော် ကြွေးကြော်ခဲ့လေ၏။

အကြင်နာ အယူအဆအတွက် သူတို့သည် အညှင်းပန်း အနှိပ်စက် အသတ်ဖြတ် ခံခဲ့ကြရ၏။ ထိုအယူအဆသည် နောက်ဆုံး၌ အောင်ပွဲဆင်ခဲ့လေသည်။ ယနေ့ ထိုအယူအဆကို ယဉ်ကျေးသည့် တကမ္ဘာလုံးက လက်ခံကြလေသည်။ ထိုအယူအဆအတွက် အဖိုးအမြောက်အမြား ပေးခဲ့ရလေသည်။ သို့ရာတွင် ထိုအယူအဆသည် မည်မျှ တန်ဖိုးရှိသနည်း ဆိုလျှင် ပေးခဲ့ရသည့် အဖိုးထက် အဆအရာ အထောင် ပို၍လည်း ပေးနိုင်လေသည်။ ဘာသာတရား၌ လွတ်လပ်မှု ရှိသင့်လေသည်။ အကြောင်းမူကား လွတ်လပ်မှု မရှိဘဲနှင့် ဘာသာတရား မဖြစ်နိုင်သောကြောင့် ဖြစ်သည်။ လွတ်လပ်မှု မရှိဘဲနှင့် ဘာသာတရား မဖြစ်ပေ။ ပူဇော်ခြင်း မဖြစ်ပေ။ လူ၏ မျက်လုံးအတွက် အလင်းရောင် လိုသည်။ အဆုတ်အတွက် လေလိုသည်။ နှလုံးသားအတွက် မေတ္တာလိုသည်။ ဝိဉာဏ်အတွက် လွတ်လပ်မှု လိုသည်။

ကျွန်ုပ် တင်ပြလိုသည့် အခြား အကြောင်းတရပ်မှာ အလယ်ပိုင်း ခေတ်၌ ပညာရှိ ပညာမဲ့၊ သခင် အစေခံ၊ ဘုန်းကြီး၊ ရှေ့နေ၊ ဆရာဝန်၊ နိုင်ငံရေး ခေါင်းဆောင် - အားလုံးသော လူတို့သည် မှော်ပညာကို ယုံကြည်ကြသည်။ ပြုစားခြင်း၊ တစ္ဆေသရဲတို့၏ ဝိဉာဉ်များ တဦးတယောက်၏ ကိုယ်ကာယတွင်ပင် ဝင်ပူးနိုင်ခြင်း များကို ယုံကြည်ကြလေသည်။ လူတို့၏ ကိုယ်ကာယတွင်းမှ တစ္ဆေသရဲတို့၏ ဝိဉာဉ်ကို ထုတ်ပစ်ခြင်းသည် မိမိတို့၏ မြင့်မြတ်သော တာဝန်ဝတ္တရား ဖြစ်သည်ဟုလည်း သူတို့ ယုံကြည်ကြလေသည်။ သို့ဖြစ်၍ သူတို့သည် လူသား၏ ရန်သူတို့နှင့် အဆက်အသွယ် ပြုလုပ်ရန်အတွက် ကြိုးစင်တင် သတ်ဖြတ်ရန်နှင့် မီးလောင်တိုက်သွင်းရန်အတွက် အဆင်သင့်ပင် ဖြစ်ကြလေ၏။ ဥရောပရှိ မြို့တိုင်း မြို့တိုင်း၏ တရားရုံးများ၌ မှော်အတတ်ပညာဖြင့် ပြုစားသည့် ပြစ်မှုကို ရုံးတင် တရားစီရင်ခဲ့ဘူးလေသည်။ တစ္ဆေ

http://mmteashop.com

သရဲ နာနာဘာဝတို့နှင့် အဆက်အသွယ် ရှိသည်ဟု စွဲချက် အတင်ခံရသူ ထောင်ပေါင်း များစွာတို့သည် မိမိတို့၏ အပြစ်ကို ဝန်ခံခဲ့ဘူးလေသည်။

လူတို့အား မဖြစ်နိုင်သည့် ပြစ်မှုများဖြင့်လည်း စွဲချက်တင်ကြလေသည်။ ဂျိမ်းစ် ပထမ၏ ခေတ်က လူတယောက်အား မဟာသွေး မဟာနွယ် အိမ်ထောင် တခု၏ လှေသင်္ဘောကို မြုပ်ပစ်ရန်အတွက် ပင်လယ်ထဲတွင် မုန်တိုင်းကျအောင် လုပ်သည်ဟူသော အပြစ်ဖြင့် စွဲချက်တင်ခဲ့ဘူးလေသည်။ အင်္ဂလန်၏ နာမည်ကျော် ပညာရှိ ရှေ့နေ ဆာမက်သယူဟေလ်၏ ရှေ့၌ မိန်းမတဦးအား ကလေးသူငယ်များ၏ ပါးစပ်ထဲက အပ်များ အံအောင် လုပ်သည်ဟူသော ပြစ်မှုဖြင့် တရားစွဲဆို ဘူးလေသည်။

လူတဦးတစ်ယောက်၏ အသက်သည် လုံခြုံမှု မရှိပေ။ လူတဦး တယောက်အား မုန်းလျှင် အချက်အလက် တခုနှစ်ခု ထုတ်ပြပြီး မှော်ဆရာ ဖြစ်ကြောင်း စွဲချက် တင်လိုက်ပါ။ ထိုသူ အသတ်ခံရဘို့မှာ ကျိန်းသေသွားလေသည်။ ထိုခေတ်က တစ္ဆေသရဲများသည် တိရစ္ဆာန်များကိုပင် ပူးကပ်သည် ဟူ၍ငင်း၊ အကယ်၍ တစ္ဆေသရဲ ပူးနေသည့် တိရစ္ဆာန် တကောင်ကောင်ကို သတ်ဖြတ်လိုက်ပါမူ ထိုတစ္ဆေသရဲလည်း အသတ်ခံရသည် ဟူ၍ငင်း၊ အယူရှိလေသည်။ သို့ဖြစ်၍ တိရစ္ဆာန်များအားလည်း စွဲချက်တင်ပြီးလျှင် တရားစီရင်လျက် သတ်ဖြတ် ပစ်ကြ လေသည်။

တရံတခါတွင် တရားရုံးများ၌ တိရစ္ဆာန်များကိုပင် သက်သေအရာ ထားကြလေသည်။

ဥရောပတိုက်၌ ဥပဒေတခု ရှိခဲ့သည်။ အကယ်၍ နေဝင်နှင့် နေထွက်၏ အကြား၌ တစုံတယောက်သည် အခြား ပုဂ္ဂိုလ်တဦးဦး၏ အိမ်အတွင်းသို့ ဝင်ခိုးလျှင် ထိုသူခိုးအား အိမ်ရှင်က သတ်ပစ်ပါက ထိုအိမ်ရှင်အား အပြစ်မရှိဟု ယူဆ ရလေသည်။

http://mmteashop.com

သို့ရာတွင် ပုဂ္ဂိုလ်တဦးဦးသည် တစုံတယောက်အား မိမိအိမ်သို့ ခေါ်၍ ထိုသူအား သတ်ပစ်လိုက်ပြီးသည့်နောက် ခိုးရန်လာ၍ သတ်ပစ်ရပါသည်ဟု ပြောလျှင် အပြစ်ရှိသူဟု မှတ်ရမည်လော၊ သို့မဟုတ် ဥပဒေတခု ပြုလုပ်ထားသည်မှာ အကယ်၍ တဦးတည်း နေထိုင်သူ တစုံတယောက်သည် အခြားပုဂ္ဂိုလ်တဦး တယောက်အား သတ်လျှင် ထိုအိမ်၌ ရှိသော ခွေးဖြစ်စေ၊ ကြောင်ဖြစ်စေ တိရစ္ဆာန် တကောင်က အသတ်ခံရသူမှာ သူခိုးဖြစ်ပါသည်ဟု သက်သေ မခံမချင်း သတ်သူအား အပြစ်ကင်းသူ အဖြစ် မယူဆပေ။ အကယ်၍ အပြစ်ကင်းမဲ့သူ အပြစ်ဒဏ် ပေးခြင်းခံရလျှင် ဘုရားသခင်က တနည်းနည်းဖြင့် တိရစ္ဆာန်အား တစုံတရာသော ဣန္ဒြိယဖြင့် သက်သေ အခံခိုင်းလိမ့်မည်ဟု အယူရှိကြလေသည်။

မီး သို့မဟုတ် ရေဖြင့်လည်း အမှုများကို တရားစီရင်ကြလေသည်။ လူတို့အား လောလောပူနေသည့် သံပူကို အကိုင်ခိုင်းလေသည်။ အကယ်၍ ထိုသူ၏ လက်သည် ကျွမ်းသွားလျှင် ထိုသူသည် အပြစ်ရှိသူ ဖြစ်၏ဟု ဆုံးဖြတ်ချက်ချလေသည်။ ထိုနည်းအတိုင်းပင် သူတို့ကို လက်ခြေကို တုတ်ပြီးလျှင် ရေထဲပစ်ချလေသည်။ အကယ်၍ ရေထဲမြုပ်နစ်သွားလျှင် ထိုလူအား အပြစ်ရှိသူဟူ၍ သတ်မှတ် ဆုံးဖြတ်လေသည်။

ယင်း ဥဒါဟရဏ် ပုံစံများကို ထုတ်ပြ ရခြင်းမှာ - အဝိဇ္ဇာ သို့မဟုတ် မသိနားမလည်ခြင်း လွှမ်းမိုးလျက် အဆင်ခြင် အစဉ်းစားကို ဘေးဖယ်ထားသည့် တိုင်းနိုင်ငံများ၌ မည်သည့်အရာများ ဖြစ်ခဲ့သည်၊ နောင် အနာဂတ် ကာလတွင်လည်း မည်သည့် အရာများ ဖြစ်နိုင်သည် ဆိုသည်ကို ထင်ရှားစေလိုသည့် အတွက်ကြောင့် သာလျှင် ဖြစ်ပေသည်။ လူသည် မည်မျှလောက် ကြီးကျယ်သူပင် ဖြစ်စေကာမူ မိမိခေတ်၏ လွဲမှားသော ယုံကြည်ချက်များမှ ရှောင်ကွင်း၍ နေနိုင်ဘို့ရန် မလွယ်ကူ လှသော အချက်ကို သိစေလိုသည့် အတွက်ကြောင့်လည်း ဖြစ်ပေသည်။

ဂျာမန်ဘုရင် ချာလက်စ် ပဉ္စမ၏ လက်ထက်၌ စတိုအေကာ အမည်ရှိ နာမည်ကျော် သင်္ချာပညာရှင် ဗေဒင်ပညာရှင်သည် တွက်ချက်ပြီးလျှင် ကမ္ဘာကြီး၌ ဒုတိယ ရေဘေးကြီး လွှမ်းမိုးလိမ့်မည်ဟု ဟောကိန်းထုတ်လိုက်လေသည်။ ဂျာမန်

http://mmteashop.com

အင်ပါယာမျှသာမကဘဲ ဥရောပ တတိုက်လုံးမှ အရေးပါ အရာရောက်သည့် လူတို့သည် ထိုပဟေဠိကိုအပြည့်အဝ ယုံကြည်ကြလေသည်။ ချက်လက်စ် ပဉ္စမ၏ စစ်ဗိုလ်ချုပ်သည် စွမ်းနိုင်သည့် ပုဂ္ဂိုလ်များ၏ အကူအညီဖြင့် တိုင်းပြည့်တခုလုံးကို တိုင်းထွာပြီးလျှင် မြင့်သည့် ကုန်းမြေများကို စုံစမ်းရန် အကြံဖြစ်လေသည်။ သို့ရာတွင် နောက်ပိုင်း၌ ထိုအကြံကို လက်လျှော့လိုက်ရလေသည်။ အကြောင်းမှုကား ရေလွှမ်းမည့် အကြောင်းနှင့် စပ်လျဉ်း၍ ရေ အမြင့် မည်မျှအထိ တက်မည် ဆိုသည်ကို မသိသောကြောင့် ဖြစ်လေ၏။

မြစ်ကမ်းပါးနှင့် ပင်လယ်ကမ်းပါးရှိ မြေအနိမ့်ပိုင်း၌ နေထိုင်ကြသည့် ထောင်ပေါင်း များစွာသော လူတို့သည် မိမိတို့၏ အိမ်ရာများကို စွန့်ပြီးလျှင် ကုန်းမြင့် နေရာများသို့ သွားရောက် နေထိုင်ကြလေ၏။ ဒုက္ခကြီးစွာ ရောက်ကြလေသည်။ အချို့နေရာများ၌မူ သက်ကြားအိုများ၊ ရောဂါသည်များ၊ ဒုက္ခိတများအား ပစ်ထား ခဲ့ကြပြီး လွတ်မည့် ထင်သည့် နေရာသို့ ထွက်သွားကြလေသည်။

ပြင်သစ်ပြည်၌ တူလုဆ် အမည်ရှိနေရာတွင် လူတို့သည် ကြီးမားသော ရိက္ခာတိုက်ကြီး တခုကို ဆောက်လုပ်ထားပြီးလျှင် ထိုရိက္ခာတိုက်ကြီးအတွင်း၌ စားနပ်ရိက္ခာများကို သိုလှောင်ထားကြလေ၏။ ရေဘေးဆိုက်မည်ဟု ဟောကိန်း ထုတ်ထားသည့် နေ့ရက်သို့ ရောက်ရှိလာပြီးနောက် နေ့ရက် အတန်ကြာ ကျော်လွန်သွားမှ လူတို့သည် အကြောက် ပြေသွားပြီးလျှင် မိမိတို့၏ မူလ နေရာများသို့ ပြန်သွားကြလေ၏။

ထိုအခါက လူတို့၏ ဥကျောက်သည် သံကြိုးများဖြင့် တုတ်နှောင်ခြင်း ခံနေရလေသည်။ ကျွန်ဘဝသည် လူတို့အား ချွတ်ယွင်းအောင် ပြုလုပ်ထားသည်။ သို့ဖြစ်သောကြောင့် သူတို့သည် တုန်လှုပ်နေသော သူရဲဘောကြောင်သူများ ဖြစ်နေကြသည်။ ဥကျောက်တွင်းမှ ထွက်လာသည့် အရာဟူသမျှမှာ အားလုံးပင် ပုံပျက်ပန်းပျက် ဖြစ်နေကြသည်။ ချွတ်ယွင်းချက် ရှိနေကြသည်။ အယူအဆ ဟူသမျှသည် ထိတ်လန့်ကြောက်ရွံ့သော အသွင်ကို ဆောင်နေကြသည်။ တရားဥပဒေ ဟူသမျှလိုလိုမှာလည်း မတရားမှု အပြည့်ရှိနေပေသည်။ အမှန်



http://mmteashop.com

ပြောရလျှင် ထိုခေတ်၌ သိပ္ပံပညာသည် အသက်ရှင်၍ပင် မနေနိုင်ပေ။ ဥရောပ တတိုက်လုံးသည် မယဉ်ကျေး မဖွံ့ဖြိုးသည့် အကြောင်းအရာများ၏ အိမ်ဂေဟာသဖွယ် ဖြစ်နေသည်။ ရှိရှိသမျှ ရာဇဝင် သမိုင်းလိုလိုမှာလည်း ခရစ်ယာန် ဘုန်းကြီးများ၊ ပုရောဟိတ်များ ရေးသားထားသည့် ရာဇဝင်သမိုင်းချည်းသာလျှင် ဖြစ်လေ၏။ သူတို့သည် လွဲမှားသော ယုံကြည်ချက်ကို ယုံကြည်သူများ ဖြစ်သလောက်ပင် စဉ်းလဲကောက်ကျစ်သူများလည်း ဖြစ်ပေသည်။ သူတို့ ပြုလုပ်သမျှ အရာများမှာ အားလုံးပင် အလိမ်အညာများ ဖြစ်ကြသည်။ သူတို့သည် အရာဝတ္ထု ဟူသမျှကို သူတို့၏ မျက်မှောက်၌ ဖြစ်နေသကဲ့သို့ပင် ရေးကြသည်။ သူတို့သည် အရေးကြီးသည့် တိုင်းနိုင်ငံ ဟူသမျှ၏ ရာဇဝင် သမိုင်းကို ရေးကြသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှင့် စပ်လျဉ်း၍ အားလုံးပင် ရေးကြသည်။ ဆဲ့လေးရာစုနှစ် နာမည်ကျော် ရာဇဝင်ဆရာ ဖြစ်သူ ပဲရစ်မှ မက်သယူသည် ကမ္ဘာအား အောက်ပါ အဖိုးမဖြတ်နိုင်သည့် အသိပညာကို ပေးခဲ့လေသည် -

"မိုဟာမက်သည် အစပထမက ပုတ်ရဟန်းထက် အဆင့်အတန်း နိမ့်သည့်ဆိုသည်ကို အားလုံး သိကြသည်။ သူသည် "ပုတ်" ဖြစ်လိုသည့် ရည်ရွယ်ချက် ရှိခဲ့သည်။ မိမိ၏ ရည်ရွယ်ချက် အောင်မြင်ထမြောက်ခြင်း မရှိသောအခါ သူသည် ဘာသာမဲ့ တရားမဲ့ ဖြစ်သွားလေ၏"

ထို ရာဇဝင်ဆရာပင် ဤသို့ ရေးသားထားသေး၏ - မိုဟာမက်သည် အရက်အလွန်သောက်သည်။ သူသည် အရက်မူးလွန်ပြီး လမ်းဘေးထောင့် တထောင့်တွင် လဲကျသွားလေ၏။ ထိုအခြေအနေ၌ပင် ဝက်တကောင်က သူ့ကို သတ်ပစ်လိုက်လေသည်။ ထိုအကြောင်းကြောင့်ပင် မူဟာမေဒင် ဘာသာဝင်တို့သည် ယနေ့ထက်တိုင် ဝက်သားကို ဤမျှ ရွံမုန်းနေကြခြင်း ဖြစ်လေသည်။ ထိုခေတ်က အခြားရာဇဝင် ဆရာတဦး၏ အဆိုမှာလည်း ဤသို့ ဖြစ်သည် - မသင့်တော်သူက နမ်းရှုပ်လိုက်သည် ဖြစ်၍ "ပုတ်" ရဟန်းသည် မိမိ၏ လက်ကို ဖြတ်ပစ် လိုက်လေသည်။ ထို လက်ကို လွန်ခဲ့သည့် အနှစ်ငါးရာကစ၍ ယခုထက်တိုင် ရောမမြို့တွင် သိမ်းဆည်းထားလေသည်။

http://mmteashop.com

ကျွန်ုပ် ပြောပြလိုသည့် အခြားအကြောင်းအရာ တခုမှာ စက်နှင့် ပတ်သက်သော တိုးတက်မှု ဖြစ်လေသည်။ တိရစ္ဆာန်တို့သည် သဘာဝက ပေးသည့် လက်နက်များကိုသာလျှင် အသုံးပြုကြရလေသည်။ ထိုလက်နက်များကား နှုတ်သီး၊ ခြေသည်း၊ သွားများ ဖြစ်ကြလေ၏။ လူရိုင်းတို့သည် တုတ်နှင့် ကျောက်ခဲတို့ကို အသုံးပြုကြလေသည်။ လူသည် တိုးတက်လာသော အခါ ယဉ်ကျေးလာသော အခါ လက်နက်အဖြစ် အသုံးပြုနိုင်သည့် ပစ္စည်းကိရိယာများကို ပြုလုပ်ကြလေသည်။ ထိုပစ္စည်းကိရိယာများကို ပြုလုပ်ရန်အတွက် အကောင်းဆုံး ပစ္စည်းဝတ္ထုကို ရှာဖွေကြလေသည်။ နောက်ပိုင်းရောက်သောအခါ လူသည် မိမိအား အကူအညီ ပေးမည့် အစွမ်းသတ္တိတခုခုကို တီထွင် ဖန်တီးလေသည်။ ထို အစွမ်းသတ္တိများကား စီးကျနေသော ရေ၏ အင်အားနှင့် လေအဟုန်များ ဖြစ်ကြလေသည်။ ထို့နောက် ရေကို ရေနွေးငွေ့ အသွင်ပြောင်းပြီးလျှင် အစွမ်းသတ္တိသစ် တခုကို ဖန်တီးလေသည်။ ထို ရေနွေးငွေ့ဖြင့် အလုပ်တိုင်းလိုလိုကို ပြုလုပ်နိုင်သည့် အင်ဂျင်စက်များကို လည်စေလေသည်။ အစ ပထမတွင် လက်နက်များကို တီထွင်ပြုလုပ်ရာ၌ သာလျှင် လူသည် အာရုံ စူးစိုက်ခဲ့သည့်အကြောင်းကို တွေ့ရပေလိမ့်မည်။ အသက်ရှည်စေသည့် ပစ္စည်းကိရိယာများကို မတီထွင်မီ ရေးပဝေသဏီအခါက ကမ္ဘာကြီးသည် အသက်ကို ဖျက်ဆီးတတ်သည့် တီထွင်ချက်များဖြင့် ပြည့်နေခဲ့လေသည်။ အသက်ကို သတ်သည့် သိပ္ပံပညာသည် အခါခပ်သိမ်းပင် ထွန်းကားတိုးတက်ခဲ့လေသည်။ ဆေးပညာသည် ယခုလည်း ယင်းကဲ့သို့ တိုးတက်ထွန်းကားသော သိပ္ပံပညာ ဖြစ်မလာပေ။ အသက်ကို သတ်သည့် တီထွင်ချက်များသည် အစဉ်သဖြင့် လေးစားမှုကို ရရှိလာခဲ့ကြသည်။ အကျိုးရှိသည့် တီထွင်ချက်များမှာမူ အမြဲမပြတ်ပင် ကဲ့ရဲ့ရှုတ်ချခြင်း ခံခဲ့ရ၏။ ရှေ့ခေတ်အခါက လယ်ယာအလုပ်ကို ကျေးကျွန်များသာလျှင် သိရှိနားလည်သည်။ အဆင့်အတန်းနိမ့်သော၊ မသိနားမလည်သော၊ ဝိုင်းပယ်ခံရသော သူတို့သည်သာလျှင် လယ်ကို ထွန်ကြသည်။ အလုပ် လုပ်ခြင်း၏ အဓိပ္ပာယ်မှာ မိမိ၏ အဆင့်အတန်းကို နိမ့်ချခြင်း ဖြစ်လေသည်။ လက်မှုပညာသည်၏ အဆင့်သည့် တောင်သူ လယ်သမားထက် အဆင့်အတန်းမြင့်သည်။ အချုပ်အားဖြင့် ပြောရလျှင် လုပ်အား စိုက်ထုတ် အလုပ်လုပ်ခြင်းသည် အထင်အမြင်သေးစရာ၊ ဂုဏ်ငယ်စရာ ဖြစ်လေ၏။

http://mmteashop.com

သော်ကြော့နေခြင်းသည် အမျိုးကောင်းသား ဂုဏ်ကြီးရှင်တို့၏ အမှတ်အသား ဖြစ်နေလေ၏။ လယ်ယာ စိုက်ပျိုးခြင်းကို စနစ်တကျ မပြုလုပ်လျှင် သီးနှံထွက်လည်း စနစ်တကျ မရှိပေ။ ယင်းသို့ ဖြစ်သောကြောင့် မကြာခဏ သရောကြီး ခိုင်းလေသည်။ လူအပေါင်းတို့ ဒုက္ခကြီးစွာ ရောက်ကြရ၏။ ယခုခေတ်ကဲ့သို့ ဒေသတခုမှ အခြားဒေသတခုသို့ နိုင်ငံတနိုင်ငံမှ အခြားနိုင်ငံသို့ ဆန်စပါးကို မပို့နိုင်ပေ။ လမ်းပန်း အဆက်အသွယ်လည်း မကောင်းပေ။ ထိုမှတပါး တိုင်းပြည်နိုင်ငံတိုင်းလိုလိုပင် အခြားနိုင်ငံများနှင့် စစ်ခင်းနေကြသည်။ လွန်ခဲ့သည့်နှစ် အတန်ငယ်ကာလအထိ ယင်းအခြေအနေ အတိုင်းသာလျှင် ဖြစ်နေခဲ့လေ၏။

ဆဲ့ရှစ်ရာစုနှစ် အစလောက်က အင်္ဂလန်၏ အခြေအနေ မည်ကဲ့သို့ ဖြစ်ခဲ့သည် ဆိုသည်ကို သတိပြုကြည့်စမ်းပါ။ ထိုခေတ်က ဥရောပ တတိုက်လုံး၌ လန်ဒန်၏ လူဦးရေသည် အများဆုံး ဖြစ်လေသည်။ သို့ပင် ဖြစ်သောလည်း မြို့မှာ ညစ်ပတ်လှသည်။ သန့်ရှင်းရေး အစီအစဉ် မည်သို့မျှ မရှိခဲ့။ နှစ်စဉ်နှစ်တိုင်း လူနှစ်ဆဲ့သုံးယောက်တွင် တယောက် သေကြေပျက်စီး၏။ ယခုခေတ်တွင် ထိုထက် လူဦးရေ ထူထပ် ပေါများသော မြို့များ၌ပင် လူလေးဆယ်တွင် တဦးသာ သေကြေပျက်စီး၏။ တိုင်းပြည်တွင် လူတို့၏ အိမ်မှာ တဲစုတ်တဲပုတ်မျှသာ ဖြစ်၏။ အကယ်၍ လူတဦးတယောက်သည် တပတ်တွင် တရက်စားဘို့ အသားရလျှင် လူရည်တတ်ဟု အသိအမှတ် အပြုခံရလေသည်။ ခြောက်နှစ်သား ကလေးသူငယ်များပင် ပင်ပင်ပန်းပန်း အလုပ်လုပ်ကြရလေ၏။ သူခိုး ဓားပြရန်ကလည်း သောင်းကြမ်း လှပေသည်။ လူတို့၏ အကျင့်စာရိတ္တမှာလည်း ပတ်ဝန်းကျင် အခြေအနေအတိုင်း ဖြစ်လေသည်။ အူမတောင့်မှ သီလစောင့်နိုင်သည့် သဘောပင် ဖြစ်သည်။

ထိုခေတ်က ဥရောပ တတိုက်လုံး၏ အခြေအနေမှာ အင်္ဂလန်ထက်ပင် ဆိုးသေး၏။ အင်္ဂလန်၏ အခြေအနေကို၊ ပြုပြင် ပြောင်းလဲပစ်လိုက်သည့် အရာမှာမူ စက်များကို တီထွင် ဖန်တီးခြင်းများ ဖြစ်လေ၏။ အကျင့်စာရိတ္တကို မြှင့်တင်သည့် ရှေးဟောင်းနည်းလမ်းမှာ အောင်မြင်ခြင်း မရှိခဲ့ပေ။ ထိုနည်းလမ်းကို သုံးလျှင် နောင်ကိုလည်း အောင်မြင်လိမ့်မည် မဟုတ်ပေ။ အကယ်၍ တစုံတယောက်၏

http://mmteashop.com

အကျင့်စာရိတ္တကို မြှင့်တင်ဘို့ရန် ကြံရွယ်လျှင် ထိုပုဂ္ဂိုလ်၏ ပတ်ဝန်းကျင် အခြေအနေကိုလည်း ကောင်းအောင် လုပ်ပေးရလိမ့်မည်။ သီလစောင့် စေလိုလျှင် အူမတောင့်အောင် လုပ်ပေးရလိမ့်မည်။ ဆဲ့ရှစ်ရာစုနှစ် အဆုံး၌ အင်္ဂလန်ရှိ စက်ကြိယာ တီထွင်သူများသည် အမျိုးမျိုး အစားစားသော စက်ကြိယာများကို တီထွင် ဖန်တီးကြပြီးလျှင် အင်္ဂလန်အား တကမ္ဘာလုံးရှိ ဈေးကွက်များ၌ ဩဇာ လွှမ်းမိုးနိုင်အောင် ပြုလုပ်ကြလေ၏။ များမကြာမီပင် ၎င်းတို့၏ စက်ကြိယာများသည် ကုဋေသုံးဆယ်မျှသော လူတို့၏ အားအစွမ်းကို ယှဉ်ပြိုင် လာနိုင်လေသည်။ နှစ်အနည်းငယ် အတောအတွင်းမှာပင် အင်္ဂလန်၏ လူဦးရေသည် နှစ်ဆတိုး လာလေသည်။ ကြွေးငွေခနသည် လေးဆတိုးလာလေသည်။ အင်္ဂလန်သည် ကမ္ဘာ့နိုင်ငံများ၌ ပထမစွဲလာလေ၏။ ယင်းသို့ ဖြစ်ခြင်းမှာ တီထွင်သူများ၊ ကုန်သည်များ၊ စက်ကြိယာပြုလုပ်သူများကြောင့် ဖြစ်လေ၏။ အင်္ဂလန်သည် တကမ္ဘာလုံး အတွက် အထည်ရက်လုပ်လေ၏။ လူတို့သည် ချည်ထည်များကို ဝတ်ကြရလေသည်။ လူတို့၏ ကိုယ်ပေါ်၌ ဖြူသော အင်္ကျီကို မြင်လာရလေသည်။

ထိုနောက် များမကြာမီ အတောအတွင်း၌ စတီဗင်ဆင်သည် မီးရထားကို တီထွင် ပြုလုပ်လေသည်။ မီးရထား သံလမ်းများပေါ်လာကြလေသည်။ ဖိုလ်တန်သည် ကမ္ဘာလောကအား မီးသင်္ဘော ပေးလေသည်။ ပင်လယ် ကုန်ကူးသန်း ရောင်းဝယ်ရေးသည် လေအတွက် မပူရတော့ပေ။ လူ၏ အလုပ်းသည် အလွန့်အလွန် ကျယ်သွားလေတော့သည်။ လူသည် နိုင်ငံတကာသို့ ဘယ်မှာမျှ သရောကြီးခိုင်းသည် ဟူ၍ မရှိတော့ပေ။ အကယ်၍ ဒေသတခု နိုင်ငံ တနိုင်ငံ၌ သီးနှံမထွက်လျှင် လှေသင်္ဘောများဖြင့်၎င်း၊ ယာဉ် ရထားများဖြင့်၎င်း၊ အခြားဒေသ အခြားနိုင်ငံများမှ ကောက်ပဲသီးနှံများကို တင်ပို့ နိုင်သည်။

ယခုအခါ၌ များစွာသော လူတို့မှာ ရှေးခေတ်က ဘုရင်များထက်ပင် အထက်တန်းကျကျ နေထိုင်ကြသည်။ ဆော်လမွန်ဘုရင်၏ အထံ၌ မိဖုရား ထောင်ပေါင်းများစွာ ရှိသည်။ သို့ရာတွင် ကတီပါ ကော်ဇော မရှိပေ။ ကြီးကျယ် ခမ်းနားသော နန်းဆောင်များ ရှိပါ၏။ သို့ရာတွင် ထိုနန်းဆောင်များ၌ ဓာတ်မီးရောင်



http://mmteashop.com

မရှိပေ။ မိန်းမများ ထောင်ပေါင်းများစွာ ရှိပါ၏။ သို့ရာတွင် အိမ်တွင် အတ်တချောင်း မရှိပေ။ ဓာတ်မီးဖို မရှိပေ။ အာလူး မရှိပေ။ ဖြူစင်သော အဝတ် မရှိပေ။ ချိုသာသည့် တေးဂီတ မရှိပေ။ ရေခဲရေ မရှိပေ။ ရေခဲပေါ်၌ သွားသည့် ယာဉ်မရှိပေ။ သူ၏ နိုင်ငံ၌ ယာဉ်များ သွားနိုင်သည့်လမ်း ကောင်းကောင်းမွန်မွန် မရှိပေ။ ဘာသာတရား၊ စကားပြောချက်များ အပိုင်းအခြားမရှိ ရှိပါ၏။ သို့ရာတွင် စာအုပ် မရှိပေ။ ဓာတ်ပုံ မရှိပေ။ ပါလက်စတိုင်း တပြည်လုံး၌ ပန်းချီကား တခုမျှ မရှိပေ။ လက်ဘက်ရည် မရှိပေ။ ကော်ဖီ မရှိပေ။ ထို ဘုရင်သည် မည်သည့် စိတ်နှလုံး ဖျော်ဖြေစရာ နေရာကိုမျှ မတွေ့ရပေ။ မည်သည့် ပွဲလမ်းကိုမျှလည်း မသွားရပေ။ မည်သည့် ဆပ်ကပ်ကိုမျှလည်း မသွားရပေ။ ထိုဘုရင်သည် သူ၏ ဘဝ၌ စာသင်ကျောင်းသို့ တနေ့ တရက်တာမျှပင် မရောက်ဘူးပေ။

တီထွင်သူများ၊ အလုပ်သမားများ၊ အတွေးအခေါ်သမားများ၊ အဘိဓမ္မာ ဆရာများသည် ယခုခေတ် ယဉ်ကျေးမှု ဗိမာန်ကြီး၏ ကျောက်တိုင်ကြီးများ ဖြစ်ကြလေ၏။

ခြောက်ရာစုနှစ်၌ ကော့စမတ်အမည်ရှိ ခရစ်ယာန် ဘုန်းကြီးတပါးသည် ပထဝီဝင်နှင့် နက္ခတ် ဗေဒင်ပညာကို ရောမွှေပြီးလျှင် စာအုပ်တအုပ် ရေးသားလေသည်။ သူ၏ ရေးသားချက်သည် သမ္မာကျမ်းစာ၏ အလိုအတိုင်း ဖြစ်သည်ဟု ထို ခရစ်ယာန် ဘုန်းကြီးက ရေးသားထားသည်။ သူ၏ အဆိုအရ ဤကမ္ဘာလောကသည် ဝိုင်းပြီး ပြန့်နေသော မြေပြင် ဖြစ်သည်။ ယင်း မြေပြန့် အစိတ်အပိုင်းများ၏ လေးဘက်လေးရပ်၌ ရေချည်းသာလျှင် ရှိလေသည်။ ယင်းရေသည် ပင်လယ် သမုဒ္ဒရာ ဖြစ်လေသည်။ ထို ရေပြင်၏ နောက်ဘက်၌ တဖန် ကုန်းမြေ ရှိ၍ နေသည်။ ထို ခရစ်ယာန် ဘုန်းကြီး၏ အယူအဆမှာ - ရေကြီးမလာခင် ရှေးယခင်က ကမ္ဘာကြီးတခုလုံးသည် ယင်း အပြင်ဘက်က ပထဝီမြေကြီးပေါ်၌ ရှိခဲ့သည်။ နော်သေည် ယင်းရေပြင်ကို ဖြတ်ပြီးလျှင် ယခုအခါတွင် ကျွန်ုပ်တို့ နေထိုင်သည့် အလယ်ဗဟို ကုန်းမြေသို့ ရောက်လာခဲ့လေသည်။

http://mmteashop.com

အပြင်ဘက် ပထဝီ မြေကြီးပေါ်၌ မြင့်မားသော တောင်တလုံး ရှိလေသည်။ ထိုတောင်၏ လေးဘက် လေးရပ်၌ နေနှင့်လ လှည့်ပတ်၍ နေလေ၏။ ထို တောင်၏ အနောက်ဖက် နေရောက်သွားသော အခါ ညဥ့် ဖြစ်လာသည်။ ကျွန်ုပ်တို့၏ ရှေ့ဘက် နေရောက်လာသောအခါ နေ့ဖြစ်လာလေသည်။ အပြင်ဘက် ကောင်းကင်ပြင်သည် မှောက်ထားသော အိုးတခုကဲ့သို့ မှောက်နေပြီးလျှင် အပြင်ဘက်က ပထဝီ မြေကြီး၏ အပြင်ဘက် အနားစပ်များဖြင့် ထိစပ်၍ နေလေသည်။ ထို စာအုပ် ရေးသားချက် များထက် နည်းနည်း ဖြစ်စေ များများ ဖြစ်စေ ပို၍ ယုံကြည်ယူဆသူ ရှိလျှင် ထိုပုဂ္ဂိုလ်အား ကမ္ဘာမြေပြင်ပေါ်မှ ဖယ်ရှားပစ်ရမည် ဟူ၍ငင်း၊ ကြေညာ ထားလေသည်။ အမေရိကန်ကို ကိုလန်ဘတ် ရှာမတွေ့မီ အချိန်အတွင်းမှ ထိုစာအုပ်ကို အထောက်အထား ခိုင်မာသည့် စာအုပ်တအုပ်အဖြစ် ယူဆလာခဲ့ကြ၏။

အများဟူသမျှ အဆိပ်ပြင်းသည့် မြွေသတ္တဝါ တမျိုးပင် ဖြစ်လေသည်။ ထိုအများတည်းဟူသော မြွေကို မိမိ၏ စိတ်နှလုံးထဲတွင် နေရာပေးသူမှန်သမျှအား ထိုအများတည်းဟူသော မြွေကို မိမိ၏ စိတ်နှလုံးထဲတွင် နေရာပေးသူ မှန်သမျှအား ထိုအများ တည်းဟူသော မြွေသည် တနေ့နေ့ကျလျှင် ပေါက်သတ်လိမ့်မည်သာ ဖြစ်ပေ၏။

နှစ်တရာ အတောအတွင်း၌ ထူးခြားသော ပြောင်းလဲမှုများ မည်ကဲ့သို့ ဖြစ်ပေါ်လာ သနည်းဟု သင်မေးပေလိမ့်မည်။ ထိုခေတ်က နေထွက်လာလျှင် တစ္ဆေသရဲများ အားလုံး ရှောင်ရှား ပြေးသွားကြသည်ဟု ပြောဆိုကြသည်ကို သင်သတိရပေလိမ့်မည်။ ၁၄၄၄ ခုနှစ်၌ စာပုံနှိပ်စက် ပေါ်လာလေ၏။ နောက် ရာစုနှစ်၌မူ စာပုံနှိပ်စက်သည် စွမ်းအားတခု ဖြစ်လာလေသည်။ ထိုအချိန်မှ အစပြု၍ ယနေ့အထိ ဤကမ္ဘာလောက၌ လင်းရောင်ခြည်များ ပျံ့နှံ့၍ နေလေ၏။

လူတို့သည် စာကို ဖတ်ကြသောအခါ ဆင်ခြင်စဉ်းစားမှု ပြုလာကြသည်။ ဆင်ခြင် စဉ်းစားမှု ပြုသောအခါ တိုးတက်မှု ရှိလာကြသည်။ တိုးတက်မှု၏ ရန်သူများသည် လူတို့အား စာအုပ်များ ရိုက်နှိပ်ထုတ်ဝေခြင်း မပြုလုပ်မီသာ တားမြစ် ပိတ်ပင်နိုင်သည်။ ဖတ်ခြင်းကိုမူ ဘာသာတရားနှင့် အစိုးရ၏ ရှိသမျှ အင်အားသည်

http://mmteashop.com

အဝိဇ္ဇာ၏ ဘက်တော်သားများသာ ဖြစ်ကြသည်။ စာအုပ် လက်ဝယ်ရှိသူများအား များသော အားဖြင့် အဆုံးစီရင်ပစ်ကြလေသည်။ စာရိုက်နှိပ်ခြင်း။ စာအုပ်ဖတ်ခြင်း၊ စာအုပ်ရေးခြင်းများမှာ အားလုံးပင် အပြစ်ဖြစ်နေသည်။ ၎င်းမှာ အမှောင်က အလင်းကို တိုက်သော တိုက်ပွဲဖြစ်သည်။ လွဲမှားသော ယုံကြည်ချက်က အဆင်ခြင် အစဉ်းစားကို တိုက်သော တိုက်ပွဲ ဖြစ်လေသည်။ သို့ရာတွင် ပုရောဟိတ်များ၊ ခရစ်ယာန် ဘုန်းကြီးများ ရှိနေသည့် ကြားထဲကပင်၊ ဘုရင်များ ရှိနေသည့် ကြားထဲကပင်၊ ယဇ်ပလ္လင်များ ရှိနေသည့် ကြားထဲကပင်၊ ရာဇပလ္လင်များ ရှိနေသည့်ကြားထဲကပင် စာအုပ်များကို ရိုက်နှိပ်ထုတ်ဝေကြသည်။ စာအုပ်များကို ဖတ်ကြသည်။ အလင်းရောင် တကွက်တကွက်သော ရောင်ခြည်သည် အမိုက်မှောင်ကို ထိုးဖောက်ဖြိုခွဲလေသည်။ လွတ်လပ်ရေး ထွက်ပြူလာလေသည်။ အရှုံးနှင့် အပြီးသတ်ရန်ကို ကြောက်ရွံ့ ထိတ်လန့်လျက် သွေးရူးသွေးတန်း ဖြစ်နေသော အလင်းရောင်၏ ရန်သူများသည် ဂမူးရှူးထိုးနှင့် နှစ်ဆတိုး၍ နှိပ်စက်ညှဉ်းပန်းကြသည်။ သတ်ဖြတ်ကြသည်။

ကမ္ဘာကြီး လုံးသည်ဟု ပြောသည့်အတွက် လူတို့ကို သတ်ပစ်ကြလေသည်။ နေသည် နက္ခတ်များထဲက အလယ်ဗဟိုရှိ နက္ခတ်တလုံး ဖြစ်သည်ဟု ပြောသည့်အတွက် လူတို့ကို မီးလောင်တိုက် သွင်းပစ်ကြလေသည်။ မိန်းမတဦးအား ဖျားနေသူတဦး၏ အဖျားရောဂါကို ပျောက်ကင်းအောင် လုပ်ဘို့ စိတ်ကူးရမလား ဆိုပြီး အဆုံးစီရင် ပစ်လေသည်။ အဆင်ခြင် အစဉ်းစားနှင့် ပြည့်စုံသော စကားသည် အပြစ်ဒဏ်ထားခြင်း ခံရလေသည်။ ဆဲ့ခြောက်ရာစုနှစ် အစလောက်တွင် လူသာနှင့် ဂျေရုမ်တို့သည့် ဂျာမနီ၌ ပြုပြင်ရေးလှိုင်းတံပိုးကြီးကို ထကြွစေခဲ့သည်။ ဂျီစကာသည် ဟန်ဂေရီ၌၎င်း၊ ဂျိုဝစ်လျှူသည် ဆွစ်ဇာလန်၌၎င်း၊ အလားတူ ပြုလုပ်ခဲ့ကြလေသည်။ ဒိန်းမောက်၊ ဆွီဒင်၊ အင်္ဂလန်တို့၌ ယင်း ပြုပြင်ရေး လုပ်ငန်းများသည် တိုးတက် ကြီးထွားလာခဲ့သည်။ ထို ပုဂ္ဂိုလ်များသည် မသင့်မလျော်သော အမူအကျင့်များကို ဖေါ်ထုတ်ခဲ့ကြလေသည်။ ယုံကြည်ကိုးကွယ်မှု ဘာသာတရား၏ ညှင်းပန်း နှိပ်စက်မှုများကို တော်လှန်တိုက်ခိုက်ခဲ့ကြလေသည်။

http://mmteashop.com

ယင်းပြုပြင်ရေး ပုဂ္ဂိုလ်တစုတို့သည် လုလ္လဉသာဟဖြင့်၊ သူရသတ္တိဖြင့်၊ အစွမ်းသတ္တိဖြင့်၊ ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့်၊ ဖွဲနဘဲ ကြီးစွာဖြင့် တော်လှန် တိုက်ခိုက်ခဲ့ကြသည်။ ခံတပ် တခုပြီးတခု ကျဆုံးသွားခဲ့လေသည်။ အရေအတွက် နည်းသော်လည်း ကြောက်မက် ထိတ်လန့်ဖွယ်ကောင်းသည့် နှစ်ပရိစ္ဆေဒအတွင်း၌ ပြုပြင်ရေး အောင်လံသည် စိန့်ပီတာ၏ သွေးစွန်းနေသော အောင်လံ၏ နေရာ၌ တဖြတ်ဖြတ် လွင့်နေလေသည်။ နှစ် ထောင်ပေါင်းများစွာက အိပ်ပျော်နေခဲ့သော အသိတရားသည် နိုးကြားလာခဲ့လေသည်။ ကျေးကျွန်တို့သည် ဆင်ခြင် စဉ်းစား လာကြ၏။ ထိုအခါ၌ ကျေးကျွန်ဘဝသည် နိဂုံးသို့ ရောက်ရှိခဲ့လေ၏။ သေနတ် ကျည်ဆံ တီထွင်ပြုလုပ်မှုကြောင့် လူပေါင်းသိန်းသန်း များစွာတို့သည် စစ်တပ်များမှ ကျွတ်လွတ် ကုန်ကြပြီးလျှင် ငြိမ်းချမ်းရေး၏ အနုပညာများ တိုးတက်ဖွံ့ထွားရေး၌ အားသွန်ခွန်စိုက် လုပ်နိုင်လာခဲ့ကြလေ၏။ စက်မှု လက်မှု လုပ်ငန်းများကြောင့် ဝင်ငွေ ပိုမို ရရှိလာကြလေ၏။

သိပ္ပံပညာသည် လူတို့ကို နတ်ပြည် နတ်လောကသို့ သယ်ဆောင် သွားနိုင်သည့် မိမိ၏ အတောင်ပံကို ဖြန့်စပြုလာခဲ့လေသည်။ ဒိုက်စကတ်သည် ကမ္ဘာလောကကြီးသည် နိယာမ သဘာဝတရားဖြင့် ကွပ်ကဲ ချုပ်ကိုင်ထားအပ်သည် ဟူသော အဖိုးမဖြတ်နိုင်သည့် အယူဝါဒကို ကြေညာခဲ့လေ၏။

ကုန်ကူးသန်း ရောင်းဝယ်ရေးသည်လည်း မိမိ၏ အတောင်ပံကို ဖြန့်စ ပြုလာလေ၏။ တိုင်းပြည်နိုင်ငံ အသီးသီးမှ လူတို့သည် တဦးနှင့်တဦး နီးစပ်မှု ရှိလာခဲ့ကြလေသည်။ အဝေးကြည့် မှန်ပြောင်းဝသည် ကြယ်တာရာများဆီသို့ လှည့်လာလေ၏။ အမိုက်မှောင်ကို ဖယ်ရှား ဖျောက်ဖျက်ရန်အတွက် ကြိယာ တန်ဆာပလာ အမျိုးမျိုးပေါ် လာလေသည်။ လူသည် ရုပ်ဝတ္ထုဆိုင်ရာ ပြဿနာများကို ရုပ်ဝတ္ထုအရ ဖြေရှင်းစ ပြုလာလေသည်။ အခြားသော တီထွင်ချက်များလည်း တခုပြီးတခု ပေါ်လာလေ၏။ ဗာတ်နှင့် ဖုလတန်သည် ကမ္ဘာလောကအား ရေနွေးငွေ့ အစွမ်းသတ္တိ၏ ထူးခြားသော တီထွင်ချက်များကို ပေးလေသည်။ စတီဗင်ဆင်သည် မီးရထား အင်ဂျင်စက်ကို တီထွင် ပြုလုပ်လေသည်။ ဖရင်ကလင်နှင့် မိုရ်ဆေတို့သည်

http://mmteashop.com

ကြေးနန်းကို တီထွင် ပြုလုပ်ကြလေသည်။ သဘော်၏ လျင်မြန်သော အရှိန်အဟုန် သည်၎င်း၊ မီးရထားစက်ခေါင်း၏ စူးရှသော အော်မြည်သံသည်၎င်း၊ လျှပ်စစ်မီး၏ အလင်းရောင်သည်၎င်း၊ တစ္ဆေသားရဲများကို မောင်းထုတ်ပစ်လိုက် လေသည်။ မှန်ကန်သော ဘာသာတရား ဟူသည်မှာ မိမိ၏ စိတ်အလျဉ်ကို အသိဉာဏ်၏ ထိန်းချုပ်ကွပ်ကဲမှု အောက်၌ ထားခြင်း ဖြစ်လေသည်။ သို့ရာတွင် ဘာသာတရားသည် ချမ်းသာသုခ ရရှိရေးအတွက် အကြောင်းတရား မဟုတ်ဘဲ သူကိုယ်တိုင်က အကျိုးတရား ဖြစ်နေသည့်အတွက် လူသား၏ သူသတ်သမား ဖြစ်သွားခဲ့လေ၏။ ဦးခေါင်းတထောင် ရှိသည့် ကြောက်မက်ဖွယ် မြွေသတ္တဝါ ဖြစ်သွားခဲ့လေ၏။ နတ်ပြည်က အောက်သို့ ဆင်းလာလျက် ထောင်ပေါင်းများစွာသော အစွယ်ဖြင့် လူတို့၏ သွေးစွန်းနေသော၊ တုန်လှုပ်နေသော နှလုံးသားတို့ကို ပေါက်သည့် မြွေသတ္တဝါ ဖြစ်သွားလေ၏။

ယခုအထိ ကျွန်ုပ် ပြောပြခဲ့သမျှ၏ ရည်ရွယ်ချက်မှာ လူ၏ ဥဏ်ကျောက်ကို ကျွန်ပြုလုပ် ထားခြင်းကြောင့် မည်ကဲ့သို့သော ဆိုးကျိုးများ ဖြစ်ပေါ်လာသည် ဆိုသည်ကို သိရှိ နားလည်နိုင်ရန်အတွက် ဖြစ်လေသည်။ ယခုတဖန် ယင်း အကြောင်း အရာနှင့် ပတ်သက်သည့် အခြား ထိတ်လန့်ဖွယ် အချက်တခုကို ပြောပြလိုပါသည်။ ထိုအချက်ကား ကိုယ်ကာယ ကျေးကျွန်ဘဝ ဖြစ်သည်။ ကျေးကျွန်းစနစ်သည် ရှေးအလွန်ကျသည့် စနစ်တခု ဖြစ်သည်။ ဓားပြတိုက်ခြင်း၊ ခိုးခြင်း၊ သတ်ဖြတ်ခြင်း များလောက်ပင် ရှေးကျသည်။ ယင်းအရာ အားလုံးသည် ကျေးကျွန်စနစ်၏ အခြေခံများ ဖြစ်ကြသည်။

လူသည် မိမိစိတ်နှလုံး၏ အရှင်သခင် မဟုတ်ဟူသော အယူအဆ၏ မြစ်ဖျားခံရာမှသာလျှင် လူသည် မိမိကိုယ်ကာယ၏ အရှင်သခင် မဟုတ်ဟူသော အယူအဆသည် မြစ်ဖျားခံခဲ့လေသည်။ အယူအဆ နှစ်ခုမှာ ဒွန်တွဲ၍ သွားသည်သာ များလေ၏။ အယူအဆ နှစ်ခု၏ အခြေခံမှာ ယင်း စဉ်းစားချက်တို့သာလျှင် ဖြစ်လေ၏။ ယုတ်မာသော ညှဉ်းပန်း နှိပ်စက်မှုများသည် ယင်း အယူအဆနှစ်ခုနှင့်အတူ ညီတူညာတူ မဟာမိတ် ဖြစ်နေကြလေ၏။ ရှေးအလွန်ကျသည့် ခေတ်အခါကစ၍

http://mmteashop.com

ယခုခေတ်အထိ တိုင်းပြည် နိုင်ငံအသီးသီး၌၎င်း၊ လူမျိုးအသီးသီး၌၎င်း၊ ကျေးကျွန် စနစ်သည် ရှိနေလေသည်။ ပူဖင်ဒေါက် အမည်ရှိ ပညာရှင် တဦး၏ အဆိုအရ - အစပဌမက ကျေးကျွန်စနစ်သည် အသင်းနစ်သင်း ပုဂ္ဂိုလ် နှစ်ဦး ပါတီနှစ်ခု၏ အကြား၌ ဖြစ်သော သဘောတူညီမှု၏ အကျိုးတရား ဖြစ်လေသည်။ ဖော်လတဲယားက ဤသို့ အဖြေ ပြန်ပေးသည်။ ကျွန်လုပ်ရသူတို့ လက်မှတ် ထိုးထားသော မူလသဘောတူ စာလွှာကို ပြလျှင် ကျွန်ပိုင် သင်တို့၏ စကားကို လက်ခံမည်။ ယခု ကျွန်ပိုင် ဆွေးနွေးတင်ပြသည့် ကျေးကျွန် အကြောင်းမှာ ကျွန်ဖြူတို့၏ အကြောင်း ဖြစ်သည် ဆိုသည့် အချက်ကို သတိပြုစေလိုသည်။

ဂရိစ် တိုင်းပြည်မှ လူတို့သည် စစ်ပွဲတွင် ဖမ်းမိသည့် လူများအားလည်း ကျွန်လုပ်ကြသည်။ အချင်းချင်းလည်း တဦးနှင့် တဦး ကျွန်လုပ်ကြသည်။

ဂျူလိယက်ဆီဇာသည် စစ်သုံ့ပန်းများကို လေလံတင် ရောင်းချလေသည်။ ယင်း ကျေးကျွန်အားလုံးသည် လူဖြူများ ဖြစ်ကြလေ၏။ ဟိုက်နီဗာလ်သည် တချိန်တုန်းက သုံ့ပန်း သုံးထောင်ကို ဝယ်ယူခဲ့လေသည်။ ယင်း သုံ့ပန်း အားလုံးသည် ရောမမြို့သားများ ဖြစ်ကြသည်။ ရောမမြို့၌ မိမိ၏ အကြွေးကျေစေရန် အလို့ငှာ လူတို့သည် ကျွန်လုပ်ကြသည်။ ကျွန်လုပ်၍ အကြွေးကို ဆပ်ကြသည်။ ဂျာမနီပြည်၌ များသောအားဖြင့် လူတို့သည် အလောင်းအစား ကစားကြသောအခါ၌ မိမိတို့၏ လွတ်လပ်ရေးကိုပင် လောင်းစားကြေးအဖြစ် ချထိုးကြလေသည်။ ၁၅၇၄ ခုနှစ်အထိ အင်္ဂလန်၌လည်း ကျွန်ဖြူများ ရှိနေခဲ့လေသည်။ ဆဲ့ရှစ် ရာစုနှစ် အဆုံးအထိ စကော့တလန်၌ ကျွန်ဖြူများ ရှိလေသည်။

ယင်း စကော့တလန်မှ ကျွန်များသည် မီးသွေးနှင့် ဆားတွင်းများ၌ အလုပ် လုပ်ကြသူများ ဖြစ်ကြလေသည်။ မီးသွေးတွင်း သို့မဟုတ် ဆားတွင်း တခုခုသည် ပိုင်ရှင်တဦး၏ လက်ထဲမှ အခြား ပိုင်ရှင်တဦး၏ လက်ထဲ ရောက်သွားသောအခါ၌ ယင်း ကျွန်တို့သည်လည်း အရောင်းအဝယ် စာချုပ်အရ တရားဝင် ရောင်းဝယ်ပြီးသား ဖြစ်သွားလေသည်။

http://mmteashop.com

ဥပဒေ စည်းကမ်း ရှိသည်မှာ မီးသွေးတွင်း သို့မဟုတ် ဆားတွင်း တခုခု၌ အလုပ်လုပ်သူ တဦးဦးသည် မိမိ အလုပ် လုပ်သည့် မီးသွေးတွင်း သို့မဟုတ် ဆားတွင်း တခုခုကို စွန့်လျက် တခြား မီးသွေးတွင်း သို့မဟုတ် ဆားတွင်း တခုခု၌ အလုပ်ကို စွန့်လျက် တခြား အလုပ်ကို မလုပ်ရပေ။ စကော့တလန်၌ ယင်း ကျေးကျွန်စနစ်သည် ဆဲ့ကိုးရာစုတွင် အစပိုင်းလောက်အထိ ရှိခဲ့လေသည်။

ရောမရှိ အချို့သော နယ်စား ပယ်စားတို့သည် ကျွန်ပေါင်းနစ်သောင်းနစ်သောင်းတို့၏ ပိုင်ရှင်များ ဖြစ်ကြသည်။

ပြင်သစ်ပြည်ရှိ ရိုးရိုးလူတို့သည် နစ်ပေါင်း ထောင့်လေးရာအထိ ကျွန်ဖြစ်ခဲ့ကြလေသည်။ သူတို့သည် လယ်မြေနင့် အတူတကွ အရောင်းအဝယ်လုပ်ခြင်း ခံကြရလေသည်။ များသောအားဖြင့် မိန်းမများသည် ကျွဲနွား တိရစ္ဆာန်များနှင့် အတူ ထွန်တုံးကို ရုန်းကြရလေသည်။ ယင်းသို့ ဖြစ်သော်လည်း အချို့သော ပုဂ္ဂိုလ်များက လူမဲများသည် မိမိတို့ တိုင်းနိုင်ငံ၌ အစဉ်သဖြင့် ကျွန်ဖြစ်နေကြသောကြောင့် ၎င်းတို့အား ကျွန်လုပ်ခြင်းသည် ရိုင်းရာမကျ အရှက်မဲ့စွာ ပြောကြသေးသည်။ မနေ့တနေ့က အထိ လူဖြူများလည်း ကျွန်ဖြစ်ခဲ့ကြသည်ဟု ကျွန်ုပ်က အဖြေပေးချင်သည်။

ခရီးသည် တဦးဦးသည် ရှေးဟောင်း မြို့တော်များနှင့် အင်ပါယာနိုင်ငံကြီးများ၏ အပျက်အစီး အယိုအယွင်းများကို တွေ့မြင်ရသည့်အခါ၌၊ လေးဘက်လေးတန်၌ ပြိုလဲကျနေသည့် တိုင်ကြီးနှင့် မြေကြီးပေါ်၌ တုံးလုံးပက်လက်ဖြစ်နေသည့် နံရံများကို တွေ့မြင်ရသည့်အခါ၌၊ ယင်း မြို့ပြပြည်ရွာများသည် အဘယ့်ကြောင့် ပျက်စီးယိုယွင်း သွားကြရသနည်း၊ ယင်း အင်ပါယာနိုင်ငံကြီးများသည် အဘယ့်ကြောင့် တိမ်ကော သွားကြရသနည်း ဟူသော မေးခွန်းကို မေးမိပေလိမ့်မည်။ အပျက်အစီး အယိုအယွင်းများ သာလျှင် ကျန်တော့သည့် ထိုဘုရားကျောင်းများ၊ ထိုနန်းတော်များ၊ ထိုမြို့တော်များသည် မတရားမှုဖြင့်၎င်း၊ နှိပ်စက် ညှဉ်းပန်းမှုဖြင့်၎င်း၊ တည်ဆောက် ဖန်တီးထားကြသည့် အဆောက်အဦးများ ဖြစ်ကြသည်။ ထိုအဆောက်အဦးများကို တည်ဆောက်ကြသည့် လက်များသည်

http://mmteashop.com

ထိုက်သင့် ထိုက်တန်သည့် လုပ်ခကို မရရှိခဲ့ကြပေ။ ထိုကျောက်တုံး ကျောက်ချပ်များကို သည်ပိုးသည့် ကျောပြင်များ အပေါ်၌ ရှိသော ကြာပွတ်ရာများ၊ အရှိုးများသည် သေရာသို့ပင် ပါခဲ့ကြလေသည်။ သူခိုးများ၊ ဓားပြများ ကျေနပ် တင်းတိမ်မှု ရရှိစေရန် အတွက် ထိုပုဂ္ဂိုလ်များက ကျွန်ခံခဲ့ကြရလေသည်။ ယင်းအကြောင်း များကြောင့် ထိုဘုရားကျောင်းများ၊ ထိုနန်းတော်များ၊ ထိုမြို့တော် များသည် ယနေ့ မြေကြီးနှင့် ရောနှော သွားကြရခြင်း ဖြစ်လေသည်။

၎င်းတို့၏ ယဉ်ကျေးမှုသည် အလိမ်အညာ ယဉ်ကျေးမှုသာလျှင် ဖြစ်သည်။ ၎င်းတို့၏ ဥပဒေများသည် ဓားပြတိုက်ခြင်း၊ သူခိုး ခိုးခြင်းကို စနစ်တကျ ဖြစ်စေရုံအတွက်မျှလောက်သာ ဖြစ်သည်။ ၎င်းတို့သည် လူတို့၏ ကိုယ်နှင့်စိတ်ကို အရောင်းအဝယ် ပြုလုပ်ကြသည်။ အောက်ခြေ၌ ကိုယ်နှင့်စိတ် ကျွန်ခံနေရသည့် လူမျိုးသည် မည်သည့်အခါမျှ အသက်ရှည် မနေနိုင်ပေ။

ယင်းသို့ ဖြစ်လင့်ကစား ယနေ့လည်း ရှေးဟောင်း နည်းစနစ်အတိုင်း ဘုရားကျောင်းများနှင့် မြို့တော်များကို တည်ဆောက်လိုကြသော၊ ရှေးဟောင်း နည်းစနစ်အတိုင်း အုပ်ချုပ်ရေးကို ဖန်တီးလိုကြသော လူများ ထောင်ပေါင်း များစွာ သိန်းပေါင်းများစွာ ရှိကြလေသည်။

ဉာဏ်ကောက် လွတ်လပ်မှု၏ အကြောင်းများသည် ပင်လျှင် ကိုယ်ကာယ လွတ်လပ်မှု၏ အကြောင်းများ ဖြစ်လေသည်။ လူ၏ ဉာဏ်ကောက်ကို လွတ်လပ်အောင် ပြုလုပ်လော့။ လူအား စာအုပ်ဖတ်ခွင့်၊ ရေးခွင့်၊ ရိုက်နှိပ်ခွင့် ပေးလိုက်ပါမူကား လူ၏ အနှောင်အဖွဲ့တို့သည် တခုပြီး တခု ဖြတ်တောက်သွားပြီးလျှင် ကွယ်ပျောက် သွားကြပေလိမ့်မည်။ ယင်း အမှန်တရားကို အခါခပ်သိမ်း သိရှိ နားလည်ကြသည်။ သို့အတွက် ကျေးကျွန်တို့သည် မည်သည့်အခါမျှ စာဖတ်ခွင့် မရရှိကြပေ။ ကျေးကျွန် တဦးတယောက်အတွက် စာဖတ်ခြင်းသည် အခါခပ်သိမ်း ပြစ်မှုတခု ဖြစ်လာခဲ့ လေသည်။ တတ်သိလိမ္မာသူများသည် ကျေးကျွန် အဖြစ်ထက် သေရခြင်းကို မြတ်သည်ဟု ယူဆကြသည်။ ပညာ သင်ကြားမှုသည် ကမ္ဘာလောက၌ ကျေးကျွန် စနစ်အား အကြီးကျယ်ဆုံးသော ဆန့်ကျင်တိုက်ခိုက်သူ ဖြစ်လေသည်။ တစုံတဦးအား

http://mmteashop.com

သင်ပုန်းကြီး သင်ကြားပေးခြင်း၏ အဓိပ္ပာယ်မှာ တော်လှန်ရေးတခုကို မွေးဖွားခြင်းပင် ဖြစ်လေသည်။ စာသင်ကျောင်း တကျောင်းကို ဖွင့်လှစ်ခြင်း၏ အဓိပ္ပာယ်မှာ ခံတပ်တခုကို တည်ဆောက်ခြင်းပင် ဖြစ်လေသည်။ စာကြည့်တိုက် ဟူသမျှသည် လက်နက်တိုက် တခုစီပင် ဖြစ်လေသည်။

ကျွန်ဖြုစနစ်ကို အမြစ်ဖြုတ်ပစ်ရန်အတွက် တိုက်ပွဲမဝင်ခဲ့ရဟု မမှတ်ပါလင့်။ ကျွန်ဖြုစနစ်ကို ဆန့်ကျင် တိုက်ခိုက်သူများသည် အညှင်းပန်း အနှိပ်စက် ခံကြရသည်။ အိမ်မှ နှင်အထုတ် ခံကြရသည်။ ကြိုးစင် အတင်ခံကြရသည်။ မီးလောင်တိုက် အသွင်းခံကြရသည်။ လှယက်ခြင်း ဓားပြတိုက်ခြင်းဖြင့် တည်ဆောက်ထားသော၊ နှိပ်စက် ညှဉ်းပန်းခြင်း သတ်ဖြတ်ခြင်းဖြင့် ဖန်တီးထားသော ကျွန်ဖြုစနစ်ကို အဆုံးအထိ ကြိုးစား၍ ကာကွယ်ကြလေသည်။

ဥရောပမှ ကျွန်ဖြုစနစ် ကွယ်ပျောက်သွားခြင်း၏ အနီးကပ်ဆုံးအကြောင်းမှာ မည်သည့်အရာ ဖြစ်သည်ဆိုသည်ကို ကျွန်ုပ် ယခုပြောပြလိုပါသည်။ အလယ်ပိုင်း ခေတ်က လူများသည် သုံးမျိုး သုံးစားသော လူတန်းစားကြီးများဖြင့် သတ်မှတ်ပိုင်းခြား ထားအပ်သည်။ ယင်း လူတန်းစား သုံးမျိုးမှာ သာမန်ရိုးရိုးလူ၊ ခရစ်ယာန် ဘုန်းကြီးများ ပုရောဟိတ်များ၊ ကြေးရည်တတ်များ ဖြစ်ကြသည်။ ယင်း အားလုံးသော လူများကို လူတန်းစား နှစ်မျိုးအားဖြင့်လည်း ပိုင်းခြား သတ်မှတ်နိုင်သည်။ ယင်းနှစ်မျိုးမှာ ခေါင်းပုံဖြတ်သူ သို့မဟုတ် လုသူနှင့် ခေါင်းပုံဖြတ်ခံရသူ သို့မဟုတ် အလုခံရသူများ ဖြစ်ကြသည်။

ကြေးရည်တတ်များသည် ဘုရင်များအား မရှုစိမ့်ပေ။ ဘုရင်များက ကြေးရည်တတ်များအား လန့်ကြသည်။ ခရစ်ယာန် ဘုန်းကြီးများက အခါခမ်းသိမ်း အားကောင်းသူဘက်မှ နေကြသည်။ ရိုးရိုး လူထုမှာမူ အလုပ်လုပ်ကြရသည်။ အခွန်ထမ်းဆောင်ကြရသည်။ ကြေးရည်တတ်များ၏ ဥစ္စာဓနသည် ဥပဒေအရ အခွန်အကောက် လွတ်ကင်းသည်။ သို့ဖြစ်သောကြောင့် ကြေးရည်တတ်များနှင့် ဘုရင်များ စစ်ခင်းကြသော အခါ နှစ်ဖက်စလုံးက တောင်သူ လယ်သမားများအား မိမိတို့ဘက်ပါအောင် ကြိုးစား၍ သိမ်းသွင်းကြလေသည်။ ပုရောဟိတ်များ ခရစ်ယာန်

http://mmteashop.com

ဘုန်းကြီးများသည် ဘုရင့်ဘက်၌ ရှိနေကြသောအခါ ကြေးရည်တတ်များအား ရက်စက်သူများ ဖြစ်ကြ၏ ဟူ၍ ပြောပြီးလျှင် ရိုးရိုးလူများနှင့် ကြေးရည်တတ်များ စိတ်ဝမ်းကွဲပြားအောင် ပြုလုပ်ကြလေသည်။ ကြေးရည်တတ်များဘက်၌ ရှိနေသည့် အခါ၌မူ ဘုရင်အား အလွန်တရာ ရက်စက်၏ဟု ပြောကြပြန်သည်။ နောက်ဆုံး၌မူ နှစ်ဦးစလုံးပင် ရက်စက်သူများ ဖြစ်၏ဟု လူတို့က ယုံကြည်သွားစေလေသည်။ သူခိုးချင်းရန်ဖြစ်က လူရိုးအမြတ်ရ၏ ဟူသော ရှေးဟောင်း စကားပုံတခု ရှိလေသည်။

ဥရောပမှ ကျွန်စနစ် အမြစ်ပြုတ်သွားရာ၌ ယင်းစစ်ပွဲများသည် အကြောင်းများ ဖြစ်ကြသည်။ တနည်းအားဖြင့် ဆိုရသော် ရာဇဝင်သမိုင်း၏ အမြင့်မြတ် ဆုံးသော စာမျက်နှာများအနက် စာမျက်နှာ တချပ်ဖြစ်သော ပြင်သစ် တော်လှန်ရေးကြီးသည် ကျွန်ဖြူစနစ်ကို အမြစ်ဖြုတ်ပစ်လိုက်လေ၏။ နှစ်ပေါင်း ထောင့်လေးရာလောက်မှ စ၍ ကျေးကျွန် ထမ်းပိုးကြီးကို ပခုံးဖြင့် ထမ်းထား ရသူများသည် ထိုထိတ်လန့်ဖွယ် နေ့ရက်များ၌ ဖုံခါပြီး ထကြလေကုန်၏။ သူတို့သည် မိမိ၏ အနှောင်အဖွဲ့များကို ဖြတ်တောက်ပစ်ကြလေသည်။ နှိပ်စက်ညှင်းပန်းမှုများကို ပြတ်ပြတ်သားသား ဂလဲ့စား ချေကြလေသည်။ သူတို့သည် မိမိတို့ အရှင်သခင်၏ သွေးဖြင့် ပထဝီမြေကြီးကို အနီရောင် ဆိုးကြလေသည်။ သူတို့သည် ဘုရားကျောင်း များနှင့် ရာဇပလ္လင်များအား အပျက်အစီး အယိုအယွင်းမျှသာ ကျန်အောင် ပြုလုပ်ပစ်ကြလေသည်။ မိမိတို့၏ သွေးစွန်းသော လက်များဖြင့် သူတို့၏ အခွင့်အရေးကို ဗလိနန်စာကျွေးရာ ဖြစ်သည့် ယဇ်ပလ္လင်အား အပိုင်းပိုင်း အပြတ်ပြတ် လုပ်ပစ်ကြလေသည်။ သူတို့သည် အတိတ်၏ လွဲမှားသော ယုံကြည်ချက်များ ကိုသာလျှင် ရှုံ့မုန်းကြသည် မဟုတ်တော့ဘဲ အတိတ်ကိုလည်း ရှုံ့မုန်း သွားကြလေသည်။ ပြင်သစ်တော်လှန်ရေးသည် ခေတ်သစ်တခု၏ နိဒါန်း ဖြစ်လေသည်။ ဥရောပတွင် ကျွန်ဖြူစနစ် အားပျော့လာသောအခါ၌၊ ဆဲ့ခြောက် ရာစုနှစ် အလယ်ပိုင်းတွင် ကျွန်ဖြူတို့၏ အခြေအနေ အနည်းငယ် ကောင်းမွန်လာ သောအခါ၌ ပေါ်တူဂီမှ အလုန်ဂျိုဂွန်ဂျလေသည် မိမိနိုင်ငံမှ တိုင်းသူ ပြည်သား များအား လူကုန်သွယ်မှုအတွက် အခြား ဈေးကွက် တကွက် ဖြစ်သည့် တခြားလမ်း တစ်လမ်းကို ညွှန်ပြလေ၏။ မကြာမီ အတွင်းမှာပင် မိမိ၏ ကြောက်မက်ဖွယ်အသွင်ကို

http://mmteashop.com

ဆောင်ကြဉ်း လာပြီးလျှင် အာဖရိကၡ ကျွန်းရောင်း ကျွန်းဝယ် ကျွန်ကုန်သွယ်မှုသည် အစပြုလာလေတော့သည်။

ယင်း ကုန်သွယ်မှုသည် ယခုခေတ်၏ ကြီးမားသော အပြစ်အနာအဆာကြီး ဖြစ်လေသည်။ မိမိတို့ ကိုယ်ကို ဘာသာတရား တခုကို ကိုးကွယ် ဆည်းကပ်သူ အဖြစ် ထင်မှတ်နေသည့် သို့မဟုတ် မိမိတို့ ကိုယ်ကို လူယဉ်ကျေးအဖြစ် ထင်မှတ်နေသည့် လူမျိုးတို့က ယင်း မကောင်းမှု အကုသိုလ် အလုပ်ဖြစ်သည့် ကျွန် ကုန်သွယ်မှုကို အဘယ့်ကြောင့် ပြုလုပ်နေကြသနည်းဟု တွေးဆ၍ မရနိုင်လောက်အောင်ပင် ဖြစ်ရလေသည်။ ယင်းသို့ ဖြစ်သော်လည်း ဥရောပရှိ လူမျိုးတိုင်းလိုလိုပင် ယင်း ကျွန်ကုန်သွယ်မှုကို ပြုလုပ်ကြလေသည်။ ယင်း ကျွန်ကုန်သွယ်မှုကို ဥပဒေဖြင့် တရားဝင် ပြုလုပ်ထားသည်။ ယင်း ကျွန်ကုန်သွယ်မှုကို ကာကွယ်ထားကြသည်။ ယင်း ကျွန်ကုန်သွယ်မှုကို တဦးနှင့်တဦး အပြိုင်အဆိုင် ပြုလုပ်ကြလေသည်။ ထိုအကြောင်း များကို ပြောပြရုံနှင့်ပင် လူ၏ နလုံးသည် ကျောက်သားပကတိ ဖြစ်သွားနိုင်ပေသည်။

နှစ်ပရိစ္ဆေဒပေါင်း မြောက်မြားစွာအထိ နှစ်စဉ် နှစ်တိုင်း ယုတ်စွအဆုံး လေးသိန်း လေးသိန်းမျှသော အာဖရိက တိုက်သားတို့သည် သေမင်း ခံတွင်းထဲ သို့လျှင်လည်း ဆင်းရလေသည်။ သို့တည်းမဟုတ် ကျေးကျွန်ဘဝ သို့လျှင်လည်း ရောက်ရလေသည်။ ဥရောပ တိုက်သားတို့သည် မိမိတို့၏ သင်္ဘောတွင် ယင်းကံမွဲသူ ခများများအား မည်မျှ ငပိသိပ် ငချဉ်သိပ် ထည့်၍ ခေါ်ဆောင်ကြသနည်းဟူမူ ယင်း ကံမွဲသူထဲက တဆယ် ရာခိုင်နှုန်းလောက်မှာမူ လမ်းခုလပ်မှာပင်လျှင် သေကြေ ပျက်စီးသွားကြလေ၏။ သူတို့ကို တော တိရစ္ဆာန်များအား ဆက်ဆံသကဲ့သို့ပင် ဆက်ဆံကြလေသည်။ ဘေးအန္တရာယ် ပေါ်လာသည့် အခါမျိုး၌ သူတို့ကို ပင်လယ် သမုဒ္ဒရာထဲ ပစ်ချကြလေသည်။ ဆဲ့ခြောက် ရာစုနှစ်တွင် အစပြုခဲ့သော ယင်း ထိတ်လန့်ဖွယ် ကုန်သွယ်မှုကို ပြုလုပ်ကြသူများမှာ မိမိတို့ ကိုယ်ကို ခရစ်ယာန် ယဉ်ကျေးမှု၏ ကန်ထရိုက်တာဟု ထင်မှတ်နေသည့် လူမျိုးများ ဖြစ်ကြသည် ဆိုသည့်အချက်ကို သတိမမေ့သင့်ပေ။

http://mmteashop.com

အင်္ဂလန်၌ ဝီလဝါဖို့စ်နှင့် ကလာ့က်ဆန်တို့သည် ကျွန်ရောင်းကျွန်ဝယ်ကို ပိတ်ပစ်ရေးအတွက် ကြိုးပမ်းရာ၌ မိမိတို့၏ ဘဝကို မြှုပ်နှံခဲ့ကြလေသည်။ သူတို့ကို လူတို့က ရှုံမုန်းကြသည်။ အော့နလုံး နာကြသည်။ သူတို့သည် အနှစ် နှစ်ဆယ်တိတိ ကြိုးပမ်းခဲ့ကြသည်။ ၁၈၀၈ ခုနှစ် မတ်လ ၂၅ ရက်နေ့၌ အင်္ဂလန်သည် ယင်း လူသား ကုန်သွယ်မှု လုပ်ငန်းကို တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာချက် ထုတ်လေသည်။ အမေရိကန်၌လည်း အလားတူ ကြေညာကြောင်း သိရှိရသောအခါ အင်္ဂလန်၌ နှစ်ဆထိုး၍ ဝမ်းသာအားရ ဖြစ်ကြလေသည်။ အချိန်အတန်ကြာ သွားပြီးသည့် နောက်တွင်ကား ယင်း ကုန်သွယ်မှု လုပ်ငန်းကို လုပ်ကိုင်ကြသူများအား ပင်လယ်ဓားပြအဖြစ် ကြေညာကြလေ၏။

၁၈၃၃ ခု ဩဂုတ်လ ၂၈ ရက်နေ့၌ အင်္ဂလန်သည် မိမိ၏ ကိုလိုနီ နိုင်ငံများမှ ကျွန်စနစ်ကို အဆုံးသတ်ပစ်လိုက်လေသည်။ ယင်းသို့ အားဖြင့် အင်္ဂလန်သည် အနည်းဆုံး ဆယ်သိန်းမျှသော ကျွန်တို့ကို ကျွန်ဘဝမှ လွတ်မြောက်စေခဲ့လေ၏။

ထို အချိန်က ယဉ်ကျေးသော ကမ္ဘာကြီး၌ အမေရိကန်သည်သာလျှင် အကြီးမားဆုံးသော ကျေးကျွန်တို့၏ အရှင်သခင် နိုင်ငံ ဖြစ်လေသည်။

ကျွန်ုပ်တို့ အားလုံးသည် ကျွန်ုပ်တို့နိုင်ငံ၏ ကျေးကျွန်စနစ် သမိုင်းကို သိရှိနားလည်သည်။ ယင်း ကျေးကျွန်စနစ်သည် ကျွန်ုပ်တို့၏ လူများကို ဖျက်ဆီး ပစ်လေသည်။ ကျွန်ုပ်တို့ နိုင်ငံ၏ မြေကို ညီအစ်ကို အချင်းချင်း၏ သွေးဖြင့် ခြင်းခြင်း နီစေခဲ့သည်။ ယင်း ကျေးကျွန် စနစ်ကြောင့် ကျွန်ုပ်တို့သည် မိမိတို့၏ သုံးသိန်းမျှသော သူရဲကောင်းများ ဆုံးရှုံးနစ်နာရပြီး ဝမ်းနည်း ပက်လက် ဖြစ်နေကြရသည်။ ယင်း ကျေးကျွန်စနစ်သည် ကျွန်ုပ်တို့အား ကမ္ဘာကြီး၏ အမိုက်တိုက် အလွှမ်းဆုံး ဖြစ်သော ခေတ်ကာလဆီသို့ ခေါ်ဆောင်သွားလေသည်။ ယင်း ကျေးကျွန်စနစ်သည် ကျွန်ုပ်တို့အား ပျက်စီးခြင်း ကမ်းပါးသို့ ခေါ်ဆောင်သွားပြီး ထိုပျက်စီးခြင်း ကမ်းပါး၌ ရပ်တည်စေခဲ့သည်။

http://mmteashop.com

သို့ရာတွင် နောက်ဆုံး၌ လွတ်လပ်ရေးသည် ခေါင်းထောင်ထလေသည်။ ၁၈၆၃ ခုနှစ် ဇန်နဝါရီလ တရက်နေ့၌ - ဤနိုင်ငံ၏ အသစ်လွင်ဆုံးဖြစ်သော နှစ်၏ နေ့ရက်၌ - မြောက်အမေရိက၏ အလိုဆန္ဒအားလျော်စွာ ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေမည့် အာဇာနည် ပုဂ္ဂိုလ်မြတ် တဦး၏ ကလောင်ကြောင့် ဤရွှေ့ ဤမျှသော နေ့ရက် ကာလအထိ မတရားလာခဲ့သည့် အရာသည် တရားသွားလေ၏။ အီဘရာဟင်လင်ကွန်းသည် ကျေးကျွန်စနစ်ကို အဆုံးသတ်ပစ်လိုက်လေ၏။ လေးသိန်းမျှသော ကျေးကျွန်တို့သည် ကျွန်ဘဝမှ လွတ်မြောက်သွားကြလေသည်။

လွတ်လပ်ရေး ဟူသော စကားလုံးသည် အလွန်တရာ မြင့်မြတ်သော စကားလုံး ဖြစ်သည်။ ယင်း စကားလုံးနှင့် ကင်းလျှင် အခြားသော စကားလုံးများသည် အချည်းအနှီး အလဟဿသာလျှင် ဖြစ်သည်။ ယင်း စကားလုံးနှင့် ကင်းလျှင် အသက်ရှင်ခြင်းသည် သေခြင်းထက်ပင် ဆိုးရွားလေသည်။ လူသည် တိရိစ္ဆာန် ဖြစ်သွားလေသည်။

လွတ်လပ်ရေးဆီသို့ လှမ်းသော ခြေလှမ်းသည်သာလျှင် တိုးတက်ရေး ဆီသို့ လှမ်းနိုင်လေသည်။ ကျွန်ပ်သည် စိတ်နှင့်ကိုယ် ကျွန်ဘဝ အဆုံးသတ်ရခြင်း၏ အချို့အကြောင်းများကို ကြိုးစား၍ ပြောပြခဲ့သည်။ သတိပြုသင့် သတိပြုအပ်သည် အမှန်တရား တခုမှာ အဆိုး၏ ပျက်စီးတတ်သော မျိုးစေ့ဗီဇသည် ယင်း အဆိုး၌ပင်လျှင် ကိန်းအောင်း၍ နေခြင်းပင် ဖြစ်လေသည်။ အသိညာဏ် ပြန့်ပွားမှုလောက် မည်သည့်အရာ ဝတ္ထုမျှ လူသား၏ လွတ်မြောက်မှု တိုးတက်မှုကို မပြုလုပ်နိုင်ပေ။ စကား လွတ်လပ်မှု မရှိစဉ်က၊ စာပုံနှိပ်စက် မပေါ်ခင်က ဥကျောက် ထဲတွင် ပေါ်လာသည့် အကြံညာဏ် ဟူသမျှသည် ထို ဥကျောက်ထဲ၌ပင် ပျောက်ပျက် သွားလေသည်။ လူတယောက်သည် အခြား လူတယောက်၏ အကြံညာဏ်ဖြင့် အကျိုးထူးမရနိုင်ပေ။ အတိတ်၏ အတွေ့အကြုံများသည် လူသိရှင်ကြား အနေသို့ မရောက်ကြရပေ။ သို့ရာတွင် စာပုံနှိပ်စက်များကို တီထွင်ပြီးသည့် နောက်၌မူကား အကြံညာဏ်များ ပြန့်ပွားသွားလေ၏။ တဦး၏ အကြံညာဏ်ဖြင့် အခြား တဦးမှာ အကျိုးကျေးဇူး များလာလေ၏။

http://mmteashop.com

ကျွန်ုပ်တို့သည် အဆုံးအပိုင်းအခြား မရှိသည့် ပင်လယ် သမုဒ္ဒရာတခု၏ ကမ်းပါး၌ ရပ်တည်နေကြသည်။ ယင်း ပင်လယ်သမုဒ္ဒရာ၏ လှိုင်းတံပိုးများသည် သူရသတ္တိနှင့် ပြည့်စုံသည့် ခြေလှမ်းများကို ကြိုဆိုရန်အတွက် တက်တက်ကြွကြွ ရှိနေကြသည်။ ယနေ့ လူသားသည် တိုးတက်မှု လမ်းမပေါ်၌ ရောက်နေသည်။

အို တိုးတက်ရေး တပ်သား အပေါင်းတို့၊ တရားမျှတသော ဥပမာများ မပြဋ္ဌာန်းမချင်း ရှေ့သို့ ချီတက်ကြလော့။ မသိ နားမလည်ခြင်း သို့မဟုတ် အဝိဇ္ဇာ လွှင့်ပါး မသွားမချင်း ရှေ့သို့ ချီတက်ကြလော့ ဝေဟင်ပြင် သို့မဟုတ် မြေပြင်မှ ရာဇပလ္လင် ပျောက်ကွယ် မသွားမချင်း ရှေ့သို့ ချီတက်ကြလော့။ လှဲမှားသော ယုံကြည်ချက်သည် မေ့ပျောက်သွားပြီဖြစ်သည့် အိပ်မက်တခု မဖြစ်မချင်း ရှေ့သို့ ချီတက်ကြလော့။ ကမ္ဘာကြီးတခုလုံး လွတ်လပ်ရေး မရမချင်း ရှေ့သို့ ချီတက် ကြလော့။

♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠

http://mmteashop.com

# ယုံကြည်ကိုးကွယ်မှု ဘာသာတရား

http://mmteashop.com

အနန္တ တန်ခိုးရှင် ဘုရားသခင်သည် အရာဝတ္ထု ဟူသမျှကို ဖန်ဆင်းသည် အရာဝတ္ထု ဟူသမျှအပေါ်၌ စိုးမိုး အုပ်ချုပ်သည်။ သို့ဖြစ်၍ သူ၏ သားသမီး အဆက်အနွယ် များသည် သူ၏ အမိန့်ကို နာခံသင့်သည်။ သူ့အား ကျေးဇူးတင် ထိုက်သည်။ ဤသို့ ပြောဆိုနေကြသည်။ ကျွန်ုပ်တို့ကို ဖန်ဆင်းသူသည် ကျွန်ုပ်တို့ထံမှ အရာအချို့ကို လိုလားသည်။ ထိုအရာအချို့ကို ဖြည့်တင်းပေးသူသည် ဘာသာ တရားကို ယုံကြည်ကိုးကွယ်သူ ဖြစ်လေသည်။ ယင်းကဲ့သို့သော ယုံကြည် ကိုးကွယ်မှု ဘာသာတရားသည် အနည်းနှင့်အများ နေရာအနှံ့တွင် ရှိလေသည်။

ဘုရားသခင်သည် ဗလိနတ်စာ ကျွေးခြင်းကို မြှော်လင့်သည်။ မိဘတို့က မိမိတို့၏ သားငယ် သမီးငယ်များ၏ အသွေးဖြင့် မိမိတို့ လက်ကို ဆိုးသည့်အခါ၌ ဘုရားသခင်သည် ကျေနပ်သည်။ ဤသို့ လူပေါင်းများစွာတို့သည် ရာစုနှစ် များစွာအထိ ယုံကြည်ထားခဲ့ကြလေသည်။ ဘုရားသခင်သည် နွား၊ ဆိတ်တို့၏ အသွေးကို နှစ်သက်သည်။ ယင်း နွားဆိတ်တို့ကို ပသခြင်းကြောင့် ဘုရားသခင်က ငါတို့အား နေပူကို ပေးသည်။ လယ်ယာကို ပေးသည်။ ယင်းသို့လည်း နောက်ပိုင်းတွင် ယုံကြည်ယူဆ လာခဲ့ကြလေသည်။ အကယ်၍ သူ့ကို ပသခြင်း မပြုလျှင်

http://mmteashop.com

ဘုရားသခင်သည် ကာလနာတိုက်စေသည်။ သရောကြီး ခိုင်းစေသည်။ ရေကြီးစေသည်။ လျှော်လှုပ်စေသည်။ ဤသို့လည်း အယူအဆ ရှိကြလေသည်။

ဘုရားသခင်သည် ဆုတောင်း ပတ္ထနာများကို ကြားနာသည်။ ထိုဆုတောင်း ပတ္ထနာများကို ပြည့်ဝစေသည်။ အပြစ်တို့ကို သည်းခံသည်။ စစ်မှန်သော ကိုးကွယ်သူများအား စောင်မသည်။ ဤသို့ နစ်ပရိစ္ဆေဒ များစွာသော ကာလအတွင်း၌ လူတို့သည် ယုံကြည်ယူဆ လာခဲ့ကြလေသည်။ အကြမ်းပြင်းအားဖြင့် ပြောရလျှင် ယင်းသည်ပင် ဘာသာတရား၏ ဝိဂြိုဟ်ဝစနတ် သို့မဟုတ် အဓိပ္ပာယ်ဖွင့် ဖြစ်လေသည်။

ပြဿနာများ ပေါ်လာနိုင်သည်။ ယုံကြည် ကိုးကွယ်မှု ဘာသာတရား၏ အခြေခံသည် သိအပ်သည့် အဖြစ်အပျက် တခုခုလေလော။ ဘုရားသခင် ဆိုသည်မှာ အကယ်စင်စစ် ရှိသလော။ ဘုရားသခင်သည် သင့်ကိုဌင်း၊ ကျွန်ုပ်ကိုဌင်း၊ မွေးဖွားသူ ဖန်ဆင်းသူ ဖြစ်ပါသလော။ ပုဂ္ဂိုလ် တဦးတယောက်၏ ဆုတောင်း ပတ္ထနာတခုခုကို ဘုရားသခင်က ကြားခဲ့ဘူးပါသလော။ ကလေး သူငယ် သို့မဟုတ် နွားကို ပသခြင်းကြောင့် ဘုရားသခင်သည် ကျေနပ် အားရခြင်း ဖြစ်ခဲ့ဘူးပါသလော။

ပထမ - အနန္တ တန်ခိုးရှင် ဘုရားသခင်သည် လူတို့၏ သားသမီး အဆက်အနွယ်များကို ဖန်ဆင်းပါသလော ....။

ထိုဘုရားသခင်သည် အသိဉာဏ်နုံ့နဲ့သူများကို အဘယ့်ကြောင့် ဖန်ဆင်းပါသနည်း။

ထို ဘုရားသခင်သည် ခြေလက်အင်္ဂါ ချွတ်ယွင်း နေသူနှင့် ခိုကိုးရာမဲ့သူတို့ကို အဘယ့်ကြောင့် ဖန်ဆင်းပါသနည်း။

ထို ဘုရားသခင်သည် ကျပ်မပြည့်သူများနှင့် ဉကျောက်ပျက်နေသူများကို အဘယ့်ကြောင့် ဖန်ဆင်းပါသနည်း။

http://mmteashop.com

အနန္တ ဉာဏ်တော်နှင့် အနန္တ အစွမ်း သတ္တိ၏ အထံ၌ ဤသို့သော ဖန်ဆင်းမှုများအတွက် အခြေတခုခုရှိပါသလော။

ဤကဲ့သို့သော အဖန်ဆင်းခံတို့သည် ဖန်ဆင်းသူအား ကျေးဇူးဥပကာရ တင်ရှိရန် လိုသေးသလော။

ဒုတိယ အနန္တ တန်ခိုးရှင် ဘုရားသခင်သည် ဤ ကမ္ဘာလောက၏ အုပ်ချုပ်ကွပ်ကဲသူ ဖြစ်ပါသလော။

အားလုံးသော ပဒေသရာဇ်များ၊ ဘုရင်များ၊ ကေရာဇ်များ၊ ၎င်းတို့၏ မိဖုရားများအတွက် ထိုဘုရားသခင်သည် တာဝန်ရှိသူ မဟုတ်ပါလော။

အားလုံးသော စစ်ပွဲများနှင့် ယင်းစစ်ပွဲများ၌ သွေးချောင်း စီးမှုဟူသမျှအတွက် ထိုဘုရားသခင်သည် တာဝန်ရှိသူ မဟုတ်ပါလော။

ရာစုနှစ်များစွာ၏ ကျေးကျွန်စနစ်အတွက်၊ သံပူ အကပ်ခံရသည့် ကျောကုန်းများအတွက်၊ မိခင်၏ ရင်ခွင်မှ အတင်းခွဲလျက် ရောင်းစားခြင်း ခံရသည့် နို့စို့ ကလေးသူငယ်များအတွက်၊ အခွဲခံရ အသတ်ခံရသည့် အိမ်ထောင်စုများအတွက် ထိုဘုရားသခင်သည် တာဝန်ရှိသူ မဟုတ်ပါလော။

ညှဉ်းပန်း နှိပ်စက်မှု သတ်ဖြတ်မှုအတွက် ပြုလုပ် တီထွင်သော တီထွင်ချက်ဟူသမျှအတွက် ထိုဘုရားသခင်သည် တာဝန်ရှိသူ မဟုတ်ပါလော။

ထိုဘုရားသခင်သည် သူရဲကောင်းများ သူတော်ကောင်းများအား လူယုတ်မာနှင့် လူဆိုးတို့၏ လက်ဖြင့် အဘယ့်ကြောင့် သေကြေပျက်စီး စေရသနည်း။

ထို ဘုရားသခင်သည် အာဇာနည်သားများအား တိုင်းချစ်မျိုးချစ်များ၏ သွေးကို အဘယ့်ကြောင့် စီးဆင်းစေရသနည်း။

http://mmteashop.com

ထို ဘုရားသခင်သည် မိမိမိတ်ဆွေများအား မိမိရန်သူများ၏ လက်ဖြင့် ညှဉ်းပန်း နှိပ်စက်သည်ကို ခံစေပါသလော။ မီးလောင်တိုက်သွင်းသည်ကို ခံစေပါ သလော။

ယင်း ကဲ့သို့သော ဘုရားသခင်သည် ဘာတန်ဖိုး ရှိမည်နည်း။

လူတော် လူကောင်း တဦးဦးသည် အားအစွမ်း ရှိပါလျက်နှင့် မိမိ မိတ်ဆွေအား မိမိ ရန်သူ၏ လက်ဖြင့် နှိပ်စက် ညှဉ်းပန်းသည်ကို ခံစေပါမည်လော။ မီးလောင်တိုက် သွင်းသည်ကို ခံစေပါမည်လော။

မိမိ မိတ်ဆွေ အပေါ်၌ မိမိ ရန်သူအား စော်ကား စေသည့် ပုဂ္ဂိုလ်မျိုးထက် သိမ်ဖျင်း ယုတ်ညံ့သူကို ကြံစည် တွေးတောနိုင်သေးသလော။

အနန္တ တန်ခိုးသတ္တိရှင် ဘုရားသခင်သည် ဤကမ္ဘာလောကကြီးအပေါ်၌ စိုးမိုး အုပ်ချုပ်သည် ဆိုပါမူ ထို မှန်တိုင်းများ၊ ထို လျှော်လှုပ်ခြင်းများ၊ ထို ရောဂါကူးရကပ်များ၊ ထို ဒုဗ္ဘိက္ခရကပ်များနှင့် ပတ်သက်၍ မည်ကဲ့သို့ ရှင်းလင်းချက် ထုတ်မည်နည်း။

ကလေးသူငယ်များမှ ရွေးဖြစ်သည့် ထိုရောဂါဝေဒနာပေါင်း ထောင်သောင်း များစွာနှင့် ပတ်သက်၍ မည်ကဲ့သို့ ရှင်းလင်းချက် ထုတ်မည်နည်း။

လူတို့ကို စားသည့် တောတိရစ္ဆာန်များနှင့် ပတ်သက်၍၎င်း၊ လူတို့ကို ကိုက်သတ်သည့် အဆိပ်ပြင်းသည့် မြွေဆိုးများနှင့် ပတ်သက်၍၎င်း၊ မည်ကဲ့သို့ ရှင်းလင်းချက် ထုတ်မည်နည်း။

သက်ရှိ သတ္တဝါက အခြား သက်ရှိ သတ္တဝါအား စားနေရာ ဖြစ်သည့် ဤကမ္ဘာလောကနှင့် ပတ်သက်၍ မည်ကဲ့သို့ ရှင်းလင်းချက် ထုတ်မည်နည်း။

အနန္တ ကရုဏာရှင်ပင်လျှင် ယင်းနှုတ်သီး၊ ယင်းခြေသည်း လက်သည်း၊ ယင်းသွား၊ ယင်းအဆိပ်ပြင်းသည့် အစွယ်များကို ဖန်ဆင်းပါသလော။

http://mmteashop.com

အနန္တ ကရုဏာရှင်ပင်လျှင် အားနည်းသူ ခိုကိုးရာမဲ့သူ တိရစ္ဆာန်များအား မိမိတို့၏ သားကောင် အဖြစ် အမှတ်ထားသည့် သားရဲတိရိစ္ဆာန်များကို ဖန်ဆင်းပါသလော။

အနန္တ ကရုဏာရှင်ပင်လျှင် မိမိထက်ကြီးသည့် သက်ရှိသတ္တဝါများ၏ အသားကို စားလျက် အသက်ရှင်နေကြသည့် ရောဂါ ပိုးမွှားများကို ဖန်ဆင်းပါသလော။

အနန္တ အသိဉာဏ်ရှင်သည်ပင်လျှင် လူ့ စက္ခုမြွှေ၏ အကြောကို စား၍ အသက်ရှင်နေသည့် ရောဂါပိုးမွှားများကို ဖန်ဆင်းပါသလော။

သေးငယ်သော ရောဂါ ပိုးမွှားတကောင်၏ ဆာလောင်မွတ်သိပ်မှုကို ပယ်ဖျောက်ရန် အတွက် လူတယောက်ကို အကန်းလုပ်ပစ်သည့် အကြောင်းကို မည်သို့ စဉ်းစားမည်နည်း။

ယင်း အကြောင်း အရာများကို စဉ်းစား ကြည့်လိုက်လျှင် "နောက်ဆုံးပိတ်၌ ယုံကြည် ကိုးကွယ်မှု ဘာသာ တရားသည် မည်သည့် အရာ ဖြစ်သနည်း" ဟူသော ပြဿနာ ပေါ်လာသည်။

ယုံကြည်ကိုးကွယ်မှု ဘာသာတရားသည် ကြောက်ရွံ့ခြင်းမှ တပါး အခြားမည်သည့် အရာမျှ မဟုတ်ပေ။

ကြောက်ရွံ့ခြင်းသည် ယဇ်ပလ္လင်ကို ဖန်တီးသည်။ ယဇ်ပူဇော်ပသမှုကို ပြုလုပ်စေသည်။

ကြောက်ရွံ့ခြင်းသည် နတ်ကွန်း သို့မဟုတ် ဘုရားကျောင်းကို ဆောက်လုပ်သည်။ လူ၏ ဦးခေါင်းကို ညွတ်စေသည်။

http://mmteashop.com

ကြောက်ရွံ့ခြင်းသည် ဒူးထောက်ခိုင်းသည် အမိန့်ကို နာခံခြင်း၊ နှိမ့်ချခြင်း၊ မာန်မာနကင်းခြင်း၊ သည်းခံခြင်း၊ ဆန့်ကျင်ဘက် မပြုခြင်း - တည်းဟူသော ကျွန်၏ ဂုဏ်အင်္ဂါရပ်များကို ညွှန်ကြားပြသသည်။

ယုံကြည် ကိုးကွယ်မှု ဘာသာတရားသည် ကိုယ့်ကိုယ်ကို အားကိုးခြင်းကို မသင်ကြား မပြသပေ။ လွတ်လပ်မှုကို မသင်ကြား မပြသပေ။ လူမှု လူ့အဖြစ်ကို မသင်ကြား မပြသပေ။ ရဲရင့်မှုကို မသင်ကြား မပြသပေ။ ကိုယ့်ကိုယ်ကို ကာကွယ်ခြင်းကို မသင်ကြား မပြသပေ။

ယုံကြည်ကိုးကွယ်မှု ဘာသာတရားသည် ဘုရားသခင်ကို အရှင်သခင်အဖြစ် ဖန်တီးသည်။ လူကို ဘုရားသခင်၏ ကျွန်အဖြစ် ဖန်တီးသည်။

ယုံကြည် ကိုးကွယ်မှု ဘာသာတရားကို စမ်းသပ် စစ်ဆေးပြီးလေပြီ။ ၎င်းသည် အားလုံးသော တိုင်းနိုင်ငံတို့၌၊ အားလုံးသော လူမျိုးတို့၌ အခါခပ်သိမ်း အောင်မြင်မှု မရရှိခဲ့ပေ။

ယုံကြည်ကိုးကွယ်မှု ဘာသာတရားသည် လူအား မည်သည့် အခါကမျှ ကရုဏာရှင် ဖြစ်အောင် မပြုလုပ်ခဲ့ပေ။

ယုံကြည်ကိုးကွယ်မှု ဘာသာတရားသည် ကျေးကျွန်စနစ်အပေါ်၌ မည်ကဲ့သို့သော ဩဇာ သက်ရောက်မှု ရှိခဲ့သနည်း။

ယုံကြည်ကိုးကွယ်မှု ဘာသာတရားသည် အချင်းခပ်သိမ်း သိပ္ပံပညာ၊ ရှာဖွေစူးစမ်းမှု၊ ဆင်ခြင် စဉ်းစားမှုတို့၏ ရန်သူ ဖြစ်လာခဲ့သည်။

ယုံကြည်ကိုးကွယ်မှုသည် လူအား မည်သည့်အခါမျှ လွတ်လပ်အောင် မပြုလုပ်ပေ။ ကျင့်ဝတ် ရှိသူဖြစ်အောင် မလုပ်ပေ။ ချုပ်တည်းသူ ဖြစ်အောင် မလုပ်ပေ။ လုံ့လ ဝီရိယရှိသူ ဖြစ်အောင် မလုပ်ပေ။ ရိုးသားသူ ဖြစ်အောင် မလုပ်ပေ။

http://mmteashop.com

သဘာဝ၏ တခုတည်းသော သဘောကို ယုံကြည်သူများအတွက် ယုံကြည်ကိုးကွယ်မှု ဘာသာတရားသည် မဖြစ်နိုင်သော အရာ ဖြစ်လေသည်။

ကျွန်ုပ်တို့သည် သဘာဝနှင့် အမျိုးမျိုး အပြားပြားသော ရုပ်ဝတ္ထုတို့၏ ဂုဏ်အရည်အချင်းများကို ဆုတောင်း ပတ္ထနာပြုခြင်းအားဖြင့် ပြောင်းလဲအောင် ပြုလုပ်နိုင်ပါသလော။ ကျွန်ုပ်တို့သည် ပူဇော်ပသမှု ပြုခြင်းအားဖြင့် ပင်လယ် သမုဒ္ဒရာ၏ လှိုင်းတံပိုးများကို အချိန်မကျမီ ကြိုတင်၍ ခေါ်နိုင်ပါသလော သို့မဟုတ် နောက်ကျပြီးမှ လာခိုင်း၍ ရနိုင်ပါသလော။ ကျွန်ုပ်တို့သည် ယဇ် ပူဇော်မှု ပြုလုပ်ခြင်းအားဖြင့် လေကြောင်းကို ပြောင်းလဲ နိုင်ပါသလော။ ကျွန်ုပ်တို့သည် ဒူးထောက်ရုံမျှဖြင့် ချမ်းသာကြွယ်ဝသူ ဖြစ်လာနိုင်ပါသလော။ ဦးညွှတ်လျက် ဆုတောင်း ပတ္ထနာပြုခြင်းအားဖြင့် ကျွန်ုပ်တို့၏ ရောဂါဝေဒနာ ပျောက်ကင်း သွားနိုင်သလော။

စိတ်ကမ္ဘာ လောက၏ အကြောင်းအရာများသည်လည်း ရုပ်ကမ္ဘာလောက၏ အကြောင်းအရာများ ကဲ့သို့ပင် အမာခံဖြစ်သည် မဟုတ်ပါလော။ ကျွန်ုပ်တို့ ဉာဏ်ကောက်ဟု ခေါ်သည့် အရာသည် ကျွန်ုပ်တို့ ကိုယ်ကာယဟု ခေါ်သည့် အရာကဲ့သို့ပင် သဘာဝ ဆိုင်ရာပင် မဟုတ်ပါလော။

ယုံကြည်ကိုးကွယ်မှု ဘာသာတရား၏ အခြေခံသည် သဘာဝ၏ အရှင်သခင်တဦး ရှိသည်ဟူသော အကြံအစည်အတွေးအခေါ် ဖြစ်လေသည်။ ယင်း အရှင်သခင်သည် ဆုတောင်း ပတ္ထနာများကို ကြားနာသည်။ အပြစ်ဒဏ် ပေးသည်။ ဆုပေးသည်။ ယင်း အရှင်သခင်သည် ထုတ်ဩဘာပေးခြင်းကို ကြိုက်သည်။ ချီးမွမ်း ထောမနာ ပြုခြင်းကို နှစ်သက်သည်။ ရဲရင့်သော လွတ်လပ်သော သဘောရှိသူ များကိုမူ မုန်းသည်။

လူသည် ဘုရားသခင်ထံမှ မည်သည့်အခါက မည်သည့် အကူအညီမျိုးကို ရရှိခဲ့သနည်း။

http://mmteashop.com

အကယ်၍ ကျွန်ုပ်တို့တွင် အယူဝါဒတခုခု ရှိသည်ဆိုလျှင် ထို အယူဝါဒ၌ အခြေခံ အုတ်မြစ် တခုခု ရှိသင့်လေသည်။ ကျွန်ုပ်တို့၏ အထံ၌ ထောင့်လေးထောင့် တို့တွင် ထားရန်အတွက် ကျောက်တုံးလေးခု ရှိသင့်လေသည်။ ကျွန်ုပ်တို့သည် မှန်းဆခြင်း၊ စိတ်ကူးယဉ်ခြင်းတို့ဖြင့် အဆောက်အဦးကို မဆောက်သင့်ပေ။ အဆောက်အဦး၏ အုတ်မြစ် ရှိသင့်လေသည်။ အကယ်၍ ကျွန်ုပ်တို့သည် တည်ဆောက်မှုကို ပြုလုပ်မည် ဆိုလျှင် ယင်း တည်ဆောက်မှုသည် အခြေမဲ့ အုတ်မြစ်မဲ့ မဖြစ်သင့်ပေ။

ကျွန်ုပ်တွင် အယူဝါဒတခု ရှိသည်။ ယင်းအယူဝါဒ၏ ထောင့်လေးထောင့်၌ ထားရန်အတွက် ကျွန်ုပ်၏ အထံ၌ ကျောက်တုံး လေးခု ရှိလေသည်။ ပထမ ကျောက်တုံးမှာ - ရုပ်ဝတ္ထုသည် မပျက်စီးနိုင်၊ မရှိခြင်းသို့ မရောက်နိုင် - ဟူသော အချက် ဖြစ်သည်။

ဒုတိယ ကျောက်တုံးမှာ - ရွေ့ရှားခြင်း သတ္တိသည် မပျက်စီးနိုင်၊ မရှိခြင်းသို့ မရောက်နိုင် - ဟူသော အချက် ဖြစ်သည်။

တတိယ ကျောက်တုံးမှာ - ရုပ်ဝတ္ထုနှင့် ရွေ့ရှားခြင်းသည် တသီးတခြား တကွဲတပြား မနေနိုင်၊ ရွေ့ရှားခြင်းနှင့် ကင်းသော ရုပ်ဝတ္ထုမရှိ၊ ရုပ်ဝတ္ထုနှင့် ကင်းသော ရွေ့ရှားခြင်း မရှိ - ဟူသော အချက် ဖြစ်သည်။

စတုတ္ထ ကျောက်တုံးမှာ - မပျက်စီးသော အရာသည် မည်သည့် အခါမျှ ဖြစ်ပေါ် မလာ - ဟူသော အချက်ဖြစ်သည်။

အကယ်၍ ယင်းအချက် လေးချက်သည် မှန်သော အရာ ဖြစ်လျှင် ဤသို့ အကျိုးတရား သို့မဟုတ် အဆုံးအဖြတ် ထွက်လာနိုင်သည် - ရုပ်ဝတ္ထုနှင့် ရွေ့ရှားခြင်းသည် အခါခပ်သိမ်း ဖြစ်လာခဲ့သည်။ ရှေ့ကိုလည်း အခါခပ်သိမ်း ဖြစ်နေလိမ့်မည်။ ၎င်းတို့သည် တိုးလည်း မတိုးနိုင်ပေ။ လျော့လည်း မလျော့နိုင်ပေ။

http://mmteashop.com

ဤသို့လည်း အဆုံးအဖြတ် ထွက်လာနိုင်သေးသည်။ မည်သည့် အရာဝတ္ထုမျှ မည်သည့်အခါမျှ မဖြစ်ပေါ်ပေ။ မဖြစ်ပေါ်လည်း မဖြစ်ပေါ်နိုင်ပေ။ ဖြစ်ပေါ်စေသူ ဖန်ဆင်းသူသည် မည်သည့် အခါမျှ မရှိပေ။ ရှိလည်း မရှိနိုင်ပေ။

ဤသို့လည်း အဆုံးအဖြတ် ထွက်လာနိုင်သေးသည်။ ရုပ်ဝတ္ထုနှင့် ရွေ့ရှားခြင်း၏ နောက်ကွယ်၌ မည်သည့် အစီအစဉ် သို့မဟုတ် မည်သည့် အသိဉာဏ်မျှ မရှိနိုင်ပေ။

ရွေ့ရှားခြင်းနှင့် ကင်း၍ အသိဉာဏ် မဖြစ်နိုင်ပေ။ ရုပ်ဝတ္ထုနှင့် ကင်း၍ ရွေ့ရှားခြင်း မဖြစ်နိုင်ပေ။ သို့ဖြစ်၍ ရုပ်ဝတ္ထုအရင် မည်သည့် အသိဉာဏ်၊ မည်သည့် ရွေ့ရှားခြင်းမျှ ဖြစ်နိုင်ဘို့ အလားအလာ မရှိပေ။

ယင်းကို ထောက်ထား၍ အကျိုးတရား သို့မဟုတ် အဆုံးအဖြတ် ထွက်ပေါ်လာသည်မှာ - သဘာဝမှ အပ မည်သည့် အရာမျှ မရှိပေ။ မရှိလည်း မရှိနိုင်ပေ။ အကယ်၍ ယင်း ကျောက်တုံး လေးခုသည် မှန်သော အရာ ဖြစ်ခဲ့သော် သဘာဝ၏ မည်သည့် အရှင်သခင်မျှ မရှိပေ။ အကယ်၍ ရုပ်ဝတ္ထုနှင့် ရွေ့ရှားခြင်းသည် အစမရှိသော (အနာဒိ) ကလမှ အဆုံးမရှိသော (အနန္တ) ကာလသို့တိုင်အောင် ရှိနေသည် ဖြစ်ပါမူ ဤသို့ မလွဲမရှောင်သာသော အကျိုးတရား သို့မဟုတ် အဆုံးအဖြတ် ထွက်ပေါ်လာနိုင်ပေ၏။ မည်သည့် ဘုရားသခင်မျှ မရှိပေ။ မည်သည့် ဘုရားသခင်မျှ ကမ္ဘာလောကကို မဖန်ဆင်းပေ။ မည်သည့် ဘုရားသခင်မှ ကမ္ဘာလောက အပေါ်၌ စိုးမိုးအုပ်ချုပ်မှုကို မပြုလုပ်ပေ။ ဆုတောင်း ပတ္ထနာများကို ကြားနာသော ဘုရားသခင်လည်း တဦးတယောက်မျှ မရှိပေ။ အခြားစကားလုံးဖြင့် ပြောရလျှင် - လူသည် ဘုရားသခင်ထံမှ မည်ကဲ့သို့သော အကူအညီမျိုးမျှ မရရှိပေ။ ဆုတောင်း ပတ္ထနာ ဟူသမျှသည် အဆုံးမရှိသော ကောင်းကင်ပြင်၌ ပျောက်ပျက်သွားကြသည်။ ကျွန်ုပ် လူတတ် လူသိ ဖြစ်သည်ဟု ဝါကြွားနေခြင်း မဟုတ်ပေ။ ကျွန်ုပ် တွေးမိသည်ကို ပြောပြနေခြင်းသာ ဖြစ်ပါသည်။

http://mmteashop.com

အကယ်၍ ရုပ်ဝတ္ထုနှင့် ရွေ့ရှားခြင်းသည် အစဉ်မပြတ် ဖြစ်နေသည်ဟု ဆိုလျှင် ဤသို့ အဓိပ္ပာယ် ထွက်လေသည်။ ဖြစ်နိုင်သည့် အရာသည် ဖြစ်နေလျက် ဖြစ်နိုင်သည့် အရာသာလျှင် ဖြစ်ပေလိမ့်မည်။

ကမ္ဘာလောက၌ မည်သည့် အရာမျှ ရှောင်တခင် ဖြစ်လာသည့် အရာ မဟုတ်ပေ။ အဖြစ်အပျက် ဟူသမျှသည် ဖြစ်စေအပ်သည့် အရာသာလျှင် ဖြစ်ပေ၏။

မဖြစ်မည့် အရာသည် ဖြစ်ကို မလာနိုင်ပေ။ ပစ္စုပ္ပန်သည် အတိတ်၏ မချွတ်ဖြစ်ရမည့် အကျိုးတရား ဖြစ်သည်။ အနာဂတ်၏ မချွတ် ဖြစ်ရမည့် အကြောင်းတရား ဖြစ်သည်။

ယင်း အဆုံးမရှိသော ကွင်းဆက်၌ ကျိုးပြတ်နေသော နေရာဟူ၍ မရှိပေ။ မရှိလည်း မရှိနိုင်ပေ။ ကြယ်တာရာ ဟူသမျှ၏ အသွင်အပြင်နှင့် ရွေ့ရှားမှု၊ တလောကလုံး၏ ရာသီဥတု၊ အားလုံးသော သစ်ပင်၊ အားလုံးသော တိရစ္ဆာန်၊ အားလုံးသော နားလည်မှုနှင့် အတွင်းနလုံးသား၊ အားလုံးသော သဘောတူခြင်းနှင့်၊ သဘောမတူခြင်း၊ အားလုံးသော ကောင်းမှုနှင့် မကောင်းမှု၊ အားလုံးသော အကြံအစည်နှင့် အိပ်မက်၊ အားလုံးသော မျှော်လင့်ခြင်းနှင့် ကြောက်ရွံ့ခြင်း၊ ယင်းအရာ အားလုံးသည် မချွတ် ဖြစ်ရမည့် အရာများ ဖြစ်ကြသည်။ ကမ္ဘာလောကရှိ ယင်း မရေမတွက်နိုင်သော အရာဝတ္ထုများအနက် တခုမျှ ဖြစ်ရမည့် အရာထက် ထူးခြား ကွဲပြား၍ မဖြစ်နိုင်ပေ။

အကယ်၍ ရုပ်ဝတ္ထုနှင့် ရွေ့ရှားခြင်းသည် အစဉ်မပြတ် ရှိလာသည် ဆိုလျှင် လူ၏ ဖန်ဆင်းသူ ဟူ၍ မည်သူမျှ မရှိဟူ၍၎င်း၊ လူသည် မည်သူ့ အဖန်ဆင်းခံမျှ မဟုတ်ဟူ၍၎င်း၊ ကျွန်ုပ်တို့ ပြောဆိုနိုင်ပေသည်။

အကယ်၍ ကျွန်ုပ်တို့ တစုံတခုကို သိရှိနားလည်သည်ဟု ဆိုလျှင် ထို သိရှိ နားလည်သော အရာမှာ ဤသို့ ဖြစ်သည် - ထိုကောင်းကင်ဘုံ အိုးထိန်းသည်၊

http://mmteashop.com

ထိုပြဟ္မာကြီးသည် မည်သည့်အခါမျှ မြေကြီးနှင့် ရေကို ရောလျက် မိန်းမနှင့် ယောကျ်ားတို့ကို မဖန်ဆင်းပေ။ မိန်းမနှင့် ယောကျ်ားတို့၏ အသက်ကို နတ်မယူပေ။

ကျွန်ုပ်တို့၏ ပထမဦးဆုံး မိဖသည် အခြားလောက တခုခုမှ လာသူ မဟုတ်ဟူ၍ ယခု ကျွန်ုပ်တို့ သိရှိရသည်။ သူတို့သည် ဤ ကမ္ဘာလောက၏ သက်ရှိသတ္တဝါ ဖြစ်သည်။ ဤ ကမ္ဘာလောက၌သာ ဖြစ်ပေါ် ပေါက်ဖွားကြသည်။ သူတို့၏ အသက်ကို မည်သည့် နတ်ဒေဝတာကမျှ နတ်မယူပေ။ အကယ်၍ ကျွန်ုပ်တို့သည် တစုံတခုကို သိရှိ နားလည်သည်ဟု ဆိုလျှင် ထို သိရှိ နားလည်သော အရာမှာ ဤသို့ ဖြစ်သည်။ ကမ္ဘာလောကသည် သဘာဝအတွင်းက ဖြစ်သည်။ ယောကျ်ားနှင့် မိန်းမတို့၏ ဖြစ်ပေါ်ခြင်းသည် သဘာဝနည်း အရသာလျှင် ဖြစ်သည်။ ယခုအခါတွင် ကျွန်ုပ်တို့သည် မိမိတို့၏ ဘိုးဘွား ဘီဘင်များကို သိရှိသည်။ မိမိတို့၏ မျိုးနွယ် စဉ်ဆက်ကို သိသည်။ ကျွန်ုပ်တို့၏ အထံ၌ မိမိတို့၏ မျိုးနွယ်စဉ်ဆက် စာရင်းရှိသည်။

လူ့ဘဝ လူ့အဖြစ်သည် မည်သည့် လမ်းမများကို ဖြတ်ကျော်ခဲ့ပြီးလျှင် ဤအဆင့်သို့ ရောက်ရှိလာသည် ဆိုသည်ကို ကျွန်ုပ်တို့ သိကြသည်။ ကျွန်ုပ်တို့သည် တိုးတက်မှု၏ ခြေရာများကို သိရှိသည်။ ထို တိုးတက်မှု၏ ခြေရာများကို ရှာဖွေ စုံစမ်းပြီးလေပြီ။ နောက်ဆုံးအဆင့်ကို သိရှိပြီးလေပြီ။ ယင်းအတွက် ကျွန်ုပ်တို့ ကျေးဇူး အထူးတင်ထိုက်သူမှာ ပါဏိဗေဒ ပညာရှင် ဒေအရန်စ (တ်) ဟိုက်ကယ် ဖြစ်လေသည်။

ကမ္ဘာလောကသည် သဘာဝအတွင်းက အရာဖြစ်သည်ဆိုသည့်အချက်ကို ကျွန်ုပ်တို့ ယုံကြည်သည်။ ကျွန်ုပ်တို့သည် သဘာဝ အပြင်ဘက်က အရာ၏ တည်ရှိမှုကို လက်မခံပေ။

နှစ် ပရိစ္ဆေဒ ထောင်ပေါင်း များစွာမှစ၍ လူတို့သည် ကမ္ဘာလောကကို ပြုပြင်ရန်အတွက် ကြိုးပမ်း အားထုတ် လာခဲ့ကြသည်။ လူတို့သည် နတ်ကို ဖန်တီးကြသည်။ တစ္ဆေသရဲကို ဖန်တီးကြသည်။ နတ်ပြည်နှင့် ငရဲကို ဖန်တီးကြသည်။ မြင့်မြတ်သော ဓမ္မကျမ်းဂန်များကို ရေးသားကြသည်။ တန်ခိုးကျက်သရေပါဒ်ကို ပြုကြသည်။

http://mmteashop.com

ဘုရားကျောင်းနှင့် အကျဉ်းထောင်များကို ဆောက်လုပ်ကြသည်။ သူတို့သည် ဘုရင်များနှင့် မိဖုရားများ၏ ဦးထိပ်ပေါ်၌ သရဖူကို ဆောင်းပေးကြသည်။ ဆောင်းထားသော သရဖူကို ဖြုတ်ပစ်ကြသည်။ သူတို့သည် လူအပေါင်းတို့အား နှိပ်စက် ညှဉ်းပန်းကြသည်။ အကျဉ်းချကြသည်။ အရေခွံကို ဆုတ်ခွာသည်။ အရှင်လတ်လတ် မီးလောင်တိုက် သွင်းသည်။ သူတို့သည် အဆုံးအမ ဥပဒေသ ပေးသည်။ ဆုတောင်း ပတ္ထနာ ပြုသည်။ ခြိမ်းခြောက်သည်။ ယင်းသို့အားဖြင့် မရေမတွက်နိုင်သော နည်းများဖြင့် လူတို့သည် လူအပေါင်းတို့အား ရိုးသားအောင်၊ ချုပ်တည်းမှု ရှိအောင်၊ လုလ္လဝိရိယ ရှိအောင်၊ အကျင့် စာရိတ္တနှင့် ပြည့်စုံအောင် ကြိုးပမ်း အားထုတ် လာခဲ့ကြသည်။ သူတို့သည် ဆေးရုံများ၊ အပန်းဖြေစခန်းများကို ဆောက်လုပ်ကြသည်။ တက္ကသိုလ်များနှင့် စာသင်ကျောင်းများကို ဖွင့်လှစ်ကြသည်။ လူသားအား မြင့်မြတ်စေရန်နှင့် ချမ်းသာ သုခနှင့် ပြည့်ဝစေရန်အတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ် လာခဲ့ကြသည်။ သို့ရာတွင် ယင်း ကြိုးပမ်း အားထုတ်ချက်များမှာ အောင်မြင်မှု မရရှိကြပေ။

ယင်း ပြုပြင်ရေးသမား များသည် အဘယ့်ကြောင့် အောင်မြင်မှု မရရှိကြသနည်း။ အကြောင်းကို ကျွန်ုပ် ပြောပြပါမည်။

မသိ နားမလည်ခြင်း၊ ဆင်းရဲ ကြပ်တည်းခြင်း၊ အကျင့်စာရိတ္တ ပျက်ခြင်းများသည် ကမ္ဘာလောက၌ တိုးတက်နေလေသည်။

နေရေး စားရေး ကြပ်တည်းသူများသည် အိမ်များကို၊ တဲများကို၊ ညစ်ပတ် ပေကျံနေသည့် နေရာများကို ကလေးသူငယ်များဖြင့် ပြည့်နေအောင် လုပ်ကြ လေသည်။ သူတို့သည် ဘုရားသခင်၊ ကံကြမ္မာ၊ အလှူဒါနအပေါ်၌ မှီနေကြသည်။ သူတို့သည် ဖြစ်ပေါ်လာမည့် အကျိုးတရားကို စဉ်းစားဆင်ခြင် နိုင်လောက်အောင် အသိဉာဏ်မရှိ။ မိမိတာဝန် ဝတ္တရားကို သိရှိနားလည်နိုင်လောက်အောင် အသိဉာဏ် မရှိ။ ထို့ပြင် သူတို့သည် ကလေးများကို လိုလည်း မလိုချင်ကြ။ အကြောင်းမူကား ကလေးတယောက် တယောက်သည် သူတို့အတွက်၊ သူတို့ နှစ်ဦးအတွက် ကျိန်စာသဖွယ် ဖြစ်နေသောကြောင့်တည်း။ ကလေးငယ်သည် သူတို့အတွက်

http://mmteashop.com

ကြီးလေးသည့် ဝန်ထုတ်ကြီးတခု ဖြစ်နေသောကြောင့်တည်း။ ယင်း လေလွင့်နေသည့် ကလေးသူငယ် တို့သည်သာလျှင် အကျဉ်းထောင်များသို့ သွားကြသည်။ ဆေးရုံများတွင် သေကြသည်။ ကြိုးစင်တက်ကြသည်။ ၎င်းတို့သည် မကောင်းသော အကျင့်ဖြင့်၊ သွေးထွက်သံယို အမှုဖြင့် အသက်မွေး ဝမ်းကျောင်းကြသည်။ မိမိတို့၏ သားသမီးများအားလည်း မိမိတို့၏ အမွေ အနှစ်ကို ပေးသွားကြသည်။

အကျင့်ပျက်ပြားမှုတည်း ဟူသော ယင်း ရေကြီးခြင်း၊ ရေလျှံခြင်း၏ ရှေ့မှောက်၌ ပြုပြင်ရေး အစွမ်းသတ္တိများသည် ဖော်မဲ့သူ ဖြစ်နေကြ၏။

ပြဿနာတခု ပေါ်လာလေသည်။ ကျွန်ုပ်တို့သည် မသိ နားမလည်သော ဆင်းရဲသော အကျင့်စာရိတ္တ ပျက်ပြားသော ထိုပုဂ္ဂိုလ်များအား ကမ္ဘာလောက၌ သားသမီး မမွေးဖွားအောင် တားမြစ် ပိတ်ပင် ထားနိုင်ပါမည်လော။

ကမ္ဘာလောကသည် အချင်း ခပ်သိမ်း မျက်ကန်းကာမ အလိုဆန္ဒ၏ သားကောင် ဖြစ်ရမည်လော။ အားလုံးသော လူတွေ အကျိုးတရားကို ဆင်ခြင် စဉ်းစား တတ်သည်အထိ ကမ္ဘာလောကသည် ယဉ်ကျေး လာမည်လော။

ဝန်ထုတ်ဝန်ပိုးသဖွယ် ကျိန်စာသဖွယ် ဖြစ်နေသော သားသမီးများကို ၎င်းတို့၏ မိဘများသည် မွေးမြူကြည့်ရှုခြင်းငှာ မစွမ်းနိုင်ဘဲနှင့် အဘယ့်ကြောင့် မွေးဖွားကြသနည်း။ အကြောင်းမှာ ယင်း မိဘတို့တွင် ကာမ အလိုဆန္ဒ ရှိသလောက် အသိတရား မရှိကြပေ။ အသိဉာဏ်ထက် ကာမမီး၊ ရာဂမီးက ပိုမိုလွန်ကဲနေကြ၏။

ထို ပုဂ္ဂိုလ်များကို အသင်သည် ကျမ်းဂန် စာအုပ်များဖြင့်၎င်း၊ တရားစကား ဟောပြောခြင်းအားဖြင့်၎င်း၊ ပြုပြင်၍ ရနိုင်လိမ့်မည် မဟုတ်ပေ။ အသင်သည် အဆုံးအမ ဥပဒေအားဖြင့် ထိုပုဂ္ဂိုလ်များအား ပြောင်းလဲသွားအောင် ပြုလုပ်နိုင်လိမ့်မည် မဟုတ်ပေ။ ကာမမီး ရာဂမီးသည် အမြဲမပြတ် နားပင်းနေသည်။ ယင်း ပြုပြင်ရေး လက်နက်များသည် အသုံးမဝင် အရာမထင် ဖြစ်နေကြသည်။ အပြစ်ကျူးလွန်သူများ၊ လေလွင့်နေသူများ၊ ဘုန်းတော် ယာစကာများ၊ ဘဝ၌ အောင်မြင်မှု

http://mmteashop.com

မရှိသူများသည် တနေ့တခြား တိုးပွား များပြားလာလေသည်။ တရားဥပဒေသည် အပြစ်ဒဏ် ပေးနိုင်သည်။ သို့ရာတွင် အပြစ်ကျူးလွန်သူတို့ကိုလည်း မပြုပြင်နိုင်ပေ။ အပြစ်ကျူးလွန်မှု များကိုလည်း မတားမြစ် မပိတ်ပင်နိုင်ပေ။ အကျင့်ပျက်ပြားခြင်း လှိုင်းသည် အကြီးအကျယ် ထနေသည်။ ပိုးစုန်းကြူးသည် အမှောင်ကို မပယ် ဖျောက်နိုင် သကဲ့သို့ ထိုနည်း အတူပင် အဆိုးများကို တိုက်ဖျက်သည့် ဤတိုက်ပွဲ သည်လည်း အချည်းနှီး အလဟဿပင် ဖြစ်နေသည်။

မျှော်လင့်ချက် တခုသာ ရှိသည်။ မသိနားမလည်ခြင်း၊ ဆင်းရဲခြင်း၊ အကျင့်ပျက်ပြားခြင်းတို့ကို ကမ္ဘာ့တိုးပွားမှု အလုပ်နှင့် ခြားနားထားရန် ဖြစ်လေသည်။ ယင်း လုပ်ငန်းသည် နီတိကျင့်ဝတ်ဆိုင်ရာ ဆုံးမဥပဒေသ အားဖြင့်လည်း မဖြစ်နိုင်ပေ။ ဘာသာတရား အားဖြင့်လည်း မဖြစ်နိုင်ပေ။ ယင်း လုပ်ငန်းကို ပုရောဟိတ်လည်း မလုပ်နိုင်ပေ။ ကြိုးစင်တင်သူလည်း မလုပ်နိုင်ပေ။

နည်းလမ်း တလမ်းသာလျှင် ရှိလေသည်။ သိပ္ပံပညာသည် မိန်းမအား သူကိုယ်တိုင်၏ အရှင်သခင် ဖြစ်အောင် လုပ်ပေးရပေလိမ့်မည်။ သူ့ ကိုယ်ကာယ၏ ပိုင်ရှင် ဖြစ်အောင် လုပ်ပေးရပေလိမ့်မည်။ တခုတည်းသော သိပ္ပံပညာအားဖြင့် သာလျှင် လူသား၏ လွတ်မြောက်မှု မျှော်လင့်ချက်ကို ထားရှိနိုင်သည်။ သိပ္ပံပညာသည် မိန်းမအား မိခင်လုပ်မည်လော မလုပ်ဘူးလော ဟူသည့် အချက်ကို ဆုံးဖြတ်သူ ဖြစ်အောင် လုပ်ပေးရပေလိမ့်မည်။

ယင်း နည်းလမ်းသည် ပြဿနာ ဟူသမျှ၏ အဖြေဖြစ်သည်။ ယင်း နည်းလမ်းသည် မိန်းမအား လွတ်မြောက် စေလိမ့်မည်။ လွတ်လပ်စေလိမ့်မည်။ ထိုအခါ၌ မွေးဖွားလာသမျှသော ကလေး သူငယ်များအား ယုယုယယ မွေးမြူကြ လိမ့်မည်။ အားရ ဝမ်းသာစွာ လက်နစ်ဖက်ဖြင့်၎င်း၊ ရင်ဖြင့်၎င်း၊ ပွေ့ပိုက်ကြလိမ့်မည်။ ထိုကလေးသူသယ်များသည် အိမ်များတွင် အလင်းရောင် ဖြည့်ပေးကြလိမ့်မည်။ ပီတိဖြည့်ပေးလိမ့်မည်။ လွတ်လပ်သော သူထက် ကျေးကျွန်က ပိုမို၍ မြင့်မြတ်သည်။ မှန်ကန်သည် ဟူ၍၎င်း၊ သိခြင်း နားလည်ခြင်းကို လမ်းညွှန်ပြုလုပ်ခြင်းထက် ကြောက်ခြင်းကို လမ်းညွှန်ပြုလုပ်ခြင်းက ပို၍ မြင့်မြတ်သည်ဟူ၍၎င်း၊ အခြား

http://mmteashop.com

ပုဂ္ဂိုလ်များ၏ အမိန့် အာဏာကို နာခံခြင်းသာလျှင် တခုတည်းသော ကောင်းမှု ဖြစ်၏ ဟူ၍၎င်း၊ မသိနားမလည်ခြင်း မြေပြင်၌သာလျှင် အကျင့်စာရိတ္တ ပန်းပွင့်သည် ဟူ၍၎င်း၊ ယုံကြည်ကြသူ မိန်းမယောက်ျားတို့သည် ရှက်လွန်းလှသဖြင့် လက်နှစ်ဖက်ဖြင့် ကိုယ့်မျက်နှာကို အုတ်ထားကြပေလိမ့်မည်။

အလင်းရောင်ကို အကျင့်သီလ၏ ရန်သူဟူ၍၎င်း၊ မြင့်မြတ် စင်ကြယ်ခြင်းသည် အမိုက်မှောင်ထဲ၌သာလျှင် ရှိသည် ဟူ၍၎င်း၊ မိမိကိုယ်ကို သိရှိနားလည်ခြင်းနှင့် မိမိတို့ ကောင်းကျိုး၏ အခြေခံ အကြောင်းတရား ဖြစ်သည့် သဘာဝအချက်အလက်တို့ကို သိရှိ နားလည်ခြင်းသည် ဘေးအန္တရာယ် ရှိသည်ဟူ၍၎င်း၊ ထင်မြင်ယူဆကြသူ မိန်းမ ယောက်ျားတို့သည် ကာမ အလိုဆန္ဒအား အသိဉာဏ်၏ ကွပ်ကဲမှု အောက်၌ ထားသည်ကို တွေ့ရသည့်အတွက် ထိတ်လန့် ကြောက်ရွံ့သွားကြပေလိမ့်မည်။

ကျွန်ုပ်သည် ခေတ်တခေတ် အချိန်တချိန်ကို မျှော်မှန်းကြည့်နေမိသည်။ ထိုခေတ် ထိုအချိန်၌ အကျိုးတရားကို စဉ်းစား ဆင်ခြင်တတ်သော မိန်းမနှင့် ယောက်ျားတို့သည် အသိဉာဏ်ကြောင့် ဖြစ်ပေါ်လာသည့် အကျင့်စာရိတ္တ ရှိသည် ဖြစ်၍ အနာရောဂါနှင့် ဆင်းရဲဒုက္ခ တိုးပွားများပြားအောင် ပြုလုပ်ကြတော့မည် မဟုတ်ပေ။ ကမ္ဘာလောက၌ မိမိဘဝတွင် အောင်မြင်မှု မရသည့် ကလေးသူငယ်များ ရှိတော့မည် မဟုတ်ပေ။

ထိုခေတ် ထိုအချိန် ရောက်လာလျှင် အကျဉ်းထောင်များ၏ နံရံများသည် ပြိုကျ သွားပေလိမ့်မည်။ ကြေးတိုက်များ၏ မှောင်မိုက်နေသော အခန်းများထဲသို့ အလင်းရောင် ရောက်လာပေလိမ့်မည်။ ပထဝီ မြေကြီးပေါ်မှ ကြိုးစင်၏ အရိပ် ကွယ်ပျောက် သွားပေလိမ့်မည်။ ဆင်းရဲသူနှင့် အပြစ်ကျူးလွန်သူများ သားသမီး မွေးဖွားကြတော့မည် မဟုတ်။ ချို့တဲ့ခြင်းသည် လက်ဖြင့် တောင်းခံ နေတော့မည် မဟုတ်။ ကမ္ဘာလောက တခုလုံးသည် တတ်သိနားလည် သွားပေလိမ့်မည်။ အကျင့်စာရိတ္တနှင့် ပြည့်စုံသွားပေလိမ့်မည်။ လွတ်လပ် သွားပေလိမ့်မည်။

http://mmteashop.com

ယုံကြည် ကိုးကွယ်မှု ဘာသာတရားသည် လူသား၏ ပြုပြင်ရေးကို မည်သည့်အခါမျှ မပြုလုပ် မဆောင်ရွက်နိုင်ပေ။ အကြောင်းမူကား ယုံကြည် ကိုးကွယ်မှု ဘာသာတရားသည် ကျွန်ဘဝ ကျွန်အဖြစ် ဖြစ်သောကြောင့်တည်း။

လွတ်လပ်ခြင်းသည်၎င်း၊ ထိတ်လန့် ကြောက်ရွံ့ခြင်း၏ နံရံလေးဘက်မှ အပြင်သို့ ထွက်ခြင်းသည်၎င်း၊ မတ်မတ် ရပ်ခြင်းသည်၎င်း၊ အနာဂတ်ကို ပြုံး၍ ကြည့်ရှုခြင်းသည်၎င်း၊ ကောင်းမြတ်သော အလုပ်များ ဖြစ်ကြသည်။

အသုံးဝင်သည့် အလုပ်များကို လုပ်ရန်အတွက် ထရပ်ခြင်းသည်၎င်း၊ အကြံဉာဏ်ဖြင့်၎င်း၊ အလုပ်ဖြင့်၎င်း၊ မိမိ၏ ရည်မှန်းချက် အထိ ရောက်ရှိရန်အတွက် ကြိုးပမ်းအားထုတ်ခြင်းသည်၎င်း၊ မိမိ၏ အကြံအစည်များကို အကောင်အထည် ဖော်ရန်အတွက် ကြိုးပမ်း အားထုတ်ခြင်းသည်၎င်း၊ ပွင့်သော မျက်လုံးများဖြင့် အစဉ်မပြတ် အမှန်တရားကို ကြိုးစား၍ ရှာဖွေခြင်းသည်၎င်း၊ အတိတ်ကို ပစ္စုပ္ပန်နှင့် ဆက်ထားသည့် သိမ်မွေ့သော ချည်မျှင်များကို ရှာဖွေ စူးစမ်းခြင်းသည်၎င်း၊ အသိဉာဏ် တိုးပွားအောင် ပြုလုပ်ခြင်းသည်၎င်း၊ အားမဲ့သူတို့၏ ဝန်ကို ကူညီထမ်းရွက် ပေးခြင်းသည်၎င်း၊ ဥကျောက်ကို စည်ပင်ဖွံ့ထွားအောင် ပြုလုပ်ခြင်း သည်၎င်း၊ အမှန်တရား၏ ဘက်မှနေခြင်းသည်၎င်း၊ မိမိ၏ နလုံးအတွက် ဗိမာန်တခု ဆောက်လုပ်ခြင်းသည်၎င်း။

ယင်း အရာများသည်သာလျှင် မှန်ကန်သော ယုံကြည်ကိုးကွယ်မှု ဘာသာတရား ဖြစ်လေသည်။ ယင်း အရာများသည် သာလျှင် မှန်ကန်သော ပူဇော်မှု ဖြစ်လေသည်။

♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠ ♠

http://mmteashop.com

# တော်လှန်သောအတွေးအခေါ်

ပါရဂူ




http://mmteashop.com